

asianfame media group
MEDIA GROUP

af MEDIA GROUP

Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ငွေသော်တာ | ဟိန်းလတ် |

The Vol-10, No.111, JUNE, 2013

YATI MAGAZINE

စာပေအနုပညာမဂ္ဂဇင်း


| | |
|---|---|
| **အယ်ဒီတာ** | မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို |
| **ကဗျာအယ်ဒီတာ** | လွှမ်းရုံ |
| **အကြီးတန်း** | သီတာစိုး |
| **သတင်းထောက်** | |
| **သတင်းထောက်** | မိုးသောက်ကြယ် |
| **စီမံဒါရိုက်တာ** | ဒီဇိုင်းပန်းချာန် |
| **ဒီဇိုင်းတာဝန်ခံ** | ထွန်းထွန်းလင်း |
| **ဒီဇိုင်းအဖွဲ့** | လင်းထွဋ် |
| **စာစီစာရိုက်** | ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင် |
| **စာပြင်** | ဥမ္မာအေး |
| **ကြော်ငြာအဖွဲ့** | တင်စန္ဒာဝင်း (ဒု-မန်နေဂျာ) |
| Marketing | ငွေးလင်းအောင်၊ ဖွန်သန္တာဦး |
| Executive | မေသဲဦး၊ နိုင်နိုင်လွင် |
| **ဘဏ္ဍာရေးအဖွဲ့** | မိုးယုမာ (မန်နေဂျာ)၊ |
| | ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊ |
| | မိုးမိုးကျော် (လ/ထ မန်နေဂျာ) |
| | နီလာဝင်း (လ/ထ မန်နေဂျာ) |
| **ဖြန့်ချိရေးအဖွဲ့** | ဇော်မင်းအောင်၊ |
| | ဇော်လင်းဦး၊ အောင်အောင် |
| **ရုပ်ပုံဓာတ်ပုံပညာရှင်** | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊ |
| | ကိုနိုင် (ပေါ်ပြူလာ)၊ ခင်ဝေထက် |





| | |
|---|---|
| **မျက်နှာဖုံးရှင်** | ချစ်သုဝေ |
| **မျက်နှာဖုံးဓာတ်ပုံ** | ဝဏ္ဏခွာနီး |
| **မျက်နှာဖုံးဒီဇိုင်း** | ထွန်းထွန်းလင်း |
| **ထုတ်ဝေသူ** | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| **ဥပဒေအကြံပေး** | ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) |
| **ဖလင်** | Eagle |
| **အတွင်းတာလာခွဲ** | ကမ္ဘာဦး |
| **စာအုပ်ချုပ်** | Perfect |
| **တန်ဖိုး** | ၂၀၀၀ |
| **အုပ်ရေ** | ၂၀၀၀ |
| **ပုံနှိပ်** | ငွေကုံကော် (မြ-၀၆၃၆၁)၊ |
| | အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**

အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**

ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂



ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်


Asian Fame Media Group

# အယ်ဒီတာနှုတ်ခွန်းဆက်

မြန်မာတို့က 'အသိပညာ'ဟူ၍ 'အသိ' နှင့် 'ပညာ'ကို တွဲ၍ သုံးတတ်ကြသည်။ တကယ်တော့ 'အသိ'က တခြား၊ 'ပညာ' က တခြားဖြစ်၏။ အင်္ဂလိပ်ဘာသာစကားတွင်မူ ရှင်း၏။ 'အသိ'က Knowledge ဖြစ်ပြီး 'ပညာ'က Wisdom ဖြစ်၏။ 'အသိ'မရှိဘဲ 'ပညာ' မဖြစ်နိုင်။ သို့သော် 'အသိ'တစ်ခုတည်းကလည်း 'ပညာ'မဟုတ်။ သူတစ်ပါးအကြောင်းကိုသိတာက 'အသိ' ဖြစ်ပြီး မိမိအကြောင်း မိမိသိမှ 'ပညာ'ဟု ခေါ်နိုင်သည်။ ဘဝမြင့်ချင်လျှင် ဘဝင် မမြင့်နှင့်ဆိုသောစကားကို ကြားဖူး၏။ 'ပညာ'ရှိသူသည် မည်သည့်အခါမှ ဘဝင်မမြင့်၊ ငါအားလုံးကို သိသည်ဆိုသော 'အသိသမား' ထက် ငါဘာမှ မသိသေးပါလား။ ငါ သိစရာတွေ အများကြီး ကျန်ပါသေးပါလားဆိုသည့် အသိရှိသူသာလျှင် 'ပညာ' ရှိသူဟုဆို ရမည်။ 'အကြွင်းသူသည် မသိ၊ သူမသိကြောင်း ကိုလည်း သူကိုယ်တိုင်မသိ။ ထိုသူ သည် လူမိုက်ဖြစ်သည်' ဆိုသော ဆိုရိုးစကားကို ကြားဖူး၏။ အနောက်တိုင်းဆိုရိုး စကားတစ်ခုနှင့် အတော်တူနေ၏။ He who knows not and knows not that he knows not is a fool ဟူသော စကား။ ဤနေရာတွင် ကျေးဇူးရှင် ဗွန်းလွန်းဆရာတော် ဘုရားကြီး၏ တရားတစ်ပုဒ်ကိုလည်း နာကြားဖူးသည်။ "ယောဂီတို့ ကိုယ်မဟုတ်တာကို မသိသူသည်မဟုတ်။ ကိုယ်မဟုတ်တာမှန်း ကိုယ်သိသူသည် ဟုတ်၏" ဆိုသော တရားဖြစ်၏။ ပန်းချီပညာကို စတင် သင်ယူသူ တပည့်တစ်ဦးကို ဆရာက စုတ်တံဘယ်လိုကိုင်ရမယ်၊ ဆေးဘယ် လိုစပ်ရင် ဘာအရောင် ဖြစ်မယ်၊ အနီးအဝေး အလင်းအမှောင်ကို ဘယ်လို ဆွဲရမယ်ဆိုသည်များကို သင်ပေး၏။ ထိုတပည့်သည် 'ပန်းချီအသိ'ကို ရသွား ပြီ။ သို့သော် သူ၏ စိတ်ကူးဉာဏ်၊ အနုပညာ ဉာဏ်အနုအရင့်ကိုလိုက်ပြီး ခံစားမှု အားကောင်းလာသည်နှင့် အမှုသုရေးဆွဲသော ပန်းချီကားသည် သူ့ ဆရာအဆူဆူတို့ထက်ကျော်ပြီး လက်ရာကောင်းတန်ဖိုးတွေ ရှိနေတတ်၏။ ဆရာပေးသော 'အသိ'မှသည် ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စ အားထုတ်ခြင်း ကြောင့် ဖြစ်ပေါ်လာသော 'ပညာ' ပင်ဖြစ်သည်။ 'ပညာ'စခန်းကို မတက်လှမ်း နိုင်မီ 'အသိ'ကိုတော့ ပထမဆုံးဖြည့်ဆည်းဖို့လို၏။ 'အသိ'ရှိရန် အလွယ်ဆုံးသောအရာကား 'စာဖတ်ခြင်း' ပင်ဖြစ်၏။ ဤတွင် မေးစရာတစ်ခုပေါ်လာသည်။ "ဘယ်လိုစာမျိုးကို ရွေးဖတ်ရမလဲ" ကွမ်းယာစားသလို စားပြီး အဖတ်လည်း တွေးပေ၊ ကွမ်းတံတွေးလည်း တွေးပစ်ရသော 'ကွမ်းယာ'လို စာမျိုးကား မဖတ်သင့်။ အဖတ်ကို လွှင့်ပစ်၊ အရည်ကိုသောက်၍ရသော 'ကြံရည်' လို စာမျိုးကလည်း အပျော်ဖတ်သက်သက်မို့ အချိန်ကုန်ရုံမျှသာဖြစ်၍ တန်ဖိုးမရှိ။ အရည်လည်းသောက်၊ အဖတ်လည်း ဝါးနိုင်သည့် 'ယာဂု'လို စာမျိုးသာ ရွေးဖတ်သင့်သည်။

**နှိုင်းချင့်ချိန်ဆ**
**ရသထွန်းလင်း**
**ပရိသတ်ရင်တွင်း**
**နှစ်သက်ခိုဝင်**
**ရတီဖွမ်းအင်**

'ရတီ' မဂ္ဂဇင်းသည် သုတနှင့် ရသကိုမျှတအောင်ပေးစွမ်းနိုင်ရန် ကြိုးပမ်းတင်ဆက်နေပါသည်။ တတ်နိုင်သမျှ အဆိပ်အတောက် ကင်းကင်းနှင့် စာဖတ်သူတို့အတွက် တစ်စုံတစ်ရာသော အတိုင်း အတာတစ်ခုအဖြစ် အကျိုးပြုနိုင်ရန် အစဉ်အမြဲ အားထုတ်နေပါသည်။ စာဖတ်သူများ 'အသိ' မှ သည် 'ပညာ' စခန်း တက်လှမ်းနိုင်ကြပါစေ။

အယ်ဒီတာအဖွဲ့



Asian Fame Media Group

YATI

# CONTENTS

vol.10, no.112, july, 2013




2 အယ်ဒီတာနှုတ်ခွန်းဆက်

7 ကဗျာ
ကေဇဝင်း၊ တာရာငြိမ်းချမ်း၊
မောင်အောင်ပွင့်၊ သရက်မသက်ဆွေ၊
နွေလင်းဆက်၊ ငမိုးယံ

14 ကာတွန်း
ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်၊
ဟတ်ကော့

ရတီအထူးကဏ္ဍ

18 တစ်မူထူးတဲ့
ခင်ရှပ်ရှပ်အဆင်တန်ဆာများနဲ့
ကြွေလွှင့်ကြယ်ပွင့်
အေမီဂိုင်ပေါက်စ်
သိမ့်နှင်းအိမ်

20 Flash Back Fashion
နိုင်သဇင်ငုဝါ
ဖြိုးစုပိုပို

25 Cover Image
ချစ်သုဝေ
ဖြိုးစုပိုပို


Celebrities' Breeding
Page: 52




32 ရိုးမြိန်အမှတ်တရမှ
လှပအနာဂတ်သို့
မိုးယံ့ခွန်၊ နန်းခင်ဇေယျာ
သီတာစိုး

36 ကီမိုနိုဖက်ရှင်
အိန်ဂျလာစု
မိုးသောက်ကြယ်

43 Looking & Feeling
ချမ်းမိုးလေး၊ မိုးအိမ်ဖြူစင်
မိုးသောက်ကြယ်

49 Pillow Play
Rachel Pang, Stella Star
မိုးသောက်ကြယ်

52 Celebrities' Breeding
ကျော်ကျော်ဗို၊ နေယံ၊ ကောင်းခန့်၊
မင်းထက်၊
ကိုနိုင် (ပေါ်ပြူလာ)၊ ခင်သဇင်၊
ယွန်းဝတီလွင်မိုး၊ သဇင်၊ မီစန္ဒီ၊
ဂုဏ်ရည်အေးကျော်
အယ်ဒီတာအဖွဲ့




YATI

# CONTENTS

vol.10, no.112, july, 2013


72 Let's Have Snack
မေတိုးနိုင်၊ မေမြတ်နိုးခင်၊ ပိုးပိုး
ဖြိုးစုပိုပို

75 Mod Mom
ခင်စံပယ်ဦး၊ ရောဝတီလှမင်း၊
ဝေရက်လှမင်း
ဖြိုးစုပိုပို

78 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
မေကဗျာ
သီတာစိုး

84 Music Plus Yati
အေးအေးမှုမှု စိမ်းလန်းတဲ့နေ့ထဲမှာ
ရှိနေမယ့်လူ
အောင်ဖြိုး
Zigzag

87 သူတို့ပြောတဲ့ F
မောင်စိန်ဝင်း (ပုတီးကုန်း)၊
သန်းမြင့်အောင်၊ နိုင်မြသာ
ဖြိုးစုပိုပို

92 Beyond the Women
ဒေါ်ဝင်းမင်းကောင်း
ဖြိုးစုပိုပို

98 သူပြောတဲ့ သူ့အကြောင်း
ဆုပန်ထွာ
သီတာစိုး

102 Equitable Price
လပြည့်၊ ကြယ်စင်လှိုင်း
မိုးသောက်ကြယ်





Flash Back Fashion
Page: 20

# YATI

# CONTENTS

vol.10, no.112, july 2013




ရတီနိုင်ငံတကာ

117 အောင်မြင်ကျော်ကြားသူတို့ရဲ့ အချစ်တော်လေးများ
နန်းစံမဒီ

130 ရတီကိုရီးယား
ဇင်မြင့်စံ

151 Fashion & Style
တင်လတ်သန္တာမိုလ်

162 International News
ဖြိုးဖြိုး

194 Film Feeling
ဖြိုးဖြိုး

122 မမရတီအမေးအဖြေ

ရတီအသောအထွေ

111 အရှေ့အနောက် တောင်မြောက်ဘယ်မှာ
ဂျက်ကွမ်းခြံကုန်း

198 ကတ်သီးကတ်သတ်ပြောတဲ့ တောက်တီးတောက်တဲ့

ရတီကျန်းမာရေး

106 ချစ်စရာ Puppy လေးကျန်းမာရေး Dr. ကြည်လွင်
မြင့်သူဇာထွန်း

103 အောက်မေ့သတိတရ ဖခင်ဗိုလ်ချုပ် အမှတ်တရ
လက်ဂုဏ်ထွန်း

148 ဆီးကျောက်တည်ရောဂါကို ကာကွယ်ခြင်း
ဒေါက်တာအောင်ဆန်းဝင်း

128 လှပစိုပြည်ရတီမေ သဘာဝဖုတ်မျောသီးနဲ့ လှနည်းအသွယ်သွယ်
မာဦး

ရတီဆောင်းပါး

155 အရှေ့တောင်အာရှတစ်ဝန်း အောင်ပွဲခံနေတဲ့ Pee Mak Phra Khanong
နေခြည်ဓွေး

158 The Amazing Spider Man 2 ထဲက အမ်မာစတုန်း
ရဲသစ်






Asian Fame Media Group
MEDIA GROUP

# YATI

# CONTENTS

vol.10, no.112, july




160 'ငွေ' ဆန့်ကျင်ဘက်တို့ တွန်းတိုက် ထိခိုက်ကြတဲ့အခါ
မဥ္ဇူရီ

189 ဖေဖေထားခဲ့တဲ့ ပတ္တမြားအရိုင်းတုံး
သိန်းဝိုင် (M.Engg.Geol.)

192 မြို့ကြီးများ၏ လေထုညစ်ညမ်းမှု
ကျော်ဦး

184 မန္တလေးအတွေး၊ မန္တလေးအရေး မင်းဘယ်ပြေးမလဲ မောင်အီးတီ
ကိုထွန်း (လမ်း-၈၀)

124 ဖူးနုသစ်လွင်ကဗျာဥယျာဉ်
ထင်အောင်၊ လင်းဝေမျှ (မြင်းခြံ)၊ ထက်သခင် (သုံးဆယ်)၊ ချိတ်ကောက် (မြို့လှ)၊ နေမင်းညို၊ ခက်ဆစ်လင်း(ပြည်)၊ နေထွန်းနိုင်၊ ညီလင်းနိုင်၊

177 ရတီဗေဒင်
ဒေါက်တာမြတ်သစ် (မန္တလေး)

ရတီဝေဖန်ရေး

180 ဒါရိုက်တာ နေပိုင်၏ 'မြွေခြေနင်းတစ်ရန်ရဲ့ ရင်ခုန်သံ'
မောင်အိမ်စံ

ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ

172 မိုးညကဗျာ
မိုးထက်ကျော် (ကွင်းကောက်)

ရတီဝတ္ထုတို

136 အလည်သွားမိတဲ့ တစ်ညတာ
ခင်သန္တာ

140 ဒဏ်ရာရဆေးမင်ကြောင်
ကိုကံညို (ထူးကြီး)

143 ကြီးတော်ကြီး
ချောအိမာန် (မန္တလေး)

166 အစုန်မှာအဆန်ဆင့်ပါလို့
မြသွေးနီ

182 ရတီစာအုပ်စင်






**ပန်းချီသရုပ်ဖော်**

မြတ်မင်းဟန်၊ ခေတ်ဘုန်းမိုး၊ လှကြီးမင်း၊ ပန်းစုန်၊ ငအိမ်ထက်မြက်

Asian Fame Media Group
MEDIA GROUP

y a t i p o e m j u l y 2 0 1 3



# ကျသရေမြို့

ကောဇဝင်း

နီရဲတာယောအလိုက်နဲ့
မြို့တာ ကာရန် . . .

လူတွေ လုပ်ယူထားခဲ့ရ
လူရုပ် လူမျက်နှာတွေနဲ့ ချိန်သားကိုက်။

တိုက်တိုက်ဆိုင်ဆိုင် လေရူးက
ဆီးကိုညှန့်နေအောင် အဖူးအခက်ဆင်ပေးတော့
ကိုယ့်ရင်ကိုယ်ဖိထားရတဲ့ လမ်းမြှာ
သံသရာအယူအဆနဲ့ မှတ်မှတ်လည် စက်ဝန်း
ဒီနောက် . . . တစ်ခန်းရပ် ပြဇာတ်တွေကြား . . .။

မြို့တာ မြို့ဆန်ဆန်နဲ့ပဲ
မြို့ပျက် ပျက်ခဲ့ရပုံ။

ကောဇဝင်း

Asian Fame Media Group



ချွန်ပိုင်ဆန်ကိုး တော်ဘုရားကြက်
ပစ်မှတ်ထားတဲ့ သူရဲကောင်း

တာရာငြိမ်းချမ်း

ဝေစာရဲ့အာယာတတရားကြီးမှုက
ဝါ့ကို ကမ္ဘာပျက်အောင် ခါးနိုင်တယ်
အသက်နဲ့လဲခဲ့ရတဲ့ သမိုင်းတစ်ပုဒ်ဟာ
ပေါ့ဘီလမ်းနဲ့ တန်မှတန်ရဲ့လား
စိတ်ဓာတ်က ကွေ့ကောက်လိုက်တဲ့အမှား
ခင်ဗျားသမိုင်းကို အမည်းစက်ထင်ပြီဝေစာ
လှည့်စားမှုအပြည့်က ကမ္ဘာကျော်မယ် မထင်နဲ့
သူရဲကောင်းတို့ရဲ့ အဘိဓမ္မာ
သစ္စာဆိုတာ စွန့်လွှတ်ခြင်းနဲ့ ခွဲမရဘူးဆိုတဲ့ နိယာမက
ဝါ့ရင်ဘတ်ထဲ ပစ်ဝလက်ခတ် ကြွေကျလာတဲ့ အလှတရားပဲ
ကိုင်း   ကြည့်စမ်းပါဦးလား
အောင်ဆန်း ရွှေဝင်ဆန်တဲ့ သူရဲကောင်းကြီး အောင်ဆန်း
တောင်ပေါ်မြေပြန့် ရဲ့ ဦးညွှတ်မှုတွေကြားမှာ
ခေါင်းဆောင်ကောင်းတစ်ယောက် ပီသလွန်းလို့
ပေဟာဒီမှာ ငါတို့ပြည်သူတွေရဲ့အသည်းနှလုံးနဲ့
ထုံးဖွဲ့ချည်နှောင်ထားတဲ့ မေတ္တာတရားက
ဘယ်တော့မှ နွမ်းမသွားပါဘူး
ဖောက်ဆိုးထဲမှာ အဖြစ်ဆိုးနဲ့ ကျောခိုင်းသွားတဲ့
ဒီအဖြစ်တွေက မတရားဘူး
ဆယ့်ကိုးရာလိုင် တောအုပ်ထဲမှာ ဝေစာရဲ့သားကောင်လို
အစွန်းရောက်ခြင်းနဲ့ကြဲချလိုက်တဲ့မီးက နဝတိမငြိမ်းဘူး
သင်ဟာလေ လူမကျန်ရင်နေ နာမည်ကျန်ဖို့လိုတယ်ဆိုတဲ့ လူစား
ကမ္ဘာနိုင်ငံရေး လောကထဲက ဘုရင်တစ်ဆူလို		အောင်ဆန်း
ကြည့်လေ ပြည်သူလူထုကြီးက အောင်ဆန်းမှ		အောင်ဆန်း
မပြောမဆိုကြီး ကျောခိုင်းသွားတော့လည်း		အောင်ဆန်း
နတ်မောက်ရဲ့ ကောင်းကင်ပေါ်က လတစ်စင်းလို		အောင်ဆန်း
မခင်ကြည်ရဲ့ အချစ်ရဆုံးသူကြီး		အောင်ဆန်း
ငါတို့မြေပေါ်က လွတ်လပ်ရေးဗိသုကာလို		အောင်ဆန်း
ခုတော့ လှည့်ကွက်ထဲက ကျုံကျသွားတဲ့ ဖာတ်ကောင်လို
သူ့သမိုင်း သူ့ရာဇဝင်တစ်ပုဒ်ကတော့
ငါ့ရင်ဝကို မြားတစ်စင်းလို ထိုးဖောက်လို့
မနာဘူးဆိုပေမယ့် အမာရွတ်ကတော့ မပျောက်သေးဘူး ငါ့လူ။ ။

တာရာငြိမ်းချမ်း

y a t i   p o e m   j u l y   2 0 1 3



Asian Fame Media Group
MEDIA GROUP




မောင်အောင်ပွင့်

ဆန်းသစ်ဦး ဂျာနယ်အစား
တာရာမဂ္ဂဇင်းအလင်းဖြစ်တာ သူငါအသိပါ
ထာဝစဉ် ငြိမ်းချမ်းရေး တစိုက်မတ်မတ် ချီတက်လာ
ပန်းနုရောင်နှစ်ကာလများ
ဆရာ့ဆံပင်အုံကြီးထဲမှာ ဘယ်လိုများမျိုးတွေ စွဲနေလဲ
ဝန္တရားလေ့တတ်များ တရွက်ပေါ်ချရေး
စိတ်ကူးနဲ့ တီးကြည့်၊ စိတ်နားထဲ သံစဉ်တွေကြားလာ
ငြိမ်းချမ်းရေးသံစဉ်ကိုလည်း ဒီလိုပဲကြားရတယ်
ခြေတစ်လှမ်းစာလေးလောက်တောင် အလင်းမရလည်း
လူမျိုးစုတွေကိုချစ်တဲ့ ချယ်ရီသားတော့တ်ကောက်နဲ့
အသက် ၉၅ နှစ် ပြည့်တော့မယ်
တောင်တန်းတွေမှာ များရည်တွေ ပြည့်ရွှမ်း
မြစ်တွေထဲမှာ နို့ရည်တွေ စီးမျော
မိဂဒါဝမှုဒါ ပြစ်တာမိ၊ သားရွှေထိုးထမ်းမြှင်စမ်းချင်လှချည့်
**ငြိမ်းချမ်းရေး ပန်ကြားလွှာ (၁)**
လူမသေဘ ပြည်မပျက် ခြေရှင်းကြရန်တဲ့၊
**ငြိမ်းချမ်းရေး ပန်ကြားလွှာ (၂)**
- ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်
- တွေ့ဆုံဆွေးနွေး၍ ခိုင်မြဲသော ငြိမ်းချမ်းရေးကို
တည်ဆောက်ကြပါရန် အလေးအနက် ပန်ကြားအပ်ပါသည်
ကျည်ဆန်ချို့၍ မလုံ၊ မေတ္တာချို့မှ လုံလိမ့်မည်တဲ့၊

**ငြိမ်းချမ်းရေး ပန်ကြားလွှာ (၃)**
ရောဝတီမြစ်ဆုံမှ ရေတွေစီးပါစေ
ကျည်ဆန်တွေ မစီးပါစေနှင့်တဲ့၊
**ငြိမ်းချမ်းရေး ပန်ကြားလွှာ (၄)**
ရေဇလာ ယမုန်ပြာလှဲလှဲချောင်းတွင်မှ
ရွှေကြာပဒုံ အညွှာတံနွဲ့ နွဲ့ ပြောင်းချိန်ပေ့ါ
"ဇေယျာဘုံ" သာတဲ့ ကျောင်းဆီက
ကောင်းအဘိတ်နှင့် ကြောင်းနိမိတ်တွေ ရောစောလိုက်တော့
(အို...မယ်ဆန္ဒာရဲ့) ဒေါင်းပရိတ်တော်ကြောင့်
ကောင်းဟိတ်ဇေယျာသော
ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မင်္ဂလာသြဘာကများကို
လက်ဆောင်ပေးလိုက်ပါ၏တဲ့။
**ငြိမ်းချမ်းရေး ပန်ကြားလွှာ (၅)**
တရုတ် သစ္စာ
တည်သောခါဝယ်
သြဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးသက်ဝင်၏တဲ့၊
**ငြိမ်းချမ်းရေး ပန်ကြားလွှာ (၆)**
ရန်သူမရှိ မိတ်ဆွေသာရှိ
မုန်းသူမရှိ ချစ်သူသာရှိ
နိုင်ငံရေးလုပ်တယ်ဆိုတာ
ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်တာ
အနုပညာမိတ်ဆွေများနှင့် ငြိမ်းချမ်းရေး မိတ်ဆွေများခင်ဗျား
ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တန်းတူအခွင့်အရေးဖြင့်
လွတ်လပ်ရေး အခွန့်ရှည်ပါစေတဲ့၊

**ငြိမ်းချမ်းရေး ပန်ကြားလွှာ (၇)**
နိုင်ငံရေးအပေါင်းအဖော်များနှင့် ပြည်သူများအတွက်
ပန်ကြားလွှာ
...ဒီမိုကရေစီ ပန်းနုရောင်ကာလသည်
အချင်းချင်းမေတ္တာဖြင့် တစ်ဦးနှင့်တစ်ဦး
ယုံကြည်ရလောက်သော အနေအထားများဖြင့် ဆက်ဆံကာ
မြန်မာပြည်တိုးတက်ရေးအတွက် အလေးထားလုပ်ဆောင်ရန်
မေတ္တာရပ်ခံအပ်ပါသည်တဲ့၊
တာရာဝေဒဟာ မှိုင်းဝေဒနဲ့ တစ်ဆက်တည်းပဲ
လူထုဘာဝ လူထုဝါဒပဲ
အို ပြည်သူတို့...
မေတ္တာဖြင့် ပညာဖြင့် ဆင်ခြင်တုံတရားဖြင့်
ငြိမ်းချမ်းရေးခေတ်ဦးကို ဆူးတွင်ကြပါစို့။
(၉၄ နှစ်ပြည့် ဆရာဒဂုန်တာရာ မွေးနေ့အတွက် ဂါရဝဖြင့်)

မောင်အောင်ပွင့်




# ... သောကြောင့်

**သရက်မသက်ဆွေ**

ဘယ်လောက်ပဲ ဝေးတဲ့နေရာဆီ ရောက်ရ နေရ
ဘယ်လောက်ပဲ ခွဲခွာနေရ နေရ
ကံကြုံရင် ပြန်ဆုံမှာပေါ့
ကံဆုံတော့ ညား၊ လင်မယား။

နှင်းဆီလေးတစ်ပွင့်မှ မပါသော
ချစ်ခြင်းမေတ္တာနှင့် ခံစားမှုလောက
ထိုလောကဇင်အညှာလေးနဲ့ သာတော့တဲ့ မနောကို
မဟာကျေးဇူးရှင်ပြောမှပဲ သိလိုက်ရတဲ့အဖြစ်။
သူချစ် ကိုယ်ချစ်ကိစ္စတွေ လွှင့်ပစ်လိုက်ပေါ့။
ခပ်ပေါ့ပေါ့အတွေးများစွာနဲ့ပဲ
ကွဲသွားတဲ့ အသည်း၊ လွမ်းများစွာ မိုက်မိခဲ့ကြသူများ။

အမုန်းတော့လေ
ကံကုန်ရင် လည်း၊ သွားကြရမှာကိုများကွယ်
ဘဝမှာ ဘာမှအရေးတကြီးမဟုတ်တဲ့အတွက်
မနက်ဆို နေထွက်၊ ညနေချိန်ဆိုနေဝင်တာမို့
တို့များအားလုံး အနိစ္စသဘော
ဒုက္ခတောမှာဆိုတာ သိသင့်သောကြောင့်။

သရက်မသက်ဆွေ

y a t i p o e m j u l y 2 0 1 3

Asian Fame Media Group




# အမှောင်တစ်ခုရဲ့အလင်းခြင်း
## သို့မဟုတ်
## မျှော်လင့်နေတဲ့ ၂၀၁၃

နေ့လင်းဆက်

ခပ်ညံ့ညံ့ကော်ဖီတစ်ခွက်က အနံ့ထုတ်လိုက်တဲ့ ခါးသက်ခြင်းမျိုးနဲ့
ခေတ်က ခါးသက်လွန်းလိုက်တာကွာ
ခေတ်ကိုက အမှောင်တွေ ကျတ်စားတဲ့ခေတ်
ငါ့အဖေတွေ အမေတွေ စိတ်သောကရောက်ရတဲ့ခေတ်
ငါ့အစ်ကိုတွေ အစ်မတွေ မျက်နှာငယ်ရတဲ့ ခေတ်
အဲ့ဒီအချိန်က ငါ့မျက်နှာမှာ ကကြီးခခွေးတွေ ပေတုန်း
အခု ခုနှစ် ၂၀၁၃
လင်းတော့လင်းနေပြီ အမှောင်တွေ မကုန်နိုင်သေးဘူး
ခေတ်ကြီးကိုက ခပ်ရှုပ်ရှုပ်ပဲ
အဲ့ဒီလို စကားလုံးတွေကို ရေလဲပုဆိုးလို မဖြတ်သုံးစွဲ
ရင်ထဲမှာ လောဘ၊ မောဟ၊ အာဃာတတွေနဲ့
တစ်ကိုယ်ကောင်းသမားတွေကလည်း
ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးနဲ့
တွစ်တောတစ်ယောက်လို အဆက်မပြတ် ရွတ်နေဆဲ
လှုပ်နေတဲ့ ပါးစပ်ပေါက်တွေထဲ
တီကောင်တွေ အတွေးလိုက်ထည့်ထားချင်မိတယ်
ခေါက်ချွဲအမှတ်နဲ့ တတိတိ ဝါးပါစေပေါ့
ငါတို့အားလုံးရဲ့အဖေရှာကျွေးခဲ့တဲ့
လွတ်လပ်ရေး ဝီစတစ်မုအနံ့တောင် ပျောက်ချင်နေပြီ ထင်ပ
ငါမျှော်လင့်နေပါတယ်
ကျတ်စားနေတဲ့ အမှောင်တွေရဲ့ကျဆုံးခန်းတစ်ခု
ခေတ်က ပခုံးပေါ်မှာ ခွစီးနေပြီ
ငါတို့မှမရုန်းရင် ဘယ်သူမှ မရုန်းပေးဘူး
ငါတို့စာပေ ငါတို့အနုပညာကို
ငါတို့မှတန်ဖိုးမထားရင် ဘယ်သူမှတန်ဖိုးမထားဘူး
ငါတို့လူမျိုး ငါတို့နိုင်ငံကို
ငါတို့မှ မစောင့်ရှောက်ရင် ဘယ်သူမှမစောင့်ရှောက်ဘူး
တကယ့်အမှန်တရားနဲ့ တကယ့်ငြိမ်းချမ်းရေး
ရင်ထဲက တကယ်မပါဘဲ ဘယ်တော့မှမရဘူး
အဲ့ဒါခင်ဗျားတို့အားလုံးကော ကျွန်တော်အပါအဝင် သိကိုသိတယ်
မဟုတ်ဘူး လုံးဝမဟုတ်ဘူး
မသိချင်ယောင်ဆောင်နေတာ
စားလို့မရမယ့်အတူတူတော့ လွှင့်ပစ်လိုက်မယ်
အဲ့ဒီပုပ်နေတဲ့ ငါးခုံးမကိုဖယ်
အမေနဲ့အတူတူ ငါတို့အားလုံး
စပျစ်ပင်တစ်ပင် စိုက်ကြစို့။ ။

နေ့လင်းဆက်

y a t i p o e m j u l y 2 0 1 3




## မောင်းသူ့ရဲ့ တနင်္ဂနွေ

ငြိမ်း

ပျက်နေတဲ့မိုးက ဖျတ်ခနဲပြန်လာတယ်
ကော်ဖီဖျော်ဖို့ ရေနွေးကျိုတယ်၊ တီဗီဖွင့်တယ်၊ စီးကရက်မီးညှိတယ်
တီဗီမှာကြော်ငြာလာနေတယ်၊ ဘာကြော်ငြာလည်း မသိဘူး၊ သူကိုယ်သူ
ကိုနီးယားရောက်ကာလို့ ပြောတယ်
တီဗီမှာကျန်းမာရေးပညာပေးလား၊ ဆေးရောင်းတာလား နှစ်ခုလုံးလားမသိတဲ့
အစီအစဉ်လာနေတယ်
တီဗီမှာချန်နယ်လိုင်း ရီမိုတွေကို ဘားလမ်းထိပ်က
ဗယာကြော်သုပ်ရောင်းသလို အော်ရောင်းနေတယ်
အသံနည်းနည်းတိုးလိုက်တယ်၊
ဂျာနယ်တစ်စောင်ကို လှမ်းယူတယ်၊ ဂျာနယ်တွေမှာ ဘာကချာမှလည်း မပါဘူးပဲ၊
ဂျာနယ်တွေမှာ ကဗျာတစ်ပုဒ်လောက်ဖြစ်ဖြစ်
ထည့်ပေးရင် ကောင်းမှာပဲလို့ တွေးတယ်၊ ဂျာနယ်ဆိုလို့
ချစ်သူရည်းစားဆိုတာ ဂျာနယ်အသစ်နဲ့တူပြီး
ဇနီးမယားဆိုတာ သတင်းစာအဟောင်းကြီးနဲ့တူတယ်လို့ ပြောဖူးတဲ့
သူငယ်ချင်းတစ်ယောက်ကို သတိရတယ်၊
တီဗီလိုင်းတွေ လျှောက်ပြောင်းတယ်၊ လိုင်းတစ်ခုမှာ မော်ဒယ်လေးတွေ
စီတန်းလမ်းလျှောက်နေတယ်
လိုင်းတစ်ခုမှာ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်က သူဝယ်ထားတဲ့ဖိနပ်နဲ့
လက်ပတ်နာရီတွေအကြောင်းကို အကျယ်တဝင့်ရှင်းပြနေတယ်
လိုင်းတစ်ခုမှာ ဇော်ဝင်းထွဋ်က
သူကြီးဘုတ်သမားလီယိုနတ်ရဲ့လက်မောင်းကိုလှဲလိုက်ပြီး
အသည်းကောင်းမှပွဲတောင်းရမယ်လို့ ပြောတယ်
လိုင်းတစ်ခုမှာ သီချင်းဆိုချင်တဲ့ပိုးတွေ ပျောက်ကင်းသွားအောင်

စနစ်တကျကုသပေးတဲ့ အစီအစဉ်လာနေတယ်၊
သားဘက်က ဘီအေဘီရှိနေမှတော့ ဖေဖေအရှုံးပေးလိုက်ပါပြီကွာ
လာနေတဲ့မီးက ဖျတ်ခနဲပျက်သွားတယ်၊ ပျက်နေတဲ့မီးက ဖျတ်ခနဲပြန်လာတယ်
တီဗီမှာ သတင်းလာနေတယ် ဆီးရီးယားမှာ၊
ကချင်ပြည်နယ်မှာငြိမ်းချမ်းရေးဖောက်ထိုးဖြစ်နေတယ်၊
သူမနဲ့ ကျွန်တော့်ကြားမှာလည်းငြိမ်းချမ်းရေးဖောက်ထိုးဖြစ်နေတယ်၊
ကမ္ဘာကြီးဘယ်တော့ ငြိမ်းချမ်းမလဲ၊
သူမနဲ့ ကျွန်တော့်ကြားမှာဘယ်တော့ငြိမ်းချမ်းမလဲ သိလားဆိုတော့
မသိဘူး၊ မသိဘူးလားဆိုတော့ သိတယ်ဆိုတဲ့ အဖွဲ့အစည်းမှာ ငါကဥက္ကဋ္ဌပဲ
ဒီနေ့ဟာ တနင်္ဂနွေနေ့ဖြစ်တယ်၊ ဒီနေ့ဟာ ကမ္ဘာကြီးမှာ တနင်္ဂနွေ
အနန္တစကြာဝဠာမှာလည်း တနင်္ဂနွေ၊ ဂြိုဟ်ကြီးကိုးလုံးမှာလည်း တနင်္ဂနွေ
နတ်ပြည်မြောက်ထပ်မှာလည်း တနင်္ဂနွေ၊ ငရဲနဲ့ နိဗ္ဗာန်ဘုံမှာလည်း တနင်္ဂနွေ
၃၂ ၊ နှင်းဆီလမ်းမှာလည်း တနင်္ဂနွေ၊ တနင်္ဂနွေနေ့မှာ တနင်္လာအကြောင်း
မစဉ်းစားဘူးကွာ အစီအစဉ်တစ်ခုမှာ Sunday Talk လာနေတယ်၊
သမ္မတကြီး ခရီးသွားနေတယ် လာနေတဲ့မီးက ဖျတ်ခနဲပျက်သွားတယ်၊
မီးက လက်အငြိမ်မနေနိုင်တဲ့ လူတစ်ယောက်
ပလပ်ကို ဖြုတ်လိုက်တပ်လိုက်လုပ်နေသလိုမျိုးကြီး၊
စီးကရက် နောက်တစ်လိပ် မီးညှိတယ်၊
အိမ်အပြင်ဘက်ကို ငေးတယ် ရုတ်တရက် သူမအကြောင်း တွေးမိတယ်
သူမ ဘာလုပ်နေလဲ၊ ဘုရားရှိခိုးနေလား၊ သီချင်းနားထောင်နေလား၊
ဖုန်းကလိနေလား၊ ငိုင်းငိုင်းအကြောင်း တွေးနေမလား၊ အောင်လလား၊
ဒီဗြိုးလား၊ နေတိုးလား၊ ဝိုးချစ်လား......၊
ပျက်နေတဲ့မီးက ဖျတ်ခနဲပြန်လာတယ်၊ လာနေတဲ့မီးက ဖျတ်ခနဲပျက်သွားတယ်
စာကြည့်စားပွဲရှင်းရဦးမယ်၊ တဖြုတ်စည်းလှည်းရဦးမယ်၊
ပင်းမင်းပေးမယ့် အဝတ်တွေစုရဦးမယ်၊
ပျောက်နေတဲ့ စီဒီတစ်ချပ်ရှာရဦးမယ်၊
စမ်းချောင်း၊ သင်္ဃန်း၊ ဟားဗတ် ဖတ်ရဦးမယ်
ရှိစုမဲ့စုအလင်းရောင်နဲ့ ဂျာနယ်ကို လျှောက်လှန်နေလိုက်တယ်
ချန်ပီယံလိဂ်မှာ ဘာစီလိုနာ ကွာတားတက်သွားပြီ (ဝမ်းသာလိုက်တာ)
ချန်ပီယံလိဂ်မှာ မန်ယူပြုတ်သွားပြီ (ဝမ်းသာလိုက်တာ)
ခရိုနီတွေ ဂျက်တိုက်လေယာဉ်ဝယ်ဖို့ ဈေးဗီတွေ
ထမင်းတစ်နပ်လျှော့မစားရင် bullet လွတ်မယ်တဲ့
ဖုန်းတစ်ကောလ်လာတယ်၊ မန္တလေးကလားလို့ မေးတယ်၊
ဖုန်းနံပါတ်က မြို့တစ်မြို့က လွဲနေရာလားလို့တွေးတယ်၊
ခေါင်းကလည်း ဖုန်းမှားဝင်သလို၊
မီးပျက်သလို လာတတ်တယ်လို့ ဆက်တွေးတယ် အေးနေတဲ့
ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်တယ်၊
စီးကရက်နောက်ထပ်တစ်လိပ် မီးညှိတယ်၊
အပြင်မှာ မိုးသားတွေ မိုမည်းလာတယ်၊
ဧည့်ခန်းကလည်း မိုမှောင်လာတယ်၊
မီးကပျက်တုန်းပဲ ဒီဝင့်ကြေးတွေ ဘယ်တော့ကုန်မလဲသိလားဆိုတော့ မသိဘူး၊
မသိဘူးလားဆိုတော့ သိတယ်ဆိုတဲ့ အဖွဲ့အစည်းမှာ ငါကဥက္ကဋ္ဌပဲ
ကားအသစ်၊ လမ်းအသစ်၊ မြို့အသစ်၊ ဖုန်းအသစ်၊
သစ်လို့ရသမျှ အားလုံးအသစ်တွေ အကြောင်း လျှောက်တွေးရင်း
မျက်နှာမသစ်ရသေးတာ သတိရတယ်။
အုံ့နေတဲ့မိုး၊ ပျက်နေတဲ့မီးတွေနဲ့ ဟာမိုနီဖြစ်သွားအောင်
တစ်ရေးပြန်အိပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်၊
တအိအိဆိုလာတဲ့ တနင်္ဂနွေကို ဧည့်ခန်းထဲထားခဲ့ပြီး ခုတင်ပေါ်လှဲလိုက်တယ်
ပျက်နေတဲ့မီးက ဖျတ်ခနဲပြန်လာတယ်။ ။


ဝမိုးယံ

Asian Fame Media Group

# YATI CARTOON JULY 2013



# YATI CARTOON JULY 2013





Asian Fame Media Group
MEDIA GROUP

# YATI CARTOON JULY 2013






Asian Fame Media Group




Asian Frame Media Group
af MEDIA GROUP


Asian Fame Media Group


Asian Fame Media Group



Asian Fame Media Group


Asian Fame Media Group



Asian Fame Media Group




Asian Fame Group


Asian fame Media Group



Asian Fame Media Group





Asian Fame Media
MEDIA GROUP

၂၀၁၁ ခုနှစ် ဖွန့်လထုတ် ရတီမဂ္ဂဇင်းမှာ အနုပညာရှင်နဲ့ သူ့ပရိသတ်အဖြစ် ပထမဆုံး တွေ့ဆုံခဲ့ဖူးတဲ့ သရုပ်ဆောင်၊ အဆိုတော် မိုးယံ ဇွန်နဲ့ Miss International 2012 ပွဲမှာ Miss Internet ဆု၊ Popular Choice Award ဆုရ ရှိခဲ့သူ နန်းခင်ဇေယျာတို့ကို ဒုတိယအကြိမ် တွေ့ ဆုံပြီး စကားဝိုင်းလေးတစ်ခုအဖြစ် ဖန်တီးဖြစ်ခဲ့တာလေးတွေကို ရတီပရိသတ်များအတွက် တင်ပြပေးလိုက်ပါတယ်နော်။

# ချိုမြိန်အမှတ်တရမှ လှပအနာဂတ်သို့

Model - Moe Yan Zan, Nang Khin Zayyar/ Make-Up - Soe Soe (09 - 5100997)
Dress For Girl - Yummy Yo/ Photo - Ko Naing (Popular)/ ARRANGED BY THIDA SOE

နန်း - ညီမအနေနဲ့ ကိုမိုးယံဇွန်နဲ့ ဒုတိယအကြိမ် တွေ့ဆုံဖြစ်တာပေါ့နော်။ ရတီမဂ္ဂဇင်းမှာပဲ ဒုတိယအကြိမ် ပြန်ဆုံတဲ့အတွက် ပျော်ပါတယ်။ အရင်တစ်ခေါက် Audience of Celebrities' Choice ကဏ္ဍအတွက် ဓာတ်ပုံရိုက်တုန်းက အစ်ကိုက သင်ပေးပါတယ်။ အဲဒီတော့ ကိုမိုးယံဇွန်နဲ့ ညီမက သိပ်မစိမ်းတော့ဘူးပေါ့နော်။ အစ်ကိုနဲ့ တွေ့ရတဲ့အချိန်မှာ အစ်ကို့ကိုမေးစရာတွေ အရမ်းများတယ်။ အရင်တစ်ခေါက်တုန်းက အစ်ကိုက လမ်းပြပေးခဲ့တယ်။ ညီမ ဝနေတဲ့အချိန်တုန်းက ဝိတ်လျှော့၊ အစားအသောက်လျှော့ဆိုပြီး အကြံညာဏ်ပေးခဲ့တယ်။ အစ်ကိုဆိုရင် ဝါရင့်၊ သမ္မာရင့် သရုပ်ဆောင်တစ်ယောက်ဖြစ်တဲ့အတွက် ဇာတ်ကားရိုက်တဲ့အခါမှာ ဘယ်လို အခက်အခဲတွေ ကြုံခဲ့ရလဲ။

မိုး - အစ်ကိုတို့တုန်းက နည်းနည်းလေးတော့ ကြမ်းပါတယ်။ အသစ်တစ်ယောက်အနေနဲ့ ကြိုးစားခဲ့ရတာတွေ အများကြီးရှိပါတယ်။ လိုချင်တဲ့ နေရာကိုရောက်ဖို့ ကြိုးစားရတဲ့ လမ်းကြောင်းတွေက အများကြီးပဲလေ။ ကြိုးစားရင်းနဲ့ မရခဲ့ တာတွေလည်း ရှိတယ်။ ဘယ်အလုပ်မဆို ပေးဆပ်ရတာ တွေကတော့ ရှိမှာပဲလေ။

မိုး - ညီမလေးကရော Miss International ပြိုင်ပွဲကို ဘယ်လိုစိတ်ကူးနဲ့ ဝင်ပြိုင်ဖြစ်တာလဲ။

နန်း - ညီမအနေနဲ့ အရင်တုန်းက ပွဲတွေလည်း အများကြီး မပြိုင်ဖူးဘူး။ Miss Myanmar ပြိုင်ပွဲမပြိုင်ခင်မှာ ရှေ့မှာပြိုင်ဖူးတဲ့ ပွဲတစ်ပွဲပဲရှိပါတယ်။ Miss Myanmar ဆိုတဲ့ Title က နိုင်ငံတစ်နိုင်ငံလုံး ကိုယ်စားပြုတဲ့ Miss တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ပြိုင်ဖို့လည်း တွန့်ဆုတ်မိတယ်။ တော်ရုံတန်ရုံအရည်အချင်းနဲ့လည်း မရဘူးပေါ့နော်။ ညီမအနေနဲ့ အရမ်းကိုစဉ်းစားပြီး ဝင်ပြိုင်ခဲ့ရတာပါ။

မိုး - ဆုရပြီးတဲ့နောက်ပိုင်းမှာ သူများနိုင်ငံမှာ သွားပြိုင်ရမယ်ဆိုတော့ ညီမအနေနဲ့ ဘာတွေပြင်ဆင်ဖြစ်လဲ။

နန်း - ညီမအနေနဲ့ Miss Myanmar ဆုရပြီးသွားရင် သူများနိုင်ငံမှာ သွားပြိုင်ရမယ်ဆိုတာကို မသိခဲ့ဘူး။ Miss Myanmar ရရင် Myanmar Tourism ကို တိုးတက်အောင် လုပ်ရမယ်ဆိုတာကိုပဲ သိထားတာပေါ့နော်။ ဂျပန်နိုင်ငံမှာ ပြိုင်ပွဲဖိတ်ခေါ်တဲ့အတွက် အရမ်းပျော်ပါတယ်။ တစ်ဖက်မှာကလည်း အချိန်က မရဘူး။ ပြိုင်မယ်၊ မပြိုင်ဘူးနဲ့ သွားပြိုင်ဖြစ်ခဲ့တာပေါ့နော် (ရယ်လျက်)။ ဘာမှ ပြင်ဆင်မှုမရှိခဲ့ပါဘူး။

မိုး - ပြိုင်ပွဲကို အာရှနိုင်ငံတွေကလည်း လာပြိုင်ကြတယ်။ အဲဒီအချိန်မှာ ပရိသတ်အများဆုံးဆုကို ရွေးချယ်ရဖို့ Internet မှာ Vote လုပ်ကြတယ်ပေါ့။


Asian Fame Media Group


Asian Fame Media Group
AF MEDIA GROUP

ကို ကြားတဲ့အချိန်မှာ ညီမအနေနဲ့ စိတ် ထဲမှာ ဘယ်လိုခံစားရလဲ။

နန်း - ကိုယ့်ကို Vote လုပ်နေပြီဆိုတဲ့ သတင်း ကြားတော့ ပျော်လည်းပျော်ပါတယ်။ တစ်ဖက်မှာကလည်း အလုပ်တွေလုပ်နေရတော့ စိတ်က ဟိုရောက်ဒီရောက်တော့ နည်းနည်းဖြစ်တာပေါ့နော်။

မိုး - သူငယ်ချင်းတွေကိုရော Vote လုပ်ဖို့ ပြောသေးလား။

နန်း - ညီမ ဖုန်းဆက်လို့ မရဘူး။ ညီမကို Contect ပေးမလုပ်ဘူး။

မိုး - ညီမထင်ထားတာက ပြိုင်ပွဲမှာဆုရရင် Tourism အတွက်လို့ပဲ ထင်ထားခဲ့တယ်။ အခု သူများနိုင်ငံမှာ သွားပြိုင်ပြီးတော့ သူများတွေလိုမျိုး ဘာမှဆုမရဘဲ ပြန်လာတာမဟုတ်ဘဲ အနည်းဆုံး ဆုတစ်ခုယူပြီး ပြန်လာနိုင်တာဆိုတော့ နိုင်ငံရဲ့ Image ဖြစ်သွားတာပေါ့နော်။ အဲဒီတော့ ညီမအနေနဲ့ ဘာတွေပြန်လုပ်ဖို့ ရည်ရွယ်ထားလဲ။

နန်း - မဲပေးတာကလည်း မြန်မာပြည်သူပြည်သားတွေနဲ့အတူ တခြားနိုင်ငံက မြန်မာတွေကလည်း မဲပေးကြပါတယ်။ ကိုယ့်ကို အဲဒီလို မဲပေးကြတဲ့အတွက် ကိုယ် ဘယ်လိုပြန်ပြီး ပေးဆပ်ရမယ်ဆိုတာကို တွေးထားပါတယ်။ အခုအချိန်မှာတော့ ပရဟိတလုပ်ငန်းတွေကို လုပ်ဖြစ်နေပါတယ်။ ပြန်ရောက်တဲ့အချိန်ကတည်းက ညီမအနေနဲ့ Plan ပြန်ချပြီးတော့ ကောင်းကောင်းလုပ်ခဲ့ပါတယ်။

မိုး - ရှေ့လာမယ့်လမှာ အစ်ကိုတို့နိုင်ငံမှာ နှစ်တွေအကြာကြီး ဝေးကွာနေတဲ့ Sea Game ပြိုင်ပွဲကို ပြန်ပြီးလက်ခံကျင်းပမယ်။ အဲဒီပြိုင်ပွဲမှာ ညီမက နိုင်ငံရဲ့ Image တစ်ယောက်အနေနဲ့ ဘာတွေဝင်ပြီးတော့ ကူညီဦးမှာလဲ။

နန်း - Sea Game ပြိုင်ပွဲအတွက် ဘာတွေလုပ်ရမယ်ဆိုပြီး ညီမကို တမ်းလှမ်းလာမှ ညီမက လုပ်ပေးလို့ ရမှာပါ။ ညီမအနေနဲ့ကတော့ ဘယ်အခန်းကဏ္ဍက ပါရပါရ Ready ပါပဲ။

နန်း - အစ်ကို့အနေနဲ့ ညီမကို အကြံဉာဏ်ပေးပါဦး။

မိုး - အောင်မြင်မှုတိုင်းဟာ ရရှိဖို့ မလွယ်ပါဘူး။ အထူးသဖြင့် အနုပညာလောကမှာ အောင်မြင်ဖို့ဆိုတာ မလွယ်ကူသလို ရလာတဲ့အောင်မြင်မှုကို ထိန်းသိမ်းရတာလည်း မလွယ်ကူပါဘူး။ အခုအချိန်မှာ ညီမလည်း ထိုက်သင့်တဲ့ အောင်မြင်မှုတွေ ရနေတာဆိုတော့ အဲဒါလေးကို ထိန်းသိမ်းရမှာပေါ့နော်။







နန်း - စစချင်းသရုပ်ဆောင်တုန်းက အစ်ကို့အနေနဲ့ ကင်မရာရှေ့မှာ သရုပ်ဆောင်ရတာ ဘယ်လိုအခက်အခဲတွေ ရှိခဲ့လဲ။

မိုး - အစ်ကိုက ဒီသရုပ်ဆောင်လောကကို မဝင်ခင်ကတည်းက သရုပ်ဆောင်သင်တန်းတွေ တက်ခဲ့တယ်။ Model သင်တန်းတွေ တက်တယ်။ Show တွေလည်း လျှောက်ခဲ့တယ်ပေါ့နော်။ အဲဒီတော့ အစ်ကိုက ကင်မရာကို မကြောက်ဘူး။ အစ်ကို ကြောက်တာက မျက်လုံးတွေကိုပါ။ ဒီအနုပညာလောကထဲက လူတွေ ကြည့်ကြတဲ့ မျက်လုံးတွေကိုပေါ့နော်။ အသစ်တစ်ယောက်အနေနဲ့ အစ်ကိုက ဘာတွေလုပ်နိုင်လဲ၊ ဘာတွေလုပ်နိုင်နေလို့ ဒီတိုက်က မင်းသားတင်ရိုက်ရတာလဲ ဆိုတဲ့ အကြည့်တွေပေါ့နော်။ ကျန်တဲ့ အခက်အခဲကတော့ သိပ်မရှိပါဘူး။

နန်း - အစ်ကို့အနေနဲ့ အနုပညာအလုပ်ဟာ ကြမ်းလား။ ဒါမှမဟုတ် နုတယ်လို့ထင်လား။

မိုး - ဟား . . . ကြမ်းတာပေါ့။ အနုပညာအလုပ်က အများအမြင်မှာ လွယ်သလိုလိုနဲ့ တကယ်လုပ်ကြည့်တဲ့အခါမှာတော့ အရမ်းခက်ခဲနက်နဲပါတယ်၊

မိုး - အခုဆိုရင် ညီမက နိုင်ငံရဲ့ idol ဖြစ်နေပြီဆိုတော့ Sea Game လိုမျိုးပွဲတွေအပြင် နိုင်ငံရဲ့အထင်ကရပွဲလမ်းတွေမှာ ညီမက နိုင်ငံရဲ့ Image အနေနဲ့ရော၊ အနုပညာရှင်အနေနဲ့ရော တကူးတကဖိတ်ကြားတာ မခံရဘဲနဲ့ရော ကိုယ်တိုင်အားပေးတာမျိုးတွေ ရှိလား။

နန်း - ရှိပါတယ် အစ်ကို။ ညီမအနေနဲ့ ဘောလုံးသံတမန်တစ်ယောက်ဖြစ်တဲ့အတွက် ဘောလုံးပွဲတွေဆိုရင် ညီမကိုယ်တိုင် သွားကြည့်၊ အားပေးရပါတယ်။ ညီမ နေပြည်တော်လည်း ရောက်ဦးမှာမို့လို့ သွားပြီးအားပေးဖြစ်မှာပါ။

မိုး - အစ်ကိုကလည်း ဘောလုံးကစားတာကို ဝါသနာပါပါတယ်။ ဘောလုံးသံတမန်တစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံမှာ ကျင်းပတဲ့ပွဲမှာ ထိုက်တန်တဲ့ဆုတစ်ခုရအောင် ကွင်းထဲမှာ ကိုယ်တိုင်မကစားသည့်တိုင်အောင် အားကစားသမားတွေ ခွန်အားတစ်ခုခုရနိုင်အောင် တစ်ခုခုတဲ့ ပြန်ပြီး တစ်ထောင့်တစ်နေရာကနေ ပါဝင်နိုင်လိမ့်မယ်လို့ အစ်ကိုမျှော်လင့်ပါတယ်။

သီတာစိုး



Asian Fame Media Group



# KIMONO FASHION

မော်ဒယ်
အိန်ဂျယ်လာဇု
ဓာတ်ပုံ
MAN-KUN-THIT photography
နေရာ
ပြည်သူ့ရင်ပြင်(ဥယျာဉ်)
စီစဉ်သူ
မိုးသောက်ကြယ်

Asian Fame Media Group
MEDIA GROUP







Asian Fine Media Group



# TROS *Products Introduction*



## *Advanced White & Scrub (Facial Foam) 40g + 100g*

မျက်နှာမှ ဆဲလ်အဟောင်းများကို ဖယ်ရှား ပေးပြီး အသားအရေကို နူးညံ့ကြည်လင်ဝင်းပစေပါသည်။ Multiple Nano ရဲ့ အစွမ်းကြောင့် ဆားဝက်ခြံကို ကင်းစင်စေပါသည်။ Scrub အမျိုးအစားဖြစ်၍ မျက်နှာတွင် အဆီပြန်ခြင်း၊ညိုမည်းခြင်း၊ ခြောက်သွေ့ခြင်းများကို ဖယ်ရှားပြီး စိုပြည်နူးညံ့သည့် အသားအရေကို ရရှိစေပါသည်။ နေ့စဉ်အသုံးပြုနိုင်ပါသည်။



## Tros X-Treme,intense & Sport (Cologne) 100ml

အားကစားလုပ်သူများ၊ အလုပ်ပင်ပန်းသူများ အတွက် ထုတ်လုပ်ထားပြီး ၄၈ နာရီကြာ ထူးခြားသော မွှေးရနံ့ကြောင့် လန်းဆန်းတက်ကြွစေသည်။



## White Acne (Facial Foam) 40 g + 100g

ဝက်ခြံထွက်ခြင်းမှ ကာကွယ်ပေးပြီး မျက်နှာပေါ်ရှိ အညစ်အကြေးနှင့် ဆဲလ်သေများကို ဖယ်ရှားပေးသည့်အပြင် အသားအရေကို အရောင်ရှိုင်းဆော်ထိ ပြုပြင်ပေးပါသည်။ ဗီတာမင်အီး ပါဝင်ခြင်းကြောင့် စိုပြေနူးညံ့သော အသားရေကို ပိုင်ဆိုင်စေပါသည်။



## Tros Cool & Sport (Roll On) - For men

ခွန်လက်တက်ကြွသော လူငယ်များ အတွက် ရည်ရွယ်ထုတ်လုပ်ထားပြီး အေးမြလန်းဆန်းကာ ၄၈ နာရီကြာ မွှေးရနံ့ကို ထိန်းသိမ်းပေးပြီး Bacteria ပိုးမွှားများကို သေစေနိုင်သည်။

MEDIA GROUP



## Tros X Treme Sport (Shower Cream) 90 ml + 200ml

အားကစားပြုလုပ်သူများ၊ ချွေးထွက်များသူများ အတွက် သင့်လျော်သည်။ UV ကို ကာကွယ်ပေးပြီး ၂၄ နာရီမွှေးကြိုင်ကာ လန်းဆန်းတက်ကြွ၍ အနံ့ဆိုးများ ဖယ်ရှားပေးသည်။



## Vivite White & Extra Dry (Roll on) For Lady

Rose Fruit မှ ထုတ်လုပ်သောကြောင့် နှင်းဆီရနံ့ မွှေးပျံ့စေကာ ဆေးကပ်မှုမရှိဘဲ ခြောက်သွေ့နူးညံ့စေသည်။ ၂၄ နာရီကြာအောင် မွှေးရနံ့ သင်းပျံ့စေသည်။



## Tros Acne & Protect (Shower Cream) 90ml + 200ml

သင်းပျံ့သောမွှေးရနံ့နှင့်အတူ ခန္ဓာကိုယ် တွင် ထွက်ရှိသော ဝက်ခြံနှင့် အဖုအပိန့်များကို ပျောက်ကင်းစေပြီး ၂၄ နာရီ မွှေးပျံ့စေသည်။



## Vivite Less Shave & White (Roll on) For Lady

သဘာဝသစ်ဥသစ်ဖုများ၏ protein ဓာတ်ပါဝင်မှုကြောင့် ချိုင်းတွင်းရှိ အမွှေးအမျှင်များကို နူးညံ့လျော့သွားစေသည်။ ၂၄ နာရီကြာ မွှေးရနံ့သင်းပျံ့စေသည်။

Hot Line: 0973238890

# LOOKING & FEELING

Arranged by Moe Thauk Kyal
Model - Chan Moe Lay, Poe Ei Phyu Sin
Photo - Thu Taw Lwin (JH Studio)



Asian Fame Media Group





Asian Fame Media Group



Asian Fame Media Group



# Pillow Play

Model
Richel Pang
Stella Star
Photo
Demo
Make up
Allay (December Hnin)
Arranged by
Moe Thauk Kyal

Asian Fame Media Group



Asian Fame Media Group

# Pillow Play

Model
Richel Pang
Stella Star
Photo
Demo
Make-up
Allay (December Hnin)
Arranged by
Moe Thauk Kyal



Asian Fame Media Group

# Celebrities' BREEDING

MODEL : KYAW KYAW BO/ PHOTO : KO NAING (POPULAR)/ ARRANGED BY EIEI HTWE



## ကျော်ကျော်ဗို

**ကိုကြဲ့တို့အိမ်မှာ မွေးထားတဲ့ခွေးလေးတွေ အကြောင်း အရင်ဆုံးပြောပြပေးပါဦး။**

အခုလောလောဆယ် အိမ်မှာမွေးထားတာက Chihuahua လေးတစ်ကောင်ရှိတယ်။ မိန်းမမွေးနေ့တုန်းက အမှတ်တရဝယ်ပေးထားတာ သုံးလေးနှစ်လောက်တော့ ရှိသွားပြီ။ နောက် Labrador တစ်ကောင်ရှိတယ်။ အဲဒီခွေးက ဦးလေးအိမ်မှာပေါက်တော့ ဦးလေးက လက်ဆောင် ပေးထားတာပါ။ Shihuahua လေးကို ရင်ကီလို့ နာမည်ပေးထားပြီး Labrador ကိုတော့ ဆူဇီလို့ နာမည်ပေးထားပါတယ်။

**ကိုကြဲ့တို့အိမ်မှာ ဟိုးတုန်းကတည်းက ခွေးလေးတွေ အမြဲမွေးတယ်နော်။**

ဟုတ်တယ်။ အယ်ဇေးရှင်းကြီးတွေလည်း မွေးဖူးတယ်။ ဘူးဒေါ့လည်း မွေးဖူးတယ်။ သေကုန်ကြတာ။ ခွေးကတော့ အိမ်မှာ အမြဲမွေးဖြစ်တယ်။

**တချို့က တခြားတိရစ္ဆာန်တွေ မွေးတာလည်း ဝါသနာပါတယ်။ ကိုကြဲ့က ခွေးတစ်မျိုးပဲ မွေးဖြစ်တာလား။**

ဟုတ်တယ်။ ကိုကြဲ့က ခွေးချစ်တတ်တယ်။ ငယ်ငယ်ကတည်းက ဖေဖေကလည်း ကျောင်းတွေပိတ်ပြီဆို ခွေးဝယ်ပေးတယ်။ အဲဒီတော့ ငယ်ငယ်ကတည်းက ခွေးချစ်တတ်တယ်လို့ ပြောရမှာပေ့ါ။

**မွေးခဲ့တဲ့ခွေးတွေထဲမှာရော မှတ်မှတ်ရရ သံယောဇဉ်ဖြစ်ခဲ့တဲ့ ခွေးရှိလား။**

ကိုကြဲ့ကတော့ ကိုယ့်အိမ်မှာ မွေးခဲ့တဲ့ခွေးတိုင်းကို သံယောဇဉ်ဖြစ်တာပါပဲ။ ပထမဦးဆုံး သံယောဇဉ်ဖြစ်ခဲ့တာကတော့ ငယ်ငယ်တုန်းက ဖေဖေဝယ်ပေးခဲ့တဲ့ ရမ်ဘိုဆိုတဲ့ ခွေးပါ။

**ကိုယ့်အိမ်မှာရှိတဲ့ ခွေးလေးတွေရဲ့ ကျန်းမာ**









**နေ့အတွက် ပုံမှန်ဂရုစိုက်ဖြစ်တာမျိုး ရှိလား။**

ခွေးတွေရဲ့ကျန်းမာရေးအတွက်ကတော့ သူတို့ရဲ့ အသက်အရွယ်အလိုက် ဆရာဝန်ဆီမှာ ကာကွယ်ဆေးအမြဲထိုးပေးဖြစ်ပါတယ်။

**ကိုယ့်အိမ်မှာက ကလေးလည်းရှိတော့ ကလေးရဲ့ ကျန်းမာရေးကိုလည်း မထိခိုက်ရအောင် တိရစ္ဆာန်တွေကို ဘယ်လိုမျိုးထားလဲ။**

အဲဒါက တိရစ္ဆာန်တွေကို အပြင်မှာပဲ ထားတယ်။ အိမ်ထဲလုံးဝ မသွင်းဘူး။ ကလေးနဲ့ ရောရောထွေးထွေး မထားဘူးပေါ့နော်။

**ခွေးအပြင် တခြားတိရစ္ဆာန်တွေရော မွေးရတာ ဝါသနာပါသေးလား။**

တခြား တွေ့တွေ့ထူးထူးတော့ မွေးရတာ မကြိုက်ဘူး။ ကိုကြံ့က ခွေးတစ်မျိုးပဲ မွေးရတာ ကြိုက်တယ်။

**မိန်းကလေးဆိုရင်တော့ ခွေးအလှလေးတွေ မွေးရတာကို ကြိုက်တယ်။ ကိုကြံ့ကတော့ ယောကျ်ားလေးဆိုတော့ ကိုယ့်အတွက် အကျိုးပြုမယ့် ဥပမာ ခြံလုံမယ့်ခွေးမျိုးမွေးရတာကို ကြိုက်လား။**

အဲဒီလိုတော့ မဟုတ်ပါဘူး။ ကိုကြံ့ကတော့ ခွေးဆို ချစ်တတ်တာပါပဲ။

# Celebrities' BREEDING

## Khin Thazin

arranged by thida soe

















BB ရဲ့ တစ်ကိုယ်ရေ
သန့်ရှင်းရေးအတွက်
Sleeky Powder ၊
Kang bei Le ဆပ်ပြာ၊
VP Can Powder ၊
Bearing Powder ၊
I PET HEAD ရေမွှေးတို့ကို
သုံးပါတယ်။ BB ကိုတစ်ပတ်မှာ
၂ ခါ ရေချိုးပေးပါတယ်။
အခြောက်လျှော်တာကိုတော့
နေ့တိုင်းလုပ်ဖြစ်ပါတယ်။



BB က Pedigree ၊
CP Classic ၊
Alpo အစာတွေကို
တစ်နေ့ ၃ ခါစားပါတယ်။
ကျွေးရင်လည်း လက်နဲ့ကျွေးမှ
စားတယ်။ ဒီအတိုင်း
ကျွေးလို့မရဘူး။



BB က သူဆော့တဲ့အရုပ်ကို
မြင်တာနဲ့ အတင်းလုပြီး
ဆော့တော့တာပဲ။
ဖင်လည်း BB နဲ့ဆော့ချင်ရင်
အဲဒီအရုပ်လေးကို
သူ့ဆီကအတင်းပြန်လုပြီး
ဆော့ဖြစ်တယ်။



ဖင်စားပွဲပေါ်မှာ ကော်ဖီသောက်ရင်
BB ကလည်း မုန့်တောင်းပြီး စားပွဲခုံပေါ်မှာ
ထိုင်စားတတ်တယ်။ ဖင်ဆိုင်ထိုင်ရင်လည်း BB အတွက်
ကြက်ကြော်မှာပေးရတယ်။

Photo - Ko Naing (Popular)



ဖင်အပြင်သွားရင် BB ကို
အခုလို အိတ်လေးနဲ့ထည့်ပြီး
ခေါ်သွားတတ်ပါသေးတယ်။
BB အေးဖို့အတွက်
ညနေနေအေးတဲ့အချိန်မှာ
မြက်ခင်းပေါ်ကို ဖင်က
လိုက်ပို့ပေးပါတယ်။
သူငယ်ချင်းတွေနဲ့ တွေ့ရင်လည်း
BB ကို ခေါ်သွားတယ်လေ။

# နေယံ

**အိမ်အလှမွေးခွေးလေးတွေအပေါ် ကိုနေယံ ဘယ်လိုသဘောထား လဲ။**

ကျွန်တော်က တိရစ္ဆာန်တော်တော်များများကို ချစ်တတ်တယ်။ ဒီထဲမှာ ဆိုရင် ခွေးလေးတွေဟာ ပိုချစ်စရာကောင်းတယ်၊ မွေးရကျိုးနပ်တယ်။ သခင်ကိုလည်း ချစ်တတ်တယ်။

**ခွေးလေးနာမည်ကို ဘယ်လိုပေးထားလဲ၊ အထီးလေးလား၊ အမလေးလား၊ အမျိုးအစား ကကော ဘာအမျိုးအစားလဲ။**

ဒီကောင့်ကို ပိုင်ပိုင်လို့နာမည် ပေးထားတယ်။ သူက အထီးလေး၊ အမျိုးအစားကတော့ Samyoed ပါ။

**ခွေးနဲ့လူနဲ့ ကျန်းမာရေးကိုကော ဘယ်လို ဂရုစိုက်ပေးလဲ။**

ပိုင်ပိုင်လေးရဲ့ ကျန်းမာရေးကိုတော့ တိရစ္ဆာန်ဆရာဝန်နဲ့ တိုင်ပင်ပြီး လုပ်သင့်တဲ့ Health Care တွေကို အချိန်မှန်မှန်ပြုလုပ်ပေးပါတယ်။

**ခွေးလေးမွေးခြင်းအားဖြင့် အိမ်မှာ ဘာတွေ ထူးခြားလဲ၊ ဘယ်လို အကျိုးပြုလဲ။**

သူရှိနေတော့ အလုပ်ကပြန်လာတဲ့အခါ အဖော်ရတာပေါ့။

**International Dog Day သတ်မှတ်လိုက်တဲ့အတွက် ခွေးချစ်တဲ့သူတွေအနေနဲ့ ခံစားချက်လေးရှိရင် ပြောပေးပြပေးပါ။**

ကောင်းပါတယ်။ သူတို့လေးတွေအတွက် ဒီလိုနေ့မျိုးလေး သတ်မှတ်ပေးတာ ဝမ်းသာစရာပါ။ တိရစ္ဆာန်ဆိုပြီး ဥပေက္ခာမပြုဘဲ နိုင်ငံတကာ အမှတ်တရနေ့လေးလုပ်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ သူတို့လေးတွေ သိတတ်ရင်လည်း ပျော်ကြမှာပါ။

**အိမ်မွေးခွေးလေးဆိုတော့ ဒီခွေးလေးကို အစားအသောက်စီစဉ်တဲ့အခါ ဘယ်လိုစီစဉ်ပေးလဲ။**

သူတို့ကို ကျွေးတဲ့အစာက ရှိပြီးသားလေ၊ တစ်ခါတစ်ရံကျတော့လည်း ကြက်ရိုး၊ ငါးနဲ့ ထမင်း နယ်ကျွေးတာမျိုးရှိတယ်၊ ဒါ့အပြင် ပိုင်ပိုင်က ကိတ်မုန့်၊ ဘီစကွတ်စတဲ့ တခြားသရေစာတွေလည်းစားတယ်။ ပါးစပ်မနံအောင် Dof'n Joy Dent Care ကိုလည်း နေ့တိုင်း ကျွေးတယ်။ အဲ့ဒါက သူအကြိုက်ဆုံးအစာပေါ့။

**ခွေးနဲ့တစ်အိပ်ရာထဲ အိပ်ကြတဲ့ ခွေးချစ်သူတွေအတွက်ရော ကျန်းမာရေးရှုထောင့်က ဘယ်လိုအကြံဉာဏ်ပေးချင်လဲ။**

အမှန်တကယ်တော့ ဘယ်လောက်ချစ်ချစ် တစ်အိပ်ရာထဲတော့ အတူမအိပ်သင့်ဘူးပေါ့။ ဒါကကိုယ့်အထင်ပါ။ တချို့ ခွေးအရမ်းချစ်တဲ့ သူတွေကျတော့လည်း အတူဖက်လဲတကင်း နေကြတာတွေရှိတယ်။

**ဒီခွေးလေးနဲ့ ပတ်သက်ပြီး ဘာတွေ သင်ပြမှုတွေ ပြုလုပ်ပေးခဲ့လဲ။**

သူက လူတွေနဲ့ နေတာကြာလို့လား မသိဘူး၊ လူစကား နားလည်သလိုပဲ။ ကားသံကြားရင် ဘယ်လို၊ ခြေသံကြားရင် ဘယ်သူဆိုတာမျိုးလေး ရှိတယ်။ ပြီးတော့ သူ့ကို ရေချိုးတဲ့အခါ ဆိုင်မှာ ချိုးပေးတယ်။ သူရေချိုးဖို့ ရေချိုးပစ္စည်းထုတ် သီးသန့်ထားရတယ်။ အဲဒီအထုတ်ကို ကိုင်လိုက်ပြီဆိုရင် သူရေချိုးရမယ်ဆိုတာ သိနေတယ်။ "ပိုင်ပိုင်ရေ . . . အပြင်သွားမယ်"ဆိုရင် သူကအရင် တံခါးမှာ စောင့်နေတတ်တယ်။ သူက ယဉ်တယ်လေ။ မကိုက်တတ်ဘူး။ တစ်ခါတော့ သူ့ကို တခြားသူစိမ်းတွေက ကားပေါ် တင်ခေါ်သွားတာ လိုက်သွားတယ်။ သူ့ကို သိနေတဲ့ လမ်းထဲက အစ်မတစ်ယောက်က "ပိုင်ပိုင်ပြန်လာခဲ့"လို့ ခေါ်လိုက်တော့မှ ကားပေါ်က ပြန်ဆင်းလာတယ်။

**ခွေးချစ်သူတွေအတွက် အမှတ်တရ စကားလေး ပြောပေး ပါဦး။**

ကျွန်တော့်လို ခွေးချစ်တတ်တဲ့ ရတီ ပရိသတ်ကြီးလည်း International Dog Day မှာ ကိုယ်ချစ်တဲ့ ခွေးလေးတွေနဲ့အတူ ဂုဏ်ယူပျော်ရွှင်နိုင်ပါစေ။

မိုးသောက်ကြယ်

**Celebrities' BREEDING**

MODEL : NAY YAN/ PHOTO : BO BO (KYAUK PHYU)
ARRANGED BY MOE THAUK KYAL



















Fame Media Group

**အိမ်မွေးအလှခွေးလေးတွေအပေါ် ညီမလေးရဲ့ သဘောထား . . .**

သမီးက ခွေးအရမ်းချစ်တယ်လေ။ သမီးတို့ မိသားတစ်စုလုံးကလည်း ချစ်ပါတယ်။ ဟိုတုန်းကလည်း မွေးပါတယ်။

**ညီမလေးမွေးထားတဲ့ ခွေးလေးရဲ့ ကျန်းမာရေးကို ဘယ်လို ဂရုစိုက်ဖြစ်လဲ။**

သမီးရဲ့ခွေးလေးက အရင်လိုမြူးမနေဘဲ၊ အစာသိပ်မစားတာတို့၊ ငြိမ်နေတယ်၊ မဟောင်ဘဲနဲ့ တိတ်နေတယ်ဆိုရင် ဘာဖြစ်လဲ။ လူကြီးတွေက လည်း အရင်ကတည်းက ခွေးမွေးလာတာဆိုတော့ အခြေအနေလေး နည်းနည်းပြောင်းတာနဲ့ သူတို့ နေမကောင်းဘူးဆိုတာ သိပါတယ်။ အဲလိုပဲ အမြဲ ဂရုစိုက်ကြည့်နေပါတယ်။

**ဒီခွေးလေးမွေးထားခြင်းအားဖြင့် အိမ်မှာ ဘာထူးခြားမှုတွေ ရှိလာလဲ။**



# Celebrities' BREEDING

**MODEL :** Yoon Wadi Lwin Moe
**Dress :** Ma Oo (Bogoke Aung San Market)
**Make-up :** December Hnin
**Photo :** Maw Koon Thit

ပြည့်စုံသလို ခံစားရတယ်။ ဘာဖြစ်လို့လဲဆိုရင် သမီးက ခွေး ချစ်တယ်။ ခွေးဆိုတာ လူရဲ့ အကောင်းဆုံးမိတ်တွေ Men Best ဆိုပြီး အင်္ဂလိပ်မှာလည်း ပြောလေ့ပြောထရှိပါတယ်။ အိမ် တစ်အိမ်မှာ ခွေးရှိတော့လည်း

Asian Fame Media Group



အဖော်လည်းရတယ်။ သူစိမ်းတွေ လာလို့ ဟောင်ပေးတဲ့အခါ ကိုယ်လည်း သိရတယ်။

**ညီမလေးရဲ့ ခွေးလေးကို ဘာတွေသင်ပြမှု ပြုလုပ်ပေးသေးလဲ။**

စည့်သည်လာတဲ့အခါ ခဏဘေးဖယ်ဆိုရင် သူက ရှောင်သွားတယ်။ ထိုင်နေဆိုရင် ထိုင်နေတယ်။ အောက်ကို ဝပ်ပြီးအိပ်ဆိုရင်လည်း အိပ် တတ်ပါတယ်။ အပြင်သွားမယ် ဆိုပြီး သူ့ကြိုးကို ကိုင်လိုက်တာနဲ့ သူအပြင်သွားမယ်ဆိုတာ သိပြီး ထလာတယ်။ အပြင်ထွက်တဲ့အချိန်ကျရင်လည်း 'ငြိမ် ငြိမ်နေ' လို့ပြောရင် သူနားထောင်တယ်။

**International Dog Day သတ်မှတ်လိုက်တဲ့ အတွက် ခွေးချစ်သူများကိုယ်စား ညီမလေး ဘာပြောချင်လဲ။**

ခွေးချစ်သူများ အကုန်လုံး ကိုယ်မွေးထားတဲ့ ခွေးကို တိရစ္ဆာန်ပဲလို့ သဘောထားပြီး ဥပေက္ခာထားတတ်ကြတယ်လေ။ အဲဒါလေးတွေ နည်းနည်းလျှော့ပေးပါလို့ ပြောချင်ပါတယ်။

မိုးသောက်ကြယ်

Asian Fame Media Group
af MEDIA GROUP

# Celebrities' BREEDING

MODEL : KAUNG KHANT/PHOTO : KO NAING (POPULAR)/ARRANGED BY EI EI HTWAY



## ကောင်းခန့်

**အခုလက်ရှိမွေးထားတဲ့ ခွေးလေးတွေ အကြောင်းက စပြောရအောင်နော်။**

ဟုတ်ကဲ့၊ အခုဒီနှစ်ကောင်ရယ်၊ အိမ်မှာ မွေးထားတာ တစ်ကောင်ရှိသေးတယ်။ ဒီ နှစ်ကောင်က ချောင်းချောင်းပေါ့။ တရုတ်ပြည်ဘက်ကလာတာ အတိအကျပြောမယ်ဆိုရင်တော့ တိဘက်ကပေါ့။ နောက် ကျွန်တော့်မှာ ပီကင်းနင်း တစ်ကောင်ရှိသေးတယ်။ အသက်ကြီးနေပြီ။ ကျွန်တော် ၉ တန်းလောက်ကတည်းက မွေးထားတာပါ။

**ကောင်းခန့်ခွေးလေးတွေရဲ့ နာမည်ကိုလည်း ပြောပြပေးပါဦး။**

ဒီအဖြူရောင်အထီးလေးက နစ်ကီ၊ အညိုရောင်အမလေးက ဆိုဖီ၊ အိမ်မှာရှိတဲ့ အမလေး နာမည်ကိုတော့ ဇူဇူလို့ ပေးထားပါတယ်။

**သူတို့ရဲ့ အမူအကျင့်တွေကရော. . .**

အမူအကျင့်ကတော့ တစ်ကောင်နဲ့ တစ်ကောင် မတူဘူး။ သူတို့နှစ်ကောင်ဆိုလည်း ဆန့်ကျင်ဘက်ပဲ။ အစ်မလေးက အရမ်းဟောင်တယ်။ ဒါပေမဲ့ လုံးဝမကိုက်ဘူး။ အထီးလေးကတော့ မဟောင်ဘူး။ ကိုက်တတ်တယ်။ နောက် သူ့ရဲ့ထူးခြားချက်က ကန်စွန်းရွက် အရမ်းကြိုက်တယ်။ အသီးအနှံ ပန်းသစ်တော်လိုအသီးမျိုးတွေ အရမ်းကြိုက်တယ်။ ဆိုဖီမလေးကတော့ သူ့အစာပဲ စားတယ်။ ကျန်တာ ဘာမှမစားဘူး။

**သူတို့ကို အစာကျွေးတဲ့ပုံစံကရော . . .**

သူတို့ကို Dog Food ကျွေးတယ်။ ထမင်းနဲ့ အမဲသားကျွေးတယ်။ ကြက်ပေါင်းနဲ့ ထမင်းကျွေးတယ်။ နောက် သူတို့လိုအပ်တဲ့ ဓာတ်စာနဲ့ အားဆေးတိုက်ပါတယ်။

**ကောင်းခန့်ဘယ်အရွယ်လောက်ကတည်းက ခွေးချစ်တတ်ပြီး မွေးခဲ့တာလဲ။**

ပထမဦးဆုံး ကျွန်တော် ခွေးစမွေးတဲ့အရွယ်က ကျွန်တော် ၃ တန်းနှစ်မှာပါ။ တယ်ရီယာလေး နှစ်ကောင်စမွေးတာ၊ နောက်ပိုင်း ကျွန်တော်မနိုင်တော့ လူကြီးတွေက တစ်ကောင်ကို သူများပေး

လိုက်တယ်။ နောက်တစ်ကောင်က အခိုးခံရတာ ပျ။ ကျွန်တော့်အိမ်မှာ ခွေးခဏခဏ အခိုးခံရတယ်။

**ခွေးအပြင် တခြားတိရစ္ဆာန်တွေကိုရော ချစ်တတ်သေးလား။**

အိမ်မွေးခွေးတိရစ္ဆာန်ဆို ကျွန်တော်က အ



ကုန်ချစ်တတ်ပါတယ်။ ဒါပေမဲ့ ပိုးဟပ်တို့တော့ ကြောက်တယ်။ ဒါပေမဲ့ များသောအားဖြင့်တော့ ခွေးကိုပိုချစ်ပြီး ခွေးမွေးဖြစ်တယ်။

**တိရစ္ဆာန်တွေနဲ့ ကောင်းခန့်ကြားမှာရှိတဲ့ Relation ကရော ဘယ်လိုရှိလဲ၊ တိရစ္ဆာန်တွေက သူတို့ကိုချစ်တဲ့ ဂရုစိုက်တဲ့သူဆို သူတို့က သိတယ်လေ။**

ဒီခွေးတွေရှေ့မှာ သေသွားတဲ့ ဂျက်ဆိုတဲ့ ခွေးတစ်ကောင်ရှိတယ်၊ သူကအထီး။ ကျွန်တော်နဲ့ ငယ်ငယ်လေးကတည်းက အတူနေလာခဲ့တာ။ သူဆို ကျွန်တော့်အကြောင်း အကုန်သိတယ်။ ကျွန်တော် ဘယ်အချိန်မှာ ဘာလုပ်တတ်တယ် ဆိုတာကအစ သိတယ်။ သူ့အကြောင်းလည်း ကျွန်တော် အကုန်သိတယ်၊ ကျွန်တော် စိတ်ညစ်တဲ့အချိန်၊ စိတ်ဓာတ်ကျတဲ့အချိန်ဆို ကျွန်တော့်ဘေးနားမှာနေတယ်၊ ကျွန်တော်ပြောသမျှကို နားထောင်တယ်။ နားလည်တာ၊ မလည်တာတော့ မသိဘူးပေါ့နော် (ရယ်လျက်)။ ဂျက်ဆို ကျွန်တော် အလုပ်စလုပ်ခါစက ကျွန်တော့်နောက်လိုက်တယ်။ သူ့ကို ဘာနဲ့ကျွေးကျွေး ရအောင်စားတယ်။ သူက ကျွန်တော့်နားမှာ နေရရင်ပြီးရော။

**မွေးခဲ့သမျှ ခွေးတွေထဲမှာရော မှတ်မှတ်ရရ သံယောဇဉ်ဖြစ်ခဲ့တာမျိုးရှိလား။**

စောစောကပြောတဲ့ ဂျက်ဆိုတဲ့ခွေးပေါ့နော်။ သူဆုံးသွားတာ ၉ နှစ်လောက်ရှိပြီ၊ နာဂစ်အပြီးမှာ နာဂစ်ကြောင့်ပဲ ဆုံးသွားတာ။

**သူတို့ကျန်းမာရေးအတွက် ပုံမှန်ဂရုစိုက်မှုကရော . . .**

သူတို့ကျန်းမာရေးအတွက်ကတော့ ဒေါက်တာအေးမင်းနဲ့ ဒေါက်တာမြဦးဆီမှာ ပုံမှန်ပြပါတယ်။ ကာကွယ်ဆေးလည်း အချိန်မှန်ထိုးပေးပါတယ်။

**တိရစ္ဆာန်တွေကြောင့် လူတွေရဲ့ကျန်းမာရေး မထိခိုက်ရအောင် ဘယ်လိုနေထိုင်လဲ။**

သူတို့ရဲ့အမွေးတွေ မလွင့်အောင်တော့ အမြဲ ဂရုစိုက်တယ်။ အစားအသောက်တွေထဲ မဝင်အောင်ပေါ့နော်။ ကျန်တာကတော့ သူတို့နဲ့ အရမ်းကြီး ရောရောထွေးထွေး မနေဘူး။ သီးသန့်လေးထားတယ်။

**သူတို့ရဲ့ဝေယျာဝစ္စတွေကိုရော ကောင်းခန့်ကိုယ်တိုင်လုပ်ပေးလား။**

သူတို့ကိစ္စက ကျွန်တော်ပဲ အကုန်လုပ်ပေးရတာများတယ်။ သူတို့ရေချိုး၊ ဆေးတိုက် အကုန် ကျွန်တော်ပဲ လုပ်ပေးတယ်။ အစာကျွေးတာကတော့ ကျွန်တော်မရှိရင် အိမ်ကလူတွေက ကျွေးပေးတယ်။

**တိရစ္ဆာန်လေးတွေက သူတို့နေမကောင်းဘူးဆို သူတို့ရဲ့သခင်ကို အရိပ်အယောင်ပြကြတယ်နော်။**

ဟုတ်တယ်။ ကျွန်တော်ဆို သူတို့တစ်ခုခုဖြစ်ပြီဆို တန်းသိတယ်။ နေမကောင်းရင် ကိုယ့်ဆီလာပြီ။ အဲဒီအချိန်ဆို ကိုယ်တွေကိုပဲ လက်ခံတယ်။ တခြားသူဆို ရန်မူချင်တယ်။

**ဩဂုတ်လမှာ International Dog Day ဆိုပြီး ရှိတဲ့အပေါ်မှာ ခွေးချစ်တတ်သူတစ်ယောက် အနေနဲ့အမှတ်တရစကားလေး ပြောပေးပါဦး။**

ဂျပန်မှာဆို ဧပြီလ ၄ ရက်နေ့လားတော့ မသိဘူး။ ရက်တော့ အတိအကျမမှတ်မိတော့ဘူး။ အဲဒီနေ့မှာ ဟချီရဲ့ (Hachi) အောက်မေ့ဖွယ် အမှတ်တရ နေ့လေးကျင်းပတယ်။ မြန်မာနိုင်ငံမှာလည်း အခုလို မှတ်မှတ်ရရလေး ပြုလုပ်တဲ့အတွက် ဝမ်းသာပါတယ်။ နိုင်ငံခြားမှာဆိုရင် တိရစ္ဆာန်ကို အိမ်မှာမွေးတယ်။ မွေးပြီး တိရစ္ဆာန်ကို တိရစ္ဆာန်လို မပြုမူဘူးဆိုရင် အဖမ်းခံရတယ်။ ရုံးတင်ပြီး ဒဏ်ငွေဆောင်ရတယ်။ ပြီးရင် အဲဒီ တိရစ္ဆာန်ကို အစိုးရကသိမ်းပြီး မွေးစားခံတိရစ္ဆာန် အနေနဲ့ မွေးစားမယ့်သူဆီ ပို့ပေးတယ်။ ဒီမှာ အဲဒါမျိုး မရှိဘူး။ ပြီးတော့ လမ်းဘေးခွေးလေးတွေနဲ့ပတ်သက် ပြီးတော့လည်း တစ်ခုခု လုပ်ပေးချင်တယ်။ သူတို့မှာ သခင်မရှိတဲ့အတွက် အားကိုးရာမရှိဘူး။ အဆိပ်ပစ်ရင်လည်း သူတို့ သေသွားပြန်ပြီ၊ ရေကြီးရင်လည်း ပါသွားပြန်ပြီ။ အဲဒါမျိုးပေါ့နော်။ သူတို့အတွက်လည်း တစ်ခုခုလုပ်ပေးချင်မိပါတယ်။

ဒီဒီထွေး







သဇင့်ခွေးလေးတွေရဲ့ အိပ်ရာလေးပါ။



# Celebrities' BREEDING

## Thazin

arranged by thida soe



Shira နဲ့ Yu Mi တို့ရဲ့ တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက်
Bearing Powder, Boaring Shampoo, OTC Spray တွေသုံးပါတယ်။
၂ ရက် ၁ ခါ ရေနွေးနဲ့ ရေချိုးပေးတယ်။



သဇင်တို့ Shira နဲ့ Yu Mi တို့နဲ့အတူ
တစ်ခါတလေမှာ ခရီးလည်း ထွက်ဖြစ်ပါတယ်။



သဇင်အိမ်မှာရှိတဲ့အချိန်တွေဆိုရင် ခွေးလေးတွေနဲ့ ဆော့ပါတယ်။

MEDIA GROUP



ခွေးလေးတွေနဲ့အတူ
ခြံထဲဆင်းပြီးတော့
လေကောင်းလေသန့်ရှူရင်း
လမ်းအတူတူ လျှောက်တယ်။



Shira နဲ့ Yu Mi တို့ရဲ့
ထူးခြားတဲ့အမူအကျင့်
ကတော့ဉာဏ်ကောင်းတယ်။
အပေါ့အလေး
သွားချင်ရင်တောင်
Toilet ထဲပဲသွားတယ်။
အိမ်ထဲမှာ မသွားကြဘူး။
ခြံထဲမှာဆိုရင်လည်း
ခြံထဲမှာသွားကြတယ်။



သခင်အပြင်သွားရင်တော့
Shira နဲ့ Yu Mi တို့ကို
အခုလို ခေါ်သွားတတ်ပါသေးတယ်။

Photo - Ko Naing (Popular)



အကြီးဖြစ်တဲ့ Shira က
အေးအေးဆေးဆေးနေပေမယ့်
အငယ်ဖြစ်တဲ့ Yu Mi က
အရမ်းဆော့တယ်။
ဘောလုံးနဲ့ဆော့ရတာကို
အရမ်းကြိုက်တယ်လေ။





သခင့်ခွေးလေးတွေက ခွေးတွေစားတဲ့
အစာခြောက်တွေ မစားဘူး။
ကြက်ကြော်နဲ့ အသည်းအမြစ်ပဲ စားတယ်။

Asian Fan Media Group



## မင်းထက်

**အိမ်ကခွေးလေးတွေကို မောင်လေးအနေနဲ့ ဘယ်လိုသဘောထားလဲ၊ ဘာကြောင့်မွေးဖြစ်သွားတာလဲ။**

မွေးဖြစ်တာကတော့ ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်က လက်ဆောင်ပေးတာဗျ၊ လွန်ခဲ့တဲ့ ၉ နှစ် ၁၀ နှစ်လောက်ကပေါ့။ အခုဆို

# Celebrities' BREEDING

**MODEL : MIN HTET/ PHOTO : BO BO (KYAUK PHYU)**
**LOCATION : MYA KYUN THAR**
**ARRANGED BY MOE THAUK KYAL**



ခွေးလေးအသက်က ၉ နှစ် ၁၀ နှစ်သားလောက်ရှိပြီ။ ဒီခွေးလေးအပေါ်မှာ ပထမဦးဆုံးတော့ အိမ်မွေးအလှခွေးလေးသဘောပါပဲ။ နောက်တဖြည်းဖြည်းကြာလာတော့ သူဟာမရှိမဖြစ် မိသားစုဝင်တစ်ယောက်လို ဖြစ်လာတယ်။

**ခွေးလေးကိုရော နာမည်ဘယ်လိုပေးထားလဲ၊ အထီးလေးလား၊ အမ လေးလား။**

ဒီခွေးလေးက အမ လေးဗျ။ သူ့ကို စပြီးနာမည်ပေးမယ်လို့စဉ်းစားတုန်းက သူ့မျက်နှာလေးက သေးသေးလေး၊ ဦးခေါင်းက အမွှေးလေးတွေက စတောက်လိုမျိုးဖြစ်နေတယ်။ အဲ့ဒါနဲ့ သူ့ကို ဂျပန်မနဲ့တူတယ်ဆိုပြီး 'ဂျပန်မ' လို့ ခေါ်ရင်းကနေ၊ အဖျားဆွတ်ပြီး 'ပန်ပန်' လို့ခေါ်ဖြစ်သွားတာပါ။

**ခွေးနဲ့လူနဲ့ ကျန်းမာရေးကိုရော ဘယ်လိုဂရုစိုက်ပေးလဲ။**

မွေးခါစကနေပြီးတော့ တစ်နှစ်၊ နှစ်နှစ်လောက်တော့ ဆရာဝန်နဲ့ လစဉ်မှန်မှန်လေး ပြရတာမျိုး၊ မေးခိုင်ကာကွယ်ဆေးထိုးတာမျိုး ရှိတယ်။ နောက်အနေကြာလာတော့ ဒီပတ်ဝန်းကျင်နဲ့







သဟဇာတတည့်လာလို့ နောက်ပိုင်းတော့ ဆေးခန်းကို လစဉ်ပြစရာမလိုတော့ဘူးဗျ။ တစ်နှစ်တစ်ခါလောက်မှ ဆရာဝန်နဲ့ပြပြီး လိုအပ်တဲ့ Health Care ပြုလုပ်ပေးပါတယ်။

**ဒီခွေးလေးမွေးခြင်းအားဖြင့် အိမ်မှာ ဘာတွေ ထူးခြားလာလဲ၊ အိမ်ကို ဘယ်လိုအကျိုးပြုလဲ၊**

ကျွန်တော်မွေးတဲ့ခွေးလေးက သေးသေးလေးဗျ။ 'ရှီဇူး' အမျိုးစားလေးဆိုတော့ အိမ်ကို အကျိုးပြုလောက်တဲ့ အရွယ်အစားမရှိဘူးဗျ။ ထူးခြားမှုကတော့ သူမရှိတုန်းကထက်စာရင် သူရှိလာတာက အိမ်က ဆည်းလည်းသံလေးလို ဖြစ်လာတယ်။ ကျွန်တော်နဲ့ပတ်သက်ပြီး ထူးခြားစွာပြုမူတာက ကျွန်တော်ရှူတင်ကနေပြန်လာရင် သူက အခြားသတ္တဝါတွေထက် ကျွန်တော့်ကို အူယားဖားယားလာကြိုပြီး ပျော်တတ်တယ်။ ကျွန်တော့်ပေါ်ခုန်တက်ပြီး အမြီးလေးတရမ်းရမ်းနဲ့ မျက်နှာတွေကို လျှောက်လျက်တယ်၊ ကျွန်တော်ရှူတင်ကပြန်လာလို့ သူ့ကိုမတွေ့တဲ့အခါ သူများဖျားနေလား၊ ပျောက်သွားပြီလားဆိုပြီး စိုးရိမ်စိတ်တွေ ပေါ်လာတယ်။

**အခြားသတ္တဝါဆိုတာက . . .**

ကြော် . . . ကျွန်တော်က ဒီ 'ပန်ပန်' လေး အပြင်၊ အမွေးပွ ကြောင်နှစ်ကောင်၊ ဘဲ စတာတွေ ဆို မွေးထားသေးတာကိုပြောတာပါ။

**International Dog Day သတ်မှတ်လိုက်တဲ့အတွက် ခွေးချစ်တတ်သူတွေအနေနဲ့ ရင်ခုန်ခံစားချက်လေးရှိရင် ပြောပြပေးပါ။**

အဲ့ဒါတော့ မရှိဘူးဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော်ကလည်း ခွေးကိုအရမ်းချစ်လို့ မွေးတာမျိုးမဟုတ်ဘူး။ ကျွန်တော် တကယ်မွေးချင်တာက အယ်လ်ဇေးရှင်းလိုခွေးမျိုးဗျ၊ မေမေက ပေးမမွေးဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က ပျင်းတွေတဲ့။ အယ်လ်ဇေးရှင်းမွေးရင် နေ့တိုင်း ပုံမှန်လမ်းလျှောက်ပေးရတာမျိုး၊ ရေချိုးပေးရတာမျိုး၊ အစားအသောက် ဂရုစိုက်တာတွေရှိတယ်။ ဂရုမစိုက်နိုင်ရင် မကောင်းဘူးတဲ့။ အဲ့ဒါနဲ့ ဒီလက်ဆောင်ရတဲ့ ခွေးလေးကိုပဲမွေးဖြစ်သွားရင်း ချစ်သွားတာ။ သူ့ကိုကျတော့ ခွေးတစ်ကောင်လို့ မမြင်တော့ဘူး။ မိသားစုဝင်လိုမျိုး ဖြစ်နေတော့ ကလေးတစ်ယောက်လိုထင်ပြီး Int'l Dog Day ကိုမေ့သွားတယ်။ ဒါပေမဲ့ သေချာတာတစ်ခုက အဲဒီနေ့ဟာ သူ့နေ့ဖြစ်တဲ့အတွက် သူ့ကိုထူးခြားမှုတစ်ခုနဲ့ ဂုဏ်ပြုပွဲလေးလုပ်ပေးလိုက်ဦးမယ်။

**အိမ်မွေးခွေးလေးဆိုတော့ အစားအသောက် စီစဉ်တဲ့အခါ ဘယ်လိုစီစဉ်ပေးရလဲ။**

သူတို့လိုခွေးမျိုးလေးတွေက အစာသီးသန့်ရှိတယ်ဗျ။ သူစားဖို့အတွက် သန့်သန့်ရှင်းရှင်းလုပ်ပေးထားရတယ်။ ဂရုလည်းစိုက်ရတယ်။ တစ်ခါတလေကျရင် ဈေးကနေ ကြက်ရဲ့အရိုးအသားလေးဝယ်လာပြီး ခွေးဟင်းသီးသန့်ချက်ပြီး မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ကျွေးရတယ်။

**ခွေးနဲ့တစ်အိပ်ရာထဲ အိပ်ကြတဲ့ ခွေးချစ်သူတွေအတွက် ကျန်းမာရေးရှုထောင့်ကနေ ဘယ်လိုအကြံညာဏ်ပေးချင်လဲ။**

ခွေးနဲ့က ဖက်အိပ်ရဲရင် နေလို့တော့ ရပါတယ်။ ကျွန်တော်လည်း ဒီလိုပဲနေတာပဲ။ ဒါပေမဲ့ ညတော့ အိပ်ရာထဲခေါ်မသိပ်ဘူး၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင်တော့ မကောင်းဘူးပေါ့ဗျာ။ ကိုယ်ကချစ်နေမှတော့လည်း ကိုယ်ဟာကိုယ်သဘောကျ နေရတာပေါ့ရေ။

**ဒီခွေးလေးနဲ့ပတ်သက်ပြီး ဘာတွေသင်ပြမှုပြုလုပ်ပေးခဲ့သေးလဲ။**

အမိကကတော့ အညစ်အကြေးစွန့်တာပေါ့။ နောက်ပြီး ကျွန်တော်ဆိုလည်း အားရင် အပြင်မနေတတ်တော့ တုတ်လေးကိုမြှောက်ပြီး ဖမ်းခိုင်းတာမျိုး၊ တုတ်လေးကို အဝေးကိုပစ်ပြီး ကောက်ခိုင်းတာမျိုး၊ ဒါမျိုးလေးတွေတော့ သင်ပေးထားတယ်။ ကျွန်တော်ကသင်ပေးရင်း သူမောနေတာကိုကြည့်ပြီး သနားတယ်ဗျ။ အဲ့ဒါကြောင့် သိပ်တွေတွေထူးထူး မသင်ဖြစ်ဘူး။ သူ့ဟာသူ အဆင်ပြေသလိုနေပါစေဆိုပြီး လွှတ်ထားပေးဖြစ်တယ်။ နောက်တစ်ခုက ကျွန်တော်အပြင်ထွက်တဲ့အခါ သူ့ကိုပါလမ်းလျှောက်ခေါ်ရင် ကြိုးမလိုဘူး။ ကျွန်တော်နဲ့အတူ တစ်ပါတည်းလိုက်တယ်။ ကျွန်တော်က သူ့ကို အပြင်မထွက်စေချင်လို့ 'ပန်ပန် အခုပြန်ဝင်' လို့ ပြောရင် ချက်ချင်းပြန်ဝင်သွားတယ်။ သူ့ကိုခေါ်တဲ့အခါ တောက်ခေါက်ပြီး၊ စုတ်သပ်ပြီးခေါ်စရာမလိုဘူး။ 'ပန်ပန်ရေ သမီးလေးလာ' ဆိုရင် သူနားလည်တယ်။

**မောင်လေးလိုပဲ ခွေးချစ်သူတွေအတွက် အမှတ်တရစကားလေးပြောပါ။**

ခွေးမှမဟုတ်ဘူး။ ခွေးရော၊ ကြောင်ရော၊ ဘဲရော၊ အခြားသတ္တဝါလေးတွေရော၊ ဘယ်ဟာမွေးမွေး ကိုယ်ချစ်နေရင်ပြီးတာပါပဲ။ ကိုယ့်အတွက်လည်းအဖော်ရတယ်လေ။ ခွေးတစ်ကောင်ကို ခွေးတစ်ကောင်လို့ မမြင်ဘဲ၊ ကိုယ့်ရဲ့ ရဲဘော်ရဲဘက်အနေနဲ့ မြင်တတ်လာရင်တော့ အကောင်းဆုံးပေါ့ဗျာ၊ ခွေးတစ်ကောင်ကို တိရစ္ဆာန်တစ်ကောင်လို့မြင်နေရင် တိရစ္ဆာန်လိုပြုမူဆက်ဆံမှာပဲ။ သူ့ကို ကိုယ်နဲ့အတူတူစိတ်ထဲမှာထားနိုင်ရင်တော့ ကိုယ်အေးနေတဲ့အချိန် သူရောအေးနေမလား။ အဲ့ဒီလိုမျိုးတွေ စဉ်းစားပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့ဗျာ။

မိုးသောက်ကြယ်

# Celebrities' BREEDING

## Mi Sandi

arranged by thida soe






Ke Kee နဲ့ Lon Lone တို့ရဲ့ Accessories တွေကိုတော့ Ocean East Point မှာ ဝယ်တယ်။ Pluto မှာလည်း ဝယ်ဖြစ်တယ်။ Shopping ထွက်ရင်းနဲ့ ကြုံရင်လည်း ဝယ်ဖြစ်ပါတယ်။



ခွေးလေးတွေရဲ့တစ်ကိုယ်ရည်သန့်ရှင်းရေးအတွက် သုံးတဲ့ပစ္စည်းတွေကတော့ Shampoo Nature Best ၊ လက်သည်းညှပ်၊ ဘီး၊ Bearing Formula 5 Shampoo နဲ့ Hairry Nutri-TAB အမွှေးလှဆေးတို့ကို သုံးပါတယ်။

မိစန္ဒီအပြင်သွားမယ်ဆိုရင်တော့ Ke Kee နဲ့ Lon Lone ကို ကြိုးနဲ့ အခုလိုမျိုး ခေါ်သွားတတ်တယ်။





ပင်ပန်းပြီး အနားယူချင်ရင်တော့
ခွေးလေးတွေနဲ့အတူ သာယာတဲ့
နေရာလေးမှာထိုင်ပြီး အနားယူတတ်တယ်။

တစ်ခါတလေမှာလည်း
ခွေးလေးတွေနဲ့ ဆော့ဖြစ်ပါတယ်။



Ke Kee က ထမင်းစားတဲ့
အချိန်မှာ အစာတောင်းတဲ့ပုံစံက
အရမ်းချစ်ဖို့ကောင်းပြီးတော့
Lon Lone ကတော့
နံဘေးကနေ သနားကမားရုပ်နဲ့
လှမ်းလှမ်းကြည့်တတ်တယ်။



Ke Kee နဲ့ Lon Lone က
ပန်းသီးစားတယ်။ ခွေးတွေစားတဲ့
အစာခြောက်တွေ မစားဘူး။
ထမင်း ကြက်ကြော်စားတယ်။ ရေခဲမုန့်နဲ့
ဒူးရင်းသီးလည်း အရမ်းကြိုက်ကြတယ်။



ခွေးလေးတွေကို
အတင်းအကျပ်
လုပ်နိုင်းလို့ရတာတွေ
ရှိတယ်။ Ke Kee က
ကလေးမချစ်တတ်တော့
ကလေးတွေအော်ရင်
ကြောက်ဘဲ အရမ်း
ယောင်တော့တာပဲ။

Asian Media Group

# Celebrities' BREEDING

**Model -** Ko Naing(Popular), **Photo -** Ko Phyoe (Escape)
**Arranged by** Ei Ei Htwe





**အခုလက်ရှိ မွေးထားတဲ့ ခွေးလေးတွေ အကြောင်း ပြောပြပေးပါဦး။**

အခုလက်ရှိ မွေးထားတဲ့ခွေးက ၁၀ ကောင် ရှိပါတယ်။ အင်းခွေး၊ Beagle ၊ Cocker Spaniel ၊ Thai dog ၊ Bulldog ၊ Terrior ၊ Rottweiler အမျိုးအစားတွေပါ။

**ကိုနိုင် ဘယ်အရွယ်ကတည်းက ခွေးချစ်တတ် ပြီး မွေးခဲ့တာလဲ။**

ကျွန်တော့်အသက် ၇ နှစ် လောက်ကတည်းက ခွေးတွေ မွေးခဲ့တာပါ။ အဲဒီတုန်းကတော့ ၁ ကောင်၊ ၂ ကောင် အလွန်ဆုံးပါပဲ။ ကျွန်တော် ငယ်စဉ်အချိန်ကတည်း က ခွေးတွေက ကျွန်တော့် ရဲ့အဖော်ကောင်းတွေ ဖြစ်ခဲ့ပါတယ်။

**ခွေးအပြင် တခြားတိရစ္ဆာန်တွေ ကိုရော ချစ်တတ်သေးလား။**

တခြားတိရစ္ဆာန် တော်တော်များများကို လည်း ချစ်ပြီး မွေးဖူးပါတယ်။ ဒါပေမဲ့ ခွေးတွေ လောက်တော့ အဖော်ကောင်း မဖြစ်ခဲ့ပါဘူး။

**သူတို့တွေရဲ့ အမူအကျင့်နဲ့ အစာကျွေးတဲ့ ပုံစံကရော။**

သူတို့ရဲ့အစားအသောက် အနေအထိုင်က တော့ ပုံမှန်မျိုးခြင်း တူညီကြပေမယ့် မြန်မာခွေးနဲ့ နိုင်ငံခြားခွေးတွေကတော့ အစားအသောက် အနေအထိုင်ကွာခြားမှု ရှိပါတယ်။ သူတို့ကိုမွေးတဲ့ အချိန်မှာ ထမင်းကြိုက်သလား၊ အသားကြိုက် သလား ဒါမှမဟုတ် အစာခြောက် ကြိုက်သလား ဆိုတာကို လေ့လာပြီး ကျွေးရပါတယ်။

**တိရစ္ဆာန်တွေကြောင့် ကိုယ့်ရဲ့ ကျန်းမာရေး မထိခိုက်အောင် ဘယ်လိုနေထိုင်လဲ။**

ခွေးမွေးတဲ့အခါ ကိုယ့်ကျန်းမာရေးအတွက် ဆင်ခြင်ရတာလေးတွေ ရှိပါတယ်။ သူတို့ရဲ့ အနံ့အသက်၊ အမွေးနဲ့ သွားရည်တွေက လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေတဲ့အတွက် ဒါတွေကို ကိုယ့်ရဲ့ပါးစပ်၊ နှာခေါင်းထဲမဝင်အောင် တတ်နိုင်







သလောက် ဆင်ခြင်ရပါတယ်။

**တိရစ္ဆာန်တွေနဲ့ ကိုနိုင်နဲ့ကြားမှာရှိတဲ့ Relation ကရော ဘယ်လိုရှိလဲ။ တိရစ္ဆာန်တွေက သူတို့ကိုချစ်တဲ့ ဂရုစိုက်တဲ့သူဆို သိတယ်လေ။**

ခွေးတွေကတော့ သခင်ကို သိကြတာ များတယ်။ ပထမဆုံး သူတို့နဲ့တွေ့တဲ့သူကို သခင်အဖြစ် မှတ်ယူတတ်ကြပါတယ်။ ကိုယ်ကလည်း ခရီးထွက်ရင်ပဲဖြစ်ဖြစ် ဝေးဝေးလံလံသွားနေတဲ့ အချိန်တွေမှာ စိတ်ပူတာ၊ သတိရတာတွေ ဖြစ်တတ်သလို၊ သူတို့ကလည်း သခင်ကို တမ်းတတတ်ကြပါတယ်။ သခင်မရှိရင် အစာမစားတာတို့၊ စိတ်ဆိုးတာတို့ သူတို့မှာ ဖြစ်တတ်ကြပါတယ်။

**မွေးသမျှခွေးတွေထဲမှာ မှတ်မှတ်ရရ သံယောဇဉ်ဖြစ်ခဲ့တာမျိုး ရှိလား။**

မွေးခဲ့သမျှ ခွေးတွေထဲမှာ အမှတ်အရဆုံးကတော့ ညိုမောင်ဆိုတဲ့ ခွေးပါ။ ကျွန်တော်တို့ ကလောမြို့မှာနေတုန်းက သူက ကျွန်တော်တို့အိမ်ကနေ သူ့ရဲ့ခွေးမနဲ့သားတစ်ကောင်ရှိတဲ့ တခြားတစ်အိမ်မှာ သွားနေပါတယ်။ ၃ နှစ်လောက်ကြာတယ်။ ဒါပေမဲ့ ကျွန်တော့်တို့ ကလောကနေပြောင်းဖို့ ကားထွက်တော့မယ့်အချိန်မှာ သူ့ရဲ့ခွေးမနဲ့ သားကိုထားပြီး ကျွန်တော် တို့ရဲ့ ပြန်လိုက်လာပါတယ်။ ဒါကတော့ အမှတ် တရပါပဲ။


**ဇူလိုင်လမှာ International Dog Day ဆိုပြီးရှိတဲ့အပေါ် ခွေးချစ်တတ်သူ တစ်ယောက် အနေနဲ့ အမှတ်တရစကားလေး ပြောပေးပါဦး။**

Dog Day အတွက် အမှတ်တရစကားကတော့ ခွေးတွေကို ကြင်နာပါ၊ သနားပါ၊ စောင့်ရှောက်ပါ။ ကိုယ့်အတွက် အကျိုးမယုတ်သလို ကုသိုလ်လည်းရပါတယ်လို့ ပြောချင်ပါတယ်။

အိအိထွေး

# Celebrities' BREEDING

MODEL : GONE YI AYE KYAW/ MAKE UP : NYI NYI MAUNG(SANCHAUNG)/ PHOTO : KO NAING (POPULAR)/ARRANGED BY PHYOE SU



Asian Fame Group
MEDIA GROUP

**အခုလို ခွေးလေးတွေကို အစာကျွေးတာကို ဘယ်အချိန်ကတည်းက လုပ်ဖြစ်ခဲ့တာပါလဲ။**

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ စပြီးကျွေးဖြစ်ခဲ့တာ။ ညနေတိုင်း ကျွေးတယ်။ လမ်းထဲက ခွေးတွေအားလုံးကို ကျွေးတာ။ ပိုင်ရှင်မဲ့ခွေးတွေပေါ့။ ဟင်းကိုတော့ အမဲသားဟင်း၊ ကြက်သားဟင်း၊ အလှည့်နဲ့ချက်ပြီး ကျွေးတယ်။

**ဘယ်လိုအကြောင်းကြောင့် အခုလို ကျွေးဖြစ်တာပါလဲ။**

ဂုဏ်ရည်တို့အိမ်ကို ဝင်ရတဲ့လမ်းက ကျဉ်းတယ်။ အဲဒီတော့ ဂုဏ်ရည်တို့က လမ်းထိပ်က ဘုန်းကြီးကျောင်းဝင်းထဲမှာ ကားတွေကို သွားထားရတယ်။ ပထမတုန်းကတော့ ကိုယ့်ခြံရှေ့မှာ လာလာနေတဲ့ ခွေး ၂ ကောင်၊ ၃ ကောင်ကိုတော့ ကျွေးတယ်။ ကျောင်းထဲမှာ ကားသွားထားရင်း ကျောင်းထဲက ခွေးတွေရော၊ နောက်ပြီး အဲဒီနားဝန်းကျင်က ခွေးတွေရောက တအားပိန်တာတွေ့တော့ ဆန်ပိုချက်၊ ဟင်းပိုချက်ပြီး လမ်းထဲက ခွေးတွေအားလုံးကို ညနေတိုင်း ကျွေးဖြစ်တယ်။

**ဒီလိုပိုင်ရှင်မဲ့ခွေးတွေအပေါ်မှာ မေတ္တာထားတယ်ဆိုတာ ချီးကျူးစရာပါပဲ။ ဂုဏ်ရည်တို့အိမ်မှာရော ခွေးမွေးထားသေးလား။**

မွေးထားတာပေါ့။ ဂုဏ်ရည်တို့ တစ်မိသားစုလုံး ခွေးချစ်ကြတယ်။ ဂုဏ်ရည်လည်း ခွေး ချစ်တယ်။











ပိုင်ရှင်မဲ့ခွေးတွေဆိုတာလည်း သက်ရှိ သတ္တဝါတွေပါပဲ၊ သူတို့လည်း မေတ္တာ တရားတို့ ဂရုစိုက်ခံချင်တာတို့ ရှိကြတာပါပဲ။ ဂုဏ်ရည်ကတော့ ခွေးလေးတွေအားလုံးအပေါ် မေတ္တာထားတယ်။ ဒီလိုဟာလေးတွေက ပြန်ပြီး အကျိုးပေးပါတယ်။ ဂုဏ်ရည်ကိုဆိုရင် Miss Myanmar ဆုရတော့ လမ်းထဲကရော၊ ရပ်ကွက်ထဲကရောက "ဟယ်. . ခွေးတွေ အစာကျွေးကျွေးနေတဲ့ ကောင်မလေး" ဆိုပြီး ပိုပြီးချစ်ပေးကြ၊ အားပေးကြတယ်၊

**ဖြိုးစုဝိုဝို**



# Let's Have Snack

**Model** - May Toe Khine, May Myat Noe Khin, Poe Poe **Make up** - Ya' Ya' (Khin San Win) **Fashion** - Queen Collection **Photo** - Aung Kyaw Moe (New Image) **Location** - LOTTERIA Store








riders stars and stripes
SHOW ME THE




100% PASSION DELIVERED
PERFECT FOR SHARING







# Mod MOM

**Model**
Khin Sabai Oo
Ayeyarwaddy Lu Min
Avarad Lu Min
**Photo**
Aung Kyaw Moe (New Image)
**Arranged by**
Phyoe Su Po Po





Asian Family Media Group



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

ဇူလိုင်လမှာ ကျရောက်မယ့် "မြန်မာအမျိုးသမီးများနေ့" ကို ဂုဏ်ပြုသောအားဖြင့် တစ်ခေတ်တစ်ခါက မြန်မာအမျိုးသမီးများ ကြိုက်နှစ်သက်စွာ ဝတ်စားဆင်ယင်ခဲ့သော မြန်မာဝတ်စုံလေးများကို ရတီပရိသတ်များအတွက် ပုံဖော်ပေးသူကတော့ သရုပ်ဆောင် **မေကဗျာ**ပါ။ ဒေါင်းဘယက်ဆိုတာကလည်း တစ်ချိန်တုန်းက ပျိုမေတွေအသည်းစွဲ ဖြစ်ခဲ့ရတဲ့ ရတနာတစ်ခုပါ။ တစ်ချိန်တုန်းက ပျိုမေတွေကြားမှာ အသည်းစွဲဖြစ်ခဲ့ရတဲ့ ဒေါင်းဘယက်နဲ့အတူ မြန်မာဝတ်စုံလေးများကို ခေတ်သစ်ပျိုမေတွေ လေ့လာနိုင်ဖို့ တင်ဆက် ပေးလိုက်ပါတယ်။ မြန်မာဝတ်စုံလေးတွေကို ခေတ်အဆက်ဆက် **ထိန်းသိမ်း**ပြီး ဝတ်ဆင်လာခဲ့ကြတာ ယနေ့ခေတ်မှာတော့ **ဆန်းသစ်**တဲ့ ဒီဇိုင်းလေးတွေ ထွင်ပြီး ဝတ်ဆင်လာကြတဲ့အတွက် မြန်မာဝတ်စုံလေးတွေဟာ မြန်မာမလေးတွေရဲ့ **အလှစစ်**ပဲ မဟုတ်ပါလားရှင်။

သီတာစိုး

မော်ဒယ်- မေကဗျာ၊
မိတ်ကပ်-ငယ်ငယ် (အောင်အောင်-တောင်ကြီး)
ဒီဇိုင်နာ- ယဉ်သူဆွေ (Fashion Villa)၊
လက်ဝတ်ရတနာ - ရွှေနန်းမြင့်
ဓာတ်ပုံ - အေးဇော်မျိုး (မြို့မိုးသိမ်)

Asian Fame Media Group
MEDIA GROUP



Asian Fame Media Group
MEDIA GROUP






Asian Fame Media



Asian Faces Media Group



Asian Fame Media Group

သတ္တဝါအစုံစုံမှီတင်းနေထိုင်တဲ့ ကမ္ဘာကြီးက ပူလိုက်၊ အေးလိုက်၊ လက်ရှိနေထိုင်တဲ့ မြန်မာပြည်ကလည်း ပူလိုက်၊ အေးလိုက်။ ကျွန်မတို့ရင်အတွင်းသားထဲမှာလည်း ပူလိုက်၊ အေးလိုက်။ မိုးဘယ်လောက်ရွာရွာ တစ်စတစ်စနှင့် နေရာအနှံ့ အပူတွေ ပိုများလာသလိုလို ကျွန်မတို့ခံစားနေကြရသည်။ သဘာဝကပ်ဘေးဆိုးနဲ့ ဥတုကြောင့် ဖြစ်တဲ့အပူလား၊ စစ်ကြောင့်ဖြစ်တဲ့အပူလား၊ အချစ်ကြောင့်ဖြစ်တဲ့ အပူလား။ မငြိမ်မသက် ဟိုက သည်က ထထပွက်တဲ့ ပဋိပက္ခတွေကြောင့်ဖြစ်ရတဲ့ အပူလား။ အခြားအကြောင်းကြောင်းတွေကြောင့်လား။ ကျွန်မတို့အားလုံး ပူတော့ ပူနေကြရသည်။ ပူသည်ဖြစ်စေ အေးသည်ဖြစ်စေ ဘယ်လိုခြေအနေမျိုးမှာဖြစ်ဖြစ် ဂီတတစ်ပုဒ်တော့ ရွေးချယ်နားထောင်ဖို့လိုသည်။ ဂီတအနုပညာက အရာရာကို ကျော်လွှားဖြတ်သန်းဖို့ ခွန်အားအစုံစုံပေးမည်ကို ကျွန်မယုံကြည်လက်ခံထားတဲ့အတိုင်း ရှင်တို့အားလုံးကိုလည်း ဝေမျှပြောပြချင်ပါသည်။ ဒါဖြင့်.. ဘယ်လိုဂီတမျိုးကို နားထောင်ကြမလဲ။ Music Plus မှာအဖြေရှိပါသည်။

**Music Plus**

# အေးအေးပူပူ စိမ်းလန်းတဲ့နွေထဲမှာ ရှိနေမယ့်လူ

# အောင်ဖြိုး ZigZag



Asian Fame Media Group

၂၀၀၅ နှစ်ကုန်ပိုင်းလောက်ကတည်းက solo music album တစ်ချပ်ထွက်ရှိခဲ့ဖူးသည်။ ' ဘာဖြစ်ချင်မှန်းမသိဘူး' ဆိုတဲ့ title လို သူ ဘာတွေဖြစ်ချင်မှန်း မသိခဲ့။ လုပ်သင့်တာ မလုပ်သင့်တာတွေလည်း မသိခဲ့။ Punk, Alter, Genres သီချင်းတွေကို ရှာရှာဖွေဖွေ လိုလားချစ်မက်သူ လူငယ်ထုပရိသတ်ကသာ သူ့ကိုကောင်းကောင်း သိကြသည်။ ပျံ့ပျံ့နှံ့နှံ့ကြီး ခရီးမရောက်ခဲ့။ ဒါ ဘာကြောင့်ပါလိမ့်။

"VCD မထွက်ဖြစ်တာရယ်၊ ကြော်ငြာအားနည်းတာရယ်၊ နားစွဲလွယ်တဲ့ သီချင်းမျိုးတွေ နည်းတာကြောင့် ဖြစ်မယ်ထင်တယ်။ အဲဒီအချိန်တုန်းက မိုးဟန်သက်ဆိုတဲ့အမည်နဲ့ သီချင်းတွေလည်း ရေးရေးနေတော့ အဲဒီနာမည်နဲ့ပဲ လုပ်လိုက်တာ၊ Own tune တွေ ရေးရေးနေပေမဲ့ ဆိုချင်နေတဲ့ Copy သီချင်းတွေရှိလို့ Copy တွေပဲ ဆိုခဲ့တာ။ တေးရေးတွေက ကိုအငဲ၊ ဇဝါ၊ ငယ်ဆုံးသစ်၊ ဇေယျာလင်းစံ၊ ကျွန်တော်လည်းရေးတယ်။ တစ်ရပ်ကွက်တည်းနေတဲ့ ကိုငယ်ဆုံးသစ်က တစ်ဆင့် ကိုအငဲတို့ ဇဝါတို့နဲ့အဖွဲ့ကျသွားပြီး သီချင်းအပ်ဖြစ်ခဲ့တာ။ အဲဒီတုန်းက လူငယ်ဆိုတော့ ပျော်စရာတွေချည်းပဲ။ အခက်အခဲဆိုရင်လည်း ခက်တယ်တောင်မထင်ဘဲ ပျော်ပျော်ကြီးပဲ ဖြတ်သန်းခဲ့တာပဲ။ အခွေပျံ့ဖို့၊ မပျံ့ဖို့လည်း မတွေးမိဘူးဗျ။

ငါးတန်းအရွယ်ကတည်းက ဂစ်တာကို တရှိုက်မက်မက်ဖက်ပွေ့တီးခတ်ခဲ့တဲ့ သူ့အတွက် ဂီတဆိုတဲ့အရာကို တစ်ကြိမ်နဲ့တော့ လက်မလျှော့ချင်၊ နောက် ၅ နှစ်အကြာမှာ ဒုတိယ Album (စိမ်းလန်းတဲ့နေ့) ကို ဖန်တီးဖြစ်ခဲ့ပြန်သည်။ ဒီတစ်ခါမှာတော့ သူ့အမည်ရင်း အောင်ဖြိုးဆိုသည့် နာမည်နှင့်၊ ရတနာမြိုင်တေးသံသွင်းက ဖြန့်ချိခဲ့သည်။ သီချင်းပုံစံတွေက အရင် album အတိုင်းပဲလား၊ ဘာတွေ ကွာခြားသွားပါလိမ့်၊ ဘယ်သူတွေနဲ့ တီးခတ်ထားပါလိမ့်။

"အရင်ကနဲ့ ကွာတော့ကွာသွားတယ်။ နောက် album မှာ ရှေ့ခ်အခြေခံတဲ့ သီချင်းတွေချည်းပဲ လုပ်ဖြစ်တယ်။ Band က Conqueror Bass- ကိုဂျက်၊ Keyboard - လီယိုနာ့မောင်မောင်လွင်၊ Drums- ရဲလင်းနဲ့ဘိုတောက်၊ Guitar နဲ့ arrangement က Classic Studio က ညီညီမောင်၊ အချိန်တော်တော်ယူပြီး သေချာလုပ်ဖြစ်ခဲ့တယ်။ ကျွန်တော့်ကိုယ်ကျွန်တော် လူကြီးလည်း ပိုဆန်လာတယ်လို့ မြင်မိတာပဲဗျ။ စိတ်သစ်၊ လူသစ်၊ နာမည်သစ်၊ သီချင်းသစ်တွေနဲ့ပေါ့"။

ဂီတဈေးကွက်မှာ ဂီတသမားတစ်ယောက် သီချင်းခွေထုတ်သည်နှင့် VCD တွေပါ ပူးတွဲထုတ်ဝေချိန် သူကတော့ VCD အားမကိုးဘဲ Audio သက်သက် album ကိုသာ ခပ်ရဲရဲ ထုတ်လိုက်သည်။ အဲဒီကာလ သူ့အပျော် သူ့ခံစားချက်တချို့ကို မှန်းဆမြင်ယောင်ကာ သူပြောပြသည်။

"အဲဒီအချိန်တုန်းက တိုက်တိုက်ဆိုင်ဆိုင် မျိုးကြီးရဲ့ ယူလိုက်အခွေလည်း ထွက်တာ မှတ်မိတယ်။ အဲဒီတုန်းက ကျွန်တော် တော်တော်လေး ပီတိဖြစ်ရတယ်။ ကျွန်တော့်အယ်လ်ဘမ် ထွက်ထွက်ချင်း သိပ်မကြာဘူး၊ လှည်းတန်းဘက်မှာ ဆိုင်တစ်ဆိုင်က ဖွင့်သံကြားတော့ ပျော်သွားတာပဲဗျ"

လူပြိန်းကြိုက် ပေါက်စာသားအလွယ်တွေနှင့် ခပ်လွယ်လွယ် ဆိုနေကြသည့် မြန်မာပြည်က အဆိုသမားတချို့အပေါ် သူဘယ်လိုမြင်မှာပါလိမ့် မေးကြည့်တော့ ခပ်ပြုံးပြုံး သူပြောသည်။

"ဘယ်လိုမှ မမြင်မိပါဘူးဗျာ၊ ကိုယ်ကြိုက်တာ

**အနုပညာဆိုတာက ပုံသေနည်းနဲ့ထုတ်ထားတဲ့ ပစ္စည်းတစ်ခုမှ မဟုတ်တာ၊ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော်ကြိုက်တဲ့ပုံစံတွေပဲ လုပ်နေတာပဲလေ**



ကိုယ်လုပ်ခွင့်ရှိသင့်တာပဲမဟုတ်လား၊ အနုပညာဆိုတာက ပုံသေနည်းနဲ့ထုတ်ထားတဲ့ ပစ္စည်းတစ်ခုမှ မဟုတ်တာ၊ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော်ကြိုက်တဲ့ပုံစံတွေပဲ လုပ်နေတာပဲလေ"

နိုင်ငံခြားသီချင်းတွေ အချိန်ယူနားထောင်ဖြစ်ရာက သီချင်းရေးဖို့ စိတ်အားထက်သန်ကာ သီချင်းတွေ အတော်များများရေးခဲ့ပြီးသူ တစ်ယောက်။ နှလုံးသားကို လွှမ်းမိုးခြယ်လှယ်နိုင်စွမ်းသည့် ဂီတသူ့ရဲ့ကောင်းတွေ သူ့မှာ ရှိနေမည်မှာ အသေအချာ၊ ဘယ်သူတွေပါလိမ့်။

"ဒါက အကြိုက်ဆိုတာက နှစ်အလိုက်၊ ကိုယ့်အသက်အရွယ်အလိုက် ကြိုက်တာတွေ များများလာတယ်ဗျ။ ၂၀၀၉ လောက်တုန်းကတော့ James Blunt , Daniel Powter, Keane, Cold Play တို့နဲ့မှော်ပြီး ၂၀၁၀ လောက်ကျတော့ The Used တို့၊ Bulletတို့၊ Avenged

Asian Fame Media Group



Sevenfoldတို့ကို ငြိနေပြန်ရော၊ အကုန်လုံးက ကောင်းနေတာပါပဲဗျာ"

သူ့သီချင်းတွေမှာ လူငယ်ပီပီ အချစ်အကြောင်းကတော့ မပါမဖြစ် တွေ့နေရသည်။ ထဲထဲဝင်ဝင်ခံစား ကြည့်မည်ဆိုလျှင်တော့ ဘဝနေနည်းနှင့် ပတ်ဝန်းကျင်မှ မြင်တွေ့ထိခတ်သမျှ အရာခပ်သိမ်းတို့က အဓိက lyrice အဖြစ် မင်းမူနေတတ်သည်ကို နားထောင်ခံစားဖူးသူတိုင်း သိမြင်နိုင်သည်။ သူကတော့ ဒီလိုလေးပဲ ရိုးရိုးသားသား ပြောသည်။

"ကျွန်တော်ကိုယ်တိုင် လူငယ်တစ်ယောက်ဖြစ်နေတော့ သီချင်း lyrics တွေက လူငယ်တွေရဲ့ လွတ်လပ်မှုနဲ့ သူတို့ရဲ့ခံစားချက်တွေကိုပဲ ကိုယ်စားပြု နေမှာပါဗျာ"

အဆိုသမားကောင်းဖြစ်ဖို့ ဘယ်လိုအချက်အလက်တွေကို လိုက်နာကျင့်ကြံရမှာပါလိမ့်။ ပါးနပ်သည့် ရော့ခ်အဆိုသမား တစ်ယောက်အနေနှင့် သူဘယ်လို ဖြေမလဲဆိုတာကလည်း စိတ်ဝင်စားစရာ။

"သီချင်းတွေကို နားရည်ဝအောင် စိတ်နှစ်ပြီး ထပ်ပြန်တလဲလဲ နားထောင်နေဖို့လိုတယ်။ ဘယ်သူ့သီချင်းမဆိုပေါ့။ အခု ကျွန်တော်တို့ လုပ်နေတဲ့ Music Trend ကိုက မိခင်ဂီတမဟုတ်တော့ နိုင်ငံခြားခွေများများနားထောင်ပေးဖို့ လိုတယ်ဗျ။ သူတို့ဆီက အသံထုတ်တဲ့နည်း စနစ်ပိုးလိုက်ယူပြီး ကိုယ့်ဖင်ကိုယ်သိနဲ့ပဲ အားထုတ်ဆိုချင့်ပေးဖို့လိုမယ်၊ သူတို့ရဲ့အသံ color စကားလုံး၊ အယူအဆတွေ လွှမ်းမိုးမှုကိုတော့ မခံသင့်ဘူးဗျ"

အခုအချိန်မှာ ထွက်မည့် အယ်လ်ဘမ်အတွက် သူ studio ဝင်နေပြီ။ စိမ်းလန်းတဲ့နေ့ ဒုတိယအယ်လ်ဘမ် audio ကိုလည်း ပရိသတ်တွေ အကြိုက် VCD ထွက်ဖို့ပြင်ဆင်နေပြီ။ တော်တော်အလုပ်ရှုပ်နေမည့်ကာလ တစ်ခု။ တခြားအဆိုတော်တွေအတွက်လည်း သီချင်းတွေ ရေးပေးနေဆဲ။ နေရာတစ်ခုမှာ သူ စွဲစွဲမြဲမြဲ ခြေချနေခဲ့ပြီ။ သူ့လို အခြေမချနိုင်သေးတဲ့ ဝါသနာအိုးလေးတွေအတွက် အကြံတစ်ခုခု စေတနာအပြည့်နှင့် သူ ပေးချင်ပုံလည်း ရသည်။

"ဂီတက ပေါ့သေးသေးလုပ်လို့တော့မရဘူး။ သူ့ကို နားလည်သွားဖို့ များများလေ့လာ၊ ကိုယ့်ပုံစံကိုယ့်အကြိုက်နဲ့ကိုယ် များများလေ့ကျင့်၊ ထပ်ကာထပ်ကာ အားထုတ်နေဖို့တော့လိုမယ်၊ နည်းနည်းလေး အနေဝေးသွားတာနဲ့ သူ (ဂီတ) က ကိုယ့်ကို ဝေးဝေး ပြီးဖယ်ကြဉ်သွားမှာပဲ၊ ဒါကြောင့် များများထိတွေ့နေရမယ်၊ ပြောသာပြောရတာ၊ လက်ရှိသွားနေတဲ့ခေတ်ရေစီးက ဂီတထက် ပိုအားကောင်းတဲ့ တခြား entertainment တွေ များလာတော့ လူတွေအာရုံများနေကြတယ်ဗျ။ သီချင်းတွေဘက် ဟိုအရင်ကလောက် မစူးစိုက်နိုင်ကြတော့ဘူးဗျ။ internet တွေ အလွယ်တကူ သုံးနိုင်နေပြီဆိုတော့ အကျိုးရှိရှိသုံးမယ်ဆိုရင် ပေါ်ပေါက်လာမယ့် မျိုးဆက်သစ်တွေရဲ့ဂီတ အရည်အသွေးကတော့ စံချိန်မီဖြစ်မှာ သေချာပါတယ်ဗျာ"

ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးပြင်းခဲ့သည့် သူ့မှာ ကျောင်းဆရာဖေဖေနှင့် ကျောင်းဆရာမမေမေ ရှိသည်။ သူက မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သည်။ မွေးချင်း ရှစ်ယောက်မှာ သူ့လိုပဲ ဂီတကို စူးစိုက်နစ်ဝင် ဖန်တီးနေသူ နောက်ထပ် နှစ်ယောက်ရှိသေးသည်။ ဘယ်သူတွေပါလိမ့်။

"ဟုတ်တယ်၊ ကျွန်တော့်အောက်က ညီလေးနဲ့ ကျွန်တော့်အထက်က အစ်ကိုလည်း ဂီတအလုပ်တွေလုပ်တယ်။ ညီအစ်ကိုသုံးယောက်က မိသားစုထဲမှာ ခွဲထွက်ပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားနေကြတာ။ ညီလေးက ဖြိုးကို၊ အစ်ကိုက ထူးအယ်လင်း"

ရာသီဥတုက အေးတစ်လှည့် ပူတစ်လှည့်။ အေးအေးပူပူ ဂီတတစ်ပုဒ်ကို မငြင်းမဆန် နားထောင်လိုက်ဖို့လိုပါသည်။ ဘယ်လိုဂီတမျိုးကို နားထောင်မလဲ။ ရှင်တို့အားလုံးအတွက် 'ရတီ Music Plus' က ရွေးချယ်ပေးလိုက်ပြီ။ ရော့ခ်သီချင်းတွေကို ရှင်တို့နှလုံးသားထဲ အပ်နှင်းပေးဖို့ 'စိမ်းလန်းတဲ့နေ့'ထဲမှာ သူ စောင့်နေပါသည်။

**Zigzag**

Asian Fame Media Group



ကျွန်တော်က
လူတကာသုံးခွင့်ခေါ်ခွင့်ရခဲ့တဲ့
စကားလုံးကို ခေါ်ခွင့်မရခဲ့ဘူး။
အဲဒါ အဖေဆိုတဲ့ စကားလုံးပဲ။



သည်းခံခွင့်လွှတ်တတ်တဲ့စိတ်ဟာ
မေတ္တာစိတ်ပါ။လူသားတိုင်း
မေတ္တာတရားကြီးမားပြီး
ခွင့်လွှတ်တတ်ကြမယ်ဆိုရင်
လောကကြီးငြိမ်းချမ်းမှာ အမှန်ပါဘဲ။



ကံ ကံ၏အကျိုး ဆိုတာကို
မယုံရင်ဗုဒ္ဓဘာသာမဟုတ်ဘူး။
ကံရယ် ကံရဲ့အကျိုးရယ်
ခွဲလိုက်တော့
တစ်ခုကအကြောင်း ဖြစ်ပြီး၊
တစ်ခုက အကျိုးဖြစ်တယ်။

arranged by
phyoe su po po

# သူတို့ ပြောတဲ့ F

ဒီလမှာတော့ F စာလုံးကို
ရွေးချယ်လိုက်ပါတယ်။
F နဲ့ဆိုင်တဲ့ စကားလုံးတွေ
အများကြီးထဲကမှ
Fate, Forgive, Family ဆိုတဲ့
စကားလုံး ၃ လုံးကို
ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊
ဆရာမသန်းမြင့်အောင်နဲ့
ခိုင်မြသာတို့က
ဆွေးနွေးပေးခဲ့ပါတယ်။

Asian Fame Media Group
MEDIA GROUP



# မောင်စိန်ဝင်း(ပုတီးကုန်း)

## Fate

Fate ဆိုတာ ကံကြမ္မာ ဆိုတာပါပဲ။ ကံကြမ္မာအကြောင်းပြောရရင် ဘာသာတရားကစရလိမ့်မယ်။ ကျွန်တော် ဗုဒ္ဓဘာသာပါ။ ဗုဒ္ဓဘာသာမှာတောင် မိရိုးဖလာဗုဒ္ဓဘာသာမဟုတ်ပါဘူး။ ကျွန်တော်က တကယ်ကို ယုံကြည်သက်ဝင်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာတစ်ယောက်ပါ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ကံတရားကို ယုံတယ်။ ကျွန်တော်သိတဲ့ ကံကနှစ်ခုရှိတယ်။ တစ်ခုက အခုဘဝမှာဖြစ်နေတဲ့ ပစ္စုပ္ပန်ကံနဲ့အတိတ်ကံနဲ့ပါ။ လူတစ်ယောက်ရဲ့ဖြစ်စဉ်မှာ အဲဒီကံနှစ်ခုက အကျိုးပေးနေတာပါ။ အဲဒီမှာမှ ကံ၊ ဉာဏ်၊ အလုပ်လို့ လူတွေက အဓိပ္ပာယ်ဖွင့်ကြတယ်။ အဲဒါက ပစ္စုပ္ပန်ကံအတွက်တော့ မှန်တယ်။ လက်ရှိမှာ ကံကောင်းချင်ရင် ကောင်းတာလုပ်။ ဒီကံကို ကိုယ်က Control လုပ်ပြီးရွေးလို့ရတယ်။ အတိတ်ဘဝကဖြစ်ခဲ့တဲ့ ကံကိုတော့ ရွေးလို့မရတော့ဘူး။ အတိတ်ကလည်း ကောင်းတာလုပ်ခဲ့တယ်၊ အခုလက်ရှိမှာလည်း ကောင်းတာ လုပ်နေတယ်ဆိုရင် အပေါင်းနှစ်ခုဆိုတော့ အမှတ်ပိုတက်သွားတာပေါ့။ အတိတ်တုန်းကတော့ အပေါင်း၊ အခုမှာ အနုတ်တွေလုပ်နေရင် အမှတ်တွေလျော့သွားမှာပေါ့။ အတိတ်မှာလည်း အနုတ်၊ အခုလည်း အနုတ်ဆိုရင်တော့ ပိုဆိုးသွားပြီပေါ့။ ကံကို ကိုယ်ကပြဋ္ဌာန်းတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင်တော့ မကောင်းတာတွေပဲ ဖြစ်မှာပေါ့။ အတိတ်ဘဝမှာ ကိုယ်ဘာတွေလုပ်ခဲ့လဲ မသိတော့၊ ဒီလက်ရှိမှာ ကောင်းတာတွေများများ လုပ်ရမယ်၊ ကံပစ်ချတဲ့အတိုင်းပဲဆိုတဲ့သူတွေကိုတော့ ကျွန်တော်က အတိတ်ကံပဲယုံပြီး ဒီလက်ရှိဘဝကံကို မေ့လိုက်တဲ့သူတွေလို့ ပြောချင်တယ်၊

## Forgive

Forgive ကတော့ ခွင့်လွှတ်တာပါပဲ၊ ခွင့်လွှတ်မှုဆိုတာကလည်း ဘာသာရေးနဲ့နွှယ်ပြီး ပြောလို့ရတယ်။ ခွင့်လွှတ်မှုအကြောင်း ပြောမယ်ဆိုရင်၊ နံပါတ်တစ်က ကိုယ်ကျိုးစွန့်ရမယ်၊ နံပါတ်နှစ်က သည်းခံခွင့်လွှတ်တတ်ရမယ်။ နံပါတ်သုံးက ကိုယ်ချင်းစာနာတတ်ရမယ်။ နံပါတ်လေးက အမှားအမှန်ခွဲနိုင်ရမယ်။ အဲဒီလေးခုကို ထိန်းသိမ်းနိုင်ရင် နိဗ္ဗာန်ရောက်တယ်။ နိဗ္ဗာန်သွားဖို့အတွက် သည်းခံခွင့်လွှတ်နိုင်ရမယ်။ ဒီတော့ ဘာသာရေးအနေနဲ့ ပြောရရင် ခွင့်လွှတ်တာက အရေးပါတဲ့ကိစ္စပါပဲ။ ပုထုဇဉ်တစ်ယောက်အတွက်တော့ စိတ်တို၊ စိတ်ဆိုး၊ မကျေနပ်တာတွေ၊ ပူပန်တာတွေ ရှိတာပေါ့။ ဒေါသတရားတွေများလာရင် ခွင့်မလွှတ်နိုင်တဲ့ကိစ္စတွေဖြစ်သွားကြတယ်။ ခွင့်လွှတ်ရမယ်ဆိုတဲ့ အသိဝင်လာတာနဲ့ အဲဒီဒေါသတွေလည်း ငြိမ်းသွားတယ်။ အေးချမ်းသွားတာပေါ့၊ ဒါဆို ခွင့်မလွှတ်နိုင်လောက်တဲ့ ဒေါသတရားတွေရှိတယ်။ ဒါပေမဲ့ ကလဲ့စားချေတာမျိုးအထိ မဖြစ်တော့ဘူးပေါ့။ ကျွန်တော်ခွင့်မလွှတ်နိုင်တဲ့ ကိစ္စဆိုရင် လူတစ်ယောက်က မသိလို့မှားတာ မဟုတ်ဘဲ သိသိကြီးနဲ့ တစ်စုံတစ်ယောက်ကို ထိခိုက်နစ်နာအောင် လုပ်ရင်၊ စိတ်ယုတ်မာချင်စိတ်နဲ့ လုပ်တာတွေဆိုရင် ခွင့်မလွှတ်ချင်ဘူး။ ဒါပေမဲ့ ဒါတွေကို စောစောကပြောသလို ပြန်မြေလိုက်ရင် ရင်ထဲငြိမ်းသွားပါတယ်။ ကျွန်တော်တို့ လူတွေမှာ Mind Set ဆိုပြီး စိတ်ထဲစွဲနေတတ်တာတွေရှိတယ်၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေက ခွင့်လွှတ်သည်းခံတတ်၊ ရောင့်ရဲတတ်ကြတယ်။ ဒါပေမဲ့လည်း တချို့ကိစ္စတွေမှာတော့ ဒီလိုပြောလို့မရပြန်ဘူး၊ ခွင့်လွှတ်လို့မရတဲ့ ကိစ္စတွေလည်း ရှိတတ်တယ်၊ ဥပမာ. . . နိုင်ငံတော်ကိစ္စတွေပေါ့။ နိုင်ငံရေးမှာ မှားပြီး ကျောင်းသားတွေအသတ်ခံရ။ ထောင်ချခံရတဲ့ ကိစ္စဆိုရင်အမှန်ကို ချစ်တဲ့သူ တစ်ယောက်အနေနဲ့ဆိုရင် ခွင့်လွှတ်ချစရာမဟုတ်ဘူး။ လူနည်းစုအာဏာတည်မြဲဖို့ လူများစုက ခံလိုက်ရတာကိုး။ ဒါပေမဲ့ အဲဒါကို ပြန်ဆင်ခြင်တော့လည်း ဒါတွေကို ခွင့်မလွှတ်နိုင်လို့ဆိုပြီး ကလဲ့စားချေတာလည်း မဟုတ်ဘူး။ မလိုဘူးပေါ့။ ဒါကိုမေ့မိုင်းတာလည်း မဟုတ်ပြန်ဘူး။ ဒါက သမိုင်းဖြစ်သွားပြီလေ၊

## Family

Family ဆိုတာ မိသားစုပေါ့။ မိသားစုဆိုတာ ရဲဘော်ရဲဘက်တွေပါပဲ။ တိုက်ပွဲတစ်ခုကို တိုက်နေကြတဲ့အချိန်မှာ သေအတူရှင်မကွာ သွေးစည်းနေကြတဲ့ ရဲဘော်ရဲဘက်တွေပါ၊ ကျွန်တော်ကတော့ ကိုယ့်မိသားစုမှ Family လို့ မပြောချင်ဘူး။ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက် (အပေါင်းအသင်း) သူငယ်ချင်းတွေလည်း မိသားစုပါပဲ၊ ခုနကပြောတဲ့ ရဲဘော်ရဲဘက်စိတ်ရှိတဲ့ သူငယ်ချင်းက မိသားစုတွေပဲ။ မိသားစုထဲမှာ စောစောကပြောခဲ့တဲ့ ခွင့်လွှတ်သည်းခံစိတ် ရှိရမယ်၊ အင်္ဂုတ္တိုရ်ပါဠိတော် အပဏ္ဏကသုတ်မှာ ဟောထားတာရှိတယ်။ ကိုယ်ကျိုးစွန့်ရမယ်၊ သည်းခံခွင့်လွှတ်ရမယ်။ စာနာညှာတာ ထောက်ထားရမယ်။ မှားမှန်ခွဲရမယ် ဆိုတာတွေပေါ့။ အဲဒီလေးချက် ပြည့်စုံတဲ့သူတိုင်းက ဒါက မိသားစုပဲ။ မိသားစု တစ်စုရဲ့ အဓိကလိုအပ်တာလည်း ဒါတွေပဲ။ ကိုယ်နဲ့ တစ်သွေးတစ်သားတည်း မဟုတ်ပေမယ့် ပြောခဲ့တာတွေနဲ့ ကိုက်နေရင် ဒါက မိသားစုပဲ။ မိသားစုစိတ်ဓာတ်ဆိုတာ ဒါကို ပြောတာပါ။ ကျွန်တော်ဆိုရင် ငယ်ဘဝ မိသားစုမှာ အများနဲ့မတူတဲ့ လိုအပ်ချက်ရှိခဲ့တယ်။ ကျွန်တော်က လူတကာသုံးခွင့်ခေါ်ခွင့်ရခဲ့တဲ့ စကားလုံးကို ခေါ်ခွင့်မရခဲ့ဘူး။ အဲဒါ အဖေဆိုတဲ့ စကားလုံးပဲ၊ ကျွန်တော်လေးလသားမှာ အမေနဲ့ အဖေက ကွဲသွားကြရတယ်။ ကျွန်တော့်ကို အဖေ ဆိုတာ သေသွားပြီလို့ပဲ အမေ့မိသားစုက အသိ ပေးခဲ့ကြတာ။ ကျောင်းအပ်တော့လည်း အဘိုးကို အဖေနာမည်နဲ့အပ်ပေးခဲ့တာ။ ကျွန်တော့်အဖေက အခုထိ အသက်ရှင်နေတုန်းပါ။ အမေသေမှ ကျွန်တော်က အဖေ့ကို သွားတွေ့ခွင့်ရခဲ့တာ၊ သွားတွေ့တော့လည်း အသက်တွေကြီးမှဆိုတော့ တစ်ယောက်နဲ့တစ်ယောက်က သူကလည်း သားလို့ခေါ်မထွက် ကိုယ်ကလည်း အဖေလို့ခေါ်မထွက်တဲ့အဆင့်တွေ ရောက်သွားတယ်။ ကျွန်တော့်ရဲ့ ပထမမိသားစုဘဝမှာ အမေ့ရဲ့မိသားစုနဲ့ နေခဲ့တာပေါ့။ ကျွန်တော့်အမေဘက်ကလည်း စီးပွားရေးတွေ တောင့်တင်းကြတော့ အဖေဆိုတာမလိုအပ်ဘူးလို့ ကျွန်တော့်ကို ရိုက်သွင်းခဲ့တာပါ။ အဖေ့ရဲ့ လိုအပ်ချက်ကိုလည်း နားမလည်ခဲ့ဘူး။ ဒါပေမဲ့ အခု အသက်အရွယ်ရလာတော့ ကျွန်တော့်အဖေကို ခွင့်လွှတ်နိုင်ပါတယ်။ မပတ်သက်တာပဲ ရှိတယ်။ အဖေ့ကို နားလည်ပေးနိုင်တယ်။ ပြောချင်တာတော့ မိသားစုဆိုတာက သည်းခံ ခွင့်လွှတ်တယ်။ စာနာ နားလည်ပေးတယ်ဆိုတာပါရမယ်၊ ဒီလိုမှမဟုတ်ရင် မိသားစုက အချိန်မရွေး ပြိုကွဲသွားနိုင်တယ်။ လူတွေက အချစ်တွေ၊ မေတ္တာတွေကို အရေးကြီးတယ်လို့ထင်ကြတယ်။ ကျွန်တော်လည်း ငယ်ငယ်တုန်းက ဒီလိုပဲထင်ခဲ့တာ။ အမှန်တော့ မဟုတ်ဘူး။ နားလည်မှုနဲ့ ညှိနှိုင်းဆောင်ရွက်မှုက မိသားစုတစ်ခုမှာ အရေးကြီးဆုံးပါပဲ။

Asian Family Media Group



သန်းမြင့်အောင်

# Fate

Fate ဆိုတာကံကြမ္မာပေါ့။ ကျွန်မတို့ ဗုဒ္ဓဘာသာမှာ ကံကံ၏အကျိုးဆိုတာရှိတယ်။ ဗုဒ္ဓဘာသာမှန်ရင် ကံကိုယုံရတယ်။ကံဆိုတာလူက လုပ်တာပါ။ ကံမှာနှစ်မျိုးရှိတယ်။ အတိတ်ကံရယ် ပစ္စုပ္ပန်ကံရယ်။ အတိတ်ကံဆိုတာ ကိုယ်ကမသိတော့ဘူးလေ အတိတ်က ကိုယ်ဘာတွေကျူးလွန်ခဲ့တယ်ဆိုတာ ကိုယ်တိုင်ဘာမှမသိတော့ ကိုယ်ကျူးလွန်ခဲ့သမျှတွေ ကိုယ်ပြန်ပေးဆပ်ရတော့မှာပဲ တစ်နည်းအားဖြင့် ဝဋ်လည်တယ်ဆိုပါတော့။

အတိတ်ဘဝကံကို ပြင်လို့မရပေမယ့် အခုဘဝကံကိုတော့ ပြင်လို့ရတယ်လေ။ကောင်းတာလုပ်ရင်ကောင်းတာဖြစ်မယ် မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုတာ သိနေပြီဆိုရင် ကိုယ့်ဟာကိုယ် ဘာတွေလုပ်ပြီး ဘယ်လိုနေသင့်တယ်ဆိုတာ ဆုံးဖြတ်လို့ရနေပြီပဲ။ ဒါကြောင့် ဆရာတော်များက မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားလို့ ဆုံးမတော်မူကြတာပေါ့။ ဒီဘဝမှာ ကောင်းကောင်းနေ ကောင်းကောင်းပြော၊ ကောင်းတဲ့စိတ်ကလေးနဲ့ အရာရာကို ပြုကျင့်ခြင်းဟာ ဒီဘဝအတွက်တင်မဟုတ်ဘဲ နောင်ဘဝအတွက်ပါ ပါရမီပါသွားမှာပါ။ ဒါကြောင့် ကလေးတွေကို ယဉ်ကျေးလိမ္မာသင်တဲ့အခါ ကံကောင်းဖို့အတွက် ကဗျာလေးတွေ ထည့်သင်ကြတာပေါ့။

ဥပမာ . . .
ကံကောင်းချင်လားကလေးတို့ရယ်
စိတ်ကောင်းထားပါကွယ်၊
စိတ်ကောင်းထားရင် . . နှုတ်လည်းကောင်း
ကိုယ်ဟန်အမူရာကြည့်လို့ကောင်း၊
ကိုယ်ကောင်း နှုတ်ကောင်းစိတ်ကောင်းရင်
ဖြစ်လာသမျှ ကောင်းမည်ပင်
ဖြစ်လာသမျှကောင်းစေဖို့
စိတ်ကောင်းထားကြစို့။

ဆိုပြီး သင်ကြတာပေါ့။ နောင် ကြမ္မာကောင်းချင်ရင် ခုကတည်းကစိတ်ကောင်းထားကြရမယ်၊ အခုကံကြမ္မာကတော့ အတိတ်ကံတစ်ဝက် ပါနေပြီးပြီလေ။ ဒါက လူသားတစ်ယောက်ချင်းရဲ့ ကံကြမ္မာပေါ့။

လူများစုရဲ့ ကံကြမ္မာကျတော့ အတိတ်ကံနဲ့ သိပ်မဆိုင်ဘူးလို့ ထင်တာဘဲ၊ ဥပမာ. . . ကျွန်မတို့မြန်မာနိုင်ငံရဲ့ ဆိုးဝါးညံ့ဖျင်းတဲ့ အခြေအနေကို ကံကြမ္မာလို့ပြောလို့ အတိတ်ကံလို့ပြောဖို့တော့ ခက်မယ်ထင်ပါတယ်။ လက်ရှိလူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟတွေ၊ အကြောက်တရားတွေ အကျိုးနဲ့ အကြောင်းကိုဆက်စပ်သိမြင်းဆိုတဲ့ အသိဉာဏ်အားနည်းမှုတွေ၊ ဖြူစင်ရိုးသားတရား သေသပ်မှုတွေကိုလည်း မေ့ထားလို့တော့ မဖြစ်ဘူးထင်တယ်။ အဲဒါတွေကလည်း အချိန်တန်ရင် အကျိုးပေးမှာပါပဲ။ ရှေးဘဝကပြုခဲ့တဲ့ကုသိုလ်ကြောင့် ခုဘဝမှာ ပညာ၊ စည်းစိမ်၊ ရာထူးအာဏာကြီးပွားချမ်းသာမှုတွေ ရှိနေသူတွေကိုလည်း မနာလိုမဝန်တိုမလိုသလို သူတို့တွေကလည်း ကောင်းနေတဲ့ အတိတ်ကံကလေးကို အရင်းခံပြီး သံသရာကိုအောင် ကောင်းကျိုးတွေဆက်ပြီး ပြုကျင့်သွားမယ်ဆိုရင် သူတို့ကိုအကြောင်းပြုပြီး အခြားသူတွေ ကောင်းကျိုးချမ်းသာရမယ်ပေါ့။ လောကအကျိုးသယ်ပိုးသူများအဖြစ် လူ့သာခုခေါ် နတ်သာခုခေါ် သူတော်ကောင်းစိတ်နဲ့ သံသရာကိုအောင် ပါရမီနဲ့ ဆက်နိုင်ကြမှာပါ။ အဲဒါတွေကို မေ့လျော့ပြီး ကိုယ့်စည်းစိမ် ရာထူးအာဏာ ကြီးပွားချမ်းသာမှုတွေနဲ့ လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့အချိန်မှာ အညွှန်မှားမိလို့ လူအများ ဆင်းရဲဒုက္ခနဲ့တွေကြုံရရင်၊ ကိုယ့်ရဲ့ ရှေးဘဝကပြုခဲ့ဖူးတဲ့ ကုသိုလ်တွေ အဟောသိကံဖြစ်မှာ စိုးရိမ်စရာ အလွန်ကောင်းပါတယ်။ ကျွန်မတို့ ဒါကို မမေ့သင့်ပါဘူး။ နောင်ဘဝတွေမှာ အကျိုးပေးကြဦးမှာကိုး။

ကျွန်မကတော့ လူတွေအားလုံးကို ကံကောင်းစေချင်တယ်၊ အချို့ကတော့ ကံခေနေလို့ ဆင်းရဲဒုက္ခရောက်နေကြပေမယ့် အကျိုးပေးချိန်တန်တော့ ချမ်းသာသုခကို ခံစားရတယ်။ အချို့ကျတော့ အကုသိုလ်ကံကကြီးခဲ့လေတော့ ကိုယ့်လက်ထဲရောက်မယ့် အခွင့်အလမ်းတွေနဲ့ အကြောင်းရှာပြီး လွဲရတယ်။ အဲဒီအကြောင်းလေးကို ကျွန်မ 'ကံကြမ္မာရဲ့အရသာ'ဆိုပြီး ဝတ္ထုတိုလေးတစ်ပုဒ် ရေးဖူးတယ်။ အကြောင်းအရာကတော့ သိပ်ဆင်းရဲတဲ့ကလေးတစ်ယောက်ဟာ မုန့်ပုံးအခွံလွတ်တွေကို မြင်ပါများလာတော့ အဲဒီပုံးထဲကမုန့်တွေကို စားချင်တဲ့ အာသီသတွေ ပြင်းထန်ပြီး ပူဆာတာနဲ့ မအေက ဆင်းဆင်းရဲရဲနဲ့ ခြိုးခြံပြီး မုန့်ပုံးတစ်ပုံးဖိုးရအောင် စုရတယ်။ ပိုက်ဆံပြည့်တဲ့နေ့လည်းရောက်ရော မုန့်ဆိုင်ကို အပြေးအလွှားသွားဝယ်တော့ သူတို့လို မုန့်ပုံးဝယ်မယ့် သားအမိနှစ်ယောက်နဲ့ သွားတိုက်ဆိုင်နေပါရော။ အဲဒီသားအမိကတော့ စားနိုင်သောက်နိုင်မိသားစုထဲက၊ မုန့်ပုံးတစ်နေ့ပြတ်သွားတာနဲ့ မနေနိုင်တဲ့ကလေးကပူဆာလို့ အမေက လာဝယ်ကျွေးတာ၊ ဖြစ်ချင်တော့ အဲဒီနေ့ကျမှ ဆိုင်မှာ မုန့်ပုံးကလည်း လက်ကျန်တစ်ပုံးပဲရှိပြီး ဝယ်သူကလည်း စားနိုင်သောက်နိုင်မိသားစုက၊ သူတို့နဲ့ နည်းနည်းလေးပိုဦးသွားတော့ မြစ်မြစ်မြျတ်မြျတ်စုပြီး ပြေးလာရတဲ့ သားတစ်လေးခမျာ မောသွားတာပေါ့၊ အဲဒီထက်မိမောစရာရောဂါကြီးနဲ့ ရင်ဆိုင်လိုက်ရတာက တစ်နေ့လေးတောင် မုန့်အပြတ်မခံနိုင်တဲ့ ကလေးကိုသူ့အမေကအရွဲ့တိုက်ပြီး ဆိုင်မှာတင် တစ်ခါတည်း "ရော့. . ဒီလောက်ဖြစ်လှတာ စားစမ်း" ဆိုပြီး မုန့်ပုံးကိုဖွင့်လိုက်တော့ ပုံးနဲ့အပြည့် ပိုက်ဆံတွေကို တွေ့လိုက်တော့ ကမန်းကတန်း ပုံးကိုပိုက်ပြီး ပြေးတာကိုမြင်လိုက်ရလို့ပါပဲ။ အဲဒီမုန့်ပုံးက တကယ်တော့ လူကြီးတစ်ယောက်အိမ်က အကန်တော့ခံပစ္စည်းတွေကို လာပြန်သွင်းထားတဲ့ မုန့်ပုံးဖြစ်နေတာကိုး။ အဲဒါကတော့ ကံကြမ္မာပေါ့နော်။ အချို့နေရာမှာကံကြမ္မာဟာ ကျွန်မတို့ လူသားတွေရဲ့ဖြစ်တည် ရှင်သန်မှုတွေကို အမျိုးမျိုးဖြယ်လှယ်နိုင်တယ်လို့ဆိုပေမယ့် အရာရာမှာ ကံကိုချည်း ပုံချလို့လည်း မရနိုင်ပါဘူး။ကံယုံပြီး ဆူးပုံနင်းလို့မှ မရနိုင်တာဘဲ၊ ဉာဏ်နဲ့ ဝီရိယကိုလည်း အားထုတ်ရမှာပဲ။ ကျွန်မတို့ကြားဖူးတဲ့ ငါးကလေးသုံးကောင် ပုံပြင်ထဲကလိုပေါ့ တံငါသည်ကြီးတစ်ယောက်က ပင်လယ်ကိုအသွား ကမ်းစပ်နားတင် ငါးသုံးကောင်ကို အရင်မိလာတယ်။ သုံးကောင်ထဲမှာ တစ်ကောင်က ကံကိုယုံတယ် ငါကံကောင်းရင် လွတ်မှာပဲဆိုပြီး မလှုပ်မယှက်ငြိမ်ငြိမ်လေးပဲ လိုက်လာတယ်။ ဘာမှမကြံစည် အားမထုတ်ဘူး၊ တစ်ကောင်ကတော့ ဝီရိယလွန်ပြီး ငါလွတ်ကိုလွတ်ရမယ် မရပ်မနားခုန်နေတယ်၊ ဒီတော့ တံငါသည်က ကံကိုယုံပြီး ငြိမ်နေတဲ့ကောင်ကို သေနေပြီမှတ်ပြီး ပုပ်သွားမှာစိုးလို့ လှော်တက်နဲ့ရိုက်ပြီး မီးဖိုထဲကို ပစ်ပေးလိုက်တယ်။ ဒီလိုပဲ မနားမနေ တဖျပ်ဖျပ်ခုန်နေတဲ့

Asian Fame Media Group

ငါးကိုလည်း မျက်စိနောက်ပြီး စိတ်မရှည်တော့တာနဲ့ မီးဖိုထဲပစ်ထည့်လိုက်ပြန်ရောတဲ့။ နောက်ငါးတစ်ကောင်ကကျတော့ ကံကိုလည်းယုံတယ်၊ ဉာဏ်လည်း သုံးတယ်၊ ဝီရိယနဲ့လည်း ပြည့်စုံတယ်၊ လှေဝမ်းအနက်ထဲကနေ လှေနံရံဘက်ကို ရောက်အောင် တရွေ့ရွေ့သွားတယ် ပင်လယ်ပြင်နား အရောက် လေကလေးအဝှေ့ လှိုင်းကလေး တစ်ချက်အလူးမှာ လှေနံရံကလေးအစောင်း ဝီရိယစိုက်ပြီး ဖျတ်ခနဲ ရေထဲခုန်ချလိုက်တာ လွတ်မြောက်သွားပါလေရော။ အခုကာလကတော့ ကျွန်မတို့အားလုံး ကံတစ်ခုကိုပဲပုံချပြီး ရိုးမယ်ဖွဲ့နေလို့မရပါဘူး။ ဉာဏ်နဲ့ ဝီရိယမပါရင် ကုဋေရှစ်ဆယ်သူဌေးသားလို ဖြစ်သွားမှာပေါ့။ အထူးသဖြင့်တော့ ကျွန်မတို့သားသမီးတွေ လူငယ်တွေကို ပြောချင်ပါတယ် ကိုယ့်ပတ်ဝန်းကျင် တကယ်ကောင်းစေချင်ရင် ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူ့အဖွဲ့အစည်း တကယ်တိုးတက်ပြောင်းလဲချင်တယ်ဆိုရင် ကံ၊ ဉာဏ်၊ ဝီရိယနဲ့တင် မလုံလောက်တော့ပါဘူး။ စည်းကမ်းနဲ့စေတနာလည်းပါမှ တကယ်ကောင်းမွန်တဲ့ ကံကြမ္မာရဲ့ အရသာကို လူသားတိုင်း ခံစားကြရပါလိမ့်မယ်။

## Forgive

Forgive ခွင့်လွှတ်ခြင်းဆိုတာ လူသားတိုင်း ကျင့်သုံးနိုင်ရင်တော့ အကောင်းဆုံးပါပဲ၊ ခွင့်လွှတ်ခြင်းရဲ့ရှေ့မှာတော့ သည်းခံခြင်းပေါ့။ သည်းခံခွင့်လွှတ်တတ်တဲ့စိတ်ဟာမေတ္တာစိတ်ပါ။လူသားတိုင်း မေတ္တာတရားကြီးမားပြီး ခွင့်လွှတ်တတ်ကြမယ်ဆိုရင် လောကကြီးငြိမ်းချမ်းမှာ အမှန်ပါဘဲ။ ဒါပေမဲ့ ခွင့်လွှတ်သည်းခံတယ်ဆိုတာ အတိုင်းအတာတော့ရှိတာပေါ့။ ကိုယ်တစ်ဦးတစ်ယောက်တည်းနဲ့ဆိုင်တဲ့ကိစ္စမျိုးကို တတ်နိုင်သမျှ ခွင့်လွှတ်သည်းခံစိတ်ထားလိုက်ခြင်းဖြင့် ပူလောင်မှုတွေ ငြိမ်းအေးသွားမယ်။ မေတ္တာဓာတ်က ရင်ကို အေးမြစေတယ်လေ။ ဒါကြောင့် ကိုယ်တစ်ယောက်တည်းအတွက် ကတော့ သံသရာကလွတ်မြောက်ဖို့ ဝဋ်ကြွေးမတင်ချင်လို့ ခွင့်လွှတ်လို့ရနိုင်ကောင်းပေမယ့် အများကို ထိခိုက်နစ်နာစေတဲ့ ကျူးလွန်မှုမျိုးဆိုရင်တော့ စဉ်းစားရလိမ့်မယ်။ ကိုယ့်ဆုံးဖြတ်ချက်ကြောင့် ကျူးလွန်သူက သူ့အမှားသူမသိဘဲ ခံရသူတွေက တဝဲလည်လည်ပြီး ဆုံးရှုံးနစ်နာသွားမယ်ဆိုရင် အဲဒီခွင့်လွှတ်ခြင်းဟာ တရားမျှတမှုမရှိဘူး။ ကိုယ့်ခွင့်လွှတ်မှုဟာ သူ့အတွက် အဖန်တလဲလဲ ဇော်ကားခွင့်ရစေတဲ့၊ အဆိပ်ပင်ရေလောင်းတဲ့ ခွင့်လွှတ်သည်းခံခြင်း မဖြစ်သင့်ဘူး။ ခွင့်လွှတ်ခြင်းနဲ့အတူ သူ့ရဲ့မှားယွင်းတဲ့အသိစိတ်ကို ပြုပြင်ပြောင်းလဲပေးနိုင်ရင် အကောင်းဆုံးပေါ့။ အဲဒါက နှစ်ဦးနှစ်ဖက်လုံး အကျိုးရှိစေနိုင်တဲ့ သားရွှေအိုး ထမ်းလာတဲ့ကိန်းပဲ၊ တချို့နေရာတွေကျတော့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်မှုလွဲပြီး မဖြစ်သင့်တဲ့ ပြဿနာတွေဖြစ်ကြတာ၊ ကြားကတမင် လုပ်ကြံဖန်တီးလို့ ညီညွတ်မှုပြိုကွဲကြတာမျိုးတွေလည်း ဖြစ်လေ့ရှိပါတယ်။ အဲဒီအခါမျိုးကတော့ ခွင့်လွှတ်သည်းခံနိုင်မှုဟာ မဖြစ်မနေ လိုကိုလိုအပ်ပါတယ်။ တစ်ဦးက သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးလိုက်ခြင်းဖြင့် ငြိမ်းချမ်းသွားပါလိမ့်မယ်။ တကယ်တော့ ခွင့်လွှတ်ခြင်းဟာလည်း မေတ္တာတရားကြီးမားတဲ့သူတွေမှ ကျင့်သုံးနိုင်ကြပါတယ်။ မုဒိတာလက်ကိုင်ထားတဲ့ လူတွေမှ ကျင့်သုံးနိုင်ပါတယ်။ ခွင့်လွှတ်ခြင်း သည်းခံခြင်းဆိုတာ ကျွန်မတို့ ဗုဒ္ဓဘာသာတွေအတွက်ကတော့ သံသရာကိုသွားမယ့်လမ်းမို့ လူတိုင်းလျှောက်သင့်ပါတယ်။ လူတိုင်းလူတိုင်းသာ ခွင့်လွှတ်ခြင်း သည်းခံခြင်းဆိုတဲ့ဝါဒကို လက်ကိုင်ထားမယ်ဆိုရင်တော့ တစ်ဦးအပေါ်တစ်ဦး အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ မတရားပြုကျင့်ခြင်း၊ ရန်တိုက်ခြင်း ဆိုတာတွေလည်း ရှိလာမှာ မဟုတ်တော့ဘူး။ ဒါဆိုရင် ကျွန်မတို့လူ့ဘောင်ကြီး ငြိမ်းချမ်းသွားမှာပေါ့။ ရှိလာမှာမဟုတ်တော့ဘူး။



## Family

Family ဆိုတာ မိသားစုပါ။ လူဆိုတာ တစ်ယောက်တည်းနေတတ်တဲ့ သတ္တဝါမျိုး မဟုတ်ပါဘူး။ အစုအဖွဲ့နဲ့ ရှင်သန်နေကြသူတွေပါ။ အသေးဆုံး အစုအဖွဲ့လေးကတော့ မိဘရယ်၊ သားသမီးရယ် ညီအစ်ကိုမောင်နှမရယ်ဆိုတဲ့ အစုအဖွဲ့လေးပါ။ အဲဒါကို မိသားစုလို့ အမည်တပ်ကြပါတယ်။အဲဒီကမှ ဆွေမျိုးသားချင်းလို့ခေါ်တဲ့ တစ်မိသားနဲ့တစ်မိသား ပေါင်းသင်းဆက်ဆံနေထိုင်ရာက ပေါက်ဖွားလာကြတဲ့ ဆွေမျိုးစုတွေ၊ အဲဒီလို ဆွေမျိုးစုပေါင်းများစွာ စုပေါင်းနေထိုင်ကြတဲ့ ရပ်ရွာထဲမှာတော့ ရပ်ဆွေရပ်မျိုးဆိုတာက ဖြစ်လာပြန်ရော၊ အဲဒီလိုလူသားမျိုးနွယ်စုတွေ စုပေါင်းနေထိုင်ရာမှာ တစ်ဦးအပေါ်တစ်ဦး ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ ကူညီရိုင်းပင်းခြင်း၊ အပြန်အလှန်စောင့်ရှောက်ခြင်းစတဲ့ စိတ်ဓာတ်ကလေးတွေ ကျင့်သုံးနေထိုင်ကြတဲ့ အမူအကျင့်ကောင်းလေးတွေကို မိသားစုစိတ်လို့ ကျွန်မပြောချင်ပါတယ်။ ကျွန်မကတော့ ပရဟိတသမားမို့လို့ ကျွန်မမှာ မိသားစုဝင်တွေအများကြီးပါ။ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ မြေးမြစ်၊ ဘိုးဘွားဘီဘင်ဆိုတဲ့ သိပ်သည်းတဲ့မိသားစုကတော့ ကျွန်မရဲ့ အခြေခံဘဝထဲက အနီးကပ်ဆုံး နေခဲ့ရမှုတဲ့ မိသားစုဝင်တွေ၊ ကျွန်မကို ပရဟိတသမားကောင်းတစ်ယောက် ဖြစ်လာနိုင်အောင် အထောက်အပံ့ကောင်းကိုပေးတဲ့ ကျေးဇူးကြီးမားတဲ့ ကျွန်မဘဝရဲ့အစိတ်အပိုင်းတစ်ခုပေါ့။ အခုလက်ရှိ ပရဟိတသမားတစ်ယောက်ရဲ့ ဘဝမှာတော့ မိသားစုဆိုတဲ့စကားလုံးဟာ ကျွန်မအတွက် သေးတဲ့အစုအဖွဲ့တစ်ခု မဟုတ်တော့ပါဘူး၊ အင်မတန်ကြီးမားတဲ့ အစုအဖွဲ့ကြီးတစ်ခုဖြစ်သွားပြီ။ စောစောကပြောခဲ့သလိုပဲ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်စောင့်ရှောက်ခြင်း တရားမျှတစွာ နေထိုင်ကြခြင်းဆိုတဲ့ မိသားစုစိတ်ဓာတ်တွေနဲ့ ငြိမ်းချမ်းစွာ နေထိုင်ကြလို့ဆိုတာ ရပ်ရွာတင်မကမြို့ပြ၊ ကျေးလက်၊ တိုင်း၊ နိုင်ငံ၊ ကမ္ဘာနဲ့ချီပြီး လူသားမျိုးနွယ်စုတစ်ခုလုံး မိသားစုစိတ်ဓာတ်ရှိကြဖို့ လိုအပ်တယ်လို့ ကျွန်မယူဆမိလာတယ်။ ကျွန်မတို့နိုင်ငံမှာ လတ်တလောအခြေအနေအရ လူမှုဒုက္ခတွေခံစားနေကြရတဲ့ ပြည်သူပြည်သားတွေအများကြီးပါ၊ အဲဒါကို မိသားစုစိတ်မရှိကြလို့ ဒီလိုဖြစ်နေတာပါလို့ သိမ်းကြုံးပြီး မပြောချင်ပေမယ့် အချို့သော သူတွေရဲ့ မိသားစုစိတ်ဓာတ်ခေါင်းပါးမှုတွေကြောင့် ညီမျှတဲ့ အခွင့်အရေးတွေ ခံစားမှုတွေမရရှိတဲ့ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနိမ့်ကျမှုတွေ များနေရတာပါ။

မိသားစုဆိုတဲ့အစုအဖွဲ့ကလေးတွေ လူတိုင်းကိုယ်စီရှိနေကြတာ မှန်ပေမယ့် မိသားစုစိတ်ဓာတ်ကိုတော့ ကိုယ့်မိသားစုက ကျော်လွန်ပြီး လူသားအားလုံးအပေါ် ထားနိုင်ဖို့က ပိုအရေးကြီးတယ်လို့ ကျွန်မထင်ပါတယ်။ လူတိုင်းလူတိုင်းကိုယ့်သားသမီးအရွယ်တိုင်းကို ကိုယ့်သားသမီးအပေါ်ထားတဲ့ မေတ္တာစေတနာမျိုးထားကြမယ်။ ကိုယ့်မိဘအရွယ်တိုင်းကို ကိုယ့်မိဘအပေါ်မှာထားတဲ့ ချစ်ခင်ကြင်နာစောင့်ရှောက်မှုမျိုး ရှိကြမယ်၊ ကိုယ့်ဆွေမျိုး၊ လူတိုင်းလူတိုင်း ကိုယ့်ဆွေမျိုးအသိုင်းအဝန်း ကြီးပွားတိုးတက်စေချင်တဲ့ စိတ်စေတနာမျိုး အခြားသူတွေအပေါ်မှာလည်းထားပြီး တရားမျှတစွာ ကျင့်ကြံနေထိုင် အပြန်အလှန်ကူညီရိုင်းပင်းကြမယ်ဆိုရင် အဲဒီကျယ်ပြန့်တဲ့မိသားစုစိတ်ကြောင့် လူမှုဒုက္ခတွေ လျော့နည်းသွားမှာပါ။ အတ္တမပါတဲ့ မိသားစုစိတ်ဓာတ်မျိုးကို ပြောချင်တာပါ၊ ကျွန်မတို့ဘာသာတရားမှာလည်း သံသရာမှာ မတော်စပ်ခဲ့ဖူးတဲ့ ဆွေမျိုးမရှိပါဘူးလို့ ဘုရားဟောတရားရှိပါတယ်။ ဒါကြောင့်ကျွန်မကတော့ မိသားစုဆိုတာ လူတစ်ယောက်အတွက် စာနာစိတ်ရှိရင်ရှိသလို ကျယ်ပြန့်တဲ့ လူ့အဝန်းအဝိုင်းကြီးအပေါ် တာဝန်ယူနိုင်မှုနဲ့ စာနာငဲ့ညှာနားလည်ခံစားတတ်ကြသူများကိုတော့ မိသားစုစိတ်ရှိကြသူများလို့ ဆိုချင်ပါတယ်။

Asian Fame Media Group



# ခိုင်မြဲသာ

## Fate

Fate ဆိုတဲ့ စကားလုံးကိုတော့ ကျွန်တော့်အနေနဲ့ သိပ်ပြီး မရင်းနှီးပေမယ့် ဗုဒ္ဓဘာသာမြန်မာလူမျိုးအနေနဲ့တော့ 'ကံကံ၏အကျိုး' ဆိုတာကို ယုံကြည်တယ်။ Fate ဆိုတာက 'ကံ'လို့ ဘာသာပြန်ရင်ရမယ်။ ကံကြမ္မာပေါ့။ ကံရဲ့သဘောတရားကတော့ 'ကံ'ဆိုတာက ပြုလုပ်တာကို ပြောတာပါ။ 'ကံ'မှာသုံးခုရှိတယ်။ ကာယကံရယ်၊ ဝစီကံရယ်၊ မနောကံရယ်ဆိုပြီး ခွဲထားတယ်။ ကံ ကံ၏အကျိုးဆိုတာကိုမယုံရင် ဗုဒ္ဓဘာသာမဟုတ်ဘူး။ ကံရယ် ကံရဲ့အကျိုးရယ်ခွဲလိုက်တော့ တစ်ခုက အကြောင်းဖြစ်ပြီး၊ တစ်ခုက အကျိုးဖြစ်တယ်။ အခုလက်ရှိပြုလုပ်နေတဲ့ကံတွေက တစ်ခု၊ အတိတ်တုန်းက ပြုလုပ်ခဲ့တဲ့ကံတွေက တစ်ခု၊ အတိတ်ဆိုတာ မနေ့တုန်းကလည်း အတိတ်ပဲ။ ဒါတွေက အကြောင်းတရားတွေပေါ့။ ဒီအကြောင်းတရားတွေကြောင့် ခန္ဓာကြီးကို ရလိုက်တယ်။ အကျိုးခန္ဓာကြီးပေါ့။ ဒီခန္ဓာကြီးက အကြောင်းတရားတွေကို ထပ်လုပ်တယ်။ ယန္တရားကြီးလို လည်ပတ်နေတာ။ အတိတ်က အကြောင်းတွေရယ် လက်ရှိလုပ်နေတဲ့ အကြောင်းတွေရယ်ပေါင်းပြီး မနက်ဖြန်မှာ အကျိုးတွေပေးတာပေါ့။ ဒီအကြောင်းတွေ အကျိုးတွေကိုပေါင်းပြီး ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ဖြစ်လာတယ်။ ကောင်းတာတွေ ခံစားရမယ်၊ မကောင်းတာတွေ ခံစားရမယ်။ ကံတရားကတော့ ဒီလိုလို့ ကျွန်တော် ကတော့ နားလည်ထားတယ်။ ကံဆိုတာကို ကျွန်တော်ကတော့ ယုံကြည်တယ်။

## Forgive

Forgive ကတော့ ခွင့်လွှတ်တာပေါ့။ ဒါက လူတိုင်းမှာ ရှိထားရမယ့်တရားပါပဲ။ ဒါက ဘယ်ကနေ ပေါက်ဖွားလာလဲဆိုတော့ ခန္တီပါရမီ ကနေလာတာ၊ အဓိကက သည်းခံရတယ်။ သည်းခံနိုင်မှ ခွင့်လွှတ်လို့ရတာလေ။ သည်းခံဖို့အတွက် ကျတော့လည်း မေတ္တာစိတ်ဆိုတာလေးက ရှေ့မှာ ရှိထားရမယ်။ ဥပမာ- မနက်အိပ်ရာက နိုးတဲ့အချိန် ကိုယ်က စိတ်လေး ကြည်လင်နေမယ်ဆိုရင် အရာရာတိုင်း၊ တွေ့တဲ့ကိစ္စတိုင်းက ပျော်စရာ၊ ခွင့်လွှတ်နိုင်စရာတွေပဲ။ အဲဒီလိုမဟုတ်ဘဲ နိုးကတည်းက ဒေါသနဲ့နိုးထလာရရင်တော့ ဘယ်အရာမှ မသည်းခံချင်ဘူး။ ဒါကြောင့် ခွင့်လွှတ်ဖို့က ရှေ့သွားစိတ်ဆိုတဲ့ မေတ္တာတရားက လိုတယ်၊ ဒီမေတ္တာတရားနဲ့ ခန္တီပါရမီပေါင်းပြီးမှ ခွင့်လွှတ်နိုင်မှာပါ။ ဒါကြောင့် မေတ္တာစိတ်ကို မွေးရမယ်။ တကယ်တမ်းတော့ လောကီသဘောနဲ့ပြောရရင် လူကြားထဲမှာနေတော့ ခွင့်လွှတ်ရမယ့်ကိစ္စ၊ ခွင့်မလွှတ်ရမယ့်ကိစ္စတွေကို လူ့ယဉ်ကျေးမှုတွေနဲ့ တိုင်းတယ်၊ ဥပဒေနဲ့ တိုင်းတယ်။ လူတွေအမြင်မှာ မသင့်တော်ဘူးဆိုရင် ခွင့်မလွှတ်သင့်ဘူးလို့ သတ်မှတ်တယ်။ ဥပဒေနဲ့ငြိနေရင်လည်း ဥပဒေအရ ခွင့်မလွှတ်ကြဘူးပေါ့။ အဲဒါမျိုးတွေနဲ့ ဘယ်လောက်ပဲတိုင်းတိုင်း လောကီလူ့ဘောင်ရဲ့ အရာတွေက မတူနိုင်ဘူး။ ဥပမာ - အမေရိကားက လူ့ယဉ်ကျေးမှုနဲ့ မြန်မာပြည်က တိုင်းတာနဲ့ မတူပြန်ဘူး။ ဘယ်သူမှန်တယ် မှားတယ်မဟုတ်ပါဘူး။ တကယ့်အမှန်တရားဆိုရင်တော့ တကယ်ကို ခွင့်မလွှတ်နိုင်စရာ အကြောင်းမရှိမှာ အရိယာဖြစ်မှာ။ သူတော်ကောင်းတွေအတွက်က အားလုံးကို ခွင့်လွှတ်နိုင်ကြတယ်။ ကျွန်တော်ကတော့ အရိယာမဖြစ်နိုင်သေးတော့ အဲဒီလို ခွင့်လွှတ်ခြင်းတရားတော့ မပြည့်သေးဘူး။ ဒါပေမဲ့ ကြိုးစားပါတယ်။ ခွင့်လွှတ်စိတ်ဖြစ်အောင် ကြိုးစားနေပါတယ်။

## Family

Family ဆိုတာက မိသားစုပေါ့။ မိသားစုဆိုတာ မိဘနဲ့သားသမီးတွေ တစ်စုတစ်ဝေးတည်း တစ်မိုးအောက်မှာရှိနေတဲ့ အစုအဝေးတစ်ခုပေါ့။ ကျွန်တော်တို့ မြန်မာပြည် မှာတော့ မိသားစုဆိုတာ အရမ်းကိုအနှစ်သာရ ပြည့်ဝပြီး အဓိုးတန်လှပါတယ်။ ချစ်ဖို့လည်း ကောင်းတယ်။ တခြားနိုင်ငံက မိသားစုထက်ပိုပြီး နွေးထွေးတတ်တယ်။ ကျွန်တော်တို့နိုင်ငံမှာက မိသားစုတစ်စု တည်ထောင်ဖို့ စကြတဲ့ ဇနီးမောင်နှံနှစ်ယောက်လုံးက တစ်သက်လုံးအတွက် တစ်လင်တစ်မယားဆိုပြီး ယုံကြည်ပြီးမှ စတည်ထောင်ကြတာပေါ့။ ဘယ်လိုကိစ္စတွေပဲကြုံကြုံ မေတ္တာမပျက်ကြေးဆိုပြီး စကြတာပါ။ ပြီးတော့ သား၊ သမီးတွေရလာ ကြပြန်တော့လည်း သေတစ်ပန် သက်တစ်ဆုံး သား၊ သမီးလေးတွေကို ကလေးလိုမြင်ပြီး စောင့်ရှောက်ကြတာပါ။ သူများနိုင်ငံတွေမှာဆို အသက် (၁၈) နှစ်ပြည့်ရင် သွားတော့ဆိုတာမျိုးတွေ ရှိတယ်။ မြန်မာမိသားစုက အဲဒီလိုမဟုတ်ဘူး။ နောက်ပြီး လူရယ်လို့ဖြစ်လာရင် သဘာဝအားဖြင့် တစ်ယောက်တည်းနေလို့ မရဘူး။ သတ္တဝါတွေမှာ တစ်ကောင်တည်း တစ်ယောက်တည်းနေလို့ မရတာတွေရှိတယ်။ အဲဒီထဲမှာ လူသတ္တဝါလည်း ပါတယ်။ လူရယ်လို့ဖြစ်လာရင် အသိုင်းနဲ့အဝိုင်းနဲ့ သိုက်သိုက်ဝန်းဝန်း နေရတယ်။ မိသားစုနဲ့နေရတယ်။ ဒါမှ စိတ်ပိုင်းဆိုင်ရာအရ နွေးညွှံစေတယ်၊ သိမ်မွေ့စေတယ်။ ကိုယ့်ဘေးမှာ အဖော်အဖို့ သယ်ရှိနေတော့ ကိုယ်လည်း လမ်းမှားမရောက်တော့ဘူး။ ကိုယ့်ကို ပြုပြင်ပေးဆုံးမပေးနိုင်တယ်။ မိသားစုအသိုင်းအဝိုင်းနဲ့နေခြင်းက အကျိုးတွေ အများကြီးရစေတယ်။ ကျွန်တော်တို့ မိသားစုဆိုရင် ကျွန်တော့်ရဲ့မိဘတွေနဲ့ ဒီနေ့အထိ စုံစုံညီညီနေတယ်။ ကျွန်တော်အိမ်ထောင်ကျတာ(၉) နှစ်ရှိပြီ။ ဒါပေမဲ့ ကျွန်တော်တို့က သား၊ သမီးလည်း မယူဖြစ်သေးဘူး။

မနက်အိပ်ရာကနိုးတဲ့အချိန်
ကိုယ်က စိတ်လေး
ကြည်လင်နေမယ်ဆိုရင်
အရာရာတိုင်း၊တွေ့တဲ့ကိစ္စတိုင်းက
ပျော်စရာ၊ခွင့်လွှတ်နိုင်စရာတွေပဲ။
အဲဒီလိုမဟုတ်ဘဲ
နိုးကတည်းက
ဒေါသနဲ့နိုးထလာရရင်တော့
ဘယ်အရာမှမသည်းခံချင်ဘူး။

မိဘတွေဆီမှာ ကလေးလုပ်နေကြတုန်း၊ ကျွန်တော့်အစ်မကအပျိုကြီး။ အိမ်မှာက အဖေရယ် အမေရယ် ကျွန်တော့်အစ်မရယ်။ ကျွန်တော်တို့လင်မယားရယ်ပေါ့။ ကျွန်တော့် မိန်းမဘက်ကလည်း အဖေ၊ အမေတွေရှိတော့ စနေ၊ တနင်္ဂနွေလိုမျိုးမှာ သွားသွားလည်ကြတယ်။ ကလေးလည်း မယူဖြစ်သေးတော့ သူ့မိဘ ကိုယ့်မိဘ အပြန်အလှန် ကျေးဇူးဆပ်ရင်း နေကြတာပေါ့။ ကျွန်တော့် အနေနဲ့ကတော့ ကျွန်တော့် မိသားစုဘဝကို အပြည့်အဝ ကျေနပ်ပျော်ရွှင်နေပါတယ်။

ဖြိုးစုဝိုဝို

# BEYOND THE WOMEN
## Daw Win Min Kaung

arranged by phyoe su po po

လူသားတွေရဲ့ အသက်ရှင်ရပ်တည်မှုမှာ စားသောက်ခြင်းက အရေးပါဆုံးကိစ္စတစ်ခုပါပဲ၊ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလာမှုနဲ့အတူ လူသားတွေဟာလည်း အနုပညာဆန်စွာ နေထိုင် စားသောက်လာကြပါတယ်။ ဒီလို အနုပညာဆန်လှတဲ့ စားသောက်ဖွယ်ရာတွေရဲ့ သင်္ကေတတစ်ခု ဖြစ်တဲ့ Moon Bakery ဆိုင်ကို လူတွေ တော်တော်များများ သိထားပြီးသား ဖြစ်ကြမှာပါ။ ဒါကြောင့် ဒီလရဲ့ Beyond The Women ကို Moon Bakery နဲ့ Lotteria Myanmar ရဲ့ Director တစ်ဦး ဖြစ်တဲ့ ဒေါ်ဝင်းမင်းကောင်း နဲ့ တွေ့ဆုံပြီး မှန်ကန်တဲ့ စားသောက်နေထိုင်မှု အကြောင်းကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။





Photo - Aung Kyaw Moe (New Image) Makeup - [illegible] (Makeup Artist)

Asian Fame Media Group

**အရင်ဆုံး အစ်မက စီးပွားရေးလုပ်ငန်းတွေ စပြီးလုပ်ဖြစ်ခဲ့ရတဲ့အကြောင်းကို ပြောပြပေးပါလား။**

အစ်မတို့က မိဘတွေကလည်း စီးပွားရေးလုပ်ငန်းရှင်တွေပါပဲ။ အခုလက်ရှိလည်း အစ်မရဲ့ အဖေက ပထမပုဂ္ဂလိကဘဏ်မှာ ဒါရိုက်တာလုပ်တယ်။ တခြားလူမှုရေးအဖွဲ့အစည်းတွေမှာလည်း လုပ်တယ်။ အစ်မအဖေနဲ့အမေက အရင်တုန်းက Alpha ကားကုမ္ပဏီကို လုပ်ခဲ့ကြတာ၊ အစ်ကိုတွေရောပေါ့။ အဲဒီတော့ အစ်မက စီးပွားရေးလုပ်တာတွေကို နေ့စဉ်မျက်စိရှေ့မှာ ကြည့်ရင်း ကြီးလာရတာ။ ကိုယ့်ရဲ့ကျောင်းပိတ်ရက်တွေမှာလည်း ကိုယ်နဲ့အဆင်ပြေမယ့် အလုပ်တွေဆိုရင် အိမ်မှာ ဝင်ကူလုပ်ပေးရတယ်။ ငယ်ငယ်ကတည်းကဝင်ကူလုပ်ဖြစ်တယ်။ အဲဒီတော့ ငယ်ငယ်ကတည်းက အစ်မက တစ်နေ့ကျရင် ငါ စီးပွားရေးလုပ်ငန်းလုပ်မယ်ဆိုပြီး ရည်ရွယ်ချက် ရှိခဲ့တာ။ အစ်မက ၂၀၀၀ ခုနှစ်မှာ ကိုကျော်မင်းဦးနဲ့ အိမ်ထောင်ပြုပြီး ပထမတုန်းကတော့ အစ်မအမျိုးသားက အထည်ချုပ်လုပ်ငန်းတွေ Export လုပ်တော့ အစ်မတို့ လုပ်ကြသေးတယ်။ နောက်ပိုင်း အထည်ချုပ်လုပ်ငန်းတွေက နိုင်ငံတကာမှာ စီးပွားရေးပိတ်ဆို့တာတွေကြောင့် အကြောင်းအမျိုးမျိုးနဲ့ အဆင်မပြေတာဖြစ်လာတော့ တခြား Business တစ်ခုလုပ်ကြည့်မယ်ဆိုပြီး အမျိုးသားနဲ့တိုင်ပင်တော့ Coffee Shop တို့၊ အစားအသောက်ပိုင်းလုပ်ကြည့်မယ်ဆိုပြီး လုပ်ဖြစ်သွားတာ။ အစ်မတို့စတုန်းက ဗိုလ်အောင်ကျော်လမ်းမှာ စဖွင့်ခဲ့တာ။ ဒီလိုနဲ့ အစ်မလည်း စီးပွားရေးတွေ လုပ်ဖြစ်သွားတာပေါ့။ ပထမတုန်းကတော့ အစ်မလည်း ကလေးတွေရှိတော့ ဒီလိုထဲထဲဝင်ဝင်တော့ မလုပ်ဖြစ်သေးဘူး။ နောက်တော့ဆိုင်ခွဲတွေလည်းများလာတော့ အမျိုးသားတစ်ယောက်တည်း အလုပ်ရှုပ်နေမှာစိုးလို့ အစ်မကဝင်လုပ်တာ၊ ဒါပေမဲ့ အရင်တုန်းကဒီလိုမလုပ်ပေမယ့် အမျိုးသားကိုတော့ နောက်ကနေ အကြံဉာဏ်နဲ့ လိုအပ်တာတွေအားလုံးပံ့ပိုးကူညီပေးနေရတာပါ၊

**ငယ်ငယ်ကတည်းက အစ်မက တစ်နေ့ကျရင် ငါ စီးပွားရေး လုပ်ငန်းလုပ်မယ်ဆိုပြီး ရည်ရွယ်ချက်ရှိခဲ့တာ။ အစ်မက ၂၀၀၀ ခုနှစ်မှာ ကိုကျော်မင်းဦးနဲ့ အိမ်ထောင်ပြုပြီး ပထမတုန်းကတော့ အစ်မ အမျိုးသားက အထည်ချုပ် လုပ်ငန်းတွေလုပ်တော့ အစ်မတို့ လုပ်ကြသေးတယ်။**

**Moon Bakery ကို စပြီးလုပ်ခဲ့တာရော ဘယ်အချိန်က စဖြစ်ခဲ့တာပါလဲ။**

Moon Bakery ဆိုင်ကို ၂၀၀၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်၊ အဲဒီအချိန်တုန်းကတော့ မြန်မာနိုင်ငံမှာ Bakery နဲ့ Coffee Shop တွေ သိပ်မများသေးပါဘူး။ အစ်မတို့တွေလည်း ခရီးတွေ အမြဲသွားဖြစ်နေတော့ Bakery နှင့် Coffee Shop တွေကို ရောက်တဲ့နေရာဒေသတွေမှာ သွားဖြစ်ထိုင်ဖြစ်နေတော့ မြန်မာပြည်မှာလည်း ဒါမျိုးတွေဖြစ်ရင် ကောင်းမှာပဲလို့ စဉ်းစားမိပြီး

အဲဒီအစားအသောက်လုပ်ငန်းကို စတင်ဖြစ်ခဲ့ပါတယ်။

**လူတွေအတွက် အခြေခံကျန်းမာရေးမှာ စားသောက်မှုပုံစံက အရေးပါဆုံးဆိုတော့ အစ်မတို့ဆိုင်က Menu တွေကို လူတွေရဲ့ကျန်းမာရေးအတွက် ဘယ်လိုအလေးထားပြီး စီမံထားပါသလဲ။**

အစားအသောက်ကတော့ လူတွေရဲ့နေ့စဉ်ဘဝထဲမှာ အလွန်ကိုပဲအရေးပါပါတယ်။ ကိုယ်နေ့စဉ် စားသောက်တဲ့ အစားအသောက်ဟာ ကိုယ့်ရဲ့ကျန်းမာရေးနဲ့ တိုက်ရိုက်ပတ်သက်နေပါတယ်။ အစားအသောက်နဲ့ ပတ်သက်ပြီး ကျန်းမာရေးဗဟုသုတတွေရှိဖို့လည်း လိုအပ်ပါတယ်။ အဓိကကတော့ အစားအသောက်တွေမှာ လတ်ဆတ်မှုရှိဖို့၊ သန့်ရှင်းစေဖို့၊ အာဟာရဖြစ်စေဖို့






**ကိုယ့်ရဲ့ကျန်းမာရေးအခြေအနေ၊ အသက်အရွယ်အနေအထားတွေနဲ့ လိုက်လျောညီထွေစွာ စားသောက်နေထိုင်သင့်ပါတယ်။ အချို့ရောဂါတွေဆိုရင် ကိုယ်နဲ့တင်မပြီးဘဲ ကိုယ့်ရဲ့မျိုးဆက်တွေအထိပါ သက်ရောက်မှုရှိနိုင်ပါတယ်။**


ကျန်းမာရေးကို ထိခိုက်စေတဲ့ ဓာတုဗေဒပစ္စည်းတွေ မပါဝင်စေဖို့ အရေးကြီးပါတယ်။

**အခုခေတ်မှာ အစားအစာတွေမှာ ဓာတုဆေးဝါးတွေနဲ့ လူတွေရဲ့ မျက်စိပသာဒကို လှည့်စားနေကြတယ်။ အဲဒီလို အစားအသောက်တွေနဲ့ ပတ်သက်ပြီး အစ်မဘယ်လိုဆွေးနွေးချင်ပါသလဲ။**

ဓာတုဗေဒပစ္စည်းတွေကို အလွန်အကျွံမသုံးစွဲဖို့ အလွန်အရေးကြီးပါတယ်။ အစ်မတို့ဆိုင်မှာတော့ အဲဒါတွေကို အဓိကထားပြီးတော့ အစ်မတို့ဆိုင်တွေမှာ လာရောက်စားသုံးတဲ့ Customer တွေကို အစားအသောက်တွေ သန့်ရှင်းစေဖို့၊ အန္တရာယ်ကင်းရှင်းစေဖို့၊ ဝန်ဆောင်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ကိုယ့်ကျန်းမာရေးနဲ့ မသင့်တော်တဲ့ အစားအသောက်နေထိုင်မှုတွေကို သိထားသင့်၊ သတိပြုပြီး ရှောင်ကြဉ်သင့်ပါတယ်။ ကိုယ့်ရဲ့ ကျန်းမာရေးအခြေအနေ၊ အသက်အရွယ်

Asian Fame Media Group
MEDIA GROUP

အနေအထားတွေနဲ့ လိုက်လျောညီထွေစွာ စားသောက်နေထိုင်သင့်ပါတယ်။ အချို့ရောဂါတွေဆိုရင် ကိုယ်နဲ့တင်မပြီးဘဲ ကိုယ့်ရဲ့မျိုးဆက်တွေအထိပါ သက်ရောက်မှုရှိနိုင်ပါတယ်။ ဓာတုဗေဒပစ္စည်းတွေကို သုံးတယ်ဆိုတာကတော့ ဈေးနှုန်းသက်သာစေဖို့၊ အရသာပိုမိုကောင်းမွန်စေဖို့ ကြာရှည်ခံစေဖို့အပြင် လှစေဖို့ သုံးတာများပါတယ်။ အခုခေတ်မှာတော့ ဓာတုဗေဒပစ္စည်းတွေကို ကိုယ်သိတဲ့နေရာတွေမှာရော ကိုယ်မသိတဲ့နေရာတွေမှာပါ ရှောင်လွှဲဖို့ ခက်လောက်အောင် တော်တော်လေးကို တွေ့ရပါတယ်။ အစားအသောက် ထုတ်လုပ်ရောင်းချသူတွေအနေနဲ့လည်း စားသုံးသူတွေရဲ့ ကျန်းမာရေးကို ကြည့်ရှုပြီးတော့ အန္တရာယ်ဖြစ်စေမယ့် ထုပ်ပိုးရောင်းချမှုမျိုးတွေကို မပြုလုပ်သင့်ပါဘူး။ အဓိကကတော့ လတ်ဆတ်သန့်ရှင်းပြီး ကိုယ်နဲ့သင့်တော်မယ့် အစားအသောက်တွေကို နေ့စဉ်စားသောက်တတ်ဖို့ အလွန်အရေးကြီးပါတယ်။ သူများတွေကျတော့ စားလို့ရပေမယ့် ကိုယ်ကျတော့ စားလို့မသင့်တော်တဲ့ အစားအသောက်တွေလည်း ရှိပါတယ်။ ကျန်းမာရေး ဗဟုသုတရှိပြီး ကိုယ်ကိုယ်တိုင်ကလည်း လိုက်ပါ နေထိုင်တတ်ဖို့ အရေးကြီးပါတယ်။



**အစ်မတို့ရဲ့ Moon Bakery မှာ Korea အစားအသောက်တွေ တော်တော်များများ ရတာတွေ့ရပါတယ်။ Korea Menu တွေကို ဘယ်လိုကြောင့် ထည့်ပြီးစီမံဖြစ်ခဲ့တာပါလဲ။**

အစ်မတို့ဆိုင်တွေမှာ မြန်မာနိုင်ငံက Customer တွေနဲ့ အဆင်ပြေမယ့် Korea Menu တချို့ကို စီစဉ်ရောင်းချဖြစ်ပါတယ်။ Korea အစားအသောက်ပုံစံတွေ အများကြီးရှိပါတယ်။ Korea လူမျိုးတွေက အစားအသောက်နဲ့ ကျန်းမာရေးကို အထူးဂရုစိုက်ကြတာကိုလည်း လေ့လာသတိပြုမိခဲ့ပါတယ်။ အဲဒါကြောင့် သူတို့အစားအသောက်ပြုလုပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကိုလည်း အရည်အသွေးကောင်းမွန်တဲ့ ကုန်ကြမ်းတွေကိုပဲ အသုံးပြုထားပါတယ်။ အစ်မတို့ဆိုင်မှာ ရောင်းတဲ့ Korea Menu ရဲ့ လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းတွေကို Korea ကနေ တိုက်ရိုက်တင်သွင်းပြီး ပြုလုပ်ပါတယ်။ နီးစပ်ရာကုန်ကြမ်းပစ္စည်းတွေသုံးပြီး အရသာတူနိုင်အောင် ပြုလုပ်ခြင်းမျိုးလုံးဝမရှိပါဘူး။ အချို့ Korea အစားအသောက်တွေဆိုရင် မြန်မာလူမျိုးတွေရဲ့ ပါးစပ်နဲ့အတော်လေးကို အဆင်ပြေ၊ အကြိုက်တွေ့စရာတွေ ဖြစ်ပါတယ်။ ကင်မ်ချီ၊ ပဲခေါက်ဆွဲနဲ့ ကျောက်အိုးပူထမင်းတွေဆို မြန်မာလူမျိုးတွေ အကြိုက်တွေ့စေမယ့် အစပ်အရသာနဲ့ အတော်လေးကြိုက်ကြပါတယ်။

**အခုခေတ်မှာ လူတွေတော်တော်များများက Fast Food တွေကို Fashion တစ်ခု အနေနဲ့ စားသောက်လာကြတယ်။ အဲဒီအစားအစာတွေရဲ့ နောက်ဆက်တွဲတွေက ဘာတွေဖြစ်လာနိုင်လဲဆိုတာ အစ်မဆွေးနွေးပေးပါလား။**

Fast Food ဆိုတာကတော့ ဒီနေ့ခေတ်မှာ အတော်လေးကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လက်ခံစားသောက်တဲ့ ပုံစံတစ်ခု ဖြစ်နေပါပြီ။ Fast Food ဆိုင်တော်တော်များများဟာ ဈေးနှုန်းသင့်တင့်ခြင်း၊ ဝန်ဆောင်မှုမြန်ဆန်ခြင်း၊ သန့်ရှင်းသပ်ရပ်မှုရှိခြင်း၊ သွားရလာရလွယ်ကူတဲ့ နေရာများတွင်ရှိခြင်း၊ ခေတ်မီတဲ့ Design ပြင်ဆင်မှုတွေရှိခြင်းစတဲ့ အားသာချက်များ ရှိပါတယ်။ အဲဒီအချက်တွေကတော့ Fast Food ဆိုင်တွေရဲ့ အဓိကအောင်မြင်ရခြင်းရဲ့ အားသာချက်တွေ

ဖြစ်ပါတယ်။ အခြေအနေနဲ့ အချိန်အခါအရ ခေတ်ကတောင်းဆိုလာတဲ့အတွက် မြန်မာနိုင်ငံမှာလည်း Fast Food Shop တွေ ပိုမိုများပြားအောင်မြင်လာဖို့ရှိပါတယ်။

**နိုင်ငံတကာမှာ Fast Food စားသောက်မှုပုံစံနဲ့ ဒီမြန်မာပြည်က စားသုံးသူတွေရဲ့ ပုံစံမှာ ဘယ်လို ကွာခြားမှုတွေ ရှိပါသလဲ။**

နိုင်ငံတကာမှာတော့ Fast Food စားသောက်ဆိုင်တွေကို အကြောင်းအမျိုးမျိုးနဲ့ လာရောက်စားသောက်ကြပါတယ်။ တချို့ကျတော့ ဆိုင်က အစားအသောက်တွေကို ကြိုက်နှစ်သက်လို့ အစားစားဖို့အတွက် သီးသန့်လာကြတယ်။ တချို့ကျတော့ သူငယ်ချင်းတွေ တွေ့ဆုံကြဖို့ အလုပ်ကိစ္စတွေ ဆွေးနွေးကြဖို့ အချိန်မရတဲ့လူတွေကျတော့လည်း အမြန်စား၊ အမြန်ဝယ်ပေါ့လေ။ အကြောင်းအမျိုးမျိုးနဲ့ Fast Food ဆိုင်တွေကို ရောက်လာကြပါတယ်။ ဆိုင်တစ်ဆိုင်ချင်းစီရဲ့ ပြင်ဆင်ထားတဲ့ Design နဲ့ Concept တွေပေါ်မှာ မူတည်ပြီးတော့လည်း အဲဒီဆိုင်တွေမှာ ထိုင်ပြီး ကော်ဖီသောက်၊ စားသောက်ရတာတွေကလည်း Take Away လုပ်ပြီးတော့ စားသောက်ရတဲ့ ခံစားမှုအရသာကလည်း မတူညီပါဘူး။ မြန်မာနိုင်ငံမှာလည်း မြန်မာ့ရိုးရာ အစားအသောက်တွေအဖြစ် အပြောင်းအလဲအနေနဲ့ နိုင်ငံတကာပုံစံ Fast Food အစားအသောက်တွေကို အတော်လေး လက်ခံစားသောက်လာကြတာကို တွေ့ရပါတယ်။

**သတိထားမိသလောက် Moon Bakery ဆိုင်တွေက ဆိုင်အခင်းအကျင်းတွေက လူတွေကို ဆွဲဆောင်စေနိုင်တယ်။ အစ်မတို့ရဲ့ ဆိုင် Decoration ပိုင်းနဲ့ပတ်သက်ပြီး အစ်မဘယ်လိုတွေ စိတ်ကူးပြီး ဖန်တီးဖြစ်တာပါလဲ။**

ခေတ်ကတော့ အမြဲတမ်းပြောင်းနေတာပါပဲ။ အခုနောက်ပိုင်း နေရာတကာမှာ Design နဲ့ Decoration အပိုင်းကို အတော်လေး အလေးပေးထားတာကို တွေ့ရပါတယ်။ ကောင်းမွန်တဲ့ ပြောင်းလဲခြင်းတွေနဲ့ ခေတ်မီတဲ့ Design တွေကို လက်ခံတောင်းဆိုလာတဲ့အတွက် အစ်မတို့ကလည်း ကိုယ့်ဆိုင်တွေရဲ့ Design နဲ့ Decoration တွေကို ဂရုစိုက်ပြီးလုပ်ဖြစ်ပါတယ်။ ဆိုင်တစ်ဆိုင်ချင်းစီရဲ့ နေရာပေါ်မှာမူတည်ပြီး လမ်းမတန်းပေါ်က ဆိုင်ဆိုတစ်မျိုး၊ မြို့ထဲ လူစည်ကားတဲ့နေရာဆိုတစ်မျိုး၊ Shopping Center ထဲတွေဆိုရင်လည်း သူ့ area အကျယ်အဝန်းပေါ်လိုက်ပြီး ဖွင့်တဲ့နှစ်တွေမှာ ခေတ်စားတဲ့ Design တွေကို အခြေခံပြီး ကိုယ့်ဆိုင်တွေရဲ့ Concept လေးတွေထားပြီး ဆိုင်တွေကို ပြင်ဖြစ်ပါတယ်။ Decoration အပိုင်းကို အလေးထားဆောင်ရွက်ဖြစ်တယ်။ နေရာအကျယ်အဝန်း၊ နေရာတွေပေါ်မှာ ဆိုင်ရဲ့ Menu တွေကိုလည်း စဉ်းစားပြီး ထည့်ဖြစ်ပါ








တယ်။ အခု အစ်မတို့ 28, April, 2013 မှာ ဖွင့်ဖြစ်တဲ့ ပြည်လမ်းမပေါ်က Moon Bakery ဆိုင်မှာ ဆိုရင် Chinese Menu ၊ Korea Menu၊ ရှမ်းအစားအစာ၊ ကော်ဖီနဲ့ အအေးအမျိုးအစားစုံလင်စွာ ထားရှိပါတယ်။ တခြား Menu အသစ်တွေကိုလည်း ထည့်သွင်းရောင်းချပါတယ်။ တော်ဝင်စင်တာမှာ ဖွင့်လှစ်ခဲ့တဲ့ Menu တွေကိုလည်း Customer တွေ အကြိုက်တွေ့ကြတာကို မြင်တွေ့ခဲ့ရပါတယ်။

**အခုဆိုရင် အစ်မတို့ဆိုင်က ဆိုင်ခွဲတွေ အများကြီးရှိနေပြီနော်။ ဒီလိုလုပ်ငန်းအောင်မြင်မှုရအောင် အစ်မအနေနဲ့ ဘယ်လိုကြိုးစားခဲ့ရပါသလဲ။**

အစ်မတို့ဖွင့်လှစ်ခဲ့တဲ့ ဆိုင်ခွဲတွေ အနေအထားအရ၊ ဖွင့်လှစ်ခဲ့တဲ့နှစ်တွေအရ အဆင်မပြေမှုအခက်အခဲတွေက အနည်းနဲ့အများ ကြုံတွေ့ခဲ့ရပါတယ်။ အဓိကကတော့ ကိုယ့်ရဲ့ စီမံခန့်ခွဲအုပ်ချုပ်မှုနဲ့ ဆိုင်တွေမှာ စိတ်ထားကောင်းမွန်ပြီး စည်းကမ်းလိုက်နာ၊ အထက်လူကြီးရဲ့ ပြောဆိုဆုံးမသွန်သင်မှုတွေကို နာခံလက်ခံတတ်ပြီး သူနေရာနှင့်သူ အရည်အချင်းပြည့်မီတဲ့ ဝန်ထမ်းတွေ ရှိဖို့လိုအပ်ပါတယ်။ အစ်မတို့ဆိုင်တွေမှာ ဝန်ထမ်း

Asian Fame Media Group

တွေကို မိသားစုပုံစံမျိုးနဲ့ပဲ သူတို့ရဲ့ အခက်အခဲတွေရှိတဲ့အခါ တတ်နိုင်တဲ့ဘက်က ကူညီဖြေရှင်းပေးပါတယ်။ သူတို့တွေရဲ့ လိုအပ်မှုတွေကိုလည်း အမြဲတစေကြည့်ရှုပြီး ဖြည့်ဆည်းပေးတဲ့အခါမျိုးတွေရှိသလို ကျန်းမာရေး ပြဿနာတွေ ကြုံလာရင်လည်း ဆေးကုသပေးတာမျိုးတွေစသဖြင့် ဆောင်ရွက်ပေးပြီး ဝန်ထမ်းနဲ့ အလုပ်ရှင်ကြား ကောင်းမွန်တဲ့ဆက်ဆံရေးရှိပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စေတနာထားတတ်ပြီး ကြိုးစားအားထုတ်မှုတွေရှိအောင်လည်း အမြဲ လုပ်ဆောင်ပါတယ်။

**Service ပေးရတဲ့ လုပ်ငန်းတွေရဲ့အသက်က ဝန်ထမ်းတွေရဲ့ အရည်အချင်းပေါ်မှာ တည်နေတယ်လို့ ပြောကြတယ်။ အစ်မတို့ဆိုင်က ဝန်ထမ်းတွေရဲ့ အရည်အချင်းအတွက် ဘယ်လို လေ့ကျင့်ပေးပါသလဲ။**

အစ်မတို့ဆီမှာ ဝန်ထမ်းတွေ ရွေးချယ်ရင် များသောအားဖြင့်တော့ အစ်မတို့ဆီက ဝန်ထမ်းအချင်းချင်းကပဲ သူတို့နဲ့သိတဲ့သူတွေကို ခေါ်လာပေးတာ၊ တစ်ခါတလေတော့လည်း ဂျာနယ်တွေကတစ်ဆင့် ခေါ်တယ်။ အစ်မတို့ဆီမှာ HR မန်နေဂျာက ရွေးတယ်။ အလုပ်သမားနဲ့ အစ်မတို့ကြားမှာ ရပိုင်ခွင့်တွေ စည်းကမ်းတွေကို အတည်ပြုပြီးရင် အစ်မတို့က တစ်လအစမ်းခန့် ခန့်တယ်။ အဲဒီတစ်လအတွင်းမှာ သူ့ဘက်က စည်းကမ်းဖောက်ရင်ပဲဖြစ်ဖြစ်၊ တာဝန်မကျေရင်ဘဲ ဖြစ်ဖြစ် အစ်မတို့က ထုတ်လို့ ရသလို သူ့ဘက်ကလည်း ဒီက စည်းကမ်းကို သဘောမတူတာမျိုး၊ သူ့ရပိုင်ခွင့်ကို မကျေနပ်ရင်ဘဲဖြစ်ဖြစ် ကိုယ်တိုင်ထွက်လို့ရတယ်။ တစ်လအတွင်းမှာတော့ သူ Training ဆင်းနေတဲ့ဆိုင်က မန်နေဂျာက သူ့ကို အစစ အရာရာသင်ပေးတယ်။ Customer တွေနဲ့ ဆက်ဆံရေးတို့၊ Menu တွေရဲ့ အခေါ်အဝေါ်တို့ အားလုံးသင်ပေးတယ်။ ဟင်းပွဲတွေ Menu တွေကိုလည်း ကျွေးပြီး အရသာတွေ၊ ပါဝင်ပစ္စည်းတွေကို သင်ပေးတယ်။ ဒါမှပဲ Customer က မေးလာခဲ့ရင် သူက ဖြေနိုင်မှာပေါ့။ လုပ်သက်အကြာကြီးရှိတဲ့ ဝန်ထမ်းတွေ အစ်မတို့ဆီမှာ အများကြီးပါ။ အစ်မတို့က နေစရိတ်၊ စားစရိတ် တာဝန်ယူပါတယ်။ တချို့အချိန် နှစ်ပိုင်းရှိတဲ့ ဆိုင်တွေကျတော့ စားစရိတ် မပါဘူးပေါ့။ အစ်မတို့ကတော့ ဝန်ထမ်းတိုင်းကို မိသားစုလို သဘောထားပြီး ဆက်ဆံတာပေါ့။

**စားသောက်ကုန်ရောင်းသူတွေမှာ တခြားလုပ်ငန်းလုပ်သူတွေနဲ့ မတူနိုင်တာက စေတနာဆိုတာကို အရင်းခံပြီး လုပ်ရမလားလို့ပါ။ အစ်မအနေနဲ့ လက်ခံပါသလား။**

အစ်မတို့အနေနဲ့ Moon Bakery ဆိုင်တွေ ဆက်ပြီးဖွင့်လှစ်နိုင်တာ Customer တွေရဲ့ အားပေးမှုကြောင့်ပဲ ဖြစ်ပါတယ်။ လာရောက်အားပေးတဲ့ Customer တွေအတွက် ကိုယ့်ဆိုင်ရဲ့ လိုအပ်ချက်၊ ဝန်ဆောင်မှုနဲ့ အရသာကောင်းမွန်မှုရှိအောင် စေတနာထားပြီး အမြဲကြိုးစားနေပါတယ်။ Moon Bakery ရဲ့ ဆိုင်ခွဲတွေကို အားပေးနေတဲ့ Customer တွေကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**အစ်မက စီးပွားရေးလုပ်နေတော့ မိခင်ဝတ္တရားမှာ အားနည်းသွားတာမျိုး ဖြစ်ဖူးပါသလား။**

အစ်မမှာ သားနှစ်ယောက်ရှိတယ်။ သားကြီးက ၁၃ နှစ်၊ Grade (6) တက်နေပြီ။ သားငယ်လေးက ၇ နှစ်၊ Grade (1) တက်နေတယ်။ ISY(International School Yangon) မှာ တက်ကြတာ။ အစ်မက တတ်နိုင်သလောက်တော့ သားတွေရဲ့ ကိစ္စတွေကို မလစ်ဟင်းအောင် အစ်မကိုယ်တိုင် စီစဉ်တယ်။ သူတို့ရဲ့အစားအသောက်က အစပေါ့။ သူတို့ရဲ့ လူမှုရေးကိစ္စတွေ၊ ကျောင်းကိစ္စတွေကအစ အစ်မက အလေးထားပြီး စီစဉ်ပေးတယ်။ အစ်မက ခရီးသွားရရင်တောင် ကျောင်းတက်ဖို့အတွက် အဝတ်အစားကအစ လိုအပ်တာတွေကို သေချာစီစဉ်ပေးခဲ့တာ။ နေ့အလိုက်ဝတ်ရမယ့်အရာတွေကို သေချာထားပေးခဲ့တာ။ အလုပ်မှာတော့ အစ်မက Finance ပိုင်းနဲ့ Admin ပိုင်းကို တာဝန်ယူပြီး လုပ်တယ်။ တတ်နိုင်သလောက် စနေ၊ တနင်္ဂနွေ ဆိုရင် ဆိုင်တွေကို လှည့်ပြီးသွားဖြစ်တယ်။ ဝန်ထမ်းတွေနဲ့ Customer တွေရဲ့ ဆက်ဆံရေးတို့၊ ဆိုင်က အစားအသောက်ရဲ့ အရသာအပေါ် Customer တွေက နှစ်သက်မှုရှိ မရှိတို့ကို လိုက်လေ့လာတယ်။ အဲဒီလိုတွေ အစ်မက တတ်နိုင်သလောက်တော့ အလုပ်အတွက်ရော သားတို့အပေါ်မှာရော အမျိုးသားအတွက်ပါ မလစ်ဟင်းအောင် ဂရုစိုက်ပြီး တာဝန်ယူတယ်။

**အစ်မက အလုပ်တွေများပေမယ့် အမြဲကြော့ရှင်းပြီးလှနေတော့ ကိုယ့်ရဲ့ကျန်းမာရေးနဲ့ အလှအပအတွက်ရော အစ်မ ဘယ်လိုဂရုစိုက်ဖြစ်ပါသလဲ။**

အစ်မက အလှအရမ်းကြိုက်တယ်။ အရင်တုန်းက သားတို့မွေးပြီးစအချိန်တုန်းက အစ်မဝခဲ့တယ်။ နောက်ပိုင်း အသက် ၄၀ နားရောက်လာတော့ လှချင်လာတယ်ပြောရမယ်။ အဝတ်အစားတွေ တော်တော်များများက ဝရင်ဝတ်လို့မလှဘူး၊ ကိုယ်ကလည်း ဝတ်ချင်တာလေး ဝတ်ရအောင်ဆိုပြီး ဝိတ်လျှော့ ဖြစ်တယ်၊ ဝိတ်လျှော့တော့လည်း ဆရာဝန်နဲ့သေချာတိုင်ပင်ပြီးမှ Diet လုပ်ဖြစ်တာပါ။ အစ်မတို့က ဝတဲ့မျိုးရိုးရှိတော့ ပိုပြီးဆင်ခြင်ရတယ်။ အစ်မက ညစာမစားတာ များတယ်။ မဖြစ်မနေ ညနေပိုင်း ဧည့်ခံပွဲတွေ သွားခဲ့ရင်တော့ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်ပဲ စားတယ်။ ညစာမစားတာ ၂ နှစ် လောက်ရှိပြီ။ Skin Care လည်း အစ်မဂရုစိုက်ပြီး လုပ်တယ်။ မိတ်ကပ်လိမ်းထားရင် သေချာဖျက်တယ်၊ ညဘက်လိမ်းရမယ့် Skin Care Set ဆိုလည်း အစ်မ သေချာဂရုစိုက်ပြီး လိမ်းတယ်။ အရင်တုန်းကတော့ မလုပ်ဖြစ်ဘူး။ ၃၅ နှစ်ကျော်လာတော့ မလုပ်လို့မရတော့ဘူး၊ အစ်မခရီးသွားတဲ့အခါ ကိုယ့်အသားအရေ အသက်အရွယ်နဲ့ လိုက်မယ့် Skin Care ပစ္စည်းတွေကို သေချာရွေးဝယ်တယ်။ နောက်ပြီး တစ်ပတ်ကို ၂ ရက် Yoga ကစားတယ်။ Yoga ကတော့ အခုမှ စကစားဖြစ်တာပါ။ အစ်မက ဝိတ်ကို ၁၀၀ နဲ့ ၁၁၅ ကြားပဲ ရှိအောင် ထိန်းထားတယ်။ ဒါက လည်း လှဖို့ထက် ကျန်းမာရေးအရလည်း ဝရင် ရောဂါက အလွယ်တကူဝင်လာတယ်။ ဒါကြောင့် အဝမခံဘူး။

**ရှေ့ဆက်ပြီး လုပ်ငန်းတွေကို ဘယ်လိုတိုးချဲ့သွားဖို့ အစီအစဉ်ရှိပါသလဲ။**

အစ်မတို့ Moon Bakery ရဲ့ခြေလှမ်းသစ်တစ်ခုအနေနဲ့ Korea နိုင်ငံ Lotte Company ရဲ့ စီးပွားရေးလုပ်ငန်းတွေထဲက လုပ်ငန်းတစ်ခုဖြစ်တဲ့ Lotteria ကို Master Franchise အနေနဲ့ ရယူထားပြီး ဖြစ်ပါတယ်။ Lotteria က Korea နိုင်ငံနဲ့ Asia ရဲ့ No.1 Quick Service Restaurant အမျိုးအစားဖြစ်ပါတယ်။ Hamburgers မျိုးစုံ၊ Fried Chickens၊ Ice-cream နဲ့ Beverages များကို ရောင်းချပေး လျက်ရှိပါတယ်။ ပထမဦးဆုံး ဆိုင်အနေနှင့် ၁၂. ၄. ၂၀၁၃ ရက်နေ့မှာ Junction Square Shopping Centre မှာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး QSR အနေနဲ့ ဖွင့်လှစ်ရောင်းချလျက် ရှိပါတယ်။ အခုဆိုရင် Moon Bakery ဆိုင်ခွဲ တွေအပြင် Lotteria ရဲ့ ဒုတိယမြောက်ဆိုင်ကို အမြန်ဆုံးဖွင့်လှစ်နိုင်ဖို့ ပြင်ဆင်နေပါပြီ။

**ဖြိုးစုပိုပို**

## အမှားပြင်ဆင်ချက်

ရတီမဂ္ဂဇင်း June လထုတ်တွင် ဖော်ပြခဲ့သော Beyond The Women ကဏ္ဍ၏ သီရိသုဓမ္မသိင်္ဂီဒေါက်တာမြသီတာဆွေတင် အင်တာဗျူးဆောင်းပါး၌ စာမျက်နှာ ၁၀၃ ပထမကော်လံ မေးခွန်း၏ အဖြေ ၄ ကြောင်းမြောက်တွင် ပါခဲ့သော "၁၉၉၅ ခုနှစ် ဒီဇင်ဘာမှာပဲ အစ်မအမျိုးသား သွေးကင်ဆာရောဂါနဲ့ ဒီလောကထဲက ထွက်သွားပြန်တယ်" အစား "၂၀၀၇ ခုနှစ် ဒီဇင်ဘာမှာပဲ အစ်မအမျိုးသားသွေးကင်ဆာ ရောဂါနဲ့ ဒီလောကထဲက ထွက်သွားပြန်တယ်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

Asian Fame Media Group
MEDIA GROUP



# သူပြောသော သူ့အကြောင်း

## Su Pan Htwar

Arranged by Thida Soe, **Photo** - Ko Naing (Popular), **Location** - Music Box

Asian Fame Media Group

**ပျော်ရွှင်မှုကို ဖန်တီးပေးတဲ့အရာ**

ပန်ပန်ကတော့ အမြဲတမ်း ပျော်ပျော်နေတတ်တယ်။ စိတ်ညစ်စရာတွေကို သိပ်မစဉ်းစားဘူး။ အနုပညာညီအစ်ကို မောင်နှမတွေနဲ့ တွေ့ရင်လည်း ရယ်စရာတွေပြောမယ်။ အနုပညာ မောင်နှမအချင်းချင်း ပွင့်ပွင့်လင်းလင်း ပြောတယ်။ ပန်ပန်က ဟန်မဆောင်တတ်ဘူး။ အိမ်က မိသားစုတွေနဲ့လည်း တစ်ယောက်နဲ့ တစ်ယောက် စနောက်ပြီး နေဖြစ်တယ်။ အဓိက ကတော့ ပျော်ရွှင်အောင်လုပ်တာလည်း ကိုယ်ကိုယ်တိုင်ပဲ၊ စိတ်ညစ်အောင် လုပ်တာလည်း ကိုယ်ကိုယ်တိုင်ပဲလေ။ ပန်ပန်ရဲ့ Life မှာတော့ စိတ်ချမ်းသာအောင် နေပါတယ်။



**သည်းခံမပေးနိုင်တဲ့ လုပ်ရပ်**

အများကြီး ရှိတာပေါ့။ လူတွေဆိုတာက တစ်ယောက်နဲ့တစ်ယောက် စိတ်ဓာတ်ချင်း မတူဘူး။ ကာရိုက်တာချင်း မတူဘူး၊ ခံယူချက်ချင်းလည်း မတူဘူးလေ။ ကိုယ်က သူများကို စိတ်ဆိုးအောင်မလုပ်ပေမယ့် အလိုလိုနေရင်းနဲ့ ကိုယ့်ကို မနာလိုဖြစ်ပြီးတော့ စိတ်ဆိုးအောင် လာလုပ်တဲ့ လူတွေလည်း ရှိတတ်တယ်။ ဒါပေမဲ့ ပန်ပန်က သည်းခံတာ များပါတယ်၊ သည်းခံနိုင်တာထက် ကျော်သွားရင်တော့ ပန်ပန်က သည်းမခံနိုင်တော့ဘူး။

မဟုတ်ရင်လည်း ငြိမ်ပြီး မနေတတ်ဘူး။ ပန်ပန်နဲ့ ပတ်သက်တဲ့လူတွေအားလုံးကို အတတ်နိုင်ဆုံးသည်းခံပြီး နေပါတယ်။ ပန်ပန် သည်းမခံနိုင်တဲ့လူဆိုရင်တော့ အဲဒီလူက ပန်ပန်အပေါ်မှာ အရမ်းမှားသွားခဲ့လို့ပဲ။

**ဘဝရဲ့နောက်ဆုံးအချိန်အထိ မဖြစ်မနေ လုပ်သွားမယ်ဆိုတဲ့ ကိစ္စ**

လူဆိုတာ ဖြစ်ချင်တိုင်း မဖြစ်ဘူးလေ။ ပန်ပန်ကတော့ အဝေးကြီးကို မတွေးထားဘူး။ ပန်ပန်ရဲ့စိတ်က ဒီနေ့ဒီအချိန်မှာပဲ ရှိတယ်။ ဒီနေ့ ဒီအချိန်လေးမှာ ဘာလုပ်သင့်လဲဆိုတာကိုပဲ တွေးတယ်။ ပြီးခဲ့တာတွေကို စဉ်းစားပြီး နောင်တရနေမယ့် လူမျိုးထဲမှာ ပန်ပန်မပါဘူး။ ပန်ပန်စိတ်ထဲမှာ အမြဲတမ်း ပစ္စုပ္ပန်ကာလလေးကိုပဲ စဉ်းစားတယ်။ အလွန်ဆုံးစဉ်းစားရင်တောင် မနက်ဖြန်လောက်ထိပဲ စဉ်းစားတယ်။




ပန်ပန်ရှာထားတဲ့ ပိုက်ဆံတွေထဲက
ဘုရားကို လှူဖို့ဖယ်ထားတဲ့
ပိုက်ဆံလေးတွေ ပန်ပန်မှာရှိတယ်။
ကိုယ်လှူနိုင်မယ့် နေရာလေးတွေမှာ
ကတ်နိုင်သလောက် လှူတယ်။
ပန်ပန်ရဲ့ မိသားစုမှာ ဘယ်သူဘာလိုနေသလဲ
ဆိုတာကို ကြည့်ပြီး ဖြည့်ပေးတယ်။

## နိစ္စဓူဝအလုပ်တွေထဲမှာ နေ့တိုင်းလုပ်ဖြစ်နေတဲ့ ကိစ္စ

မိုးလင်းကနေ မိုးချုပ်အထိ နေ့စဉ်နဲ့အမျှ အနုပညာအလုပ်နဲ့ပဲ အချိန်ကုန်နေခဲ့တာလေ။ မနက်မိုးလင်းတာနဲ့ ထွက်လိုက်တာ ညမိုးချုပ်မှ ပြန်ရောက်တယ်။ သရုပ်ဆောင်ဘက်ရော၊ အဆိုဘက်ရောလုပ်လာတဲ့အတွက် အလုပ်နှစ်ခုဆိုတော့ ပန်ပန့်ပိုပင်ပန်းတာပေါ့နော်။ အဲဒါကြောင့် ဒီအနုပညာအလုပ်နဲ့ပဲ အချိန်ကုန်ပြီး နိစ္စဓူဝလုပ်ဖြစ်နေတာပေါ့။

## သရုပ်ဆောင်အလုပ်နဲ့ ဂီတအလုပ်ရဲ့ ကွာခြားချက်

ပန်ပန် ၁၀ တန်းအောင်ပြီးတဲ့အချိန်မှာ ပထမဆုံးစလုပ်ဖြစ်တာက အဆိုပိုင်းကို စလုပ်ဖြစ်ခဲ့တာပါ။ Sony ကာရာအိုကေပြိုင်ပွဲတွေလည်း ဝင်ပြိုင်ဖြစ်ခဲ့တယ်။ ပြိုင်တဲ့သီချင်းလေးတွေကို VCD ရိုက်ရင်းနဲ့ ပန်ပန်သရုပ်ဆောင်ဘက်ကို ရောက်သွားခဲ့တယ်။ ကွာခြားချက်ကတော့ နှစ်ခုစလုံးက အနုပညာနဲ့ပတ်သက်တာဖြစ်တဲ့အတွက် သွားပုံချင်းသာ မတူတာပါ။ လုပ်ရတဲ့ ကြုံတွေ့ရတဲ့ ပုံစံက သိပ်မကွာခြားပါဘူး။

## ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလို နေရာတွေမှာ များများသုံးဖြစ်တယ်

ပန်ပန်ရှာသမျှ ပိုက်ဆံတိုင်းကို အမြဲတမ်း ၁၀ ပုံ ၁ ပုံဖယ်တယ်။ ပန်ပန်ရှာထားတဲ့ ပိုက်ဆံတွေထဲက ဘုရားကို လှူဖို့ဖယ်ထားတဲ့ ပိုက်ဆံလေးတွေ ပန်ပန်မှာရှိတယ်။ ကိုယ်လှူနိုင်မယ့် နေရာလေးတွေမှာ တတ်နိုင်သလောက် လှူတယ်။ ပန်ပန်ရဲ့ မိသားစုမှာ ဘယ်သူဘာလိုနေသလဲဆိုတာကိုကြည့်ပြီး ဖြည့်ပေးတယ်။ ပန်ပန်ရဲ့ မိသားစုမှာဆိုရင်လည်း အမေဘာလိုလဲ၊ အစ်ကို၊ အစ်မတွေဘာလိုလဲ၊ တူတွေ၊ တူမတွေ ကျောင်းတက်တဲ့ ကျောင်းစရိတ် ဘာလိုမလဲဆိုပြီး လတိုင်း လတိုင်း တတ်နိုင်သလောက် ပန်ပန်ဘက်က ကူညီပေးတယ်။ ဒါတွေကလည်း လှူခြင်းတစ်မျိုးပဲပေါ့နော်။

## ပရိသတ်နဲ့ ကိုယ်နဲ့ တစ်သားတည်းဖြစ်သွား ခဲ့တဲ့ အောင်မြင်မှု

ပန်ပန်အနုပညာလောကထဲမှာ ၁၀ စုနှစ်ကျော်သည်အထိ လုပ်လာတဲ့တောက်လျှောက်မှာ ပန်ပန်ကို ပရိသတ်က အခုအထိ ခေါ်နေတဲ့ 'လှထုံ လှထုံ' ဆိုတဲ့ နာမည်လေးကတော့ ပရိသတ်နဲ့ တစ်သားတည်း ဖြစ်ခဲ့တာပေါ့နော်။ ပန်ပန်ကို ပရိသတ်က 'လှထုံ' အနေနဲ့ချစ်ပြီး အသိအမှတ်ပြုပေးတဲ့အတွက် ပန်ပန်က ကျေးဇူးအများကြီးတင်ပါတယ်။ အဆိုဘက်ပိုင်းမှာကျတော့ ပန်ပန်ရဲ့တစ်ကိုယ်တော်အခွေထဲက 'ပင်လယ်နဲ့ကောင်းကင်' ဆိုတဲ့ သီချင်းလေးကို ပန်ပန်စင်ပေါ်တက်တိုင်း ပရိသတ်က အမြဲတောင်းတဲ့ သီချင်းလေးပါ။ ပြီးတော့ အဲဒီသီချင်းလေးဆိုတိုင်း လက်ခုပ်သံတွေကို အကျယ်ကြီး ပန်ပန်ကြားရတယ်။ ပရိသတ်က ပန်ပန်ကို အသိအမှတ်ပြုပေးထားတာပေါ့နော်။



Asian Prime Media Group

## ဘဝတစ်လျှောက်လုံးမှာ အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်

အများကြီးရှိပါတယ်။ ကိုယ့်ရဲ့မိဘတွေလည်း ပါမယ်၊ ကိုယ့်ရဲ့ ဆရာသမားတွေလည်း ပါမယ်။ ပန်ပန်ကတော့ ကောင်းတဲ့လူတွေဆီကနေ ကောင်းတဲ့အရာတွေအားလုံးကို အတုယူပါတယ်။

## တစ်ချိန်မှာ ကိုယ့်သမိုင်းကြောင်းကို ဒီလို ပြောပြီး ကျန်ခဲ့စေချင်တယ်

အဲဒါကတော့ ပန်ပန်ရဲ့ လုပ်ဆောင်မှုအပေါ်မှာ မူတည်တာပေါ့နော်။ ပန်ပန်ကတော့ အခုအချိန်အထိ အနုပညာလမ်းကြောင်းပေါ်မှာ ရိုးရိုးသားသား မှန်မှန်ကန်ကန်နဲ့ အကောင်းဆုံးဖြစ်အောင် အားသွန်ခွန်စိုက် ငွေမလျှော့ဘဲနဲ့ ကြိုးစားနေပါတယ်။

## ဝမ်းအနည်းရဆုံး ဖြစ်ရပ်တစ်ခု

ပန်ပန်ရဲ့ဖေဖေဆုံးတဲ့ အချိန်ကတော့ ပန်ပန်ရဲ့ Life အတွက် ဝမ်းအနည်းရဆုံး အချိန်ပေါ့နော်။ ပန်ပန်ရဲ့ ဖေဖေဆုံးတာ အခုဆို ၉ နှစ်ရှိပါပြီ။

**သီတာစိုး**

# Equitable Price

**Lakme 9 to 5**
**Flawless Creme Compact**
**16500 Ks**

အောက်ခံဖောင်ဒေးရှင်း အသုံးပြုရန်မလိုသော Cre'me Compact အမျိုးအစားဖြစ်သည်။ မိမိ၏မျက်နှာပေါ်တွင် ၈ နာရီကြာ အရေးကြောင်းများကို ဖျောက်ပေးနိုင်သော အစွမ်းပါရှိပါသည်။









**Lakme All Over Shimmer Gloss**
**9600 Ks**

ပါးနီအဖြစ် အသုံးပြုရသော Cream type အမျိုးစားဖြစ်ပါသည်။ သင်၏မျက်နှာပေါ်တွင် cream ကို အနည်းငယ်လိမ်းပြီး blush ဖြင့်ခြယ်ကာအသုံးပြုနိုင်သည်။



**Lakme Enrich**
**Lip Color(4.4ml)**
**5900 Ks**

Vitamin E ကြွယ်ဝစွာပါဝင်သည့် နှုတ်ခမ်းဆိုးဆေးဖြစ်ပြီး စတော်ဘယ်ရီ၊ စပျစ်၊ မက်မွန်သီးတို့ ပါဝင်သည့်အတွက် နှုတ်ခမ်းသားအား နူးညံ့၍ စိုပြည်နေစေရန် အားဖြည့်ပေးပါသည်။ ရွေးချယ်စရာအရောင် (၅၀) ရောင်ရှိပါတယ်။




**Lakme Peach &**
**Plum Daily Glow Moisturizer**
**with Sun screen**
**4050 Ks**

Peaches and Plums တို့ရဲ့ အစက်တိုင်းဟာ သင့်ရဲ့ အသားအရေကို သဘာဝအတိုင်း ပြန်လည်ဆန်းသစ်တောက်ပစေပြီး ၁၂ နာရီကြာ အသားအရေ၏ အစိုဓာတ်ကိုလည်း ထိန်းသိမ်း ပေးထားပါသည်။ ထို့အပြင် Sunscreen ပါဝင်သည့်အတွက် နေရောင်ခြည်ဒဏ်ကိုလည်း ကာကွယ်ပေးပါသည်။ နုပျိုခြင်းနှင့်အတူ နူးညံ့စိုပြည်ဆန်းသစ်ခြင်းကို ပြန်လည်ရရှိစေပါလိမ့်မည်။







**Lakme Forever Silk**
**Eye Liner**
**7800 Ks**

ရေစိုခံပြီး နူးညံ့သော မျက်လုံးဆွဲခဲတံဖြစ်ပါတယ်။ အသားအရေကို ထိခိုက်မှုမရှိအောင် စမ်းသပ်ထုတ်လုပ်ထားပြီး တာရှည်ခံသော မျက်လုံးဆွဲခဲတံဖြစ်ပါတယ်။

Asian Fame Media Group





**Lakme Invisible Finish Foundation**
**6800 Ks**

မျက်နှာပေါ်ရှိ အပြစ်အနာအဆာများကို ဖုံးအုပ်ပေးပြီး သင်၏ သဘာဝအသားအရောင်နှင့် လိုက်ဖက်စေပါတယ်။ ရေဓာတ်ကို အခြေခံ ထုတ်လုပ်ထားပြီး လိမ်းခြယ်သည့်အခါ ချောမွတ်သော အသားအရောင်ကို ရရှိစေပါသည်။ ထို့အပြင် (SPF -8)ဆ ပါဝင်သည့်အတွက် သင်၏ အသားအရေအား နေရောင်ခြည်ကြောင့် ဖြစ်ပေါ်တတ်သော အသားအရေ ညစ်မှုကို ကာကွယ်ပေးပါသည်။ မိမိအသားအရေနှင့် လိုက်ဖက်သော ရွေးချယ်စရာ အရောင်(၆)မျိုးရှိပြီး မြန်မာပြည်၏ ရာသီဥတု၊ မြန်မာတို့၏ အသားအရေနှင့် အထူး သင့်တော်ပါသည်။






**Lakme Cheek Artist**
**17000 Ks**

မျက်နှာပြင်ကို ခြယ်သပြီးပါက သင်၏ပါးရိုးပေါ်တွင် လိမ်းခြယ်ရသော ကြွေပါသည့် ပါးနီအမျိုးအစားဖြစ်သည်။

**Lakme True Wear Nail Color (9ml)**
**2450 Ks**

တာရှည်ခံပြီး ကြွေပါသည့် လက်သည်းဆိုးဆေး ဖြစ်ပါတယ်။ လက်သည်း ခြေသည်းများအား သန့်ရှင်းမှုကို ပေးစွမ်းနိုင်ပါတယ်။ လက်သည်း ခြေသည်းဝါခြင်းများ မရှိပါ။ ရွေးချယ်စရာ အရောင် (၅၇) ရောင် ရှိပါတယ်။






**Lakme Honey & Avocado Winter Perfect Day Lotion with SPF**
**4050 Ks**

Honey & Avocado ဖြည့်စွက်ပါဝင်ခြင်းကြောင့် ၁၂ နာရီကြာ အရေပြား၏အတွင်းပိုင်းအထိ အစိုဓာတ်ကိုထိန်းသိမ်းထားနိုင်သည့် အတွက် သင့်ရဲ့ အသားအရေကို နူးညံ့စိုပြည်စေပါသည်၊ ထို့အပြင် SPF ပါဝင်သည့်အတွက် နေရောင်ခြည်မှ UV rays ဒဏ်ကိုလည်း ကာကွယ်ပေးပါသည်။ သင့်အတွက် တစ်နေ့တာ စိုပြည်လန်းဆန်းမှုကို ပေးစွမ်းပါလိမ့်မည်။ (Available in 55 ml, 100 ml, 200 ml)

MODEL : KYAL SIN LINE/ MAKE-UP : KYU KYU (09-420038313)
PHOTO : KO NAING (POPULAR)/ SPONSER : BANGKOK FASHION
COMSMITIC : LAKME COMSMITIC/ ARRANGE BY MOE THAUK KYAL





# Equitable Price

MODEL: LA PAYAE / PHOTO : MIN YAN NAING
SPONSER : BAWANG
ARRANGE : MOE THAUK KYAL

### ဆံပင်ကျွတ်သက်သာပြီး ဆံပင်ပြန်ပေါက်စေသော ခေါင်းလျှော်ရည်

Anti-hair Fall Shampoo(Professional Pack)

12,500 Ks

Chinese Arborvitae Leaf, Ginseng, Gingeer, Aloe Vera တို့နှင့်အတူ နာမည်ကျော် တန်ဖိုးကြီး တိုင်းရင်းဆေးဖက်ဝင် သစ်ဥ၊ သစ်မြစ်များဖြင့် ဖော်စပ်ထားပါတယ်။ ဦးရေပြားကို အေးမြစေပြီး ဆံပင်ကို အရင်းမှအဖျားထိ ကျန်းမာသန်စွမ်းပြီး ဆံသားကျွတ်ခြင်းမှ ကာကွယ်ပေးသည့်အပြင် ပြန်လည်ပေါက်စေပြီး ဆံသားများ ထူထဲလှပလာစေလို့ မယုံကြည်နိုင်လောက်သော အကျိုးအာနိသင်ကို ရရှိစေနိုင်ပါသည်။






### ဆံသားနက်မှောင် ပျော့ပျောင်းစေသော ဆံပင်ပေါင်းဆေး

Polygonum Strengthening & Darkening Hair Mask

2300 Ks



နာမည်ကျော်တန်ဖိုးကြီး တိုင်းရင်းဆေးဖက်ဝင် ပစ္စည်းများဖြင့် ဖော်စပ်ထားပြီး ဦးရေပြားကို အေးမြစေခြင်း၊ ဆံပင်ပျက်စီးခြင်း၊ ဖြူခြင်း၊ ဝါခြင်းကို ပြန်လည်ကောင်းမွန်အောင် ပြုပြင်ပေးကာ ဆံပင်ကို အရင်းမှ အဖျားအထိ သန်စွမ်းနက်မှောင် တောက်ပြောင်၍ကျန်းမာသန်စွမ်းတဲ့ ဆံကေသာကို ရရှိစေပါသည်။



### ပျက်စီးနေသော ဆံပင်များကို ပြန်လည်ကောင်းမွန်စေသော ဆံပင်ပေါင်းဆေး

Nourishing & Darkening Natural Hair Mask

2400 Ks



တန်ဖိုးကြီးတိုင်းရင်းဆေးဖက်ဝင် သစ်ဥ၊ သစ်မြစ်များဖြင့် ဖော်စပ်ထားသည့်အတွက်ကြောင့် ဦးရေပြားကို အေးမြစေပြီး ဆံပင်ရှုပ်ခြင်း၊နှစ်ခွဖြစ်ခြင်း၊ ပျက်စီးခြင်း၊ ခြောက်သွေ့ခြင်း၊ ဆံပင်ကောက်ခြင်း၊ဖြောင့်ခြင်း၊ ဆေးဆိုးခြင်းတို့ကြောင့် ပျက်စီးသွားသော ဆံပင်များကို ကာကွယ်ပြုပြင်ပေးကာ ဆံသားကို ပျော့ပျောင်းနက်မှောင်တောက်ပြောင်လာကာ သဘာဝအတိုင်း ပြန်လည် ကောင်းမွန်စေပါသည်။

### ဆံသားများကို ပျော့ပျောင်းနူးညံ့စေသော ပေါင်းဆေး

3200 Ks

နာမည်ကျော် တန်ဖိုးကြီး တိုင်းရင်းဆေး ဖက်ဝင်များဖြစ်ကြသော Raidx Polygoni Multiflori, Angelica, Gingko တို့အပြင် များစွာဖြင့် ပေါင်းစပ်ထုတ်လုပ်ထားပါတယ်။ ဆံကေသာနှင့် ဦးရေပြားတွင် လိုအပ်သော အာဟာရနှင့်ရေဓာတ်ကို ဖြည့်စွမ်းပေးသောကြောင့် အရောင်တောက်ပခြင်း၊ ပျက်စီးခြင်းကို ကာကွယ်ပေးသည့်အပြင် နူးညံ့၍ ရှင်းရလွယ်ကူသော ဆံကေသာကို ပိုင်ဆိုင်စေပါသည်။



Asian Prime Media Group



## အသားအရေကို ကြည်လင်အေးမြ နုပျိုချောမွေ့သော ရေချိုးဆပ်ပြာရည်

2950 Ks

Herbal Extracts Bath Foam တန်ဖိုးကြီးသဘာဝဆေးဖက်ဝင်များဖြင့် အထူးဖော်စပ်ထားပြီး အသားအရေကို ကြည်လင်အေးမြစေကာ အသားပတ်ခြင်း၊ အရေပြားခြောက်သွေ့ခြင်း၊ အဖုအပိန့်ထွက်ခြင်းတို့ကို ပျောက်ကင်းစေပြီး သင်းပျံ့သော သဘာဝရနံ့များနှင့် ကျန်းမာကြည်လင်စိုပြည်နုပျိုသော အသားအရေကို ရရှိစေမှာ ဖြစ်ပါသည်။







Asian Fame Media Group

## ဗောက်ကင်းစေသော ခေါင်းလျှော်ရည်

Anti-dandruff Shampoo

12000 Ks

Chinese Honey Locust, Aloe, Honeysuckle, Mint တို့နှင့်အတူ နာမည်ကျော် တန်ဖိုးကြီး တိုင်းရင်းဆေးဖက်ဝင် သစ်ဥ၊ သစ်မြစ်များဖြင့် ဖော်စပ်ထားပါတယ်။ ဆံကေသာကို ပျော့ပျောင်း ချောမွေ့စေကာ ဆံပင်ကို အရင်းမှ အဖျားအထိ နက်ရှိုင်းသော သန့်ရှင်းမှုကို ရရှိစေမှာ ဖြစ်ပါတယ်။ ဗောက်ကြောင့် ဖြစ်ပေါ်သော ဦးရေပြားယားယံခြင်းကို ပျောက်ကင်းစေပြီး ဗောက်လုံးဝကင်းစင်စေသည့် ဆံကေသာကို ရရှိစေပါသည်။

## ချစ်စရာ့ puppyလေး

# ကျန်းမာရေး

မြင့်သူဇာထွန်း



အချိန်က မနက် ၆ နာရီခွဲပေမယ့် အလင်းက ပီပီပြင်ပြင် နေရာမယူနိုင်သေး။ နယုန်လရဲ့ မိုးရိပ်မိုးငွေ့တွေ သိုင်းရစ်ထားလို့ အနည်းငယ် အေးစိမ့်ချင်နေတယ်။ အခြေအနေက တော်ဖီ တစ်ခွက်ခင်းကျင်းထားတဲ့ နံနက်စာ စားပွဲမှာ ထိုင်နေချင်စရာပေမယ့် လူက ချိန်းဆိုထားမှု ကြောင့် ကုန်သည်လမ်းမပေါ်မှာတည်ရှိတဲ့ ၅၂ လမ်းထဲက တိရစ္ဆာန်ဆေးကုခန်း တစ်ခုရှေ့မှာ ရောက်ရှိနေရတယ်။ ၇ နာရီထွက်မယ်လို့ ပြော ခဲ့ပေမယ့် "၇ နာရီမထိုးခင် စောစောလာနိုင်မလား ဟိုရောက်ရင် အလုပ်ပိုလုပ်လို့ရတာပေါ့" ဆိုပြီး ညက ဖုန်းဝင်ခဲ့တာကြောင့် ထွက်လာခဲ့ရတာပါ။ သူ့ဘာကြောင့် ဒီလောက်စိတ်စောနေတာရလိမ့်လို့ ကျွန်မတွေးမိတယ်။ လမ်းဘေးလေလွင့်ခွေးတွေကို ကာကွယ်ဆေးထိုးပေးဖို့ ကိစ္စဟာ သူ့ရဲ့ ဝင်ငွေရတဲ့ အလုပ်တစ်ခုမဟုတ်ဘူးဆိုတာကို ကျွန်မ သိထား ပြီးသား။









"ရောက်ပြီလား" လို့ အပြုံးချိုချိုနဲ့ နှုတ်ဆက်ပြီး ကျွန်မကို သူ့အိမ်ပေါ် လိုက်ခဲ့ဖို့ ဖိတ်ပါတယ်။ "ငါ့သားချော့ရှ်ကိုလည်း ပြမယ်လေ" တဲ့။ လှေကားဘက်ကို ဦးဆောင်ပြီး တက်သွားတော့ နောက်က လိုက်ခဲ့ရပါတယ်၊ တံခါးဖွင့်ဖွင့်ချင်းမှာ အမွေးဖွားဖွားနဲ့ တစ်ကိုယ်လုံးလှုပ်ခါလို့ ကြိုလာခဲ့သူကတော့ တယ်ရီခွေးကလေးတစ်ကောင်ပါပဲ။ 'သားလေး' ဆိုတဲ့ ချော့မြူခေါ်သံနဲ့အတူ ပွေ့ချီကောက်ယူလိုက်တဲ့သူ့ကို ကျွန်မ မအံ့သြတော့ပါဘူး။

သူဟာ အိမ်မွေးတိရစ္ဆာန်ကာကွယ်စောင့်ရှောက်သူ၊ ပြုစုကုသသူ ဆရာဝန်တစ်ယောက်ဖြစ်ရုံသာမက Myanmar Small Animal Veterinary Association ရဲ့ အတွင်းရေးမှူး၊ Myanmar Veterinary Association ရဲ့ အမှုဆောင်တစ်ယောက်။ ဒီနေ့မှာ သူ့ကို ခွေးမွေးမြူမှုနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ မေးမြန်းဖို့ သူ့ရဲ့ ပရဟိတလုပ်ငန်းခွင်ကို ကျွန်မ မဖြစ်မနေလိုက်ရတော့မှာပါပဲ။ သူကတော့ ယူဆောင်သွားမယ့် ဆေးပုံးအိတ်တွေကို စစ်ဆေးရင်း တက်ကြွနေပါပြီ။

ဒါပါပဲ တိရစ္ဆာန်တွေကို ချစ်တတ်သူဆိုတာ။ ကျွန်မတို့ရဲ့ ပတ်ဝန်းကျင်မှာ အိမ်မွေးတိရစ္ဆာန်လေးတွေကို ချစ်ကြသူတွေ အများအပြားတွေ့မြင်နေရတာမို့ ဒီတစ်လရဲ့ အစီအစဉ်အဖြစ် Puppy လေးတွေရဲ့ ပိုင်ရှင်တွေအတွက် ဒီအင်တာဗျူးကို ဖန်တီးဖြစ်ခဲ့ပါတယ်။

ခွေးတို့ကြောင်တို့ဆိုတာ
တခြားရောဂါမပြောနဲ့ သဘာဝအရ
အမွေးကျွတ်တတ်တော့
သိပ်ငယ်တဲ့ကလေးငယ်လေးတွေ
ရှိနေရင်တော့ မမွေးသင့်ဘူး
လို့တော့ယူဆပါတယ်။ တချို့
အမွေးသိပ်မကျွတ်တဲ့
ခွေးမျိုးတော့ရှိတတ်ပါတယ်။





**အိမ်တစ်အိမ်မှာ ကိုယ့်ရဲ့ကလေးက ပူဆာလို့ပဲဖြစ်ဖြစ် လူကြီးတွေအနေနဲ့ ကိုယ်တိုင်ဆန္ဒရှိလို့ပဲဖြစ်ဖြစ် ခွေးမွေးတော့မယ်ဆိုရင် ပထမဆုံး ပြင်ဆင်ရမယ့်အချက်တွေနဲ့ မဖြစ်မနေသိထားရမှာတွေက ဘာတွေပါလဲ။**

အဓိကက ဘာလို့လဲဆိုတော့ အချိန်ပေးဖို့ပဲ။ ဒါက ကျွန်တော့်အမြင်ပါ။ ကလေးတွေ ပူဆာလို့ပဲဖြစ်ဖြစ် လူကြီးတွေကိုယ်တိုင်ပဲ မွေးချင်လို့ဖြစ်ဖြစ် ပထမဆုံးပေးရမှာ အချိန်ပဲ။ အချိန်မပေးနိုင်ရင် ခွေးမမွေးနဲ့လို့ပဲ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ခွေးရဲ့ အပေါ့အပါးစွန့်မယ့်ကိစ္စတွေ ရှိတယ်၊ ဒီတော့ ခွေးကို သူ့ရဲ့အပေါ့အပါး ကျန်းမာရေးကိစ္စတွေအတွက် တစ်ချိန်လုံး အိမ်ထဲမှာပဲ ထားလို့မရဘူး၊ အဲဒီလိုမလုပ်ပေးရင် ခွေးက ကျန်းမာရေးနဲ့လည်း မညီညွတ်ဘူး၊ ဘာလို့လဲဆိုတော့ သူတို့သဘာဝကိုက လဟာပြင်ထဲမှာ ပြေးဆော့နေတာမျိုးကို။ ဒီလို အိမ်ပေါ်မှာပဲ တောက်လျှောက်ထားနေရင် မဖြစ်တဲ့အတွက် ပုံမှန်မနက်စောစောတစ်ချိန်၊ ညနေတစ်ချိန် ကျောင်းပေးရတယ်။ ကျောင်းပေးတယ်ဆိုတာမှာလည်း ဘယ်လောက်ပဲအချိန်ရရ မဖြစ်မနေ သဘော ကျောင်းပေးရတာပဲ။ ဥပမာ. . . ကျွန်တော်ဆိုရင် ခွေးမွေးထားတယ်။ ကျွန်တော် သူ့ကို ပုံမှန်ဆယ့်ငါးမိနစ်ကနေ နာရီဝက်လောက်အထိ ကျောင်းပေးလေ့ရှိတယ်၊ သူကလည်း ဒီအချိန်မှာဆိုရင် အပေါ့အပါးတွေစွန့်တယ်၊ သူတို့သဘာဝအရ မြေကြီးလေးတွေနမ်းတယ်၊ လျက်တယ်၊ ပြေးလွှားဆော့ကစားတယ်၊ ဒီလို သူ့အတွက် မဖြစ်မနေကတော့ အချိန်ပေးရမယ်။ နောက်တစ်ခုက ကျန်းမာရေး အသိပဲ။ ခွေးတို့ ကျန်းမာသန့်ရှင်းအောင် ထားပေးရမယ်၊ အရေးကြီးတာက comb ပဲ။ အမွေးတွေကို သန့်ရှင်းရေးလုပ်ပေးရမယ်၊ မဟုတ်ရင် ခွေးက အမွေးတွေ လုံးထွေးပြီး စိတ်ရော ကိုယ်ပါ မကျန်းမာ ဖြစ်တတ်တယ်၊ ဒီလို ဖြစ်ရင် ခွေးက အစာလည်း သိပ်မစားတော့တာမျိုး ဖြစ်တတ်တယ်၊ ဒါကြောင့် အချိန်ပေးဖို့လိုပါတယ်၊

**ခွေးတွေကို မွေးမြူတဲ့အခါ အလှပဲဖြစ်ဖြစ် လုံခြုံမှုအတွက်ပဲ ဖြစ်ဖြစ် ရွေးချယ်ကြတဲ့အခါ ခွေးအမျိုးအစားကိုလိုက်ပြီး ပြုစုစောင့်ရှောက်ရမယ့် နည်းတွေ ကွာခြားပါသလား။**

ဟုတ် တယ်။ ကွာတာပေါ့၊ ဘာလို့လဲဆိုတော့ ခွေးအမျိုးအစားချင်းမှမတူတာကိုး။ အလှပဲမွေးမွေး၊ အိမ်လုံဖို့ပဲမွေးမွေး သူတို့အကြောင်းကို သိဖို့လိုတယ်။ အလှမွေးတဲ့ခွေးလေးတွေ ဥပမာ တယ်ရီယာတို့ ရှီဇုးတို့လို ပေါ့လေ(ခြေရင်းမှာမှီအိပ်နေတဲ့ သူ့ခွေးဖြူလေးကို မေးထိုးပြရင်း) သူတို့ဆိုရင် ပွတ်သပ်ချော့မြူပေးရတယ်။ ခြံလုံခြုံမှုအတွက်ဆိုရင်တော့ ဒီလို အိမ်ထဲမှာမွေးတဲ့ ကောင်လေးတွေနဲ့မရဘူး။ လုံခြုံမှုအတွက်မွေးတဲ့ ခွေးရဲ့သဘာဝက လွတ်ကျောင်းရတဲ့ သဘာဝပဲ၊ သူတို့ကပြေးလွှားဆော့မှပဲ ပိုပြီး ကျန်းမာတယ်။ ဒီလိုမဟုတ်ဘဲ အိမ်ထဲမှာ ပိတ်လှောင်ထားရင် သူတို့ကျန်းမာရေးအတွက်မကောင်းဘူး။ ဒီလို ကောင်မျိုးတွေကို လွှတ်ကျောင်းပေးဖို့ အရေးကြီးတယ်။ ဒါမျိုးတွေကိုတော့ နားလည်ထားရမှာပေါ့။

**အိမ်မွေးတိရစ္ဆာန်တွေမမွေးဖူးတဲ့သူတွေက ခွေးမွေးဖို့အကြံဉာဏ်တောင်းလာခဲ့ရင် သူတို့ကို**

Asian Fame Media Group

ဘာတွေ အကြံဉာဏ်ပေးမှာပါလဲ။

တကယ်တမ်းကျတော့ နံပါတ်တစ်က ကိုယ့်ခွေးကိုထားမယ့် အနေအထားနဲ့ဆိုင်ပါတယ်။ ကိုယ်က ခွေးကို ဘာအတွက်မွေးမှာလဲ။ လုံခြုံမှုအတွက်မွေးမှာလား၊ အလှသက်သက်မွေးမလား။ ဒီနှစ်ခုစလုံးအတွက်လား။ အလှသက်သက်မွေးတယ်ဆိုရင်တော့ ခွေးအမျိုးအစားတွေအများကြီးရှိတယ်။ ခွေးကြီးမျိုးမှာမှ အယ်လ်ဆေးရှင်းတို့ ဒိုဘာမင်တို့ကျတော့ အိမ်ထဲမှာမွေးဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အိမ်ပေါ်မှာမွေးဖို့ထဲမှာ ဂိုးလ်ဒင်းရက်ထရီဗာကျတော့ ရပြန်ရော။ ဒါပေမဲ့ အိမ်ပေါ်မှာမွေးဖို့ဆိုတဲ့ကိစ္စမှာ သိပ်ငယ်တဲ့ကလေးငယ်လေးတွေရှိနေပြန်ရင်လည်း သိပ်တော့ မသင့်တော်ဘူးပေါ့လေ၊ ဘာလို့လဲဆိုတော့ ခွေးတို့ကြောင်တို့ဆိုတာ တခြားရောဂါမပြောနဲ့ သဘာဝ

ခွေးရူးရောဂါအပြင် ခွေးကနေ ကူးစက်တတ်တဲ့ရောဂါကတော့ သန်ကောင်ရောဂါပဲ။ သန်ကောင်ဆိုတာကလည်း ရာနဲ့ချီပြီးရှိတယ်။ ဒီသန်ကောင်တိုင်းက ကူးစက်နိုင်တာတော့ မဟုတ်ဘူးပေါ့လေ။



အရ အမွေးကျွတ်တတ်တော့ သိပ်ငယ်တဲ့ကလေးငယ်လေးတွေရှိနေရင်တော့ မမွေးသင့်ဘူးလို့တော့ ယူဆပါတယ်။ တချို့ အမွေးသိပ်မကျွတ်တဲ့ ခွေးမျိုးတော့ရှိတတ်ပါတယ်။

နောက် အချစ်တော်အနေနဲ့ အိမ်ပေါ်မှာ မွေးမယ်ဆိုရင်တော့ မိမိအိမ်ရဲ့အကျယ်အဝန်း အနေအထားပေါ် မူတည်ပြီး ခွေးအမျိုးအစားကို သေသေချာချာ ရွေးချယ်မွေးမြူသင့်တယ်လို့ အကြံပေးချင်ပါတယ်။ ပြီးတော့ ရေချိုးပေးတာလို အချိန်သိပ်မပေးနိုင်ရင် အမွေးရှည်တဲ့အမျိုးကို မရွေးဘဲအမွေးတိုတာကို ရွေးသင့်တယ်။ အမွေးရှည်တော့ ရေချိုးပေးရတာလည်း ကြာတယ်၊ ပြီးတော့ dryer မှုတ်ပေးရတာလည်း တော်တော်အချိန်ယူရတယ်။ Pug တို့ Bull dog တို့ကျတော့ အဲဒီကိစ္စတွေ နည်းနည်းသက်သာတာပေါ့၊ ဒီတော့ ကိုယ်စောင့်ရှောက်ပြုစုပေးနိုင်တဲ့ အတိုင်းအတာနဲ့ဆိုင်ပါတယ်၊



**ခွေးရူးပြန်ရောဂါအပြင် ခွေးကနေကူးစက်တတ်တဲ့ရောဂါတွေနောက်ထပ်ရှိပါသေးသလား သိချင်ပါ တယ်။**

ခွေးရူးရောဂါအပြင် ခွေးကနေ ကူးစက်တတ်တဲ့ရောဂါကတော့ သန်ကောင်ရောဂါပဲ၊ သန်ကောင်ဆိုတာကလည်း ရာနဲ့ချီပြီးရှိတယ်။ ဒီသန်ကောင်တိုင်းက ကူးစက်နိုင်တာတော့ မဟုတ်ဘူးပေါ့လေ။ ကျန်းမာရေးကို ဘယ်လိုဂရုစိုက်ရမယ်ဆိုတာက ခွေးမွေးပြီဆိုရင်တော့ ဒီခွေးကို ထိတွေ့ကိုင်တွယ်တဲ့အခါ ကိုယ်က တစ်ကိုယ်ရေသန့်ရှင်းမှုတွေ မဖြစ်မနေ လုပ်ရမှာပါပဲ။ ဒီလိုသန်ကောင်ရောဂါအပြင် အသက်ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ရောဂါတွေလည်း ကူးစက်တတ်တယ်။ အဲဒါ သတိထားရမယ်။ ခွေးရူးပြန်ရောဂါကလည်း ဒီအတိုင်း အလကားနေရင်း ကူးစက်တာမျိုးတော့ မဟုတ်ဘူးနော်၊ ဘာပဲဖြစ်ဖြစ် သတိတော့ထားရမှာပေါ့လေ။ သူက မြင်မြင်သမျှကို လိုက်လိုက်ကိုက်နေတာ။ သူ့လက္ခဏာတွေက အဓိကက ရေကိုမြင်ရင်ကြောက်တာပဲ။ ရောဂါနာမည်က ဘာသာပြန်ထားတာက ရေကြောက်တဲ့ရောဂါလို့ပဲ ပြောရမှာပေါ့။ ခွေးရူးရောဂါကတော့ အသက်ရှူတဲ့ လမ်းကြောင်းတွေကနေ ကူးတာမျိုးမဟုတ်ဘူး၊ ရောဂါပိုးက တံတွေးထဲမှာရှိတာ။ ကိုက်လိုက်ရင် ဒီကနေ တစ်ဆင့်သွေးကြောထဲ ဝင်သွားတယ်၊ ဒီတော့ ခွေးရူးရောဂါကကိုက်မှ မဟုတ်ဘူး။ ပွန်းပဲ့ရှနာရှိနေရင် ကိုင်တွယ်တဲ့အခါ ပလာစတာ၊ ပတ်တီးတွေနဲ့ ကာဗာလုပ်ကာကွယ်ထားရမယ်။ နောက် ကိုင်တွယ်ပြီးရင် သန့်ရှင်းရေးလုပ်ရမယ်၊ လိုအပ်ရင်လက်အိတ်နဲ့ကိုင်ရမယ်။ နောက် ကူးတတ်တဲ့ရောဂါတွေကတော့ အများကြီးရှိသေး

Asian Fame Media Group

တယ်။ brucellosis ဆိုရင် ဖျားတာ၊ နှလုံးရောင်တာ။ နောက် leptospirosis ဆိုရင်အဖျားကြီးပဲ။ နှလုံး သန်ကောင်ကနေကူးတာ၊ ချောင်းဆိုး အဆုတ်ရောင်တာ။ ဒီရောဂါတွေက ခွေးကနေ ကူးနိုင်တာပေါ့လေ။ လူတွေက နမိုးနီးယား ဖြစ်တတ်ပါတယ်။

**အိမ်မွေးတိရစ္ဆာန်မွေးမြူသူတွေဟာ ကိုယ်တိုင်ရဲ့ကျန်းမာရေးကိုလည်း ဂရုစိုက်ဖို့ လိုတယ်ဆိုတော့ သူ ကိုယ်တိုင်ကြိုတင်ပြင်ဆင်ရမယ့် ကျန်းမာရေးကိစ္စတွေက ဘာတွေပါလဲ။**

ခွေးမွေးထားပြီဆိုရင်တော့ ခွေးကို ခွေးရူးရောဂါကာကွယ်ဆေးကို မဖြစ်မနေ တစ်နှစ်တစ်ခါ ထိုးပေးရမယ်။ နောက်ပိုင်ရှင်ဖြစ်တဲ့လူမှာလည်း ကာကွယ်ဆေးတွေပေါ်နေပြီ။ ငါးကြိမ်ထိုးတာပေါ့။ ပထမတစ်ကြိမ် ထိုးတယ်။ နောက်ဘယ်လောက်ကြာရင်ထပ်ထိုးရမယ်ဆိုတဲ့ ပရိုဂရမ်တွေရှိတယ်လေ။ လူမှာလည်း ထိုးထားရင်တော့ ကောင်းပါတယ်။ အခု နောက်ပိုင်းတော်တော်လေး ထိုးလာကြပါတယ်။ ဒါပေမဲ့ အကယ်၍ ကာကွယ်ဆေးထိုးထားသည့်တိုင်အောင် ကိုက်ခံရပြီဆိုရင်တော့ တစ်ကြိမ်တော့ ပြန်ထိုးပါလို့ပြောထားတယ်။ ဒီခွေးရူးရောဂါကို ပပျောက်အောင်ကျွန်တော်တို့ကြိုးစားနေကြပါတယ်၊ အခု Myanmar Small Animal Veterinary Association လည်း ဖွဲ့ထားတယ်။ မြန်မာနိုင်ငံ အိမ်မွေးတိရစ္ဆာန်ဆေးဘက်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်းပေါ့လေ။ အခု မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း( Myanmar Veterinary Association အနေနဲ့ ကျွန်တော်တို့လိုက်ပြီး ခွေးရူးရောဂါပပျောက်ရေးအစီအစဉ်တွေ တဖြည်းဖြည်းလုပ်နေပါတယ်။ နောက်ပြီး ခွေးကို ချစ်လို့နမ်းတာတွေပေါ့ ကလေးတွေက အထူးသဖြင့် လုပ်တတ်တယ်။ ချစ်တာကိုး။ အဲဒါ သတိထားရမယ်။ ကလေးတွေကငယ်တော့ သိပ်မသိတတ်ဘူး။ ကလေးငယ်ငယ်လေးတွေက တစ်ခါတလေ မသိတတ်တော့ အစာမဲစားနေချိန်တွေမှာ အမြီးကို နောက်ကနေတအားလှမ်းဆွဲပြီး ဆော့တာတွေ သတိထားရမယ်။ ခွေးဆိုတာက ရုတ်တရက် ပြန်ဟပ်တတ်တယ်။ အဲဒါက ဟပ်တာပဲ ကိုက်တာမဟုတ်ဘူး၊ ခွေးကလိမ္မာရင် တကယ်မကိုက်ဘူး၊ ငုံတာ၊ ဒါပေမဲ့ ကလေးငယ်တွေက မသိတော့ ကြောက်ပြီး ကိုက်ပြီထင်ပြီး လက်ကိုပြန်ဆွဲတတ် တော့ သွားနဲ့ခြစ်မိတတ်တယ်၊ အဲဒါမျိုးတွေမှာ သတိထားရမှာပဲ။

**ဒီခွေးရူးရောဂါပိုးရစ်စ်ဟာ ရောဂါပိုးရှိတဲ့ခွေးမှမဟုတ်ဘဲ carryer အဖြစ်နဲ့ရောသယ်ဆောင်လာနိုင်ပြီး ကြောင်တို့ လင်းနို့တို့လို အခြား သွေးနွေးသတ္တဝါတွေဆီကလည်း ကူးစက်နိုင်တယ်ဆိုတော့ ဒီရောဂါဟာ နှိမ်နင်းရမယ့် အဓိက ပစ်မှတ် ဖြစ်မနေဘူးလား။**

ဒီခွေးရူးရောဂါ မြန်မာနိုင်ငံမှာပပျောက်ရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့တစ်တွေအားလုံးပါဝင်ပြီးလမ်းဘေးလေလွင့်ခွေး၊ တစ်နည်းပိုင်ရှင်မဲ့ ခွေးများအားလုံးကို ခွေးရူးကာကွယ်ဆေးထိုးပေးနိုင်အောင် ကြိုးပမ်းပေးချင်ပါတယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့သူငယ်ချင်းတွေဆုံပြီး စကားပြောဖြစ်ကြရာက စပြီး Yangon Vets' Clinical Development Foundation ဆိုတဲ့ အဖွဲ့တစ်ခုဖွဲ့ပြီး ဘုန်းကြီးကျောင်း/ စာသင်ကျောင်းနဲ့ တရားရိပ်သာတွေလို လူအများနဲ့ပတ်သက်တဲ့ နေရာတွေမှာ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ဝည်သွားထိုးပေးနေတာ အခုဆိုရင် တစ်နှစ်ပြည့်ခါနီးပါပြီ၊ ကျွန်တော်တို့ ရန်ကုန်မှာ ဒီလိုလုပ်နေသလို မန္တလေးဘက်က သူငယ်ချင်းတွေလည်း အခုလိုက်လုပ်ပေးနေကြပါပြီ၊ ဒီလုပ်ငန်းကို တိရစ္ဆာန်ဆေးကုခန်းတွေကလည်း နီးစပ်တဲ့ အများနဲ့ဆိုင်တဲ့နေရာတွေကို ဆက်သွယ်ပြီး ဝိုင်းပံ့ပိုးပေးစေချင်ပါတယ်၊ တချို့လည်းလုပ်ပေးနေကြပါပြီ၊

အခုဆိုရင် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း Myanmar Veterinary Association နဲ့လည်း စတင်ပူးပေါင်းပြီး ဆောင်ရွက်နေသလို Myanmar Small Animal Veterinary Association လည်းဖွဲ့စည်းထားပြီး ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲတွေလည်း လစဉ် seminar အဖြစ်ကျင်းပပေးနေပါပြီ၊ ဒါတွေအားလုံးက အိမ်မွေးတိရစ္ဆာန်ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းက ပါဝင်ပြီး ဆောင်ရွက်ပေးနေကြတာပါ။ ဒီလိုနဲ့ အိမ်မွေးခွေးတွေရော ပိုင်ရှင်မဲ့ ခွေးတွေရော အားလုံးကို ကာကွယ်ဆေးမှန်မှန် ထိုးပေးသွားရင် ခွေးရူးရောဂါ ပပျောက်သွားမှာပါ။



**ခွေးတွေမှာ ဖြစ်တတ်တဲ့ ရောဂါတွေအကြောင်းလည်း သိချင်ပါတယ်။**

ခွေးတွေမှာဖြစ်တတ်တဲ့ရောဂါက အသက်ဆုံးရှုံးနိုင်တဲ့ ရောဂါကြီးတွေဆိုရင် ဥပမာ. . . သွေးဝမ်းရောဂါရှိတယ်၊ ခွေးကျောက်ရောဂါ၊ အခုတော့ ဒါတွေအတွက် ကာကွယ်ဆေးထိုးထားလို့ရနေပါပြီ၊ တိုက်ဖိုက်တွေ ဘာတွေလည်းရှိတာပေါ့လေ။ အကြမ်းဖျင်းအားဖြင့် ခွေးရူး၊ ခွေးတိုက်ဖွိုက်၊ သန်ကောင်၊ ဝမ်းနဲ့ပတ်သက်တဲ့ ရောဂါတွေပေါ့လေ၊ စနစ်တကျမွေးသွားရင် ကာကွယ်ဆေးကို သူ့စည်းအတိုင်းထိုးထားပေးရင် ဘာမှမဖြစ်ပါဘူး။ နောက်မွေးရာပါအနေနဲ့ ဖြစ်တတ်တဲ့ နှလုံးရောဂါတွေဘာတွေလည်းဖြစ်တတ်ပါတယ်။ တစ်ခါတစ်ရံ ဒီခွေးလေးတွေက စိတ်သိပ်ပျော်ရင်လည်း သတိလစ်သွားတတ်တယ်။ ဝမ်းနည်းသွားရင်လည်း သတိလစ်သွားတတ်တယ်။ အဲဒါတွေက မွေးရာပါအနေနဲ့လည်း ပါတတ်တာမျိုးရှိတယ်။ နောက်နှလုံးထဲမှာ နေတဲ့ သန်ကောင်ရောဂါ။ နှလုံးသန်ကောင်၊ နှလုံးထဲမှာ နေပြီး ကြီးထွားလာတဲ့ သန်ကောင်။ အဲဒါ အရမ်းကြောက်ရတယ်၊ ဒါတွေကို ဆေးဝါးတွေတော့ ရှိနေပါပြီ။ အဓိကပြောချင်တာကတော့ ဒီကာကွယ်ဆေးတွေကို စနစ်တကျထိုးပေးကြပါ၊ သန်ကောင်ကိုလည်း မဖြစ်မနေ သန်ချဆေး တိုက်ပေးကြပါလို့ ပြောချင်ပါတယ်။

**အိမ်မွေးခွေးနဲ့ ပိုင်ရှင်မဲ့ခွေးတွေမှာ ဆေးဝါးကုသမှုတွေမရှိဘဲ သဘာဝအတိုင်း ထားမယ်ဆိုရင် ရောဂါကျရောက်မှုနဲ့ သေပျောက်မှုမှာ ဘယ်ကောင်က ပိုများနိုင်ပါသလဲ။**

အိမ်မွေးခွေးနဲ့ လမ်းဘေးမှာလျှောက်သွားနေတဲ့ ပိုင်ရှင်မဲ့ခွေးကလည်း နမူနာပြောရရင် ကလေးတွေလိုပါပဲ။ တစ်ခါတလေ လမ်းဘေးမှာ မိုးရေထဲမှာပြေးဆော့နေပေမယ့်လည်း သဘာဝရဲ့ resistant ကိုရနေတဲ့ကလေးက ကျန်းမာနေပြီး အိမ်ထဲမှာပိုးမွှေးသလို ပြုစုထားတဲ့ကလေးက ချူချာတတ်သလိုလည်း သူတို့မှာရှိတတ်တာပဲ၊ ဒါပေမဲ့ တကယ်တမ်းဖြစ်လာပြီဆိုရင်တော့ အိမ်မွေးခွေးက သေပျောက်နှုန်း လျော့နည်းတာပေါ့။

**ခွေးတွေအတွက် salon ပေါ်လာပြီးတဲ့ နောက်အမွေးအလှဆင်တဲ့အနေနဲ့ လိုသလို ပုံသွင်းဖြတ်တောက် ညှပ်ထုတ်ပေးခြင်းတွေ ခေတ်စားလာတော့ ဒီလိုသဘာဝကို ပြုပြင်တဲ့အတွက် ခွေးတွေမှာခံစားရနိုင်တဲ့ စိတ်ပိုင်းရုပ်ပိုင်း ပြဿနာတွေ ရှိတတ်ပါသလား။**

Salon တွေပေါ်ပေါက်လာပြီးတော့ ဒီလိုလုပ်တာတွေလည်းရှိတော့ ဒါလည်း စဉ်းစားစရာပါပဲ။ ဒါတွေ လည်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အရမ်းကြီး ကြီးကြီးကျယ်ကျယ် မဖြစ်တတ်ကြပါဘူး။ နည်းနည်းပါးပါးရှိနိုင်ပေမယ့် အရမ်းတော့ သက်ရောက်တာ မရှိနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အရမ်းအသန့်ကြိုက်တယ်ဆိုတော့



အမွေးတွေညှပ်ပေးလိုက်ပြီးရင် နေလို့ကောင်းသွားတယ်။ ဘာလို့လဲဆိုတော့ ပုံသွင်းဖြတ်တောက်တဲ့အပေါ်မှာ ငါလှသွားပြီဆိုတာမျိုး မခံစားတတ်ပေမယ့် အနည်းဆုံးတော့ သူ့အပေါ် ဂရုစိုက်တယ်၊ ယုယတယ်ဆိုတဲ့ ခံစားချက်မျိုးတော့ ရှိနိုင်ပါတယ်။ ဒါကြောင့် သူတို့ ကြိုက်ကြတယ်။ ဒီတော့ ဒီလို salon ကိုသွားတယ်ဆိုတာမှာလည်း အကျိုးကနှစ်မျိုးရှိတယ် ပြောရမှာပေါ့၊ သူတို့အမွေးကို သန့်ရှင်းပေးပြီးသား ဖြစ်သွားတယ်။ သန်းတွေ မွှားတွေ မရှိတော့ဘူး။ ခြေချောင်းလေးတွေကြားက အမွေးတွေကို ညှပ်ပေးတော့ သဲဝဲစားတဲ့ရောဂါ မဖြစ်နိုင်တော့ဘူး။ ပါးစပ်နားက အမွေးတွေကို ညှပ်ပေးတော့ အစာကောင်းကောင်းစားနိုင်တယ်။ မျက်လုံးနားက အမွေးတွေကို ညှပ်ပေးတော့ အမွေးတွေမျက်စိကိုထိုးပြီး မျက်ဝတ်ထွက်တာတွေ မဖြစ်တော့ဘူးပေါ့။

နောက်အလှဆင်တာလည်း သူတို့ကြိုက်တတ်ကြတယ်။ အကျီဝတ်ပေးရင်တောင် သူတို့ကြိုက်တဲ့ အကျီရှိတယ်။ မကြိုက်တဲ့အကျီရှိတယ်။ သိတတ်တဲ့စိတ်ပေါ့၊ ဖက်ရှင်အနေနဲ့မွေးတဲ့ လူတွေကျတော့ တကယ်ချစ်ခင်တာမဟုတ်ဘဲ ဂရုစိုက်မှုမပါဘဲ မွေးတာဆိုရင်တော့ သူတို့စိတ်ညစ်မှာပေါ့၊ ကာကွယ်ဆေးထိုးတာတွေ၊ ခြေသည်းလက်သည်း ညှပ်ပေးတာတွေစတဲ့ ကျန်းမာရေးနဲ့ ပတ်သက်တာတွေ မလုပ်ပေးဘဲနဲ့ ခွေးကို ဖက်ရှင်တစ်ခု အနေနဲ့ မွေးမယ်ဆိုရင်တော့ ခွေးရောလူပါ နှစ်ဦးနှစ်ဖက်အတွက် မကောင်းဘူးပေါ့လေ။

**အိမ်မွေးတိရစ္ဆာန်အနေနဲ့ ခွေးမွေးမြူမှုဟာ ပိုင်ရှင်အတွက်(လူ့ကိုယ်ခန္ဓာ) သွေးတွင်းကို လက်စထရော ကျဆင်းစေမှု၊ သွေးဖိအားကိုထိန်းသိမ်းနိုင်မှုဆိုတဲ့ ကောင်းကျိုးတွေရနိုင်တယ်လို့ အင်တာနက်သတင်း မှာ ဖတ်ဖူးပါတယ်။ ဒီလို ကောင်းကျိုးတွေတကယ်ပဲ ရှိသလားဆိုတာလည်း သိချင်ပါတယ်။**

ခွေးကိုမွေးရင် သခင်ရဲ့ကိုလက်စထရော ကျဆင်းစေတယ်ဆိုတာဟုတ်ပါတယ်။ ဘာလို့လဲဆိုတော့ ခွေးက အပြုအမူအနေနဲ့ ချစ်ခင်အောင် ပြုတော့ ဒေါသတွေငြိမ်းစေတယ်။ စိတ်ကိုငြိမ်စေတယ်ဆိုတော့ blood pressure ကို ထိန်းထားပေးတာပေါ့။ နောက်ကျောင်းပေးရတော့ လမ်းလျှောက်ရတယ်၊ ကိုယ်လက်လှုပ်ရှားမှုရတယ်၊ ခန္ဓာကိုယ် အလေးချိန်ကိုထိန်းပြီးသားဖြစ်တယ်၊ လှေကျင့်ခန်းဖြစ်နေတာပေါ့။ ဒီတော့ အဆီကို ထိန်းထားပြီးသား ဖြစ်သွားတယ်၊

**အချိန်ပေး ပြုစုစောင့်ရှောက်မှုတွေလည်း လုပ်နိုင်တယ်၊ ချစ်ခင်တဲ့စိတ်လည်းရှိလို့ ခွေးလေးတွေ မွေးတော့မယ်ဆိုရင် မဖြစ်မနေ ကာကွယ်ဆေးထိုးပေးရမယ့်ကိစ္စ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပိုင်းတွေကို ပြောပြပေးပါဆရာ။**

မွေးမွေးချင်း ၂ လသားမှာ တစ်ခါ leptosirosis ထိုးပေးရတယ်၊ လူတွေသိတာကတော့ ဒါကို ငါးမျိုးစပ်လို့ခေါ်တယ် DHPPL ခေါ်တယ်။ နောက် ဒုတိယအကြိမ် သုံးလသားမှာ ဒုတိယအကြိမ်အနေနဲ့ ထိုးပေးရမယ်။ နောက်ပြီးရင် ခွေးရူးရောဂါ ကာကွယ်ဆေးကို သုံးလသားမှာစပြီးတော့ ထိုးပေးရမယ်။ နောက် ဒါတွေကို နှစ်ပတ်လည် ထိုးပေးရမယ်။ နောက်သန်ချပေးရမယ်။ အနည်းဆုံး ၄၅ ရက် တစ်ကြိမ်လောက်ဆိုရင် ချပေးနိုင်ပါတယ်၊

**အိမ်မွေးတိရစ္ဆာန်အနေနဲ့ ခွေးမွေးမြူမှု အလေ့အထကို ဘယ်လိုသူဆပါသလဲ။**

ဒါက မွေးမြူမယ့်လူအပေါ် မူတည်ပါတယ်။ တကယ်တော့ ခွေးကို အိမ်မှာ စနစ်တကျ မွေးမြူထားမယ်ဆိုရင် လူကို အများကြီးကောင်းကျိုးပြုနိုင်ပါတယ်။ ခွေးဆိုတာက တကယ်တော့ အဖော်ကောင်းတစ်မျိုးပါပဲ။ အနည်းဆုံးတော့ မိသားစုအတွက် အဖော်ကောင်းတော့ ဖြစ်တာပါပဲ၊ သခင်အပေါ်မှာ လူထက်သစ္စာရှိတဲ့အပြင် အိုင်ကျူကလည်းမြင့်တော့ သေရေးရှင်ရေးလို တကယ့်အရေးကိစ္စတွေမှာ သခင်ကိုကူညီနိုင်တယ်၊ နောက် သခင်ပြန်လာရင် ခွေးကကြိုတယ်၊ ဒီတော့ သူ့ကြောင့် စိတ်ချမ်းသာမှုကို လူက ရတယ်။ နောက်ခွေးက အသိစိတ်ရှိတော့ ကြမ်းပါတယ်ဆိုတဲ့ခွေးတောင် သူ့ကျန်းမာရေးကို စောင့်ရှောက်ပေးရင် ပြန်သိတတ်တဲ့အနေနဲ့ ရန်မပြုဘူး။ နူးနူးညံ့ညံ့ဆက်ဆံတယ်။ ခွေးမှာ အဲဒီလိုသိတတ်တဲ့ စိတ်ရှိတယ်။ မောပန်းပန်းနဲ့ ပြန်လာရင် ချစ်စရာ ကောင်းအောင် ကြိုဆိုတတ်တာနဲ့တင် အမောပြေတယ်၊ စိတ်ချမ်းမြေ့တယ်၊ သူ့ကို အပေါ့အလေးသွားဖို့ ပုံမှန်ကျောင်းပေးရတော့ သခင်လည်း ပုံမှန် လမ်းလျှောက်ဖြစ်တော့ ကျန်းမာရေး အထောက် အကူရတယ်။ အချိန်မှန်စားဖို့သောက်ဖို့နဲ့ ကျန်းမာရေးအတွက် စည်းကမ်းပိုင်းတွေမှာ စောင့်ရှောက်ပေးရတဲ့အတွက် ဒါကလည်းလူ့ရဲ့ ကျန်းမာရေးအကျင့်ကောင်းတစ်ခုကိုဖြစ်လာစေတယ်။ ဉပမာသူ့ကို ကျောင်းပေးတော့ လမ်းလျှောက်ရတယ်။ ဒီလို အကျိုးဖြစ်ထွန်းစေတယ်။ဒီလို ကောင်းကျိုးတွေရှိတော့ ခွေးမွေးတာကောင်းတယ် မွေးသင့်တယ်လို့ ပြောနိုင်ပါတယ်။

နောက်ပြီး ခွေးတွေက သက်ကြီးရွယ်အိုတွေအတွက်လည်း အဖော်ကောင်းတစ်မျိုး ဖြစ်နေတယ်။ ဒါပေမဲ့ သူ့အပေါ်ကိုယ့်ဘက်က ပြန်လုပ်ပေးရမှာတွေကိုတော့ မမွေးခင် စဉ်းစားသင့်ပါတယ်။ အချိန်မှန်အစာကျွေးရမယ်။ ရေချိုးပေးရမယ်။ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်ရဲ့ ညွှန်ကြားချက်ယူပြီး ကျန်းမာရေး ဂရုစိုက်ပေးရမယ်၊ အချိန်မှန် ကာကွယ်ဆေးထိုးပေးရမယ်၊ သန်ချပေးရမယ်။ အမွေး အမြဲသန့်ရှင်းအောင် လိုအပ်သလို ဖြီးသင်ပေး၊ ညှပ်ပေးပြီး သန်းတွေ မွှားတွေမကပ်အောင် မပြတ်ဂရုစိုက်ရမယ်၊ ခြေသည်း လက်သည်းတွေ လှီးဖြတ်ပေးရမယ်။ ကလေးတစ်ယောက်လို ကြင်နာယုယပေးရမယ်။ အဲဒီလို ကရိကထများတဲ့ အလုပ်တွေကို တကယ်ခွေးချစ်တဲ့ သူတွေမှသာ လုပ်နိုင်မှာ။ ဒါတွေက ရေရှည်လုပ်ရမှာဆိုတော့ အချိန်လည်းပေးနိုင်မှ လုပ်နိုင်မှာ။ ဒီတော့ အချိန်လည်းမပေးနိုင်၊ ခွေးလည်း တကယ်မချစ်ဘဲနဲ့ သူများမွေးလို့ ခေတ်မီအောင် ဖက်ရှင်အနေနဲ့ မွေးမယ်ဆိုရင်တော့ လုံးဝမမွေးသင့်ဘူးလို့ ပြောချင်ပါတယ်။

**မြင့်သူဇာထွန်း**

Asian Fame Media Group

# ဂျယ်လှမ်းပြောင်း

(တစ်)

လူတစ်ဦးစီ၌ သူ့ခရေဇီ (Crazy) ဖြစ်သော အရာ သို့တည်းမဟုတ် သူ၏ ရူးသွပ်ပျော်ဝင်မှု ဟူသည်မှာ ရှိတတ်ကောင်းသောအရာ ရှိတန်ရာ သော ကိစ္စဟူ၍ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းကလည်း နားလည်သဘောပေါက်ထားပြီး ဖြစ်ဘိပါ၏။ အနို့ပင်ဖြစ်လင့်ကစားစေကာမူ ယူနီဗာဆယ် လူဦးတစ်ယောက် ရူးသွပ်ပုံရူး သွပ်နည်းနှင့် ပတ်သက်၍မူကား ကျွန်ုပ်မှာ ပသို့မှ နားလည်နိုင်စွမ်း မရှိပါလေ။ သူကား ကမ္ဘာကြီးနှင့်တကွ ဟောသည် ဟောစကြဝဠာကြီးကို ခရေ ဇီ (Crazy) ဖြစ်သူ တစ်ယောက်ပေ တည်း။



သူ့အိမ်နံရံများပေါ်၌ ကမ္ဘာ့ မြေပုံ၊ မြန်မာ့ မြေပုံကြီးများကို အနှံ့အပြား ကပ်ထားသည်မှာ ရှုပ်ပွလျက်ရှိချေ၏။ အနို့အပြင် ဂလက်ဇီ (Galaxy) ခေါ် နဂါးငွေ့တန်းဓာတ်ပုံ ကြီးများ၊ ဘလက်ဟိုး (Black Hole) ခေါ် တွင်း နက်ပန်းချီ ကားချပ်ကြီးများ၊ နေရှင်နယ်ဂျီအော် ဂရပ်ဖစ် (National Geographic) ခေါ် အမျိုး သား ပထဝီအသင်းကြီးက ထုတ်ဝေသည့် စာ စောင်အဟောင်းများ၊ ကမ္ဘာလုံးအရွယ်အစား အမျိုးမျိုးတို့နှင့် ရှုပ်ပွနေသော မောင်မောင် လူဦးပင်။ အနို့မို့ကြောင့်ပဲ ထင်ပါ၏၊ သပွတ်အူရွာသားတို့ သူ့ကို ချစ် စနိုး ခေါ် ကြသည် က ယူနီဗာ ဆယ် လူဦး ဟူလို။

(နှစ်)

“လောကကြီးမှာ. . . ဘဇာပညာရပ်တွေ ဘယ်နှာပဲ တိုးတက်နေဘိစေကာမူ ပထဝီပညာရပ်ကိုဖြင့် အခြေခံသိထား သင့်ပေသပေါ့. . . တောတွေတောင်တွေ မြစ်ချောင်းအင်းအိုင် ပင်လယ်သမုဒ္ဒရာ တွေ. . . ရာသီဥတုခေါ် ဝယ်သာကွန် ဒစ်ရှင်တွေ (Weather Condition) သဟာတွေမှ အခြေခံမသိ. . . ဘယ်နှာ လုပ်ကြဘိမတုံး ဂျက်ဆရာ ရယ်. . .

သဟာကြောင့် ကလေးတို့ကို ပညာဒါန ပြုရသည်သာပါ”

ကျွန်ုပ်နှင့်အနီး ယူနီဗာဆယ်

Asian Fame Media Group

> ကျွန်ုပ်ကား ယူနီဗာဆယ်လှဦးကို အလွန်အင်မတန် အထင်ကြီး သွားမိသည်မှာကား အမှန်တကယ်ပင်ဖြစ်ပါ၏။ ကျေးလက်ကလေးငယ်များ ဖြစ်ပါလျက် အရှေ့အနောက်တောင်မြောက် ဒေါက်ခနဲ ဒေါက်ခနဲ ပြောပြနေလိုက်ကြပုံတွေမှာ ပထဝီပိုင်းဆိုင်ရာ ပညာဗဟုသုတနှင့် ပြည့်ဝလှပါဘိဟူလို . . . .

လှဦးတို့ မကြာခဏဆိုသလို သပွတ်အူရွာလယ်ရှိ ကယ်လီဖိုးနီးယားလက်ဖက်ရည်ဆိုင်ကလေး၌ ဆုံကြရာ တွေ့တိုင်းဆုံတိုင်း သူမြွက်ဟတတ်သည့် စကားတစ်ခွန်းပင်။ ယူနီဗာဆယ်လှဦးသည်ကား ပညာဒါနအဖြစ် သပွတ်အူထွက်ကလေး တစ်သိုက်ကို သူ့ခြံဝင်းထဲသို့ ခေါ်ပြီးသည့်သကာလ နောလစ် အော့ဖ် ဂျီဩဂရော်ဖီ (Knowledge of Geography) ပထဝီဝင်ဆိုင်ရာ ဗဟုသုတ အဖြာဖြာဟု အမည်ပေးလျက် ပညာဒါနပြုလျက်ရှိတော့ချေသည်သာ တမုံ့။

(သုံး)

အချိန်နှင့် တစ်ခုသော နေ့ခင်းကြောင်တောင်ကြီးဝယ် ကျွန်ုပ်လည်း ပျင်းပျင်းရှိသည်နှင့် ယူနီဗာဆယ်လှဦးနေထိုင်ရာ ခြံဝန်းကလေးအတွင်းသို့ ဝင်ရောက်မိခဲ့ချေ၏။ ကလေးအယောက်နှစ်ဆယ်၊ သုံးဆယ်ခန့်တို့သည်ကား သူတို့၏ဆရာ ယူနီဗာဆယ်လှဦး၏ လက်ချာ (Lecture) ခေါ် ဟောပြောပို့ချမှု၌ နစ်ဝင်လျက်ရှိကြချေ၏။ သင်းကလေးတို့၏ စာသင်ခန်းမှာကား အိန္ဒိယကဒိကြီးရာဇဝင်ဖြာနတ်ထုတ်၏ သျှန်တိနိကေတန်နှယ် သစ်ပင်ရိပ်ဝယ်တည်း။

"ကမ္ဘာပြီးသလော . . . လုံးသလော"

"အလုံး"

"အရှေ့ဘယ်မှာ"

"ဟိုမှာ"

"အနောက်ဘယ်မှာ"

"ဟိုမှာ"

"တောင်ကရော"

"ဟောဟိုမှာ"

"မြောက်ကရောဗျာ"

"ဟောဟိုမှာ"

ကျွန်ုပ်ကား ယူနီဗာဆယ်လှဦးကို အလွန်အင်မတန်အထင်ကြီးသွားမိသည်မှာကား အမှန်တကယ်ပင်ဖြစ်ပါ၏။ ကျေးလက်ကလေးငယ်များဖြစ်ပါလျက် အရှေ့အနောက်တောင်မြောက်ဒေါက်ခနဲ ဒေါက်ခနဲ ပြောပြနေလိုက်ကြပုံတွေမှာ၊ ပထဝီပိုင်းဆိုင်ရာ ပညာဗဟုသုတနှင့် ပြည့်ဝလှပါဘိဟူလို။

အချိန်နှင့် အနီးကလေးတို့အား ဂုဏ်ပြုချီးမြှောက်လိုသည်ဖြစ်ဘိမူချေရာ ကျွန်ုပ်က. . .

"ကဲ. . အဆွေ ကလေးငယ်တို့
မနက်ဖြန်မှာ ဦးဆရာဂျက်ရဲ့
အိမ်သို့ ကြွခဲ့ကြလေသဗျာ. . .
ဦးဆရာဂျက်က ကလေးတို့အား
မုန့်ပဲ သရေစာများ ကျွေးချင်လို့
ပေပဗျာ. . ." စသည်ဖြင့် ဖိတ်မန္တက ပြုလိုက်မိပါ၏။ ကလေးတို့အကြိုက် ကြာဇံဟင်းခါးမှာတိုက်ရသော်ကောင်းလေစွဟုလည်း စိတ်ကူးထဲမှာ တေးမှတ်ထားလိုက်ပါ၏။ အချို့အပြင်သပွတ်အူအားတစ် (Artist) များဖြစ်ကုန်သော မဟာဝိဇ္ဇာအဝင်း၊ လောကဓံတိုက်တိုက်၊ ဘီအက်စ်စီအသောင်း၊ ရွှေပွတ်စိုးမြင့်၊ ထွန်းထွန်း (အလွမ်းကမ္ဘာ) စသူတို့ကိုလည်း ခေါ်ဆောင်ထားရန် စိတ်ကူးထားလိုက်ပါပေသတည်း။

(လေး)

ချူးချူးရှဲရှဲနှင့် နာရည်ယိုစွဲ ကြာဇံဟင်းခါးသောက်ပွဲပင်။ အချိန်နှင့် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းအိမ်ရောက်ကလေးတစ်သိုက်နှင့် သပွတ်အူအားတစ် (Artist) တို့ စားသောက်သမျှပြီးသော် ယူနီဗာဆယ်လှဦး၏ တပည့်အနီးကလေးငယ်တို့ ဘယ်ကလောက် ပထဝီတတ်ကြောင်းကို ကြားထဲက ဂုဏ်ယူမိနေသော ကျွန်ုပ်က လုပ်အလယ်တွင် ဉာဏ်ရည်စစ်ပွဲလုပ်မိချေသည်။

"ကလေးတို့ အရှေ့ဘယ်မှာ"

"ဦးလှဦးအိမ် လိုက်ခဲ့"

"အနောက်ဘယ်မှာ"

"ဦးလှဦး အိမ်လိုက်ခဲ့"

"တောင်မြောက်ဘယ်မှာ"

"ဦးလှဦး အိမ်လိုက်ခဲ့"

ဘယ့်နှာဖြစ်ရပါလိမ့်။ အရှေ့အနောက်တောင်မြောက်သိဖို့ ယူနီဗာဆယ်လှဦးအိမ် လိုက်ခဲ့ဖို့ချည်း အတင်းခေါ်နေ။

"ကဲ မင့်တို့ဆရာဦးလှဦး၏
အိမ်သို့ မလိုက်ဘဲနဲ့ အရပ်လေး
မျက်နှာမပြောနိုင်ကြဘူးလား
လကွာ"

ကျွန်ုပ်က အချို့ကလိုမေးလိုက်သောအခါတွင်မှ ဉာဏ်သွက်ဟန်တူသော ကလေးငယ်က ဆတ်ဆို မတ်တပ်ရပ်လိုက်ကာ

"သရက်ပင်ကြီးရှိတာ အရှေ့
အိမ်သာရှိတဲ့ဘက်က အနောက်
ဒေါ်လေးမကုလားမတို့အိမ်ဘက်က
တောင်ဘက် . . ဘကြီးဖိုးခွေး
ခြံက မြောက်"


ကြည့်စမ်း။ ယူနီဗာဆယ်လှဦး၏ ဂျီဩဂရော်ဖီ။ သူ့ခြံဝန်းကျင်က သရက်ပင်ကြီး၊ အိမ်သာ၊ ဒေါ်လေးမကုလားမတို့အိမ်၊ ဘကြီးဖိုးခွေးတို့ခြံကို အမှတ်အသားပြုကာ အရပ်လေးမျက်နှာ သင်ကြားထားလိုက်ပုံများ။ အရပ်လေးမျက်နှာ သိသလား လာမမေးနဲ့တဲ့။ ယူနီဗာဆယ်ဆရာလှဦးတို့အိမ်လိုက်ခဲ့တဲ့။ မလွဲစေရဘူး။ ဧကန်မုချ ဟူလို။

**ဂျက်ကွမ်းခြံကုန်း**

Asian Fame Media Group

# အောက်မေ့သတိတရ ဖခင် ဗိုလ်ချုပ်အမှတ်တရ

လက်ျာထွန်း



Asian Fame Media Group
MEDIA GROUP

### ဗိုလ်ချုပ်လုပ်ကြံခံရပြီ။

၁၉၄၇ ခုနှစ်ဇူလိုင် ၁၉ ရက် ရန်ကုန်

လယ်ကွင်းဝေးဝေးများ မိုးရေများနှင့် ဖွေးဖွေးလှုပ်နေသည့် အချိန်ဖြစ်သည်၊ ဗုဒ္ဓဘာသာ သူတော်စင်များ၏ ဒုတိယဝါလဖြစ်သည့် ဝါခေါင်လ၏ ရက်တစ်ရက်၊ တိမ်ထူထူမုတ်သုံ ကောင်းကင်အောက်မုန်တိုင်းဆင်တော့မည့် ၁၉ ရက်နေ့မနက် အာရုံသည် တက်လာချေပြီ နေရာကား ကိုလိုနီခေတ်နန်းရင်းဝန်ဟောင်း ဂဠုန်ဦးစော၏ အေဒီလမ်း အမှတ် ၄ နေအိမ်တွင် ဖြစ်သည်။ လူတစ်စုစုရုံးနေကြသည်။ ထိုအချိန်က ရန်ကုန်မြို့တော်၏ မြောက်ဘက်ခြမ်း လူသူတိတ်ဆိတ်သော အင်းယားကန်စောင်းပေါ်တွင် တည်ရှိသည့် သစ်ပင်များနှင့် သပ်သပ်ရပ်ရပ်ခြံတစ်ခုဖြစ်သည်။ အနာဂတ် မြန်မာနိုင်ငံ၏ သမိုင်းအား လုံးဝပြောင်းလဲပစ်မည့် လျှို့ဝှက်အစီအစဉ်တစ်ခုကို နောက်ဆုံးအသေးစိတ် ညွှန်ကြားချက်ပေးရန် ဦးစောကိုယ်တိုင် အိပ်ရာမှ နိုးနေပါပြီ။ ဦးစော၏ ဇနီးဘက်မှ တူတော်သူ ခင်မောင်ရည်သည် အစိမ်းရောင် ဖို့ဒ်ဆန်ထရပ်ကားပေါ်တက်ကာ စတီယာတိုင်ဘီးကို ကိုင်လိုက်သောအခါ ဦးစောတပည့် ကျန်သူများကလည်း ကားပေါ် အသီးသီးခုန်တက်ကြ၏။ မနက် ၈ နာရီခွဲ၌ သူတို့ခြံထဲမှ စတင်ထွက်ခွာ၏။ ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန်မြို့၌ အစိမ်းရောင်စစ်ကားများကို တွေ့ရသည်မှာ ဖြစ်ရိုးဖြစ်စဉ်ပင်။ သို့အတွက် ရန်ကုန်မြို့လယ်သို့ မောင်းနှင်သွားသော သူတို့ကားကို မည်သူကမျှ သတိမထားမိ စတင်ကွင်းများရရှိပါပြီ"ဆိုသည့် တိုတိုတောင်းတောင်း အချက်ပြသတင်းစကားကို အဆောက်အအုံထဲမှ သူ့ဆရာထံ တယ်လီဖုန်းနှင့် လှမ်းပြောသူမှာ ခင်မောင်ရင်။

လျှို့ဝှက်အတည်ပြုခြင်းကို ရရှိပြီ၊ အေဒီလမ်း၊ ဦးစောအိမ်မှ ဂျစ်ကားတစ်စင်းချက်ချင်း ထွက်ခွာလာသည်။ ထိုအချိန်ကား မနက် ၁၀ နာရီတိတိ။ ယဉ်မောင်းသူက သုခ။ သူ့ဘေးမှာ အသက် ၃၀ ကျော်အရွယ် အရပ်မြင့်မြင့် မောင်စိုး။ ကားနောက်ခန်း၌ ကင်းဘတ်စ်အောက် ကောက်ကောက်ကွေးကွေးပုန်းလိုက်လာသူတွေ သေနတ်သမား ၃ ယောက်၊ မောင်စိန်၊ သက်နှင်းနှင့်ရန်ကြီးအောင်။

မောင်စိုး၊ မောင်စိန်နှင့်သက်နှင်းတို့က

ချေ။ နာရီဝက်ခန့်အကြာတွင် မိုးက တဖွဲဖွဲ၊ ကောင်းကင်က တညိုညို၊ စနေနံ့ပိတ်ရက်ဖြစ်သည့် အားလျော်စွာ လူတကျဲကျဲ ရန်ကုန်မြို့ထဲတွင်၊ ဝိတိုရိယခေတ်ပုံစံ အနီရောင်အုတ်များဖြင့် ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အအုံဖြစ်သည့် အတွင်းဝန်ရုံးအနီး ဒါလဟိုစီ(မဟာဗန္ဓုလလမ်း)နှင့် ၄၁ လမ်းထောင့်တွင် ကားကို ထိုးရပ်လိုက်၏။

မောင်နီကကားထဲတွင် နေကျန်ရစ်ခဲ့ပြီး ခင်မောင်ရင်၊ ဘညွန့်နှင့်မှုကြီးတို့က အတွင်းဝန်ရုံးထဲသို့ စနည်းနာရန် လမ်းလျှောက်ထွက်ခွာခဲ့ကြသည်။ ဘုရင်ခံအလုပ်အမှုဆောင်ကောင်စီအစည်းအဝေးပွဲ ရှိ/မရှိသေချာဖို့ သူတို့အတွက် အရေးကြီးသည်။ သေချာပြီဆိုသည့်အခါ "ပစ်တော်မီဂမ်းသေနတ်ကိုယ်စီကိုင်ထားကြပြီး ဆယ်ကျော်သက်အရွယ် ရန်ကြီးအောင်က ဆီမီးအော်တိုမက် တစ်စတင်းဂန်းသေနတ်ကို ကိုင်ထားသည်။ အတွင်းဝန်ရုံးမှာစောင့်နေတဲ့ ဘညွန့်အတွက် တော်မီဂန်းသေနတ်တစ်လက်ကို ဂျစ်ကားကြမ်းပြင်ပေါ်မှာ ချထား၏။ သူတို့အားလုံး အစိမ်းရောင်စစ်ဝတ်စုံနှင့် တောဆောင်း





ဦးထုပ်တွေ ဆောင်းထားကြပြီး ယူနီဖောင်းတွေရဲ့ လက်မောင်းတွေပေါ်မှာ ကမ္ဘာစစ်တုန်းက ရန်ကုန်မြို့စောင့် အမှတ် ၁၂ တပ်မရဲ့ တံဆိပ်အမှတ်အသားတွေ တပ်ဆင်ထားသည်။

ဂျစ်ကားက မြို့လယ်ခေါင်ကို အပြင်းနှင်နေတာနှင့်အမျှ လေကာမှန် ဘယ်ဘက်နံဘေးက အနီး အဖြူ အလံငယ် ၂ ခုကလည်း တဖျပ်ဖျပ်လွင့်နေသည်။ ထိုအချိန်နှင့် တစ်ပြိုင်နက်တည်း နီးပါးတွင် လွှတ်လပ်ရေးခေတ်ကြို ဝန်ကြီးချုပ်ရာထူးနှင့်ညီမျှသည့် ဘုရင်ခံအလုပ်အမှုဆောင်ကောင်စီ ဒုဥက္ကဋ္ဌ၊ မြန်မာ့အမျိုးသားရေးလှုပ်ရှားမှုခေါင်းဆောင် အသက် ၃၂ အရွယ် ဗိုလ်ချုပ်အောင်ဆန်းသည် တာဝါလိန်းလမ်း(ဝက်ဘာလမ်း) ရှိ နေအိမ်ခြံဝင်းမှ ထွက်ခွာလာသော ကား

Asian Fame Media Group

ပေါ်တွင် စီးနင်းလိုက်ပါ လာပါသည်။ ဗိုလ်ချုပ်၏ အိမ်ခြံဝင်းကား ရန်ကုန်မြို့ ကန်တော်ကြီးဘေးရှိ ယခုဗိုလ်ချုပ်ပြတိုက်အဖြစ် အများပြည်သူ ကြည့်ရှုရန် ဖွင့်လှစ်ထားသော အဆောက်အဦနှင့် ခြံဝင်းပင်။

ဗိုလ်ချုပ်ကား ထိုနေ့က စစ်ဗိုလ်ချုပ် အဆောင်အယောင်နှင့်မဟုတ် လည်ကတုံးအဖြူ ရောင်၊ ပိုးတိုက်ပုံအနက်နှင့် ပိုးလုံချည်ရွှေရောင်ကို ဝတ်ဆင်ခဲ့၏။

ဗိုလ်ချုပ်နေထိုင်ရာ တာဝါလိန်းလမ်းသည် ဦးစောနေထိုင်ရာ အေဒီလမ်းထက် အတွင်းဝန်ရုံးသို့ ပိုနီးသည့်အတွက် သူ့ကိုလုပ်ကြံမည့် သေနတ်သမားများ မရောက်ခင်ကတည်းက ဗိုလ်ချုပ်က ရောက်နှင့်နေပြီးဖြစ်သည်။ အခြားကောင်စီဝန်ကြီးများလည်း ပုံမှန်အတိုင်း လွှတ်လပ်ရေးခေတ်ကြို ကက်ဘိနက်အစည်းသို့ ကြွရောက်စုရုံးခဲ့ကြပြီ။ ဗြိတိသျှအစိုးရနှင့်တွေ့ဆုံ ညှိနှိုင်းနိုင်ခဲ့ပြီးဖြစ်၍ ကိုလိုနီသြဇာအောက်မှ နောက် ၆ လအတွင်း မြန်မာနိုင်ငံတား လွှတ်မြောက်တော့မည့်အချိန်။

ဘညွန့်ကား သေနတ်မပါသော်လည်း အတွင်းဝန်ရုံးတွင်း၌ သူ၏ လုပ်ကြံရမည့် ပစ်မှတ်တစ်ခုကို သဲကြီးမဲကြီးရှာဖွေနေလေသည်။ သူ့ ပစ်မှတ်မှာ အခြားသူမဟုတ် ဗိုလ်ချုပ်၏ အစ်ကိုကြီးတစ်ဦးကဲ့သို့ အားကိုးရသူ၊ ထိုအချိန်က တိုင်းပြုပြည်ပြုလွှတ်တော်လည်း ခေါ်ဆိုပြီးသည့်အချိန်ဖြစ်သည့်အားလျော်စွာ၊ လွှတ်တော်ဥက္ကဋ္ဌလည်း ဖြစ်သူသခင်နုပင်။

လေးထောင့်ပုံသဏ္ဍာန် အတွင်းဝန်ရုံးအဆောက်အဦ၏ အနောက်ဘက်တန်း ပထမဆုံးအခန်းသည် သခင်နု၏ ရုံးခန်းဖြစ်သည်။ ဘညွန့်က ခေါင်းမိုးကုန်းကုန်း လူသွားစင်္ကြံမှာ လမ်းလျှောက်ရင်း သခင်နု၏ အခန်းတွင်းသို့ တစ်ချက်မျှ စောင်းကြည့်ပြီး၊ သခင်နုကို တွေ့ပါပြီ။ သို့သော် ပို၍ကျိန်းသေစေရန် အနီးသို့ ကပ်သွားသောအခါတွင်ကား သခင်နု မဟုတ်ချေ။ ဘာသာတရားကိုင်းရှိုင်းသော ရာဇပလ္လင်ဖင်ကပ်ပါလာသူဟု ပြောကြသည့် သခင်နုနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ဇူလိုင် ၁၈ ရက်ညဘက်တွင် နောက်ဆုံးတွေ့ဆုံခဲ့ကြသေးသည်။ အကယ်၍သာ ဗိုလ်ချုပ်နှင့်အတူ ကျဆုံးသူများတွင် သခင်မြသော်လည်းကောင်း၊ ဒီးဒုတ်ဦးဘချိုသော်လည်းကောင်း မပါခဲ့လျှင် သခင်နု ဝန်ကြီးချုပ်မဖြစ်ပေ။

ဘညွန့်ကား သူ့ပစ်မှတ်ကို ထပ်မံစောင့်ဆိုင်းရှာဖွေရန် လက်လျော့လိုက်ပြီ။ ကားရှိရာပြန်လာပြီး အနီးရှိ လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်ထိုင်လိုက်သည်။ လက်ဖက်ရည်သောက်နေသော ဘညွန့်ထံသို့ ခင်မောင်ရင် ရောက်လာပြီး "သုတ်သင်ဆရာသူ တင်းပိုပြီးကြောင်း ပြော၏။"

**ကံကြမ္မာရမက်ဘီးစတင်လည်ပတ်ပြီ။**

ဗိုလ်ချုပ်တို့၏ ကံကြမ္မာ၊ ဦးစော၏ ကံကြမ္မာ၊ မြန်မာနိုင်ငံ၏ ကံကြမ္မာ။

အကယ်၍သာ ဗိုလ်ချုပ်တို့ မကျဆုံးခဲ့လျှင် မြန်မာ့သမိုင်းသည် များစွာကွဲပြားခြားနားသွားမည်မှာ အမှန်ပင်။ ဒုတိယကမ္ဘာစစ်ပြီး မြန်မာနိုင်ငံတော်ကို အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လူနေမှုအဆင့်အတန်းမြင့်မားလှ၏။ ဆန်ရေစပါးပေါများကြွယ်ဝ၏။ ရေနံနှင့် မြေအောက်သယံဇာတတို့လည်း ထိုက်သင့်သလောက် ပေါများ၏။ အာရှတိုက်တစ်ခွင်တွင် ပညာရေးအဆင့်အတန်းအမြင့်မားဆုံး ရန်ကုန်တက္ကသိုလ်တည်ရှိပြီး စာတတ်မြောက်မှုနှုန်းထား အမြင့်မားဆုံးနိုင်ငံဖြစ်သည်၊ ထို့ကြောင့် ၁၉၄၇ ခုနှစ် လုပ်ကြံမှုတွင် အရည်အချင်းပြည့်ဝသည့် နိုင်ငံရေးခေါင်းဆောင်များ ကျဆုံးခဲ့ရသည့် အတွက် ယနေ့ မြန်မာနိုင်ငံအတွက် နိုင်ငံရေးစနစ် တစ်ရပ်နိုင်နိုင်မာမာမထူထောင်နိုင်ဘဲ စစ်အုပ်ချုပ်ရေးစနစ် ဆက်ဆိုးရှည်ခဲ့ပြီ ကမ္ဘာ့အလယ်အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့ရသည်။

နံနက် ၁၀း၃၀ ထွင်ဘုရင်ခံ အလုပ်အမှုဆောင်ကောင်စီ အစည်းအဝေးစတင်သည်။ အင်္ဂလိပ်အက္ခရာ U စာလုံး၏ ပြောင်းပြန်ပုံစံစားပွဲ၏ ထိပ်အလယ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်၏ ဘယ်ဘက်တွင် အလုပ်အမှုဆောင်



Asian Fame Media Group

ကောင်စီ အတွင်းရေးမှူး ဦးရွှေဘော်၊ ညာဘက်တွင် ဝန်ကြီးအဖွဲ့၏ ဒုတိယအတွင်းဝန်ဖြစ်သူ ဦးအုန်းမောင်တို့ ဖြစ်ကြသည်။

ခုံတန်းလျားကြီး၏ ညာဘက်ခြမ်းတွင် ထိုင်နေသူများမှာ ဘဏ္ဍာရေးဌာနကောင်စီဝင် ဆိုရှယ်လစ်ခေါင်းဆောင်သခင်မြ၊ အမျိုးသားပညာရေးနှင့် စီမံကိန်းကောင်စီဝင် ဦးရာဇတ်၊ ဗိုလ်ချုပ်၏အစ်ကို စီးပွားရေးနှင့် ထောက်ပံ့ရေးဌာနကောင်စီဝင် ဦးဘဝင်း၊ သတင်းစာ ဆရာ၊ ပြန်ကြားရေးဌာနကောင်စီဝင် ဒီးဒုတ်ဦးဘချို၊ ကရင်လူမျိုးစုခေါင်းဆောင် အလုပ်သမားရေးရာ ကောင်စီ



ဝင် မန်းဘခိုင်တို့ ဖြစ်ကြသည်။

ဘယ်ဘက်ခြမ်းတွင် ထိုင်နေသူများမှာ ပြည်သူ့လုပ်ငန်းကောင်စီဝင် ဦးဘဂျမ်း၊ လူမှုရေးလုပ်ငန်းများကောင်စီဝင် ဦးအောင်ဇေဝ၊ ကောက်ပဲသီးနှံဌာနကောင်စီဝင်ဟသာတဦးမြ၊ နယ်ခြားဒေသများဆိုင်ရာ ကောင်စီဝင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းတို့ ဖြစ်ကြသည်၊

အစည်းအဝေးစပြီး မြောက်ဘက်ရှိ တံခါးပေါက် တစ်ခုမှလွဲ၍ တံခါးအားလုံး ပိတ်လိုက်ကြပြီး အတွင်းမှဂျက်များထိုးထားကြသည်။ ယင်းတံခါးဝတွင် စစ်စိမ်းရောင် ဘောင်းဘီဝတ်ဆင်ထားပြီး လက်နက်မကိုင်မဆောင်ထားသော မင်းစေသောင်းစိန်တစ်ဦးသာ စောင့်ကြပ်လျက်ရှိသည်။ အခန်းအပြင်ဘက် လူသွားလမ်းတွင် အမှုဆောင်ကောင်စီလက်ထောက် အတွင်းဝန်ဦးတင်အုန်းသည် မိတ်ဆွေတစ်ဦးနှင့် စကားပြောနေ၏။ ထိုအချိန်တွင် လေှကားပေါ်သို့ လက်နက်ကိုင် လူ ၄ ယောက်ပြေးတက်လာသည့်အတွက် ခြေသံများ၊ သေနတ်မောင်းတင်သံများ၊ အသက်ရှူသံများနှင့် ဆူညံသွားသည်။ အစည်းအဝေးခန်းထဲသို့ ပထမဆုံးပြေးဝင်သွားသည်မှာ အရပ်မြင့်မြင့်နှင့် မျက်နှာရှည်ရှည် မောင်စိုး၊ ဖွင့်ထားသည့် တစ်ခုတည်းသော တံခါးကို စောင့်နေသော မင်းစေမောင်သောင်းစိန်မှာ ကြက်သေသေဖြစ်ပြီးနောက် တားဆီးရန် ကြိုးစားပါသေး သည်။ သို့သော် သူ့ဘာမှ မတတ်နိုင်တော့ပါ။ သေနတ်သမားများက ဝန်ကြီးများဘက်သို့ ချိန်ပြီး 'မပြေးနဲ့၊ မထနဲ့' ဟုအော်သည့်အခါ ဗိုလ်ချုပ်အောင်ဆန်းက မတ်တပ်ရပ်လိုက်သည်။ 'ပစ်၊ ပစ်' ဟု မောင်စိုးက အမိန့်ပေးသောအခါ သေနတ်သံများ ဆူညံသွားပြီး ဗိုလ်ချုပ်လည်း သေနတ်ဒဏ်ရာ ၁၃ ချက်ဖြင့် သွေးအိုင်ထဲတွင် လဲလျောင်းငြိမ်သက်သွားရှာတော့သည်။

နံနက် ၁၁ နာရီခန့်တွင် ဤရက်စက်သော လုပ်ကြံမှုကြီး၏ သတင်းသည် တစ်တိုင်းပြည်လုံး ပျံ့နှံ့သွားပြီး ဗိုလ်ချုပ်အောင်ဆန်း ၃၂ နှစ်၊ သခင်မြ ၄၉ နှစ်၊ ဦးရာဇတ် ၄၉ နှစ်၊ ဦးဘဝင်း ၄၆ နှစ်၊ မန်းဘခိုင် ၄၃ နှစ်၊ ဦးအုန်းမောင် ၃၄ နှစ်တို့ ၆ ဦးသည် ပွဲချင်းပြီး သေဆုံးပြီး ဦးဘချို ၅၄ နှစ်သည် မနေ့လယ်ပိုင်းတွင် သေဆုံးခဲ့ချိုး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ၄၀ နှစ်သည် ၂၀ ရက်နေ့ မွန်းတည့်ချိန်တွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ အစည်းအဝေးခန်းမတွင်မှ သေနတ်သံများ ကြားရသဖြင့် ပြေးထွက်လာစဉ် ဆုတ်ခွာနေသော လူသတ်သမားများ၏ ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာ ၄ ချက်ရရှိသော ကိုထွေး ၁၈ နှစ်သည် နောက်ရက်အနည်းငယ်အကြာတွင်မှ ကွယ်လွန်သွားရှာရသည်။

ဗိုလ်ချုပ်တို့ကျဆုံးခဲ့သည်မှာ ယခုအခါ ၆၆ နှစ်မြောက် ရှိလာခဲ့ပါပြီ။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့က ဦးနုက ဤသို့ အသံလွှင့်မိန့်ခွန်း ပြောခဲ့၏။ 'ဗိုလ်ချုပ်နှင့်အတူ အဖိုးတန်ခေါင်းဆောင်များ ကျွန်ုပ်တို့ကြားမှ ပျောက်ကွယ်သွားခဲ့လေပြီ။ သူရဲဘောကြောင်လှသော ရန်သူ၏ သားကောင်ဖြစ်ခဲ့ကြရသည့် ၎င်းတို့အားလုံးမှာ မြစ်ရေပြင်လျှာ၌ ဖြစ်ပေါ်လာသော ရေမြှုပ်ပမာ အလားသဏ္ဌာန်တူလှ၏။ ကျွန်ုပ်တို့ခံစားရသမျှကား ဥပမာအားဖြင့် နှိုင်းယှဉ်တိုင်းတာ၍ မရနိုင်လောက်အောင်တည်း။'

၁၉၄၇ ခုနှစ် ဇူလိုင်လအတွင်း ကြမ္မာငင်သည့်ထိုနေ့သည် အမျိုးသားခေါင်းဆောင်တစ်ဦးကျဆုံးခဲ့ရရုံတင်မက တစ်နိုင်ငံလုံး၏ ရိုးသားဖြောင့်မတ်မှုနှင့် လက်တွေ့အသက်ဝင်လှုပ်ရှားနေသော ဒီမိုကရေစီစနစ်အပေါ်တွင် ထားရှိသည့် နိုင်ငံ၏ ဂုဏ်ယူဝင့်ကြွားမှုသည် အစိတ်စိတ်အမြွာမြွာ ပျက်ပြားကျန်ရစ်ခဲ့ရလေသည်။

ယခုအခါ ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းသော ဒီမိုကရေစီ စနစ်ကျသော သာယာဝပြောသော အနာဂတ် မြန်မာနိုင်ငံတော်ကို ဖခင်ကိုယ်စား ဆက်လက်၍ တည်ထောင်ရန် ကြိုးစားနေသည်။ ပိုမို ပျော်ရွှင်ဖွယ်ကောင်းသော အနာဂတ်နေ့များသို့ မျှော်မှန်းရင်း. . . . ။

'ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူသတ်သလဲ'၊
ရေးသူ- ဦးခင်အောင်
ဘာသာပြန်သူ - ဒေါက်တာ တင့်ဝေ၊
ဒေါက်တာ အေးကျော်
စာအုပ်မှ ကောက်နုတ်ဖော်ပြသည်။

**လက်ျာထွန်း**

# Q&A မမရတီ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
အနုပညာ

သို့ . . . မမရတီ

မင်္ဂလာပါနော်။ ငုက ရတီကို မကြာခဏဖတ်ဖြစ်ပါတယ်။ ရတီမှာပါတဲ့ ဖူးနုသစ်လွင် ကဗျာဥယျာဉ်ကို အရမ်းကြိုက်ပါတယ်။ ငုလည်း ကဗျာတွေရေးကြည့်ချင်တယ်မမရတီရယ်။ ဘယ်လို ရေးရမယ်ဆိုတာလည်းမသိဘူး။ ဘယ်လိုကဗျာတွေဆိုရင် ရွေးချယ်ခံရတာတ်လဲဟင် မမရတီ။ နောက်ဘယ်လိုစည်းကမ်းချက်တွေထပ်ရှိသေးလဲ ဆိုတာလည်းသိချင်ပါတယ်။

ငုဝါလေး (တွံတေး)

ငုရေ

**ဖူးနုသစ်လွင်ကဗျာကဏ္ဍမှာ ပေးပို့ရမယ့် စည်းကမ်းချက်တွေကို ဖော်ပြပေးထားပါတယ်။ အခြားသီးသန့် ကန့်သတ်ချက်တွေမရှိပါဘူး။ ဒါပေမဲ့ ကိုယ်ပေးပို့ချင်တဲ့ကဏ္ဍရဲ့ အမည်ကိုတော့ သေချာစွာရေးပို့ဖို့တော့ လိုပါတယ်။ ကဗျာတွေကို ဘယ်လို ရေးရမယ်ဆိုတာ မသိခင်မှာ ကဗျာတွေကို အရင်ဖတ်ဖို့ ငုကို အကြံပေးပါရစေ၊ ဘယ်လိုကဗျာတွေကိုမှ ရွေးချယ်တယ်ဆိုတာမျိုး မရှိပါဘူး ငုရေ။ အစဉ်အလာ မြန်မာကဗျာတွေလို လေးလုံးစပ်လင်္ကာသွားနဲ့ပဲရေးရေး၊ ခေတ်ပြိုင်ကဗျာတွေလို ကာရန်စည်းလျော့ စနစ်နဲ့ပဲ စပ်စပ် နှစ်သက်ရာကိုရေးပါ။ ကဗျာဟာ အရာအားလုံးကို စကားလုံးနဲ့ဖော်ကျူးတဲ့ အနုပညာပါပဲ။ ဒါကြောင့် ကဗျာမှာ နိမိတ်ပုံ၊ သင်္ကေတတွေနဲ့အတူ အသံဖန်တီးမှုတွေ ပါတတ်တယ်ဆိုတာကို ဖတ်ရင်းနဲ့လည်း သိလာတတ်ပါတယ်။ ဖူးနုသစ်လွင်ကဏ္ဍဟာ ကဗျာချစ်သူတွေအတွက် ဖွင့်လှစ်ပေးထားတဲ့ကဏ္ဍမို့လို့ ကြိုးစားရေးပြီးသာပို့ပါလို့ အကြံပေးချင်ပါတယ်။**



သို့

မမရတီ

သမီးက ရတီစာဖတ်ပရိသတ်ပါ။ ပြီးတော့ သရုပ်ဆောင် ရဲတိုက်ရဲ့ပရိသတ်တစ်ဦးလည်းဖြစ်ပါတယ်။ အခုလောလောဆယ် ရဲတိုက်ကြုံတွေ့နေရတဲ့ကိစ္စကိုလည်း အရမ်းစိတ်မကောင်း ဖြစ်ရပါတယ်။ ရဲတိုက်ပရိသတ်တစ်ယောက်အနေနဲ့ သူ့ကို အားကင်းလုံခြုံစေချင်တာပါ။ Online ပေါ်မှာ ဝေဖန် ရေးသားနေကြတဲ့ ဘာသာရေးပြဿနာကြီးထွားစေချင်တာမျိုးမဟုတ်ဘဲ ရိုးရိုးသားသား မှားတဲ့ အမှားတစ်ခုအဖြစ် ပြုပြင်ပြောင်းလဲပေးပါလို့ မမရတီကနေတစ်ဆင့် ရဲတိုက်ကို အသိပေးချင်တာပါ။ ၂၀၁၀ ဇန်နဝါရီလ မျက်နှာဖုံးမှာ ရဲတိုက်ရဲ့ပုံက အရမ်းကြည့်လို့ကောင်းပြီး ပါဝါ ရှိနေပါတယ်။ အဲဒီလိုပါဝါမျိုးနဲ့ပဲ ပရိသတ်တွေကို ဖျော်ဖြေပေးပါ။ အနုပညာနဲ့ပဲ ခရီးဆက်ပေးပါလို့ ပြောပေးပါနော်။

ရဲတိုက်ကိုအားပေးတဲ့ရတီပရိသတ်တစ်ဦး
စုမွန်ကြယ်၊ ပုသိမ်မြို့

ညီမလေး စုမွန်ကြယ်ရေ

**ရဲတိုက်ရဲ့ကိစ္စဟာ အချို့သော လူနည်းစုရဲ့ ထင်မြင်ချက်တွေကနေတစ်ဆင့် စိုးရိမ်စရာတစ်ခု ဖြစ်ရတာပါ။ ၂၀၁၀ ဇန်နဝါရီလ ရတီရဲ့ မျက်နှာဖုံးလိုမျိုး ရဲတိုက်ရဲ့တင်ဆက်မှုမျိုးကို ဆက်လက်တွေ့မြင်ရဦးမှာပါကွယ်။ ကဲ ရဲတိုက်ရေ . . . ပရိသတ်တွေက စိုးရိမ်နေတယ်ဆိုတော့ အနုပညာလုပ်ငန်းလေးတွေနဲ့ ကြိုးစားပြလိုက်ပါဦး။**



Asian Fame Media Group

သို့ . . . မမရတီရေ

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သလိုက်ရပါတယ်။ ဘာလိုလိုနဲ့ ရတီတောင် (၉) နှစ်ကျော်သွားပြီနော်။ စာပေ၊ အနုပညာမဂ္ဂဇင်းပြောင်းပြီး (၁) လသား အရွယ်ကတည်းက အားပေးလာခဲ့တာပါ။ သုတ၊ ရသအစုံစုံနဲ့ ပြည့်စုံနေတဲ့ ရတီမဂ္ဂဇင်းဟာ အခုထိ ကျွန်တော်တို့ ဆွဲဆောင်နိုင်တဲ့ အားမလျော့ခဲ့ပါဘူး။ လစဉ် ဆွဲဆောင်နိုင်ခဲ့တာပါ။ နှစ်ပတ်လည်ပြီးတိုင်း စာရေးချင်ပေမယ့် နောက်ပိုင်းအလုပ်တွေ များတော့ မရေးဖြစ်ခဲ့ပါဘူး။ ဧပြီလ ရတီမဂ္ဂဇင်းမျက်နှာဖုံးက ဆွဲဆောင်မှု အပြည့်ပဲနော်။ သင်္ကြန်ရဲ့အနှစ်သာရကို အပြည့်အဝ ခံစားမိတယ်။ ဝတ္ထုတွေကလည်း ကောင်းလိုက်တာ ဗျာ။ ဆရာထွန်းတောက်ထွဋ် (သချာ)ရဲ့ "ခေတ်တစ်နှစ်သုံး မင်္ဂလာ" ကိုတော့ တော် တော်လေး ကြိုက်မိတယ်ဗျ။ ဆရာရဲ့ အရေးအသားက တော်တော်ကောင်းတယ်နော်။ နောက်တစ်ခု ရတီကို ကျေးဇူးတင်ချင်တာက ကျွန်တော် အရမ်းနှစ်သက်တဲ့ အဆိုရှင် Adele ရဲ့ အကြောင်း ကို ဖတ်ခွင့်ရလို့ပဲ။ တကယ့်ကို ကျေးဇူးတင်ပါတယ်။ စာရေးဆရာ တွေရဲ့ အင်တာဗျူးတွေကိုလည်း ဖော်ပြပေးပါနော်။ ရတီရဲ့ စာမျက်နှာပေါ်မှာ အင်္ဂလိပ်စာကဏ္ဍကိုလည်း တွေ့ချင်တယ်ဗျ။ ပြီးတော့ "ဒီတစ်ခါ မခွဲ တော့ဘူး" သီချင်းနဲ့ ပရိသတ်ကို ဖမ်းစားနိုင်ခဲ့ပြီး "ချစ်မြဲတိုင်းချစ် နေမယ်" Album နဲ့ အောင်မြင်ခဲ့တဲ့ Melody World အဆိုရှင် ခင်စုစုနိုင်ရဲ့ အင်တာဗျူးကိုလည်း ဖတ်ချင်နေသေးတယ်ဗျ။ သူ့အသံလေးကို အရမ်း ကြိုက်လို့ပါ။ ပြီးတော့ နီနီခင်ဇော် အင်တာဗျူးကိုလည်း ဖတ်ချင်သေးတယ်ဗျ။ တောင်းဆိုရ တာတွေ များနေပြီ မမရတီရယ်၊ ရတီအဖွဲ့သားအားလုံး မိုးဆမ်းပန်းလို လန်းဆန်း နိုင်ကြပါ စေ။ ကျွန်တော် ချစ်တဲ့ ရတီလည်း ထာဝရအောင်မြင်ပါစေဗျာ။

ရတီရဲ့ ဖတ်ပရိသတ် မင်းသုဝဏ္ဏပိုင် (မြိတ်မြို့)





**ရတီကို တစ်လသားတည်းက အားပေးလာတဲ့ ပရိသတ်စစ်စစ်တစ်ယောက်မှန်းသိ ရလို့ ဝိုင်းတော်သားတွေက ဝမ်းသာနေကြပါတယ် မင်းသုဝဏ္ဏပိုင်ရေ၊ ဖန်တီး အားထုတ် ထားမှုတွေကို ကြိုက်နှစ်သက်တယ်ဆိုလို့လည်း ကျေးဇူးတင်နေပါတယ်၊ ဆရာ ထွန်းတောက်ထွဋ် (သချာ) ကလည်း သူ့ဖန်တီးမှုကို အားပေးတဲ့အတွက် ဝမ်းသာမှာပါ။ တောင်းဆိုထားတဲ့ အင်တာဗျူးတွေကို ဖော်ပြနိုင်ဖို့လည်း အယ်ဒီတာအဖွဲ့က ကြိုးစား နေပါတယ်တဲ့။ မင်းသုဝဏ္ဏပိုင် မြင်ချင်တဲ့ အင်္ဂလိပ်စာကဏ္ဍကို ဖန်တီးပေးဖို့လည်း တောင်းဆိုပေးလိုက်ပါမယ်။**

သို့ . . . မမရတီ

သမီးက ရတီရဲ့ထာဝရပရိသတ် တစ်ယောက်ပါ။ သမီးက ရတီမဂ္ဂဇင်းကို လစဉ်ဝယ်ဖတ်တယ်၊ ရတီမဂ္ဂဇင်းကလည်း တစ်လထက်တစ်လ ပိုပိုကောင်းလာပါတယ်။ သမီးက ရတီရဲ့ကဏ္ဍအားလုံးကို ကြိုက်ပါတယ်၊ မမရတီရဲ့ အမေးအဖြေကဏ္ဍကို ပထမဦးဆုံးဖတ်ဖြစ်တယ်။ ကဗျာနဲ့ဝတ္ထုတိုတွေက အရမ်းကို ကောင်းလာတယ်နော်။ မမရတီ သမီးမေးတာတွကို သည်းခံပြီး ဖြေပေးပါနော်။ သော်က မင်းခေါင် (ညောင်လေးပင်) ရေးတဲ့ ကဗျာတွေကို စိတ်ဝင်စားတယ်၊ ဆရာလွန်းမောင်မောင်ရေးတဲ့ ဝတ္ထုတိုတွေလည်း ကောင်းတယ်နော်မမ၊ ဆရာလွန်းမောင်မောင်ရဲ့ ထွက်သမျှစာအုပ်အားလုံးကို သမီးဝယ်ချင်တယ်။ ဆရာ့ရဲ့စာအုပ်တွေကို ဝယ်လို့ရတဲ့ စာအုပ်ဆိုင် အမည်နဲ့ ဖုန်းနံပါတ်လေးကို ဖြေကြားပေးပါနော် မမ။ ဆရာရဲ့လိပ်စာနဲ့ ဖုန်းနံပါတ်လေးလည်း ဖြေကြားပေးပါ။ ဆရာ့ကိုလည်း ထာဝရအားပေး နေပါတယ်လို့ ပြောပေးပါ။ မမရတီနဲ့တကွ ရတီဝိုင်းတော်သားအားလုံး ထာဝရ အောင်မြင်မှုရပါစေလို့ သမီးဆုတောင်းပေးနေပါတယ်။

ရတီကို ထာဝရအားပေးနေတဲ့ သွန်းယမုံ၊ မြိတ်မြို့



**ညီမလေး သွန်းယမုံရေ**

**သော်ကမင်းခေါင် (ညောင်လေးပင်) က ညီမလေးရဲ့ အားပေးမှုကို ဝမ်းသာနေမှာပါ။ ဆရာ လွန်းမောင်မောင်ကိုလည်း ပြောလိုက်ပါပြီနော်။ သူ့ရဲ့စာအုပ်တွေကို စာအုပ်ဆိုင်တော်တော် များများမှာ ဝယ်ယူလို့ရပါတယ် သွန်းယမုံရေ။ ဆရာလွန်းမောင်မောင်ကို တိုက်ရိုက်ဆက်သွယ် ချင်ရင်တော့ ငွေလစာပေ၊ ထင်းဝင်းရပ်၊ မြို့တော် ဥယျာဉ်ဘက်၊ မန္တလေး၊ ဖုန်း ၀၂ -၂၂၀၈၈ ကို ဆက်သွယ်နိုင်ပါတယ်။**

Asian Frame Media
MEDIA GROUP

# ဖူးနသစ်လွင် ကဗျာဥယျာဉ်



## ငါ့အတွက် အခမဲ့နေရာ

အသက်ကို ခေါင်းပန်းလှန်ရဲလား
နတ်ဆိုးက ခေါင်းခါတယ်
အသံကုန် ဟစ်အော်နေပေမယ့်
ကောင်းကင်က မလှုပ်သေးဘူး
ဒီအချိန်မှာ
အယ်ကိုပေါကာ ငါ့ရဲ့ အဖော်ပဲဆိုပါတော့
လောကကြီးကို ခပ်တွေတွေနဲ့ ကြည့်တယ်
နာဆင်ရဲ့ သူကလည်း ရှုံ့ကြတယ်
သက်ဝေသနိုင်လုံသေးသေးရှေ့ ငါ့လှကောင်း
သံကောက်ချောင်းတွေနဲ့ ရေးတဲ့သေတမ်းစာပိုင်ရှင်ဟာ
နေကျွမ်းလာတဲ့သူဆိုရင် ခပ်များများ မယုံကြဘူး
သွားတော့မယ်ဗျာ
ဟော ... ကြည့်
ဟိုမှာ မဲမင်ကြီး လှိုင်းထလာသလားနဲ့ ငါ့ကိုလာကြိုပြီ။

နေထွန်းနိုင်





## ဘဝအဓိပ္ပာယ်

ငါတို့ဟာ မွေးဖွားခဲ့ကြ၊
ခွက်အလွတ် တစ်လုံးလို၊
ခွက်ထဲကို အဆိပ်ထည့်တော့
အဆိပ်ခွက်ပေါ့၊
ခွက်ထဲကို သကာထည့်တော့
အချိုခွက်ပေါ့၊

နေမင်းညို

## ငြိမ်းချမ်းရေး

အချိန်ကိုက်ဗောက်ခွဲခြင်းခံလိုက်ရတဲ့
ဂုံးတစ်လုံးရဲ့ သံယောဇဉ်ဆိုတာ
သွေးစွန်းနေတဲ့ အက်ရာအက်ချက်တွေလား။
တာတာခံ မြေတပ်လေးတွေမှာတော့
မျက်ရည်များ မှုန်ရွှောက်စိုလို့
ဒီလိုရန်လိုမှု အမုန်းတရားတွေနဲ့
နီးနေအလှယ်နေကြဦးမယ်ဆိုရင်
နားလည်မှုကမ်းလက်ကတော့
ပြင်းမကောင်းတဲ့ ကြည့်မှန်တစ်ချပ်လို
မှုန်ရီဝေဝါးနေဦးမှာပဲ။ ။

လင်းဝေမှူး (မြင်းခြံ)

Asian Fame Media Group
MEDIA GROUP

# ဖူးနုသစ်လွင် ကဗျာဥယျာဉ်





## လမ်းမဲ့ည

မဟုရာဆိုးထားတဲ့ ညတစ်ညဟာ
နိမိတ်တွေ အဆက်မပြတ်ကြားမှာ
ရှေ့လမ်းဆီး နီးမလိုဝေခဲ့သည့်
မိုးမြိမ်းသံနဲ့အတူ လေပြင်းတွေရှက်လွှင့်လာခိုက်
ငိုက်စိုက်ထိုးဆင်းသွားသော
အသင်းတန်းတစ်လျှောက်
ဖားရှုန်ရာနောက် လိုက်ခဲ့တယ်
မှောင်သထက် အမှောင်ရောက်
နောက်တစ်လှမ်းအတွက် စမ်းတဝါး
အိမ်အပြန်လမ်းအား
ဒီမိုညက ဖမ်းထားတယ်
မျက်နှာမှုရာလျှောက်ရင်း မိုးကသည့်ရင်း
လေကထန်ရင်း ညကမှောင်ရင်း
လှမ်းရင်း . . . . လှမ်းရင်း
အသင်းမဲ့လည်း မှန်း . . . မသေတော့ . . . ။

ထက်သစ် (သုံးဆယ်)

## လွဲ

ပြတင်းပေါက်ကို ခမ်းတကာရွှင်ပြီ
ညဉ့်နက်ထား သူနှင်းတဲ့ကောင်းကင်
ပုစဉ်းနိုင်တစ်ကောင်ကို ပုံသွန်းချင်း
လရိပ်ကို တကန်းကိုင်နေတယ်
တယ်မှာတဲ
အို ချိုမြိန်တဲ့ ခိုင်တစ်ခွက်
အိပ်မက်ထဲ ဆေးစပ်ရှုပ်ထိုးခဲ့။

ပေးနိုင်ပြီ ပီးပေါက အစွမ်းအနစ်တွေ
သူက ခံတယ်၊ ကိုယ်က ရဲတယ်
လှိုင်းပြိုယ်သွားတဲ့ ပြာမှုန်တစ်ချပ်မှာ
အတိတ်တွေ ပါတယ်
ထိုညက ကျွန်တော့်မျက်နှာကြက်
ကျပ်မိုးနဲ့ ပင့်ကူအိမ် ဆရာတွေးလို့

မိုးဆုတ်တယ် လဆုတ်တယ်
ခြေတစ်လှမ်းဆုတ်တယ်
သူဆုပ်ကိုင်ထားတဲ့ ဒဏ်ရာတွေကို
နာကျင်စွာ အော်ဟစ်ပြီး နှလုံးသားပေါ်က
လက်ရာတွေ ပြည်ညှင်စွာ နွာချ
တရွတ်ဆွဲနေတဲ့ ခြေထောက်တွေဟာ
ဝိညာဉ်ရွှေ့မယ့် ကြိုးစင်ကို

ယဉ်ကျေးစွာ ဆဲရေးသော
နူးညံ့စွာ ရက်စက်သော
ဆေးဆေးတဲ့ ပန်းချီကားတစ်ခု
ညစ်ထေးတဲ့ ကောင်းကင်မှာ
ညိုကာ ညိုကာ စုတ်ချက်မညီးတွေနဲ့
ဟစ်အော်ကာ ပြေးနေတယ်
အလွမ်းခန်းမှာ ရူးတဲ့မိုးရယ်
ဆုံမှတ်အမှားတစ်ခု သီအိုရီလွဲတစ်ခု
ပျက်စီးဖူးတယ်။ ။

ထင်အောင်





## နေ့တစ်နေ့

ကိုယ့်ဉာဏ်ပညာနဲ့ကိုယ် လေလွင့်ရွက်ကြွေ
စက္ကန့်တစ်ချက်စီမှာ ငါ့ကိုနှင်းသွားတဲ့နေ့
ငါသေမယ့်နေ့ ငါ့ကိုစောင့်နေတယ်
အမြဲတမ်းပြုံးနေတတ်တဲ့ မျက်နှာဖုံးများ
အမြဲတမ်းနားလည်ပေးတတ်တဲ့ ငါ့နှလုံးသား
ငါသွားရမယ့်နေ့ ငါ့ကိုစောင့်နေတယ်
ရွက်စုတ်ပြက္ခဒိန်တွေ နံရံပေါ်က ဖြုတ်ချ
ငါ့ရင့်ရော်မှုတွေ ဆေးထဲမြုပ်ကျ
ငါ့ဘဝနေဝင်ချိန် ငါ့ကိုစောင့်နေတယ်
ဒီဘဝတွေ ကျိန်မလာချင်တော့ဘူး
တရားဒေသနာတော်တွေ လက်လှမ်းမီသလောက်ရှာ
ငါ့ကို မှုန်မွှေသွားမယ့်နေ့ ငါ့ကိုစောင့်နေတယ်
လောဘ ဒေါသ မောဟဒွံထဲက ဘဝ
ငါ့ကိုသေသည့် ရုပ် နာမ် အနိစ္စ
ငါ့အနိစ္စ ငါ့ကို စောင့်နေတယ်
ရှေ့မှာ ငါ့ကိုစောင့်နေတယ်။ ။

ချိတ်ကောက် (မြို့လှ)

## ဆက်ရန်ရှိသေးသည်

မြေတစ်လှည်း လှမ်းဖို့အတွက်
ရွေးစရာမရှိလို့
သား ...
ထမ်းပျောက်နေပြီ ... အမေ
ရွှေအိမ်နန်းမှာ မြန်းဖို့အတွက်
စာရိတ္တကို အပေါင်တိုက်လွှင်း
လှည့်ကိုက်စာရင်းထဲလည်း
သားမပါချင်ဘူး ... အမေ
စိတ်ညစ်တဲ့ အမေက
တိုက်တဆိတ် အရက်သောက်တယ်
ထိပ်ချစ်ရတဲ့
အမေ့လက်ဖဝါးတွေလည်း
ဆေးလိပ်တွေ လိပ်ရလွန်းလို့
လက္ခဏာတွေ ပျောက်ကုန်ပြီလေ ...
စိတ်ပျက်ပါနဲ့ အမေရယ်
အခက်အခဲဆိုတာ
ဘဝရဲ့ ရှင်သန်ခြင်းပဲပို့
အသက်နဲ့ခန္ဓာတည်ပြီးသရွေ့
ရိုးသားစွာနဲ့ ကြိုးစားရင်း
သား ...
အမေနဲ့ အဖေ့အတွက်
တာဝန်ကျေချင်သေးတယ်... ။

ခက်ဆစ်လင်း (မြည်)

MEDIA GROUP
Asian Frame Media Group

# ဖူးနုသစ်လွင် ကဗျာဥယျာဉ်



## ကောင်းကင်ဘုံက မော်ဆရာ

မော်သားတော်ရဲ့အတူ ခေတ်ကို ထွန်းညှိလိုက်တယ်
စိတ်အကွဲကြီးနဲ့ လောကရဲ့ ခလုတ်တွေကို ကျော်ဆန်အောင် ရိုက်ချွင်းပစ်
ရထိုးတစ်လျှောက် သချိုင်းတွေကို မှုမဲ့ရင်း အညီတွေစိုက်ဝင်လာတိုင်း ဝေဒနာကို ပန်းလိုပွင့်စေတယ်
သိပ်သည်းသောအနွံနဲ့ ညှို့တက်လာတဲ့ အမှောင်ရှုတွေကို ဖြိုခွင်း
ကြေးသွန်းတဲ့ မီးအိမ်တစ်လက်မှာ ဘဝအကွေ့ရာတွေကို ထွင်းဆစ်တယ်
ရွဲ့လောင်နေတဲ့ လောကအတိရာကို အနုပညာလျှာကြီးနဲ့လျက်ရင်း
ဆီမီးတစ်ဆုပ်နဲ့ ဘဝတွေကို သိမ်းထုပ်စေခဲ့တယ်
လမင်းကို ဆွတ်ယူလာခဲ့တဲ့ မြင်းသည်တော် ပန္နရာကို တကျုံကျုံနှုတ်ဆက်ရင်း
ဆောင်းဝတ်ဆံမြိည့်ထားတဲ့ ကျည်တောက်နဲ့ ဘဝတွေကို လင်းထောက်စေခဲ့တယ်
သစ်တစ်ပင်ကောင်းခဲ့တာ မဟုတ်ဘူး တောင်တစ်ညို့ ဆိုခဲ့တာမဟုတ်ဘူး
ကြေးငွားရဲ့ အရိုးမရှိတဲ့ ဆီမီးရဲ့လိုရုံးပဲ နှလုံးအိမ်တွေကို လင်းမြဲစေခဲ့တာ
ကြယ်အနေ့ရဲ့ မျက်ရည်တွေကို ရင်ဘတ်ထဲထည့်ထားတဲ့ မော်ဆရာ
ကလောင်သင်္ချိုင်းချောင်းကြီးနဲ့ လိုင်းတွေကိုရိုက်သိမ်းရင်း ထိပ်တွေကိုကောက်ထုတ်ရင်း
အနက်မှုန်သမှုကို ရှင်းရင်း သူ့ရင်တစ်ခုလုံးကျိုးနေတာ ဘယ်သူမှ မမြင်ခဲ့ကြဘူး
လေးကိုင်းပေါ် လွှင့်တင်ထားတဲ့ သစ္စာတရားနဲ့ ကောင်းကင်ရဲ့ တံခါးပေါက်များစွာကို တရုန်းရုန်းပစ်ခတ်
နှိုးလှုတဲ့ ကဗျာရေအိမ်ပေါက်တို့ကို ထာဝရမီးလင်းစေခဲ့တယ်
ကျမ်းဂိုးတစေ့စေ့ တောလေသတို့ရဲ့ တမျက်မှာတိုင်းကို တစ်လွှာချင်းချွေထုတ်ရင်း
ရွှေဝင်ပီးညွှန့်တစ်ရဲ့ နှလုံးအိမ်တွေကို လင်းမြဲစေခဲ့ပြီ
ကောင်းကင်ဘုံက မော်ဆရာ
ဒီကမ္ဘာမှာ မြေပိုက်ကျိုးမှိုင်ခဲ့ရင်း ဘဝတွေကို ဝက်ဝက်ကွဲ လင်းချင်းစေခဲ့တယ်
ညအကန်းထဲ မနက်ခင်းတွေကို မောင်းသွင်းလာခဲ့သူ
ရိုးသားခြင်းကို ဆောင်းဓားလိုလွှယ်ပိုးရင်း
ဒီကမ္ဘာကို ကြယ်တစ်ခင်းနဲ့ ပက်ဖျန်း ကောင်းကင်ကြီးဆီ နဂါးငွေ့တန်းလို ထွက်ခွာသွားချိန်
တိတ်ဆိတ်တဲ့ အသံတစ်ခု လွှတ်ကျကျန်ခဲ့ပြီ
"အမှန်တရားကား၊ တိမ်ရှုးကောက်ကြောင်းလို နွဲ့ယိမ်းပါလျှ မှန်ဆောက်လှချော၏
ထိုအမှန်တရားအား ဖမ်းဆုပ်ညှိုယူခြင်း၌ ပါဠိပိညာဥ်မြိုင်သော တတ်နိုင်စွမ်းရာမှ
ငါ၏အသက်ကို ယခုပင် ငါကိုယ်တိုင် ဆွဲချွတ်ယူပေမည်"
ကျွန်တော်တို့ အမြတ်တနိုးကောက်ယူဖတ်ရှု ရင်ဘတ်တိုင်းမှာ ကမ္ဗည်းထိုးထားပါ့မယ် မော်ဆရာ။

ညီလင်းနိုင်

'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'၏ ပရိသတ်များဖြစ်သည့် ကဗျာဝါသနာရှင်များအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပေးပို့လာသော ကဗျာများအနက်မှ သင့်တော်ရာအချို့ကို ရတီမဂ္ဂဇင်း၏ Face book စာမျက်နှာထက်တွင် အပိုဆောင်း ကဗျာအဖြစ် ဖော်ပြပေးသွားမည်ဖြစ်သောကြောင့် စာမျက်နှာထက်တွင် ပုံနှိပ်ဖော်ပြခြင်း မခံရသူများအနေဖြင့် အွန်လိုင်းတွင် မိမိတို့၏ ကဗျာများကို စောင့်မျှော် ဖတ်ရှုနိုင်ပါကြောင်း. . . . .

---

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို 'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်ကို အပြည့်အစုံထည့်ပေးပါရန်၊ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

# တစ်ဟော့အဆိုတော်ရဲလေးနှင့် မအေးမြအောင်တို့၏ မင်္ဂလာပွဲကျင်းပ





အဆိုတော် ရဲလေးနှင့် မအေးမြအောင် တို့သည် ဖေဖော်ဝါရီလ ၂၆ ရက်တွင် မိဘစုံရာ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြပြီး မေလ ၁၈ နံနက် ၁၀ နာရီတွင် မဟာစည်သာသနာ့ရိပ်သာတွင် မင်္ဂလာဦးဆွမ်းကျွေး ကျင်းပပြုလုပ်ခဲ့သည်။ ယင်းနောက် မင်္ဂလာဧည့်ခံပွဲကို မေလ ၂၆ ရက် နံနက် ၁၀ နာရီက Strand ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ အနုပညာရှင် မောင်နှမများ တက်ရောက်ခဲ့ကြသည်။

## မင်္ဂလာဆုတောင်း



မောင်အေးကျော် (ခ) အလင်းဆက် (I.R) B.A (Hons), M.A (Q) International Relations, Executive Editor (Asian Fame Media Group) နှင့် မခင်ဝါဝါမိုး B.B.A (Y.I.Eco) တို့၏ မေလ ၅ ရက် နံနက်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ကျင်းပခဲ့သော လက်ထပ်မင်္ဂလာဦးဆွမ်းကျွေးမှသည် သက်ဆုံးတိုင် အောင်မြင်ပျော်ရွှင်သောဘဝကို ရွှေလက်တွဲ၍ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ရတီ စာပေနှင့်အနုပညာမဂ္ဂဇင်း**

## Pyi Chan Photography ၏ Studio တစ်နှစ်ပြည့်အခမ်းအနား ကျင်းပ



ဓာတ်ပုံပညာရှင် ပြည်ချမ်း၏ Photo Studio တစ်နှစ်ပြည့် အခမ်းအနားကို မေလ ၃၀ ရက် မွန်းလွဲ ၁ နာရီက အမှတ် ၉၀၊ ၄၉ လမ်း၊ ပုဇွန်တောင် မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ TV Channel ၊ FM နှင့် စာနယ်ဇင်းများ တက်ရောက်ခဲ့ကြသည်။ ပြည်ချမ်းသည် မြန်မာနိုင်ငံဓာတ်ပုံ အသင်းက ဖွင့်လှစ်သော ဓာတ်ပုံသင်တန်း အမှတ် ၃၇၊ ၃၈ အပြင် Today Photography သင်တန်း အမှတ်စဉ် ၁ တို့ တက်ရောက်ခဲ့သည့်အပြင် ရုပ်ရှင်ဓာတ်ပုံ၊ ရုပ်ရှင်ဒါရိုက်တာ သင်တန်းများလည်း တက်ရောက်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် Photo Studio ကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ Commerical Photography Wedding Photography, Portraite Photography နှင့် Fashion Photography များကို မဂ္ဂဇင်း၊ ဂျာနယ်နှင့် TV Channel များတွင် ရိုက်ကူးပေးနေကြောင်း သိရသည်။

Asian Fame Media Group

# အဋ္ဌမအကြိမ်မြောက် ရွှေအမြုတေစာပေဆုပေးပွဲ




















နှစ်စဉ်ကျင်းပလျက်ရှိသည့် ရွှေအမြုတေစာပေဆုပေးပွဲ၏ အဋ္ဌမအကြိမ် မြောက်အခမ်းအနားကို မေလ ၂၄ ရက် ညနေက ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် စာပေလောကသားများ တက်ရောက်ခဲ့ကြပြီး တေးသံရှင်များနှင့် Dancer များက တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး ဆုရွေးချယ်သူများကို ကြေညာကာ ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ ယခုနှစ်အတွက် ကဗျာဆုကို မိုးသစ်ဝေ၊ ဆောင်းပါးဆုကို ဇော်ဝင်းကို၊ ရသစာတမ်းဆုကို မောင်နှင်းပန်း၊ ဝတ္ထုတိုဆုကို ငွေဇင်ယော်ဦး၊ ဝတ္ထုရှည်ဆုကို အောင်မြိုးကျော်၊ အခန်းဆက်ဝတ္ထုရှည်ဆုကို ဆူးငှက်တို့ကရရှိခဲ့ပြီး ရွှေနှလုံးသားဆုကို ညီငယ်လေးနှင့် မျိုးဆက်သစ်စာပေဆုကို ဇေဦးယျာတို့က ရရှိခဲ့ကြသည်။ အဆိုပါရွှေအမြုတေဆုကို နှစ်စဉ်ဇွန်လမှ မေလအထိ မဂ္ဂဇင်းပါရသစာပေများမှ ရွေးချယ် ချီးမြှင့်ခြင်းဖြစ်ပြီး မူ ၆ ချက်ပေါ် အခြေခံ စိထားကာ သုံးသပ်ခြင်းဖြစ်ကြောင်းလည်း သိရပါသည်။

## Audience of Celebrities' Choice
## ကဏ္ဍအတွက် တောင်းပန်စာ

လစဉ်လတိုင်း တင်ဆက်ပေးနေကျဖြစ်တဲ့ Audience of Celebrities' Choice ကဏ္ဍရဲ့ ဇူလိုင်လမှာ ဖော်ပြခံရမယ့်သူတွေကတော့ အကယ်ဒမီမယ်လိုဒီနဲ့ သူမရဲ့ပရိသတ်ပဲ ဖြစ်ပါတယ်။ Audience of Celebrites' Choice ကဏ္ဍကို ဇူလိုင်လမှာ ဖော်ပြရမှာဖြစ်ပေမယ့် အကြောင်းအမျိုးမျိုးတွေကြောင့် အောက်တိုဘာလတွင် ပြန်လည်တင်ဆက်ပေးမှာဖြစ်ကြောင်း အသိပေးအပ်ပါတယ်။ လစဉ်စောင့်မျှော်ကြည့်ရှု အားပေးနေတဲ့ ရတီပရိသတ်ကြီးလည်း အနူးအညွတ် တောင်းပန်အပ်ပါတယ်ရှင်။

**သီတာစိုး**

# 1st Lady Hair & Beauty Saloon ဖွင့်လှစ်






အကယ်ဒမီမေသန်းနု ဦးစီးသော 1st Lady Hair & Beauty Saloon ကို မေလ ၁၂ က်က စတင်ဖွင့်လှစ်လိုက်ပါပြီ။ အဆိုပါ Saloon ဖွင့်ပွဲအခမ်းအနားကို ယင်းနေ့ ညနေ ၄ နာရီက ဆိုင်တည်ရှိရာ အမှတ် 1A/42၊ ဥဏ္ဏနာလမ်း၊ တောင်ဥက္ကလာမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ ရဲအောင်၊ ရန်အောင်၊ ရဲလေး၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ မို့မို့မြင့်အောင်၊ နန်းဆုရတီစိုး၊ ခင်ဇာခြည်ကျော်၊ ဝါဆိုမိုးဦး၊ လှမျိုးသဥ္ဇာနွယ်၊ သက်မွန်မြင့်အစရှိသည့် သရုပ်ဆောင်များစွာနှင့် မော်ဒယ်များ တက်ရောက်ကြသည်။ 1st Lady Hair & Beauty Saloon တွင် အလှအပ ရေးရာဝန်ဆောင်မှုများအပြင် အမျိုးသမီးအလှကုန် Accessories Cosmetic များလည်း ရောင်းချလျက်ရှိသည်။

## အမျိုးသမီးများအတွက် WIENNA စတင်ဖွင့်လှစ်ပြီ




အမျိုးသမီးများအတွက် အတွင်းခံပစ္စည်းများနှင့် accessories များ သီးသန့်ရောင်းချပေးမည့် WIENNA ကို ဇွန်လ ၆ ရက် နံနက် ၁၀ နာရီက ဆိုင်တည်ရှိရာ ရန်ကင်းစင်တာ (မြေညီထပ်) တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အဆိုပါ ဆိုင်ဖွင့်ပွဲကို ဦးစီးသူများ ဖြစ်ကြသော Ms.Siriwan, Ms. Pakinee နှင့် Mr.Sorach တို့က ဖွင့်လှစ်ပေးခဲ့ကြပြီး စာနယ်ဇင်းများ ကိုယ်စား ပေါ် ထူးတူးမြင့်သိန်းနှင့် အနုပညာရှင်များ လာရောက်အားပေးခဲ့ကြသည်။ WIENNA တွင် ယင်းအမှတ်တံဆိပ် ပစ္စည်းများအပြင် အထူးစီမံဖန်တီးထားသည့် Hand Made ပစ္စည်းများလည်း ရရှိနိုင်မည်ဖြစ်သည်။

## ကိုရီးယားနိုင်ငံထုတ် Glasslock Launching Ceremory



ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Glasslock အမှတ်တံဆိပ် ဖန်ထည်ပစ္စည်းများ မိတ်ဆက်ပွဲနှင့် အရောင်းပြခန်းဖွင့်လှစ်ပွဲကို မေလ ၂၁ ရက် မွန်းလွဲ ၂ နာရီက စိန်ဂေဟာ ၊ ပါရမီစင်တာရှိ ၃ လွှာ၊ အခန်း 3A တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ကိုရီးယားနိုင်ငံ HD Global မှ ဒါရိုက်တာ Alex Kim နှင့် International Equal ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ဇော်မြင့်တို့က ဖဲကြိုးဖြတ်ခဲ့ကြသည်။ ထို့နောက် ဆိုင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် Glasslock အမှတ်တံဆိပ်ပစ္စည်းများကို ၃၀ ရာခိုင် နှုန်းလျှော့ဈေးဖြင့် ရောင်းချပေးခဲ့သည်၊ Glasslock အမှတ်တံဆိပ် ဖန်ထည်ပစ္စည်းများသည် သာမန်ဖန်သားများထက် ၃ ဆခန့် မာကျောခြင်း၊ ကင်ဆာနှင့် အဆိပ်အတောက်များဖြစ်စေတတ်သော ဓာတ်များပါဝင်ခြင်း၊ အစားအသောက်များကို ကြာရှည်လတ်ဆတ်စွာ ထားနိုင်ခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၄၀ ကျော်တွင် အောင်မြင်မှုရရှိနေကြောင်း သိရသည်။

(၁)

အမေနဲ့အစ်ကိုကြီး အိမ်ကို ရောက်နေပါလား။ မတွေ့တာကြာပြီ ဖြစ်တဲ့ အဒေါ်တွေနဲ့ ဦးလေးလည်း ရောက်နေကြတယ်။ ဘာလာလုပ်တာလဲ တစ်ခါမှ ဒီလိုပြိုင်ပြီး ကျွန်မ အမျိုးတွေ ကျွန်မအိမ်ကို မလာဖူးပါဘူး။ လိုက်မေးတော့လည်း ဘာမှပြန်မပြောကြဘူး။

ကျွန်မခင်ပွန်းကရော ဘယ်ကို အရေးတကြီး ဖုန်းခေါ်နေတာလဲ၊ သူ့မျက်နှာ အမူအရာကလည်း တစ်မျိုးပဲ။ ဟော သမီးလေးကရော ရှိုက်ကြီးတငင် ငိုနေတာပါလား။ သမီးကို ဘာဖြစ်လို့ ငိုနေတာလဲလို့ မေးမလို့လုပ်နေတုန်း တိုက်အောက်ကို ကားတစ်စီးဝင်လာတယ်။ ကျွန်မ အဒေါ်အငယ်က

"ဟော လာပြီ လာပြီ"

လို့ အော်နေတယ်။

ခဏနေတော့ ကားပေါ်ကလူတွေက ခန္ဓာကိုယ်တစ်ခုကို ပုံးရှည်လေး ထဲထည့်ပြီး သယ်ချသွားတယ်။ ကျွန်မသိချင်စိတ်တွေ မထိန်းနိုင် တော့လို့ ပုံးရှည်လေးထဲ လှမ်းကြည့်လိုက်မိတယ်။

"အလို ပုံးရှည်ထဲမှာ ကျွန်မပါလား"

ကျွန်မ ဘာဖြစ်တာလဲ မနေ့ညကအထိ အကောင်းပကတိ ကျန်းကျန်းမာမာပါပဲ။ ကျွန်မသမီးလေးရဲ့ ငိုသံကို ကြားရပြန်ပြီ။ အဒေါ်တစ်ယောက်က

"ကလေးက သိတတ်တဲ့အရွယ် ရောက်နေပြီ၊ သနားပါတယ်တဲ့"

ကျွန်မလည်း တစ်အိမ်လုံးကို လိုက်ကြည့်နေမိတယ်၊ အမေနဲ့ အစ်ကိုကြီးကလည်း ငိုလို့ပါလား။ ဒါဆို ကျွန်မ သေသွားတာများလား၊ မဖြစ်နိုင်ပါဘူး၊ ဆယ်နှစ်နေလို့မှ တစ်ခါ မနာမဖျားတဲ့ ကျွန်မ၊ ဘာရောဂါမှ ကြီးကြီးမားမား မရှိဘဲ သေသွားနိုင်လား။ ကျွန်မတွေးနေရင်း သမီးကို လှမ်းကြည့်လိုက်တော့ အငိုတိတ်သွားပြီး သူကြိုက်တတ်တဲ့ ကာတွန်းကား ဘယ်သူဖွင့်ပြလိုက်တယ် မသိဘူး၊ ပြီးတော့ ကောင်မလေးက ထမင်းခွံ့နေတာ တွေ့ရတယ်။ တဖြည်းဖြည်း ညရောက်လာပြီး၊ ကျွန်မခင်ပွန်းရဲ့ ညီသည်တွေလည်း အိမ်ကို



Asian Fame Media Group
MEDIA GROUP

# အလည်သွားမိတဲ့ တစ်ညတာ

ခင်သန္တာ



Asian Fame Media Group
af MEDIA GROUP

ရောက်လာတာတွေ့ ရတယ်။

သူတို့အားလုံးရဲ့ မျက်နှာတွေက ကျွန်မခင်ပွန်းကို စာနာသနားတဲ့ ပုံပေါ်နေတယ်။ ဧည့်သည်ထဲက အမျိုးသမီးတချို့က သူတို့အချင်းချင်း ကျွန်မခင်ပွန်းကို သနားတဲ့အကြောင်း ပြောနေကြပြန်တယ်။ ဘာလို့လဲ ကျွန်မတကယ်သေသွားတာဆိုရင် ကျွန်မကို ပိုပြီးမသနားသင့်ဘူးလား။ အခုတော့ ကျွန်မခင်ပွန်းကိုပဲ ဝိုင်းသနားနေကြတယ်။ဘာနှင့်တူလဲဆိုတော့ ချော်လဲကျသွားတဲ့သူရဲ့ ဒေါနားကအဖော်ကို 'ဦးဖူး' လုပ်ပေးနေတာနဲ့ တူနေတော့တယ်။ ညနေက ရှိုက်ကြီးတငင်ငိုကြွေးနေတဲ့ သမီးလည်း ငိုရတာမောသွားပြီး ဗိုက်ဝသွားလို့ထင်ပါရဲ့၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပြီ။ ကျွန်မခင်ပွန်းကို ကြည့်လိုက်တော့ အိပ်ပျော်နေ

> **"ဘုရားရေ. ." ဖားပြုပ်ကြီးတစ်ကောင်နဲ့တူနေတဲ့ ကျွန်မဘော်ဒီ (သူတို့ပြောသလို)၊ ကျွန်မ အမြဲတမ်း ဂုဏ်ယူကျေနပ်ခဲ့ရတဲ့ ကျစ်လျစ်တောင့်တင်းတဲ့ ကျွန်မကိုယ်ခန္ဓာ၊ ဘာလို့ တစ်ရက်နှစ်ရက် အတွင်းမှာ ဒီလောက်ဖြစ်သွားရတာလဲ. .**



တာလား၊ မျက်စိပိတ်ထားတာလား သေချာမသိ၊ မျက်စိပိတ်ပြီး ငြိမ်နေတယ် ထင်တာပဲ။ ပူဆွေးနေတာလား၊ သူတစ်ယောက်တည်း သမီးငယ်နဲ့ ရှေ့ဆက်ရမယ့် အခက်အခဲအတွက် စိတ်ပျက်အားလျော့နေတာများ လား။

(၂)

နောက်ရောက်တော့ ကျွန်မ သင်တန်းသူတချို့ ရောက်လာတာတွေ့ရတယ်။ သူတို့မျက်နှာတွေကတော့ ကျွန်မခင်ပွန်းဧည့်သည်တွေလို သနားနေကြတဲ့ပုံတော့ သိပ်မပေါ်ဘူး။ တချို့ကလည်း ကျွန်မကို လိုက်ပို့ရမယ့်နေ့ကျရင် အားမှာမဟုတ်လို့ မလာနိုင်တဲ့အကြောင်း ကျွန်မခင်ပွန်းကို တစ်ခါတည်း တောင်းပန်နေသံ ကြားရတယ်။ တချို့ကလည်း လိုက်ပို့မှာ သေချာသလိုလို လုပ်နေကြတယ်။ ဘာတွေမအားကြမှာလည်း ကျွန်မ သေချာမသိ၊ ဒါပေမဲ့ ဘကယ်လို့ ကျွန်မ သေသွားတာမဟုတ်ဘဲ ကျွန်မခင်ပွန်း သေသွားတာဆိုရင်တော့ လိုက်ပို့ဖို့ အားကြည်းမည်ထင်တယ်။ ကျွန်မကို မျက်နှာနာပြီး အားနာလို့နေမှာ။ အခုတော့ မျက်နှာနာစရာ ကျွန်မ မရှိတော့၊ ကျွန်မကို လိုက်ပို့ခြင်း၊ မပို့ခြင်းကိုလည်း ကျွန်မမသိနိုင်တော့။ ကျွန်မနဲ့ သိပ်ရင်းနှီးခဲ့တဲ့ သင်တန်းသူတချို့ကတော့ ကြောက်နေတဲ့ပုံ ပေါ်တယ်။

"အမေ ကျွန်တော် ဘော်ဒီ သွားထုတ်လိုက်ဦးမယ်" တဲ့။

ကျွန်မကို ပို့မည့်မနက်မှာ ကျွန်မခင်ပွန်းက ကျွန်မအမေကို ပြောနေသံကြားရတယ်။ ဘာလဲ 'ဘော်ဒီ'ဆိုတာ အဲဒီလိုပဲ သုံးနှုန်းရတာလား။ ကျွန်မကို အသက်ရှိစဉ်မှာ နာမည်တောင် တစ်ခါမှ မခေါ်ဘူးဘဲ သူခေါ်နေကျနာမ်စားပဲ သုံးနှုန်းခေါ်ဆိုတတ်သူ၊ အခုတော့ ဘော်ဒီ သွားထုတ်မလို့တဲ့လား။ ကျွန်မ မခံချင်ဖြစ်သွားမိတယ်၊ ဒါနဲ့ သူနဲ့အတူပဲ လိုက်သွားလိုက်တယ်။ ကျွန်မကို ထွေထားရာ အခန်းထဲက အထုတ်ရှာတော့ ကျွန်မ လန့်သွားပြီး အော်တောင် အော်လိုက်မိတယ်၊

"ဘုရားရေ. . ." ဖားပြုပ်ကြီးတစ်ကောင်နဲ့တူနေတဲ့ ကျွန်မဘော်ဒီ (သူတို့ပြောသလို)၊ ကျွန်မ အမြဲတမ်း ဂုဏ်ယူကျေနပ်ခဲ့ရတဲ့ ကျစ်လျစ်တောင့်တင်းတဲ့ ကျွန်မကိုယ်ခန္ဓာ၊ ဘာလို့တစ်ရက် နှစ်ရက်အတွင်းမှာ ဒီလောက်ဖြစ်သွားရတာလဲ။

ကျွန်မခင်ပွန်းကတော့ မကြည့်ရက်လို့လား၊ မကြည့်ချင်တော့လို့လား မသိ၊

"အစ်မကြီးတို့ပဲ ကြည့်ကောင်းအောင် လုပ်ပေးလိုက်ကြပါ"

ဆိုပြီး တာဝန်ယူဆောင်ရွက်ပေးနေကျ အစ်မကြီးတွေလက်ထဲကို ကျွန်မဘော်ဒီအပ်ပြီး ပြန်သွားတယ်။ ကျွန်မဘဝမှာ ကျွန်မမျက်နှာကို မိတ်ကပ်အကြိမ်ကြိမ် အပြင်ခံရဖူးပါတယ်။ ဒီတစ်ခါ အဆင်မပြေဆုံးပဲ၊ ပြင်ဆင်ပေးနေသူ အစ်မကြီးက ကျွန်မရဲ့ ခေါင်းရင်းဘက်ကနေ ခုံတစ်လုံးနဲ့ထိုင်ပြီး ကျွန်မ မျက်နှာကို ကင်းဗတ်တစ်ခုလို သဘောထားပြီး ပန်းချီဆွဲသလို လျှောက်ဆွဲနေတော့တယ်။ သူကိုင်ထားတဲ့ နှုတ်ခမ်းနီဘူးကိုကြည့်လိုက်တော့ အမယ် . . . အရောင်စုံပါလား၊ ကျွန်မသုံးနေကျ Giffarine Tester နှုတ်ခမ်းနီဘူးနဲ့တောင် တူနေသေးတော့တယ်။

"ဟာ အဲဒီအနီရောင်ကြီး မဆိုးပါနဲ့ ကျွန်မသိပ်မုန်းတဲ့အရောင်၊ ကျွန်မက အသားသိပ်မဖြူတော့ အဲဒီအရောင် ဆိုးလိုက်ရင် ဘောသူနဲ့ တူသွားရော၊ ကျွန်မအကြိုက် Lc 29 အရောင်လေးများ မရှိဘူးလား"။

ကျွန်မ ဘာပဲပြောပြော အချိန်ငါးမိနစ်လောက်အတွင်းမှာ သူတာဝန် သူလုပ်ပြီးသွားပြီ။

(၃)

ကျွန်မ အိမ်ပြန်ရောက်လာပြန်တယ်။ ကားတန်းကအရှည်ကြီး လိုက်ပို့တဲ့သူတွေလည်း မနည်းပါလား။ အထူးသဖြင့် ကျွန်မခင်ပွန်းရဲ့ ရုံးအသိုင်းအဝန်းက များတယ်။ 'ဝန်သေတစ်မတ်၊ ဝန်ကတော်သေ တစ်ကျပ်' ဆိုတာ ဒါမျိုးပြောတာထင်ပါရဲ့။ ဒါတောင် ကျွန်မခင်ပွန်းက ဘာဝန်မှ မဟုတ်သေးဘူး။

"ဩော် ကျွန်မနှယ် မမြင်သင့်တာတွေ လျှောက်မြင်နေပြန်ပါပြီ၊ ရေသန့်ဘူးနဲ့ ယပ်တောင်ရပြီးသားသူတွေကလည်း ဘာလို့ ထပ်ယူနေကြတာလဲ၊ မရသေးတဲ့ သူတွေအတွက် ထားလိုက်ပါဦးလား"

ဟော အမျိုးသမီးတစ်စု ကားပေါ်က ပြန်ဆင်းသွားတယ်၊ ဘာလို ဘာလိမ့်။

"တို့ထိုင်တဲ့ဘက် အခြမ်းက နေပူတယ် နောက်ကားရွှေ့ရအောင်"

ဆိုမှပဲ လိုက်ပို့ရမယ့် ခရီးတိုလေးအတွက် အပူဒဏ်မခံနိုင်လို့ ကားပြောင်းစီးကြမှန်းသိရတော့တယ်။

တစ်လမ်းလုံးလည်း စကားပြောလာတာ ဆူညံနေကြတာပဲ။ ကျွန်မနဲ့ပတ်သက်တာဆိုလို့ ကျွန်မရဲ့အသက် ဘယ်လောက်လဲဆိုတာပဲ စိတ်ဝင်စားကြတယ်။ သေတဲ့သူရဲ့ အသက်က သူတို့ထိုးနေကြဂဏန်းတွေမှာ ထွက်တတ်တယ်ဆိုပဲ။သူတို့တွေ အခုမှ တွေ့ကြရတယ်ထင်တယ်၊ ပြောစရာ စကားကုန်သွားလို့ ကားထဲမှာ အသံတိတ်သွားတယ်လို့ မရှိဘူး။ အေးလေ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာဆိုတော့ ဒီလိုကိစ္စရှိမှပဲ တွေ့ဖြစ်ကြတော့မှာပေါ့။ တဖြည်းဖြည်းနဲ့ ကားတန်းရှည်ကြီးက



အဝေးပြေးဂိတ်ကို ကျော်လာပြီဆိုရင်ပဲ ရှုဆေးထုတ်ရှုသူက ရှုနှာခေါင်းကို လက်ကိုင်ပဝါအုပ်သူက အုပ်နဲ့ ခပ်ရှည်ရှည်လမ်းသွယ်လေး အတိုင်းမောင်းလာကြပြီး ခဏနေတော့

"ဟင် ရောက်တောင် ရောက်ပြီလား မြန်လိုက်တာတဲ့" ပြောနေကြပြန်တယ်။

ကားပေါ်ကလူတွေ ဆင်းကြပြီ၊ ဟင် ဘယ်လိုဖြစ်လို့ တစ်ယောက်နှစ်ယောက်က ကျန်နေခဲ့ရတာလဲ အကုန်မဆင်းကြဘူးလား။

"လာ အစ်မကြီးဆင်းလေ" လို့ ကားအောက်က တစ်ယောက် လှမ်းပြောသံကို ကားပေါ်က အစ်မကြီးက

"မဆင်းတော့ပါဘူး၊ ပြီးလို့ပြန်တက်ရင် ဒူးက မကောင်းတော့ သူများတွေလို လွယ်လွယ် မတက်နိုင်လို့ ကားပေါ်မှာပဲ ကျန်ခဲ့တော့မယ်" တဲ့။

ကျွန်မကို လိုက်ပို့တာလား၊ ကားလိုက်စီးတာလားလို့ စဉ်းစားနေမိတယ်။ လိုက်ပို့တဲ့သူတွေထဲက တချို့ ကျွန်မကို လာကြည့်ကြတယ်။

"မြင်ထားတာ လှသားပဲနော်" တဲ့။

တစ်ယောက်ရဲ့ ပြောသံကို ကြားလိုက်ရလို့ ကျွန်မကိုယ် ကျွန်မ ကြည့်လိုက်မိတယ်။

"အမယ် အခုလိုဆိုတော့လည်း အကြည့်ရ မဆိုးတော့ပါဘူး"။

မနက်ကတွေ့ခဲ့ရတဲ့ ကျွန်မရဲ့ ဖားပြုပ်ခန္ဓာကိုယ်ကြီးကို အဝတ်တွေ၊ ပန်းစည်းတွေနဲ့ ဖုံးပေးထားပါလား။ မနက်က ကျွန်မမကြိုက်လို့ ချေးများခဲ့တဲ့ မျက်နှာလည်း အခုကျတော့ အဆင်ပြေနေသားပဲ။

(၄)

ကျွန်မကို တွန်းရွှေ့ထုတ်လာတဲ့အချိန်၊ လိုက်ပို့တဲ့သူတွေက ကားပေါ်တက်စောင့်နှင့်ပြီ၊ ဆွေမျိုးတချို့တော့ ကျန်နေတာ တွေ့ရတယ်။ အခန်းထဲကို ဘယ်သူဝင်လိုက်မှာလဲ မေးတော့ ခင်ပွန်းက သူဝင်မယ်ပြောတယ်။ အစ်ကိုကြီးက

"အစ်ကို ဝင်လိုက်သွားမှာဆိုရင် ကျွန်တော် မလိုက်တော့ဘူးနော်" တဲ့။

ဘာလိုလဲ မောင်နှမတွေထဲမှာ ကျွန်မနဲ့အစ်ကိုကြီးက အရင်းနှီးဆုံးနဲ့ သံယောဇဉ်အရှိကြဆုံးမဟုတ်ဘူးလား။ ညီမရဲ့ နောက်ဆုံးခဏကို မကြည့်ချင်တာလား၊ မကြည့်ရက်တော့လို့လား သူကိုယ်တိုင်မှပဲ သိမယ်ထင်တယ်။ မီးရှိန်တွေက ပူလိုက်တာ၊ ရင်ဘတ်ပေါ်မှာလည်း တစ်ခုခုနဲ့ ဖိထားသလို လေးနေတာပဲ။ အသက်ရှူလို့တောင် မရချင်တော့ဘူး။ နောက်ဆုံးတော့ ကျွန်မ တွန်းထိုးခံရတာ အောက်လိုက်မိတော့တယ်။

ခင်ပွန်းက ကျွန်မကို လှမ်းနှိုးနေတယ်၊ အဲဒီအချိန်ကျမှ မျက်စိဖွင့်ကြည့်လိုက်တော့ သမီးက သူ့ထုံးစံအတိုင်း ကျွန်မရင်ဘတ်ပေါ် တက်အိပ်နေပြန်ပြီ၊ သမီးတစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေပါလား။ ကျွန်မမှာလည်း ရေငတ်နေပြီး ကျောမှာ ချွေးတွေရွှဲနစ်လို့၊ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်လို့ ပြောကြတယ်၊ အေးလွန်းလို့ မက်တာလို့ ကြားဖူးတာပဲ။ ဒါပေမဲ့ ဒီနှစ်ရန်ကုန်ဆောင်းကတော့ သေချင်လောက်အောင်ကို ပူနေတော့တာပဲ။ ပူလွန်းလို့ ကယောက်ကယက် မက်နေတာနေမှာ။

အိပ်ရာထဲမှာ ဟိုဒီလှိမ့်ရင်း ပြန်အိပ်မပျော်တော့တာနဲ့ လျှောက်စဉ်းစားနေမိတယ်။ ကျွန်မ အင်္ဂလိပ်ကဗျာလေးတစ်ပုဒ် ကြားဖူးတယ်၊ ရေးတဲ့သူက အမျိုးသမီးကဗျာဆရာမပဲ၊ သူသေသွားတဲ့အခါ ကျန်ရစ်ခဲ့မယ့် သူတွေအတွက် သောကမပိုရအောင် အလုပ်တွေမရှုပ်အောင်လို့ စပ်ပေးခဲ့တာလို့ ကျွန်မထင်တာပဲ။ ကျွန်မ တစ်ယောက်ထဲ အဲဒီကဗျာလေးကို တိုးတိုးလေးဆိုကြည့် နေမိတယ်။

I shall not see the shadow

I shall not feel the rain

I shall not hear the nightingale

Sing on as if in pain.

Dreaming through the twilight

That doth not rise nor set

Haply I may remember

And haply may forget

Christina Rossetti

ငါသေသွားတဲ့အခါ ငါ့အုတ်ဂူပေါ်မှာ ငါအရိပ်ရအောင်ဆိုပြီး မင်းအပင်တွေ ဘာတွေ စိုက်တာ လုပ်မနေပါနဲ့၊ ငါမြင်နိုင်မှာမှ မဟုတ်တာ။ ငါ့ကို မိုးစိုနေလား မစိုနေဘူးလားလည်း ငါသိမှာမှ မဟုတ်တော့တာ။ နိုက်တင်ဂေးငှက်ရဲ့ နာကျင်ကြေကွဲစွာ ဆိုနေတဲ့ သီချင်းသံတွေကိုတောင် ငါကြားနိုင်တော့မှာ မဟုတ်ရင် မင်း ကြေကွဲခံစားရနေတာလည်း ငါသိနိုင်မှာ မဟုတ်ပါဘူး။ အမှောင်အတိကျနေတဲ့ နေရာမှာ ရောက်နေတဲ့ ငါ့အဖို့တော့ နေဝင်ချိန် နေထွက်ချိန်တွေဆိုတာလည်း မသိနိုင်တော့ဘူးလေ။ မင်းနဲ့ငါ အတူ ကြည်နူးခဲ့တာတွေရော၊ နာကျင်ခံစားခဲ့ဖူးရတာတွေရော ငါ မှတ်မိချင်လည်း မှတ်မိမယ်၊ မေ့ချင် မေ့နေမှာပဲလေ။ အဲဒီတော့ မင်း အများကြီး ခံစားမနေပါနဲ့လို့ ပြောနေသယောင်ပါ။

အဲဆိုတော် ဆောင်းဦးလှိုင်သီချင်းထဲကလို

"ကမ္ဘာဟာ သူ့အချိန်တိုင်းသူ လည်ပတ်ဦးမှာပါ. . .၊ ဆောင်းနွေ မိုး တွေ မလွတ်တမ်းရောက်လာနေကျ. . . တကယ် တို့ဝေးရင် တစ်ရက်ပဲ မင်းငိုပါ. . ."ပေါ့။

(၅)

ကျွန်မတစ်ကယ်ပဲ သေသွားခဲ့ရင် သမီးလေးက ကျွန်မအိပ်မက်ထဲကလို ကာတွန်းကားလေးကြည့်ရင်း တဖြည်းဖြည်း သူ့အမေကို မေ့သွားမှာလား။ ကျွန်မ ချစ်ခင်ပွန်းကရော သူ့အချိန်တိုင်းသူ လည်ပတ်နေတဲ့ ကမ္ဘာကြီးထဲမှာ အဆင်ပြေပြေ ဆက်နေသွားနိုင်မှာလား။ ကျွန်မ သင်တန်းသူတွေကရော တစ်ချိန်က ခင်မင်ခဲ့ဖူးတဲ့ သင်တန်းဆရာမကို တမ်းတနေကြဦးမှာလား။ တကယ်တော့ ဒါတွေ အားလုံးက အရေးမကြီးပါဘူး၊ အသက်ရှင်လှုပ်ရှားနေချိန်လေးအတွင်း သူတို့တွေအတွက် ကျွန်မ အသုံးဝင်နေတယ်ဆိုရင် ကျွန်မ ဘာလိုအဝေးကြီးကို လှမ်းမျှော်ကြည့်နေတော့မှာလဲနော်။

ခင်သန္တာ

Asian Fame Media Group
MEDIA GROUP

# ဒဏ်ရာရဆေးမှင်ကြောင်

## ကိုကံညို(ထူးကြီး)

ဝတ္ထုတိုရသ

ဒီနှစ်ထဲရောက်မှ စီးပွားရေး အပေါက်အလမ်းက အသက်ခြောက်ဆယ်နဲ့ အပေါင်းနှစ်ရာကျော် မျက်မှန်တစ်လက် လည်ပင်းဖက်ပြီး အပ်ပေါက်ထိုးနေသလိုပဲ။ အလွဲလွဲအချော်ချော်၊ ပွင့်လင်းရာသီတောင် ရောက်လာပြီပဲ။ အိမ်က ယောကျ်ား ဒီအချိန်မျိုးဆိုတာ ရိုက်ရက်မအားတဲ့ မင်းသားဖြစ်နေရမှာ။ အခုတော့ နှစ်ရက်ဆင်း တစ်ပတ်နား၊ အိမ်မှာ ကျောခင်းနေတာ တွေ့ရဖန်များလာတော့ ချောချာရှုရှုတောင် မကြည်ဖြူချင်တော့။ သစ်မစုံရတာနဲ့၊ သဲကုန်ရတာနဲ့။ အလုပ်ကဆက်နေတယ်ရယ် မရှိ၊ ဒါတောင်အောက်တန်းဆင်းကန်နေတဲ့ ဘောသမားအဆင့်လို။ ခေါင်းဆောင်ရယ်၊ နောက်လိုက်ရယ် ခွဲများမနေတော့ဘဲ ရှင်ရသလို ဝင်လုပ်နေတာ။ မိုးတွင်းမဟုတ်ဘဲနဲ့များ အလုပ်က ပြတ်တစ်လှည့် ရပ်တစ်လှည့်၊ ငတ်တော့မငတ်ဘူးပေါ့။ ဒါပေမဲ့ ဝမ်းနင်ပေးခံထားရတဲ့ ခြေချုပ်သမားလို ထမင်းလုံးတန္တေ အခြောက်ခံနေရတယ်။

နေလို့ မဟတ်သာတော့တဲ့ အဆုံး တစ်ဖက်တစ်လမ်းက ခုမိကာမိမလားဆိုပြီး အိမ်ငှားပွဲစားကလေးတောင် တီးခေါက်ကြည့်မိသေး။ ရှေးကအတိုင်း ထီးဖြူမိနပ်ပါးပြီး စကားများများပေါရလွန်းလို့ သူများ မေးအငေါ့ခံရတာသာ အဖတ်တင်တယ်၊ အလုံးအရပ်က ဒီယက်ပိုထွက်မလာဘူး။ မက်မက်စက်စက်ရလိုက်တယ်ကို မရှိ။ ထိုလိုက်တာနဲ့ ပျက်တာက ပိုများရယ်။

ဒီအချိန်သာ ရောက်လာတယ်။ အခုအချိန်ထိ ဆိုပ်ကိုင်မိ ဘာမှမရှိသေး။ နာရီတကြည့်ကြည့်၊ ပြက္ခဒိန်တကြည့်ကြည့်သာ လုပ်နေရရင် သက်ပြင်းချရင်း အသက်ရှင်ချင်စိတ်တောင် ရှိတော့မှာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့အရှိန်နဲ့သူ သွားနေတဲ့ အချိန်ကို တားပေးမယ့် ဘုရားမှ မရှိတာ။ ဘာပဲပြောပြော ဟောခနဲဟောခနဲနဲ့ ရက်တွေလတွေ တစ်စထက်တစ်စ ပုံကြွေ၊ အခုလောက်ဆို မျှော်နေတဲ့သူတွေတောင် မျှော်နေလောက်ပြီ။ အငွေ့အသက်မကင်းတဲ့ လက်စကို ဒီနှစ်တော့ ဘယ်လို စခန်းသွားရမယ် စဉ်းစားမရတော့၊ အတွေးတွေက ဆူ၊ ခေါင်းတွေက ပူ၊ နာမည်တစ်လုံးအတွက် ဘယ်လို ထွက်ရမှန်းကို မသိတော့ပါဘူး။

•

မနှစ်တစ်နှစ်တုန်းကများဆို အားလုံးရဲ့ပီတိတွေက စားလို့မကုန်၊ သောက်လို့မကုန် အလျှံပယ်။ သိသိကြီးနဲ့ တားလို့မရ ဆီးလို့မရ လျှံကျလာတဲ့ ဝင့်ဝါခြင်းတွေ။ အဘတို့ အစ်မတို့များ မြင်စေ့ချင်လိုက်တာ မပြောပါနဲ့တော့၊ ကိုယ့်သမီးလေး မည်းမှောင်မှောင်ကျီးတွေအလယ်က အရောင်စုံနဲ့ ဒေါင်းလေ။

လှပရွှန်းလဲ့ခဲ့ကြတဲ့ အစကို ပြန်ပြောပြရဦးမယ်။ အဘတို့ အစ်မတို့မတိုင်ခင် ရှေးပဝေသဏီကတည်းက လူဖြစ်လာတဲ့ မြို့ကလေးရဲ့ထိုးစံမှာ သီတင်းကျွတ်လပြည့်ဆို ဘုရားဆင်းတုပွဲတော်ရှိတယ်၊ သိတတ်စအရွယ်မှာ ခေါင်းထဲမှတ်မိနေတဲ့ ဇာတ်ကြောင်းက . . .

မြတ်စွာဘုရားသခင် . . သူ့ရဲ့ဘဝဟောင်းက မယ်တော်ကို ဝါတွင်းသုံးလ ကျေးဇူးဆပ်တရားဟောပြီး လူ့ပြည်ကို စောင်းတန်းကြီး သုံးသွယ်ကနေ ပြန်ကြွတယ်။ အဲဒီပုံအတိုင်း တောင်ထိပ်စေတီက မတ်ရပ်ကိုယ်တော်တစ်ဆူကို ဖော်ကျူးထားတဲ့ စောင်းတန်းကြီး သုံးသွယ်ကနေတစ်ဆင့် မြို့ထဲက ယာယီစံကျောင်းမှာ သီတင်းသုံးဖို့ ခင်းကျင်းတဲ့ အခမ်းအနား။ ပွဲလမ်းသဘင်တွေကလည်း ပေါမှပေါ၊ တောရောမြို့ပါမကျန် ဝတ်ကောင်းစားလှတွေ ပြိုးပြိုးပြက်နဲ့၊ ဧည့်သည်မရှိတဲ့ အိမ်ရယ်လို့မလွတ်၊ အနယ်



နယ်အရပ်ရပ် ရွာနီးချုပ်စပ်က အားလုံးစုပြုံပြီး စိမ့်ဝင်လာကြတာ၊ ဘုရားဆင်းချိန်ဆို ဘုရားစောင်းတန်းတစ်ခုလုံး လူတွေနဲ့ မည်းခဲနေတာ။ ဈေးသည်မုန့်သည် ပျော်ပွဲရွှင်ပွဲတွေမှ မြိမ့်မြိမ့်သဲ. . .၊ လှချင်သူတွေအတွက်ကတော့ တကယ့်ကို ကတ်ဝေါ့ (cat walk) လျှောက်ဖို့ အကွက်ကောင်း၊ လှုနိုင် တန်းနိုင်သူတွေမှ တကယ့်နာမည်ပေါက်. . .။

အဘတို့၊ အစ်မတို့က အခုခေတ်စကားနဲ့ ပြောရရင် တကယ့်နာမည်ကြီးတွေ၊ အဲဒီကာလဆို အိမ်မှာ ဧည့်သည်တွေ တောင်ပုံရာပုံ၊ တောက်တောက်ပြောင်ပြောင်တွေ ဝတ်စားပြီး ဧည့်သည်တွေကြားမှာ လမ်းသလားရတာကိုက ဘယ်လိုပျော်စရာကောင်းမှန်းမသိ။

အခုတော့ အဘနဲ့အစ်မက သူတို့နာမည် ကမ္ပည်းတင်ထားတဲ့ မှန်ဦးကြီးကို ဘုရားစောင်းတန်းအပေါက်ဝမှာ မားမားမတ်မတ်ထောင်ထားခဲ့ပြီး မျက်ကွယ်ပြုသွားကြလေပြီ။ ထုံးတမ်းစဉ်လာကကိုပဲ ကိုယ့်ဘားဂရပ်ကို စားပွဲပေါ်တင်ပြရသလိုမျိုး စေးစေးပိုင်ပိုင်ရှိပါ့။ အခြေအနေကလေးပေးတာနဲ့ အမျှကြိုက်ဈေးပေးပြီးတော့ကို ပုံအောခဲ့တဲ့ ပထမပိုင်းနှစ်တွေ၊ ဇရပ်တွေ၊ အဆောင်အခန်းတွေ၊ တစောင်းပြာသာဒ်တွေရဲ့ အလှူရှင်တွေတောင် နှစ်စဉ်နှစ်တိုင်း တတ်အားသရွေ့တော့ ပြုပြင်ထိန်းသိမ်းနေကြဆိုတော့ ပြေးမလွတ်။ ခန့်ခန့်ငြားငြားနေရာယူထားတဲ့ မှန်ဦး၊ အလှူရှင်ရဲ့ အစဉ်အဆက်ဆိုတော့ ပြောနေစရာမလို၊ ကုန်ကုန်ပြောရရင် မင်းလမ်းက တိုင်ပုံတစ်ကွက်စာ အလှူရှင် မွှားမွှားကလေးတွေတောင် သူတို့မိဘဘိုးဘွားအမည်ဆိုင်းဘုတ်ကလေးတွေကို ဆေးသုတ်၊ စာလုံးအသစ်ပြန်ရေး ဆေးမသုတ်နိုင်တောင် ထုံးလောက်နဲ့ ပြန်အုပ်၊ ဒါလောက်တော့ အစဉ်အဆက်လုပ်လာခဲ့တဲ့ ဥစ္စာ။

♦

ရပ်ဝေးမှာ အလိုက်သင့် အလျှားသင့်ဆိုတာ အနေတော်လောက်ဖြစ်ဖို့တောင် အချိန်နဲ့ တစ်ပြေးညီ နှလုံးသွင်းထားရတာမျိုး၊ လင်ကိုယ်မယားနှစ်ယောက်မှာ ဘယ်သူတော်လို့လဲတော့ မသိဘူး၊ လာဘ်ဝင်တဲ့ ဖြူဟ်ခွင်ထဲ ရောက်တဲ့ နှစ်တုန်းကဆို တကယ့်ကို လျှမ်းလျှမ်းတောက်၊ ကန်ထရိုက်တာတစ်ယောက်ရဲ့ မယားခန်းမှာတော့ တကယ့်ကို ရွှေတွဲလဲ ငွေတွဲလဲ။

ဟိုင်းတီးဆိုတာကို တီဗီကြော်ငြာထဲမှာသာ မြင်ဖူးပြီး ဂျပန်စက်ဘီးကို လုံးဝခံစားလို့ မရသေးတဲ့ ဒေသကွက်ကွက်ကလေးမှာ ရန်ကုန်နေ ကန်ထရိုက်တာရဲ့ ဇနီးတစ်ယောက်အနေနဲ့ကတော့ တကယ့်အဟုတ်၊ အားလုံးရဲ့ကြားမှာ ပျော်နေ မော်နေရတဲ့ ကိုယ့်ရုပ်ကိုယ်တောင် မှတ်ပါ့မလားရယ်လို့၊ အဘတို့. . . အစ်မတို့မြင်စေချင်လိုက်တာ မပြောပါနဲ့တော့၊ ယောက်ျားဆိုတာ တန်းနန်းကြီးတကားကားနဲ့ ပညာစွမ်းကလည်း ဖြရပ်၊ ရန်ကုန်က ဆေးသုတ်သမားနှစ်ယောက်ပါလာပြီး ဆရာ. . . ဆရာ တစာစာခေါ်နေတော့ အဘတို့ အစ်မတို့နာမည်နဲ့ တစ်ဦးတည်းသောသမီးလေး ကိုယ့်အမည်ကို နိုင်ငံခြားကလာတဲ့ ရွှေဆေးနဲ့ စာလုံးက ဖောင်းကြွလုပ်ထားတော့ အဝေးကကြည့်တောင် ထင်းနေ၊ ဝင်းနေတာပဲ။ အားလုံးရဲ့ကြားမှာ မျက်နှာကလည်း ကြီးသလား မမေးနဲ့။ ဆွေမျိုးတစ်သိုက်ကို မုန့်ဖိုးတွေ ဝေရတာကိုက အားရစရာ။ ပွဲတော်နေ့မှာ ကျွေးတဲ့မုန့်ဟင်းခါးက ဘဲဥ နိုင်းချင်းနဲ့ အချိန်ငါးဆယ်၊ ချက်လောက်ရောက်နေတဲ့ ဆွဲပြားနဲ့ တလက်လက်တောက်နေတဲ့ ကြဲဆစ်လက်ကောက်တွေက မုန့်ပွဲတွေကြားမှာ ရွှေလျားနေတဲ့ စနိုက်ပါပစ်မှတ်၊ ဘယ်အလှူမှာမှ အသံမကြားဘူးသေးတဲ့ စုံပဝါဘယ်ညာချပြီး ငွေဖလားကြီးနဲ့ ပိုက်ဆံကြဲတဲ့ မြင်ကွင်းက တောသူတောင်သား တွေရဲ့ ခပ်နုံနုံဗဟုသုတတွေထဲမှာ ကမ္ဘာ့စံချိန်တောင် ချိုးသွားရဲ့။ ပိုက်ဆံ မကောက်မိတဲ့ လူတွေရဲ့ လက်ထဲမှာတောင် ဆောင်ထားလို့ မရတဲ့ ပေါက်ပေါက်ပွင့်တွေ မဟုတ်။ ကြော်ငြာထဲမှာသာ မြင်ဖူးကြတဲ့ အကြားလုံး။ ကဲ ဒါမျိုးမှ ပြောစရာမတွင်ခဲ့ရင်လည်း လေးငါးနှစ်စာလောက် ရန်ကုန်ဆက်ပြီး ကန်ထရိုက်မယား မလုပ်တော့ဘူး။

♦

လူတစ်ယောက်ရဲ့ သမိုင်းကို ဘုရားသခင်က လက်ရေးလှလှနဲ့ ရေးပြီးသားဆိုခဲ့ရင်တောင် တစ်နေ့စာ တစ်နေ့လောက်ပဲ လှန်ဖတ်ခွင့်ရတယ်ဆိုတဲ့အတိုင်းပါပဲ။ သုံးပုံသာရှိတဲ့ဝေဒင်ကို သုံးဆယ့်ငါးရာခိုင်နှုန်းရှိတဲ့တစ်ပုံ ကွယ်ခဲ့ပြီးတဲ့နောက်ပိုင်း တစ်နှစ်ကို စာတစ်ကြောင်းစာလောက် သွေဖယ်သွားခဲ့မယ်ဆိုရင်တောင် ဘာမှဟုတ်တိပတ်တိ မကျန်ခဲ့တဲ့ လွှဲချော်မှုမျိုးလားမသိပါဘူး၊ ထင်တိုင်းမပေါက်ခဲ့တဲ့ လက်မှတ်တွေကို ပြန်တောင် မတွေးချင်တော့. . .

ရှောင်လွှဲမယ်ဆိုတဲ့ အတွေးက ဘယ်လောက်ကြာကြာ တောင့်ထားနိုင်မလဲ စဉ်းစားကြည့်တော့ စိတ်မကောင်းစွာနဲ့ ပယ်ချလိုက်ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်သိက္ခာတော့ တတ်နိုင်သမျှ ဆယ်မရမှာပဲ။ ယောက်ျားကတော့ သူ့မိဘလက်ထက်ပွားကိစ္စမဟုတ်လို့ မကြဲတတ်ဘူးပြောလာတယ်။ လိုက်လည်း မလိုက်တော့ဘူးဆိုပြီး အားလုံးကို လွှဲချပေမယ့် ကိုယ်တိုင်ကတော့ ခေါင်းမခံလို့ မဖြစ်၊ သူလိုက်တာ မလိုက်တာက အကြောင်းမဟုတ်၊ အလုပ်တွေ ဝိနေလို့ဆိုရင်တော့ နှစ်ဖက်နှစ်လမ်း အဆင်ချောပြီးသား။ လုပ်ငန်းတွေ အရမ်းအောင်မြင်ပါတယ်ဆိုတဲ့ သဘော။

ဖြစ်နိုင်သမျှ ငွေကြေးကို စစ်ချလိုက်ပြန်တော့ ဘယ်လိုပဲတွက်တွက် လမ်းစရိတ်သာသာ၊ မနှစ်က ကျွံခဲ့တဲ့ စကားတွေက နည်းနည်းနောနော မဟုတ်၊ ဒီပေါက်ကျွေးမယ်၊ ဖာလူဒါ တိုက်မယ်လို့တောင် ပါသေး၊ ရွှေရင်အေးနဲ့ ထမင်းကြော်တောင် အမယ်မစုံတဲ့ အရပ်ဆိုတော့လည်း ကျော်ဟိန်းဆင်းလာတော့မယ့် အတိုင်း၊ ဟိုးလေးတကြော်ကြော်၊ အခုတော့ ဒုက္ခနဲ့လှလှ တွေ့ပြီလို့သာ အရယ်နဲ့ လျှောချနေရမယ့်ကိန်းဆိုက်နေပြီ။

ဘာပဲပြောပြော နောက်ဆုံးတော့ မလိုက်တော့မယ့် ယောက်ျားပဲ အပြစ်ပုံချလိုက်ရမှာပဲ၊ မျက်နှာ အပျက်ခံလို့ကတော့ လုံးဝမဖြစ်၊ မှန်ဦးကို ထုံးသုတ်မယ်၊ ဖာလူဒါကို ခပ်ပေါပေါ အမယ်တွေနဲ့ အရောင်ဆီများများ၊ ဖာလူဒါရုပ်ပေါက်ရုံလောက်ဆို တော်ပြီ၊ ဘာသိကြတာမှတ်လို့၊ လက်ဆောင်တွေကတော့ ပေါပေါလောလောနဲ့ ဖောဖောသီသီ ဝေလို့ရမယ့် သကြားလုံးကိန်းပဲ



ဆိုက်လိမ့်မယ်ထင်ရဲ့။

အရေးကြီးတဲ့ကိစ္စက အရင်နှစ်တွေက တင်ထားခဲ့တဲ့စံချိန်ပဲ၊ ပေါက်ပေါက်စစ စာရင်းတိုကလေးတွေနဲ့ တင် နားကို နားပေါက်ပေါင်းလောင်းအဖြစ် ရာထူးလျှော့ချလိုက်ရတယ်။


ဒါကလည်း ကာကွယ်ဆေးအတွက် ပလတ်စတစ်ဆာဂျရီ ဈေးကို ကြိုတင်တွေးပြီးသားမို့ပေါ့။ ရန်ကုန်မှာ အဲဒါမျိုးတွေက တစ်ထောင်ဖိုးလေးထည့်နဲ့ ရောင်းတဲ့ လေဘေးဈေးသည်ထက်တောင် ပေါသေး။ ငှားရတဲ့ဈေးကလည်း ကြေးနဲ့လုပ်ထားတဲ့ဈေးလောက် မရှိ။ အချက်ကို သိထားသူအတွက်ကတော့ တကယ့်ကွက်တိ၊ အစုံလိုက်ငှားတဲ့ဆိုင်တွေ တစ်ပုံတစ်ပင်၊ ဘယက်ကြိုး၊ ကျောက်ကြိုး၊ ပုလဲ၊ နီလာ၊ ကျောက်စိမ်း၊ အဆင်မျိုးစုံ ဒီဇိုင်းမျိုးစုံ အတုဆိုပေမယ့် အစစ်နဲ့ မခြားလုပ်ထားတာ ယူတော့မယ်ဆိုမှ အရောင်တောင် တင်ပေးလိုက်သေး၊ ဈေးကလည်း ချိုတာနဲ့ တစ်စုံတင်မက နှစ်စုံ၊ အမြင်အတိုင်းသာ တွက်ချလိုက်လို့ကတော့ သိန်းဆယ်ဂဏန်းအောက်တော့ မလျော့ဘူး၊ အခုဟာကလည်း ကိုယ့်အနေအထားကို ဘယ်သူက အရမ်းကာ

ရော စွပ်စွဲရဲမှာလဲ၊ ကိုယ့်ကိုယ်ကိုယ်ဖုံးဖိရမယ့် အစီအစဉ်ပိရိရင် ပွဲက သေသေသပ်သပ်နဲ့ ပြီးပြီ။

◆

ကားဂိတ်မှာ လာကြိုနေတဲ့ လူအင်အားကို ကြည့်ခြင်းအားဖြင့် ဘယ်လောက်ထိ မှန်းထားမှန်း အသိသာကြီး၊ အိမ်ကလူ ပါမလာဘူးလားဆိုတာက တမေးမေး၊ မအားလပ်အောင် လုပ်ငန်းတွေ အောင်မြင်ကြောင်းပေါ့။ ဘုရားကြီးရှေ့မှာ ကားရပ်တော့ မြသေ့ကြီး နှစ်ကောင်တောင် အရောင်တွေ

**အရှိန်အဝါရဲ့**
**အနေအထားကို**
**အားကိုးသွားတယ် တူပါရဲ့။**
**ဒါကြောင့်**
**ထင်တာမလွဲပါဘူးလို့၊**
**ဒီမှာလည်း**
**အဝင်အထွက်တွေကို**
**သဘောပေါက်နေပြီပဲဟာ၊**
**ဘာပဲပြောပြော . . .**



တောက်နေပြီ။ မုခ်ဦးကတော့ တစ်ရေကျထားရုံလောက်ပဲဆိုတော့ ထုံးတစ်ပုံးလောက်နဲ့ ဖုံးလိုက်မယ်လို့ အဆုံးသတ် လိုက်ပါလာတဲ့အထုပ်အပိုးတွေထဲမှာ နီးစပ်ရာ အငှားဝမ်းဆက်တွေတောင် အများသား၊ လည်ပင်းမှာ အိကျနေတဲ့ ဘတ်ကြိုးကြီးပဲ အကြည့်ရောက်နေတာ အမြင်သာကြီး။ ကျောက်အများကြီးမြှုပ်ထားတဲ့ ခမောက်ပုံနားကပ်ကလည်း နေရောင်မှာ ပြိုးပြိုးပြက်ပြက် ဒီလောက်ထိရောက်တယ် ဆိုရင်ပဲ ဦးနှောက်ညှစ်ထုတ်ရကျိုး နပ်တယ်ပေါ့လေ။

မဟုတ်တမ်းတရား အတွေးရယ်တော့ မဟုတ်ဘူးပေါ့၊ အဘတို့ အမေတို့ လက်စကြီးက ကိုယ့်လက်ထက်ရဲ့ အဆင်မချောတဲ့ ကာလနဲ့ တိုက်တိုက်ဆိုင်ဆိုင်လည်း ဖြစ်ရော၊ မတွေးကောင်းပါဘူး။ အခုလည်း အဆင်ပြေနေတာပဲ ဥစ္စာ။ ဟိုနှစ်ကထက်တောင် အချိတ်အဆက်က မိနေသေး၊ ပွဲတော်နေ့ကည့်တည့်တင်းတင်းရောက်လာတော့ နောက်တစ်ခုပေါ့။

အမယ် . . . ဒီမှာတောင် ရှစ်ပေစလောင်း ကြည့်ကြတယ်ထင်ရဲ့၊ မုန့်ဟင်းခါးအစား ကြာဆံချက်ကျွေးတဲ့ လူနံ့ဘာနံ့၊ ကိုယ်တိုက်တဲ့ ဖာလူဒါအရောင်တောက်တောက်ထို့ သောက်တော့ သောက်ကြပါရဲ့၊ အမျိုးရင်းထဲက ဘထွေးကတော့ ဘွင်းဘွင်းအတိုင်း။

"နင့်ဟာက ဘာတဲ့ မခေါ်တတ်ပါဘူး။ မုန့်လက်ဆောင်းကမှ ကောင်းဦးမယ်။

ဘာပဲဖြစ်ဖြစ် တာဝန်ကျေပြီးတာပဲဟာ၊ မပျက်ကွက်ရင် တော်ပြီ။ အနေအထားက အစားအသောက်ဘက်မှာ ဖော့ထားပြီး ရွှေငွေဘက်မှာ ဇယားဖြည့်ထားတဲ့ ဥစ္စာ။ ညနေစောင်း လူစုံတော့ အစာပိတ်ဆိုပြီး နှစ်စုံစလုံးသီးနေအောင်ကို ဆင်ပစ်လိုက်တယ်။

◆

စိတ်ကူးထားတာထက် အောင်မြင်စွာ ပြီးဆုံးသွားမယ့်ပွဲမို့ လောလောလတ်လတ်ပဲ လက်စသိမ်းရမယ်၊ မအားမလပ် တာဝန်ပိသူတစ်ယောက်အဖြစ် ပြန်မယ့်ညမှ အိပ်သွန်ဖာမှောက် ပုံအောပစ်လိုက်တယ်၊ အများရှေ့မှာပေါ့။ ဘယ်လောက်တောင် အောင်မြင်တဲ့ပွဲလဲဆို ဟိုတုန်းက သူကင်း . . ကိုကင်းခပ်တင်းတင်းနေခဲ့တဲ့ ဈေးထဲရွှေဆိုင်က မိန်းမတောင် ဝမ်းသာအယ်လဲနဲ့ အရမ်းကို ချိုမြနေတာ အမြင်သာကြီး၊ ဆွေရင်း မျိုးရင်းလောက်သာကျန်နေတော့တဲ့ စကားဝိုင်းသိမ်းခါနီးမှာ ခိုကပ်ကျန်နေတဲ့ ရွှေဆိုင်ပိုင်ရှင်မိန်းမက ခခယယပြောလာတယ်။

"ဟိုဥစ္စာလေ၊ အတုအညီတစ်ခုလောက် တောင်းချင်လို့ပါ၊ အားတော့နာသား အဟင်း"

"ပြော် ရပါတယ်၊ ကူညီရမှာပေါ့။ တစ်နယ်တည်းသားချင်းတွေပဲဟာ၊ ကျွန်မအမျိုးသားလည်း ရန်ကုန်သားဆိုတော့ ကျွန်မ မသိတောင် သူလုပ်ပေးပါလိမ့်မယ် အဟင်း . . ဟင်း"

အရှိန်အဝါရဲ့ အနေအထားကို အားကိုးသွားတယ် တူပါရဲ့။ ဒါကြောင့် ထင်တာမလွဲပါဘူးလို့၊ ဒီမှာလည်း အဝင်အထွက်တွေကို သဘောပေါက်နေပြီပဲဟာ၊ ဘာပဲပြောပြော ကျိုးကို ဘုတ်မြှောက် ဘုတ်ကိုကျိုးမြှောက်ဆိုရင်လည်း သူနဲ့ တန်းညှိပြီးသားလို့ ဖြစ်မှာမို့ တောနေ တောစား ကိုယ့်အသိုင်းအဝိုင်းက လန့်ဖျား ဖျားသွားမှာ အသေအချာ၊

"ဟိုဟာလေ ညီမ အခုဝတ်လာတဲ့ ကျောက်ကြိုးနဲ့ ဘတ်ကြိုးအစုံလိုက်ငှားတဲ့ ဆိုင်နဲ့ ဆက်သွယ်ပေးပါလား။ အပြန်လမ်းစရိတ် နှစ်ယောက်စာကို ကျွန်မခံပါ့မယ်။ ဒီမှာလည်း ဒါတွေ အရမ်းခေတ်စားနေတော့ ညီမလို ဒီဇိုင်းဆန်းဆန်းကလေး လေးငါးစုံလောက် လိုက်ဝယ်ချင်လို့၊ အခု ညီမလည်ပင်းက ကျောက်ကြိုးဆို အရမ်းကြိုက်ကြတယ်တဲ့။ အဲဒါမျိုး ဝယ်တင်ထားပါ အစ်မရယ် ပြောလာကြလို့ပါ"

အဲဒီနေရာမှာတင် လိပ်ပြာလွင့်ပြီး တစ်ခါတည်း သေချင်နေတော့တာပါပဲ။

**ကိုတံညို (ထူးကြီး)**

# ကြီးတော်ကြီး

‹မဂ္ဂလေး›

ဝတ္ထုတိုရသ



ရေထဲက ငါး ကုန်းပေါ်ပစ်တင်ထားသလို တဖျပ်ဖျပ်နဲ့ ဂနာမငြိမ် ဖြစ်နေတာကို ကြည့်ရင်း စိတ်ထဲ ပြုံးစိစိ။ အင်း . . ဒီတစ်ခါလည်း လွဲဦးမယ်ထင်ပါရဲ့။ ကြီးတော်ကြီး တို့များနော် တရားဘာဝနာရှုမှတ်ရမယ့် အရွယ်မှာ ကိန်းဂဏန်းတွေကို သချ်ာ တွက်နည်းပေါင်းစုံနဲ့ တွက်ချက်နေလိုက်တာများ။ စာရွက်ကုန်တာပဲ အဖတ်တင်။ ပေါက်ဂဏန်းဆိုရင် မျှောင်ထိုးမိသလားလို့တောင် အောက်မေ့ရတယ်။ တစ်ခါမှ ကြီး

ကြီးကျယ်ကျယ်လည်း ပေါက်သံမကြား၊ ပေါက်ရင်လည်း ကုတ်စီ၊ ကုတ်စီနဲ့ သူများ မသိရဘူး။ ကြိတ်ကြိတ်နဲ့ ဒိုင်နဲ့ စကားပြော။ အကြောင်းရှာပြီး အပြင်မှာ ဂဏန်းပူးပေါင်း၊ ကြာရင်တော့ ကုန်တာရှိ၊ ရှိတာကုန် ဘာဝနာမရ၊ နှလုံးရ (နှလုံးရောဂါ ပြောတာပါ)။

ဒီလိုနဲ့ ဘဝက နာပြီးရင်း နာ။ အို နာ သေဘေး ကိုယ်လွတ်ရုန်းဖို့ နိဗ္ဗာန်ရောက်ဖို့ ကြားထဲက ကုသိုလ် ဘာဝနာကားကြီးကို စီးနေရတာ မဟုတ်လား။ ခွင့်သာခိုက်မှ မလိုက်ချင် အမိုက်နင့်ပြင်ရှိဦးမလား ဆိုတာလို။ ကြီးတော်ကြီးတို့ လုပ်ပေါက်က ပါးစပ်က ဘုရား ဘုရား၊ လက်က ကားယားကားယားနဲ့၊ အုမတောင့်မှ သီလစောင့်ရမှာ ဆိုသလို သူ့အုမကိုတော့ တောင့်အောင် အမြဲဆွမ်းတော်တင်ပါတယ်။ အခြားသူအတွက်ဆို နီးဂိုးပဲ။

ကြီးတော်ကြီးကတော့ သူ့အုအတွက်ဆို အပြတ်မခံနိုင်ဘူး။ ဘီစကစ်၊ ငှက်ပျောသီး၊ ဒိန်ချဉ်၊ မလိုင်လုံး၊ ဖရုကီတ်၊ ထိုးမုန့်၊ ပန်းကိတ်အစုံ ရေခဲသေတ္တာထဲထည့်ပြီး တစ်မျိုးပြီးတစ်မျိုး စားနေတော့ ပေါင်ချိန်က နှစ်ရာကျော်နေပြီ။ သွေးတိုး၊ နှလုံးရှိတယ်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုက ရပ်ကွက်ထဲမှာ လမ်းတော့ လျှောက်ပါတယ်။ လမ်းလျှောက်ပြီး အပြန်မှာ တွေ့သမျှဆိုင် ဝင်စားတော့တာ။ အိမ်ကလူတွေအတွက်များ ကြုံလို့ ဝယ်သွားလိမ့်မယ် မထင်နဲ့၊ ဘာမှ မဝယ်ဘူး။ အဲ နာမည်က ဒေါ်တင်တင်ချိုတဲ့။ မချိုပါဘူး။ ကြီးတော်ကြီးဆိုတာ ရပ်ကွက်အခေါ်၊ ဆက်ပြောရဦးမယ်။

ညတစ်ရေးနိုးရင်လည်း ကျွတ်ကျွတ်အသံကြားလို့ ထကြည့်လိုက်နဲ့၊ ကြောင်အိမ်ထဲကို ခေါင်းဝင်မတတ် မှုနေပြီမှတ်၊ ဝမ်းခေါင်းကလည်း ကျယ်သလား မမေးနဲ့။ သူမွေးထားတဲ့ ကြောင်နှစ်ကောင်၊ ကြက်နှစ်ကောင်၊ ခွေးတစ်ကောင်ရှိတယ်။ ကြက်က ယကြာနဲ့ မွေးတာ၊ အဲဒီကြက်နှစ်ကောင် ရောက်လာကတည်းက အိမ်ထဲက မြေတွေ ယက်လိုက်တာ ပွစိခတ်ကုန်တာပဲ။

ဒါတောင် ယုန်မွေးချင်သေးတာ။ မနည်းတားရတယ်။ အိမ်လည်းကြာရင် တိရစ္ဆာန်ရုံဖြစ်တော့မယ်။ ဒီလိုအကောင်တွေသာ လျှောက်မွေးချင်တာ၊ အလကားရမယ့် ကုသိုလ်ကိုတော့ ယူချင်တာ မဟုတ်ဘူး။ အိမ်ရှေ့လာတဲ့ ခွေး၊ စာကလေးတွေကိုတော့ ဆန်၊ ဆန်ကွဲကျွေးချင်တာ မဟုတ်ဘူး ရှုပ်တယ်တဲ့။

အိမ်မှာရှိတဲ့ ရွှေလေးတွေကျ ထမင်းခဲကို ခွက်ထဲထည့်ပြီး ကျွေးချင်ကျွေးနေသေးတာ။ ဘာမှမလုပ်ပါဘူး။ အသက်လည်း ကြီးပြီမလား။ တီဗီကြည့်၊ အခွေကြည့်၊ Sky Net ကြည့်၊ တရားတော့ ဘယ်အချိန်ထိုင်လည်း မသိပါဘူး။



ကလေး မရှိဘူးလေ။ ခင်ပွန်းသေသည်မှာတော့ သုံးနှစ်ရှိပြီ။ ခင်ပွန်းကို ချစ်သာချစ်တာ၊ ဘာမှ လုပ်ပေးတာ မဟုတ်ဘူး၊ သူကပဲ အပြုစုခံချင်တာ၊ ဈေးသွားဆိုတာ အသွားအပြန် ရောင်ပြန်ဟပ်နေတာလေ။ သူ့ယောကျ်ားကလည်း သူမတည့်ပါဘူး။ ဘယ်သူမှ မရှိတော့ ကျွန်မတို့နှစ်ယောက်ကို သူ့မိတ်ဆွေအသိတစ်ယောက်က ပို့ပေးတာ။ အမှန်တော့ သူနဲ့ မနေချင်ပါဘူး။ စား ဝတ်၊ နေရေး ဝဋ်ဒုက္ခကရှိသေးတာမို့ အောင့်အီးနေရတာ။

ကြီးတော်ကြီး ပါးစပ်ကရောလက်ရောပါတာ။ ကျွန်မကို ပါးစပ်က ပြော၊ ပြုပြင်မယ်။ လက်နဲ့ ရိုက်လား၊ ပုတ်လားလုပ်ရင် မကြိုက်ပါဘူး။ သူက အတ္တတော်တော် ကြီးတာ။ သူ့ယောကျ်ားအပေါ်တင် မဟုတ်ဘူး။ အားလုံးအပေါ် အတ္တကြီးတယ်။ လူတစ်ဖက်သားကို ကြည်ကြည်လင်လင်နဲ့ ဘယ်တော့မှ မကြည့်ဘူး။ အမြဲမှုန်မှိုင်းပြီး သံသယ

**ကြီးတော်ကြီးပါလား။ ညဥ့်နက် သန်းခေါင် ဝရန်တာမှာ ထွက်ရပ်ပြီး တအစ်အစ်နဲ့ ရှိုက်ကြီးတငင် ငိုကြွေး လို့ပါလား။ ဘာဖြစ်လို့ပါလိမ့်။ ဒီလို ပုံစံ တစ်ခါမှမတွေ့ဖူးတာမို့ စိတ်ထဲ တော်တော် အံ့သြမိတယ်။ ပါးစပ်က လည်း ပွတ်တွတ်ပွတ်တွတ် ပြောလို့ ပြောလိုက်ငိုလိုက်နဲ့**

အကြည့်နဲ့ အမြဲကြည့်တယ်။ သူများကို အဲဒီလိုကြည့်တော့ သူ့ကိုလည်း အများက အဲဒီလိုပဲ ကြည့်ကြတာပေါ့။ ဘာဆန်းလို့လဲနော်။ ဒါကို သူက သူများကို မကောင်းပြောချင်သေးတာ။

ကျွန်မလား။ ကြီးတော်ကြီး ယောကျ်ားမဆုံးခင်ကတည်းက နေတာ ငါးနှစ်ပြည့်တော့မယ်။ နောက် မိတူးက နှစ်နှစ်ပြည့်တော့မယ်။ မိတူးက အလျှော်အဖွတ် အိမ်သန့်ရှင်းရေး၊ အပေါ်စား လုပ်ရတာ၊ ကျွန်မကတော့ ပင်တိုင်ပေါ့၊ ဈေးသွား ဟင်းချက်၊ အဝတ်အကြီးတွေဆို ကျွန်မလျှော်ပေါ့။ အိမ်မှာ အဝတ်လျှော်စက် တစ်လုံးရှိပါတယ်။ အလုထားထားတာ။ မီတာတက်မှာစိုးလို့ လက်နဲ့လျှော်တဲ့၊ ဈေးသွားတော့လား ကျွန်မတစ်ယောက်တည်းသွားတာပါ။ အမယ်လေး ဈေးဖိုးကို အိပ်ပါးထဲကနေ ခြစ်ကုပ်ပြီးပေးတာ၊ တစ်ခါ တစ်ခါ သူ့ဆီ ဈေးဖိုးတောင်းရတာများ ကျားအမြီး သာပြေးဆွဲလိုက်ချင်တယ်။ လက်ခက်သလို လက်လည်း ကပ်တယ်။ ကျွန်မက ဈေးကို ဈေးနဲ့တူအောင်ပဲ ဝယ်ချင်တယ်။ ကြီးတော်ကြီးက တောင် ဈေးပေါင်ကျိုး ပေါချောင်ကောင်းတွေကို ကြိုက်တာ၊ ကြိုက်မှာပေါ့။ ဈေးသက်သာတာကိုး၊ အပယ်တွေကို ဈေးသိမ်းရလာတိုင်း ဈေးချိုတယ်၊ ဈေးချိုတယ်နဲ့။

အလှူ မင်္ဂလာလား၊ သွားခဲ့ပါတယ်။ အိမ်ရှေ့အလှူခံဆို တိုက်ထဲကနေ အရိပ်တောင် မပြရဲဘူး။ အဲဒီလိုအထဲ အရိပ်မမြင်ရအောင်လား မသိပါဘူး။ တစ်အိမ်လုံး မှန်တွေကို အမည်းတပ်ထားတာ ကြည့်ပါလား။ သူကသာ သူများအိမ်ကို စပ်စပ်စုစုနဲ့ ကြည့်ချင်တာ၊ သူ့အိမ်ထဲကို စပ်စပ်စုစုကြည့်ရင် မကြိုက်ဘူး။

သူများအိမ်က လာပေးရင်တော့ ဘာဖြစ်ဖြစ် ကောင်းလိုက်တာ၊ ကောင်းလိုက်တာနဲ့ ကြီးတော်ကြီးက သူများအိမ်ကို ဘာပေးတာ၊ ဘာကျွေးတာဆိုပြီး ဒီငါးနှစ်အတွင်း တစ်ခါမှ မကြားဖူးဘူး၊ ကြုံလည်း မကြုံဖူးဘူး။ ရပ်ကွက်ထဲက ကြီးတော်ကြီးအိမ်ကို အိမ်မည်းကြီးလို့

Asian Fame Media Group

တောင် ခေါ်ကြတာ။ ရပ်ကွက်ထဲက ကျွန်မကို မေးတယ်၊ ကြီးတော်ကြီး အိမ်မှာပျော်ရဲ့လားတဲ့။ သူတို့မို့ မေးတတ်ပလေတယ်။ ကျွန်မ ဘယ်ပျော်ပါ့မလဲ။ မိတူးလေးလည်း သနားလို့။ အမှန်အတိုင်း ပြောရရင် ကိုယ့်ကိုယ်ကိုယ်မို့ ပြောတာ မဟုတ်ပါဘူး။ မိတူးရော ကျွန်မရော စာရိတ္တလုံခြုံပါတယ်။ ကျွန်မတို့ နှစ်ရှည် ဒီအိမ်မှာ မြဲနေတယ်ဆိုတာလည်း ကျွန်မတို့ စာရိတ္တကို ကြီးတော်ကြီးက နှစ်သက်လို့ပါ။ မဟုတ်ရင် ဘယ်မြဲပါ့မလဲ။ သူကတော့ ပါးစပ်ကနေ ဘယ်တော့မှ ထုတ်ဖော်ပြီး မချီးကျူးပါဘူး။

ကျွန်မတို့အိမ်နဲ့ ကပ်လျက်က ဦးအောင်ဖေတို့အိမ်မှာ အိမ်ဖော်ကောင်မလေးတစ်ယောက် ရှိတယ်။ အဲဒီကောင်မလေးကများဆို ဆပ်ပြာမှုန့်ထုပ်၊ အချိုမှုန့်ထုပ်ကအစ အကုန်ခိုးတာ။ ခိုးပြီး ရွာကိုပို့တာ။ ဦးဖေအောင်ကြီး သိသွားလို့ တုတ်စာမိတဲ့အပြင် အိမ်ပေါ်ကနေ လမ်းဘေးတန်းရောက်သွားတာ။ ဦးဖေအောင်ကြီးက အပေါ်ကက ဆိုးဆိုး ဆိုတော့ အိမ်ဖော်ရှိတဲ့ အိမ်တိုင်း လိုက်ပြောတော့တာ။ ကျွန်မနဲ့မိတူး လည်း အဲဒီကိစ္စလည်းသိပြီးရော ကြီးတော်ကြီးက အရင်ကထက် မျက်စိဒေါက်ထောက် ကြည့်တော့တာ။

မနက်တိုင်း အိမ်ပေါ်ကနေ သူ့ကိုယ်လုံးရှဲကြီးကို ဂါဝန်အိအိ ဖားလျားဖားလျားနဲ့ ဆင်းလာ၊ ဆံပင်စုတ်ဖွား မျက်နှာကို ဘေစင်မှာ ဘာမှမပါဘဲ ရေနဲ့ နည်းနည်း တဖတ်ဖတ်သစ်ပြီး မျက်နှာမသုတ် ထုံးစံအတိုင်း စားပွဲပေါ်မထိုင်ခင် ကျွန်မတို့လုပ်တာတွေကို မျက်လုံးပြူး ကြီးနဲ့ လိုက်ကြည့်၊

"ဟဲ့ ညည်းတို့ ငါမနိုးခင် ဘာလုပ်နေကြတုံး၊ ဘာလုပ်ထား ပြီးပြီလဲ" တဲ့၊

ဟင်း . . . သူမနိုးခင် ကျွန်မတို့က ဘာလုပ်ရမှာလဲ။ မိတူးကို အဝတ်လျှော်ဖို့ ဆပ်ပြာမှုန့်ကို အတည်အနေအတွက်နဲ့ သူကိုယ်တိုင် တိုင်းပေးတော့တယ်။ အဝတ်ကတော့ အတော်လဲတာ၊ လဲမှာပေါ့။ ခန္ဓာကိုယ်ကဝတော့ ချွေး ခဏခဏ ထွက်တာနေမှာပေါ့။ စားတာက လည်း တစ်စက်မှ မလျော့ဘူး။ ခန္ဓာကိုယ်မှာ လက်မောင်းသားအိအိ ကြီးတွေရယ်၊ ဘေးကားထွက်နေတဲ့ တင်သားကြီးတွေရယ်က မနည်း ဘူး။

စားပွဲပေါ်မှာ ထိုင်၊ ကော်ဖီ တစ်ခွက်ကို တဂွပ်ဂွပ်သောက်ပြီး ထမင်းကြော်တစ်ပန်းကန်၊ ပေါင်မုန့် ကင်ထောပတ်သုတ်နှစ်ချပ်ပူးကို တစ်ပြိုင်တည်းစားပြီး ဗိုက်အာဟာရ တင်းသွားတော့ ဘာအမြစ်ပြောရ မလဲ ကြည့်။

"ဟေ့ ဒီနေ့ ကော်ဖီ နို့ဆီ နည်းနည်း နည်းတယ်ဟေ့"

"ကျွန်မလည်း ပုံမှန်အတိုင်း ဇွန်းနဲ့ကွက်တိ ထည့်တာပါပဲ"

"အေး ငါ့ပါးစပ်ကိုက အချို လိုနေလား မသိပါဘူး"

ဟုတ်မှာပေါ့။ ဒီလောက် အချို တွေစားနေတာ ကိုယ့်ကိုယ်ကိုယ် ဆီးချိုရှိနေတာကို သိရက်နဲ့ မသိချင် ဟန်ဆောင်နေတာ။ ဆရာဝန်နဲ့ ပြရင် ဆီးချိုဖြစ်နေပါပြီဆိုရင် အချို တွေ မစားရတော့မှာစိုးလို့ ကြီးတော် ကြီးတို့များနေ၊ ဘယ်နေ့ မရှုနိုင် မကယ်နိုင် ပေါ်လာမလဲ မသိဘူး။ အသက်ကို ခြောက်ဆယ်စွန်းစ ရှိနေပြီ။

"အမယ်လေး ငါ့အသက်က ငါးဆယ့်ကိုးနီးနီး ရှိသေးတာပါ" လို့ ခပ်တည်တည် ပြောသေးတာ၊ သူ့ယောက်ျားက ဆယ်နှစ်ကြီးတယ်၊ သူက အဘိုးကြီး၊ ဘိုးတော်ကြီးလို့ ခေါ်သေးတာ။ စိတ်လိုလက်ရ ရှိလာရင်တော့ အစ်ကိုကြီးတဲ့။ အဲဒါ ဘယ်အချိန်တွေလဲဆိုတော့ သူ့ယောက်ျားက သူ့အတွက် ပစ္စည်း တစ်ခုခု လက်ဆောင်ပါလာရင် ဒါမှ မဟုတ် သူက ဖုန်းနဲ့မှာချိန်ဆို အစ်ကိုကြီး ဖြစ်သွားရော။ ခွဲချက်က တရော်ကတောင် အရှုံးပေးရတယ်။ အဘိုးကြီးက စီးပွားရေးကို ငယ်စဉ် ကတည်းက ကန်းရှန်းရှာခဲ့သူဆို တော့ အခြေခိုင်တယ်၊ ဆွေမျိုးနည်း တော့ ပြဿနာရှင်းတယ်။ အဘိုးကြီး ရှာထားသမျှ ခုကြီးတော်ကြီးက ဒိမ်နဲ့ ထိုင်မြှန်းခွင့်ရတာပေါ့။

အဘိုးကြီးရှိတုန်းက နှစ်လုံး တွေ ခိုးထိုးနဲ့ အကြွေးတွေ ပိနေတာ။ အသက်တောင် မရှုနိုင်ဘူး။ အဲဒီ အကြွေးတွေကို အဘိုးကြီး သေမှ ထိုးဆပ်ရတာ။ ဟိုဖက်က မပေးရင် တရားစွဲပါမယ်၊ သတင်းစာထဲ ကြော်ငြာထည့်ပါမယ် လုပ်တာကို ခိုခိုမှတတ်တောင်းပန်ပြီး ယောက်ျား သေတာ စောင့်ပြီးမှ ဆပ်ရတာ။ သူ့အကြွေးကြေဖို့ အဘိုးကြီးက သေပေးရတာ၊

"အဘိုးကြီးလည်း မကြာခင် သေတော့မှာပါအေ၊ ခဏစောင့်ကြပါဦး၊ ဒီအကြွေးကိစ္စတွေ သိသွားရင် အဘိုးကြီး အသေမဖြောင့်ဖြစ်မှာ စိုးလို့ပါ"

လို့ အကြွေးရှင်တွေကို တောင်းပန်ထားရတာ။ နောက်ဆုံး အကြွေးရှင်တွေကပဲ လိုက်လျှော့ပေးလိုက်ရတယ်။ အဘိုးကြီးလည်း သေရော။ အဲဒီအကြွေးရှင်တွေက နာရေးအိမ်မှာ ပတ်လည်ဝိုင်းနေတာပဲ။ နာရေး မေးသလိုလိုနဲ့ ကြီးတော်ကြီးကို လက်တို့ပြီး

"ညည်းနော် ကတိအတိုင်းနော်၊ မကြာစေနဲ့"

"ဟဲ့ ဟိုကိစ္စ ငါ့ကို အရင်လုပ် နော်၊ ငွေလိုနေပြီ"

"ခင်ဗျား ကတိအတိုင်းနော် ကျုပ်တို့က စောင့်ခဲ့ပြီးပြီ"

"ဒီမယ် ခင်ဗျားအဆင်ပြေတာ နဲ့ ဖုန်းဆက်လိုက်နော်၊ မမေ့နဲ့ဦး"

ဟုတ်ကဲ့ပါရှင်၊ ဟုတ်ကဲ့ပါရှင်။ အားလုံးကို ဆက်ဆက်လုပ်ပေးပါ မယ်နဲ့ ကြီးတော်ကြီးတို့များ မျက်နှာ ငယ်လေးနဲ့ ယောက်ျားသေတာကို ဘယ်သူမှ မသနားပါဘူး။ သူက လည်း သနားချင်စရာမှ မကောင်းဘဲ



Asian Fame Media Group
MEDIA GROUP

နော်၊ အကြွေးရှင်တွေ ပြန်သွားရင် ဒရင်းဘတ်ကြီးပေါ် ပစ်လှဲပြီ။

“အမယ်လေးနော်၊ ဘယ်အချိန်ကတည်းက ငါ့ယောကျ်ားသေဖို့ မျှော်လင့်နေကြတဲ့ဟာတွေလည်း မသိဘူး။ သူတို့ပိုက်ဆံ မပေးမှာကြနေတာပဲ။ မြေတောင် မချရသေးတဲ့ လင်ကြီးကိုတောင် ကောင်းကောင်းလွမ်းနာမကျရသေးဘူး။ တကတည်း . . . ကာလနာ မြွေပွေးကိုက် . . . တွေ . . .”

ကြီးတော်ကြီးပါးစပ်က သုံ့ပုံပန်းသဏ္ဌာန်နဲ့အလိုက် စကားလုံးတွေ ဗျစ်တောက်၊ ဗျစ်တောက် ထွက်လာတော့တယ်။ ဒီလိုနဲ့ တစ်လအတွင်း တရားမစွဲဖို့ အရေး၊ အရှက်မကွဲဖို့အရေး ဘဘကြီးထားခဲ့တဲ့ ပစ္စည်းတချို့ ရောင်းသင့်တာရောင်း၊ ရှိတာတွေထုတ်ပြီး အကြွေးတွေ ဆပ်လိုက်တာ၊ ကြီးတော်ကြီး တော်တော်ခါးချိ သွားပုံရတယ်။

အရင်လို ထမင်းဟင်းကို ဝီဝီညီညီတောင် မစားနိုင်တော့ဘူး ဖြစ်သလိုပဲ။ ဒါပေမဲ့ သူဌေးတွေဆိုတော့ ဆင်ပိန်ကျဲလောက်ပါ။ ဒီလိုသာ ပိုက်ဆံကုန်တယ်၊ ကုန်တယ်နို့ ညည်းသလို ညည်းနေတာ။ အမှတ်ကတော့ မရှိပါဘူး။ အရင်လောက် သိန်းချီမအောပေမယ့် ထိုးနေတုန်းပါပဲ။ သူလွဲတဲ့နေ့ဆို ကျွန်မတို့နေစရာ မရှိတော့ဘူး။ အပြစ်ရှာနေတော့တာ။ ရှိသမျှ၊ ကြားသမျှ၊ မြင်သမျှတွေကိုလည်း အတိတ်ကောက်နေတာ မပြီးတော့ဘူး။ အရက်သမားလိုပဲ အမူးပြေတော့ ထန်းပင်မော့ကြည့်တာ။

သူ့စရိုက်တွေကြောင့်လားတော့ မသိပါဘူး။ အိမ်ကို သူကို ချစ်ခင်ပြီးလာတဲ့ မိတ်ဆွေ၊ အပေါင်းအသင်းနည်းသား၊ ယောကျ်ားမရှိတော့လည်း ဘယ်သူ့ကြောက်ရမှာလဲ၊ ကိုယ့်အားကိုယ်ကိုး နေရမှာပဲတဲ့။ နေရာတကာမှာတော့ ကိုယ့်ကိုယ်ကိုယ်ကြီး အားကိုးလို့မရပါဘူး။ အဲဒီလိုရင် တစ်ယောက်တည်းနေပေ့။ ကျွန်မတို့ကို ဘာလို့ခေါ်ထားသေးလဲ။ အိမ်နီးပတ်ဝန်းကျင်နဲ့လည်း သဟဇာတကမဖြစ်။ ခက်နေတာက ယောကျ်ားရှိတုန်းကအတိုင်း မာန်မာနက မချချင်ဘူး။

အခုတော့ ကျွန်မရော၊ မိတ္တူရော ပြန်ချင်နေပြီ။ ရွာပြန်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်ရမလား စဉ်းစားမိတယ်။ မိဘတွေက တောင်သူဆိုတော့ တောပြန်ရင် တောင်သူပဲဖြစ်မှာပါပဲ။ ကျွန်မ ဧည့်ခန်းကို ဖုန်သုတ်၊ ကြမ်းတိုက်တိုင်း အဘကြီးကို သတိရမိသလို မျက်နှာလည်း ပူနေမိတယ်။

ကြီးတော်ကြီးက အရင်လို မဟုတ်တော့ဘူးဆိုတာ အဘကြီးသိလား။ တစ်ခါတလေ အဘကြီးဓာတ်ပုံကိုကြည့်ပြီး စိတ်ထဲမှာ စကားပြောနေမိတယ်။

ကြီးတော်ကြီးက အခု အိမ်ကို သူ့ထက် အများကြီးငယ်တဲ့ ယောကျ်ားလေးတစ်ယောက် ပါပါလာတယ်။ အသားအရေ ညိုညက်ညက်၊ အရပ်ရှည်ရှည်၊ ဗလကောင်းကောင်းနဲ့ အတော်ဆွဲဆောင်မှုရှိတဲ့ ယောကျ်ားတစ်ဦးပါ။ ညနေတိုင်း သူပါလာရင် အပေါ်ထပ်ကို ခေါ်သွားတယ်။ စားဖို့ တစ်ခုခုလုပ်ပေးရတယ်။ ကျွန်မတို့ကို အောက်ထပ်မှာပဲ နေစေတယ်။ မိတ္တူကိုလည်း အပေါ်ကို မတက်စေဖို့ ပြောထားရတယ်။ ပထမဦးဆုံးတစ်ခေါက်က မသိလိုက်လို့ တက်သွားမိတာ၊ ကြီးတော်ကြီးကို ရေချိုးခန်းရှေ့ အကျႌချွတ်ချည်းနဲ့တွေ့လို့ လန့်သွားတာပဲ။ ကျွန်မလည်း မမြင်ချင်ဟန်ဆောင်ပြီး အောက်ပြန် ဆင်းပြေးရတာပေါ့။ အဲဒီလူကို ကြီးတော်ကြီးက မောင်လေး၊ တစ်ခါတလေ သားလေးလို့ ခေါ်သံကြားမိတယ်။

ခုနောက်ပိုင်းဆို အလာစိပ်လာတယ်။ တစ်ခါတလေ မနက်ကျမှ ပြန်တယ်။ ကြီးတော်ကြီးက မှန်အမည်းတွေတပ်ထားတဲ့ သူ့ကားအကောင်းစားကြီးနဲ့ လိုက်ပို့တယ်။ တစ်ခါတလေ ဖုန်းပြောနေတာ မပြီးတော့ဘူး။ သူလာတဲ့ရက်တွေဆို ကြီးတော်ကြီးနားက မွှေးကြိုင်နေတာပဲ။ နှင်းဆီပန်းတွေကိုလည်း ထိုးနိုင်းတာ ရှယ်ပဲ။ စားသောက်ဆိုင်က ဟင်းတွေမှာတယ်။ အဲဒီနေ့ဆို ကျွန်မတို့ပါ စားသောက်ဆိုင်ဟင်းတွေ အကောင်းစားတွေ စားရတာပေါ့။ ဘာမှမသိတဲ့ မိတ္တူက အဲဒီ အစ်ကိုကြီး နေ့တိုင်းလာရင် ကောင်းမှာလို့ ဆုတောင်းနေသေးတယ်။

ကြီးတော်ကြီးက တစ်ခါတည်း ပြောထားတာ ဘာမှ စပ်စုခွင့်မရှိဘူး။ အဲဒီမောင်လေးနဲ့ဆို သူက မြူစုပေးရတဲ့ပုံပဲ။ ဘဘကြီးနဲ့ကျ သူက မြူစုခံခဲ့ရတာ။ အဖြစ်လည်း အရမ်းသည်းနေတတ်တဲ့ ကြီးတော်ကြီးကို ကြည့်မရချင်တော့ဘူး။ ဟိုလူကလည်း ကိုယ့်ရုပ်ရည်လေးနဲ့ ရေသာခိုလိုက်တာလို့ တွေးမိတယ်။ အဲဒီလူအတွက်ဆို ဆေးကစဝယ်ပေး၊ နေမကောင်းဘူးဆိုတာနဲ့ မျောက်မီးခဲကိုင်မိသလို ပျာယာခတ်နေတာ။ ခုမှ မြီးကောင်ပေါက် ရည်းစားရတဲ့အတိုင်းပဲ။

အမှန်အတိုင်း ပြောရရင် ကြီးတော်ကြီးရဲ့ ပုံစံတွေ မကြိုက်လာတာကြောင့် အိမ်ပြန်ချင်လာတာ။ ရွာက မောင်လေးနဲ့ညီမလေး ကျောင်းနေဖို့အရေး ကြီးတော်ကြီးအိမ်မှာ အောင့်အီးနေရတာ။ တပြည်းပြည်းနဲ့ မပျော်ပိုက်တော့ဘဲ စိတ်ဓာတ်တွေလည်း လုံးပါးပါးချင်လာပါပြီ။

ခုဆိုရင် ကြီးတော်ကြီးအခေါ် မောင်မောင်. . မောင်လေးက ကိုယ်ပိုင်ကားအဖြူနဲ့ ဖြစ်သွားပြီး အိမ်ကိုလာတိုင်း အရင်က အိမ်ပေါ်ထပ်မှာဆို တော်သေးတယ်။ ခုတော့ အောက်ထပ်ဧည့်ခန်းမှာလည်း ထိုင်ပြီး စကားတွေပြောကြနဲ့ ကြည့်ရတာ သိပ်မဟန်တော့ပါဘူး။ ကြီးတော်ကြီးကို မမလို့ အခေါ်အဝေါ်ပြောင်းသွားပြီ၊ အရင်ကတော့ နှိုးတိုးရှန့်တန့်၊ ခုတော့ လက်ရဲ၊ ဇက်ရဲ ကားကို ဝယ်ပေးလိုက်ပြီဆိုတော့ အရာအားလုံး ပြောင်းရတော့မှာပေါ့။ ဒီယောကျ်ားသားမှာလည်း မမြင်နိုင်တဲ့ နောက်တစ်ယောက် အယောက်ပေါင်းများစွာ ရှိနေနိုင်သေးတာပဲ။ အစက ကိုယ်ရောင်ကိုယ်ဝါက သိပ်မပြောင်၊ ခုတော့ မင်းသားကျနေတာပဲ။

ရပ်ကွက်ထဲကလည်း ကျွန်မကို မေးလာကြပြီ။ အိမ်မည်းကြီးထဲက ကြီးတော်ကြီးဇာတ်လမ်းက ရပ်ကွက်ထဲမှာ အလန်းစားသတင်းတစ်ပုဒ်ပဲ။ ကြီးတော်ကြီးကို နှာခေါင်းထောက်ပြပြီး ဒါကျန်သေးတယ်လို့ ပြောကြတယ်။ ကျွန်မကတော့ အိမ်ထဲကသတင်း အပြင်မထုတ်ပါဘူး။



Asian Fame Media Group

ဒါပေမဲ့ မြင်နေ၊ သိနေရတာဆိုတော့ သူ့ကို ဘယ်သူမှ မလေးစားကြတော့ဘူး။ ဘဘကြီးရှိတုန်းကသာ ဘဘကြီးအရှိန်နဲ့ သူ့ကိုဘာမှမပြောကြတာ။

ကျွန်မတို့လည်း ဒီလိုမှောင်မိုက်တဲ့ အိမ်ကြီးမှာ မနေချင်တော့ဘူး။ အိမ်ကြီးကို အမြင်မှောင်မိုက်တာထက် စိတ်ဓာတ်တွေမှောင်မိုက်နေတာက အဆိုးဆုံးပဲ။ ဘယ်အချိန်ကြီးတော်ကြီးကို ပြောရမလဲ။ မိတူးကလည်း ကျွန်မမရှိရင် မနေချင်ဘူးတဲ့။

ကျွန်မကတော့ ရတဲ့လစာကို လိုက်မလိုချင်တော့ဘူး။ ရွာမှာကိုယ့်မိသားစုအိမ်လေး ဒီနှစ် အမိုးမိုးနိုင်အောင် စုနေရတာ၊ နည်းနည်းတော့ လိုသေးတယ်။ အရင်ကတော့ ဒီအိမ်ကြီးမှာ ကျွန်မတို့မရှိရင် ကြီးတော်ကြီးက အသက်ကြီးလာပြီဆိုတဲ့ ငဲ့ညှာစိတ်နဲ့ နေနေတာ။ ခုတော့ ကျွန်မတို့မရှိလည်း ဖြစ်သွားမှာပါ။ ကြီးတော်ကြီးစိတ်ကလည်း အရင်ကလို မဟုတ်တော့ဘူး။ ကျွန်မတို့အပေါ်ကို လိုမှကောင်းတော့တာ။

◆

မနက်မိုးလင်းတဲ့ထိ ကျွန်မအိပ်မပျော်။ မနေ့ညက ဝရန်တာမှာ ရိပ်တိတ်ရိပ်တိတ်နဲ့ အသံသဲ့သဲ့ကြားလို့ အောက်ထပ်ကနေ အသာထကြည့်မိတယ်။ မထင်မှတ်ထားတဲ့ ပုံရိပ်တစ်ခုကြောင့် ကျွန်မရင်တွေ တုန်သွားတယ်။

ကြီးတော်ကြီးပါလား။ ညဉ့်နက်သန်းခေါင် ဝရန်တာမှာ ထွက်ရပ်ပြီး တအစ်အစ်နဲ့ ရှိုက်ကြီးတငင် ငိုကြွေးလို့ပါလား။ ဘာဖြစ်လို့ပါလိမ့်။ ဒီလိုပုံစံ တစ်ခါမှမတွေ့ဖူးတာမို့ စိတ်ထဲတော်တော် အံ့ဩမိတယ်။ ပါးစပ်ကလည်း ပွတ်တွတ်ပွတ်တွတ် ပြောလို့ ပြောလိုက်ငိုလိုက်နဲ့ သဲသဲကွဲကွဲတော့ မကြားရဘူး။ ဘာများ ဝမ်းနည်းစရာရှိလို့ပါလိမ့်။ အပေါ်တက်ပြီး မေးရရင် ကောင်းမလား စဉ်းစားသေးတယ်။ မဖြစ်သေးဘူး။ ပြောမှာမဟုတ်ဘူး။ နာရီဝက်လောက်ကြာတော့ အသံတိတ်ပြီး သူ့အခန်းထဲပြန်ဝင်သွားပုံရတယ်။ ကျွန်မလည်း မိုးလင်းတဲ့ထိ အိပ်မပျော်တော့။

မနက်ကို တော်တော်နဲ့ ထမလာတဲ့ ကြီးတော်ကြီးကို စိတ်ပူမိတယ်။ ဆယ်နာရီလောက်မှ မို့အစ်နီရဲနေတဲ့ မျက်နှာနဲ့ အောက်ဆင်းလာတယ်။ နေမကောင်းဘူးလို့ပြောတယ်။ သူ့ရဲ့ Family Doctor ဆီ လာကြည့်ဖို့ ဖုန်းဆက်ပြောတယ်။

ထိုင်ခုံဆိုဖာပေါ်မှာ ငူငူကြီးထိုင်နေတဲ့ ကြီးတော်ကြီးဟာ အရုပ်ကြိုးပြတ်ဖြစ်နေသလိုပဲ။ ခဏကြာတော့ အောက်ကြမ်းပြင်ပေါ် ဒူးတုတ်ထိုင်ပြီး ဘဘကြီးဓာတ်ပုံကို ကြည့်ပြီး ကန်တော့နေတာကို တွေ့ရတယ်။ မျက်ရည်တွေ ကျနေတဲ့ ကြီးတော်ကြီးဟာ ဘဘကြီးဓာတ်ပုံကို ကြည့်ပြီး အကြိမ်ပေါင်းများစွာ ရှိခိုးကန်တော့နေတယ်။

ကျွန်မ အံ့ဩနေဆဲမှာပဲ နောက်မှ သိလိုက်ရတာက မောင်လေးတစ်ယောက် ကြီးတော်ကြီးရဲ့ အတွင်းပစ္စည်း၊ ငွေနဲ့အတူ ကားကိုယူသွားပြီး သူ့ကောင်မလေးနဲ့ ခြေရာဖျောက်သွားပြီး ဒီမြို့ကိုတောင် ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး။ ကြီးတော်ကြီးက ပစ္စည်းယူတာထက် လူပါသွားတာကို တော်တော်ခံစားနေရပုံပဲ။

ကျွန်မမြင်တာကတော့ မောင်လေးနေရာက ဒီလို လုပ်စားတဲ့ ယောကျ်ားတစ်ဦးအတွက် အထာကျနေရာကျလုတယ်။ မပင်ပန်းဘဲ ဒီအသိုက်အမြုံထဲရောက်အောင် ဘယ်သူ ဆွဲခေါ်လာခဲ့သလဲ၊ ကြီးတော်ကြီးလိုပုံကို အပေါ်ယံ "မမ" ခေါ်ရှိုင်းပေမယ့် ဘယ်သူက မေတ္တာစစ်နဲ့ ချစ်မှာလဲ။ ရုပ်ရည်ရှိတဲ့ ယောကျ်ားသားတစ်ဦးအတွက် သူ့လို ရွယ်တူ၊ တန်းတူ ခံစားချက်တူသူကိုပဲ စိတ်ဝင်စားမှာပဲလေ။

ခုလို အချိန်ကျမှ ဘဘကြီးရဲ့ စေတနာနဲ့ မေတ္တာတွေကို အောက်မေ့လာပုံရတယ်။

ကြီးတော်ကြီး စိတ်မရွှင်လာတော့ ကျွန်မတို့တွေ ပိုမနေချင်တော့ဘူး။ စုဆောင်းငွေက အရေးမကြီးပါဘူး။ ရွာကိုပဲ ပြန်တော့မယ်လို့ ဆုံးဖြတ် အပြီး ကြီးတော်ကြီးက ကျွန်မတို့နှစ်ယောက်ကို ခေါ်ပြောတယ်။

သူ့အမျိုးတွေရှိတဲ့ နိုင်ငံခြားကို သေးသွားကုမှာမို့ နှစ်ချီလည်း ကြာနိုင်တယ်။ ရွာပြန်ကြဖို့ လစာတစ်ယောက်ကို သုံးလစာ ပိုထုတ်ပေးတယ်။

အိုး. . . စိတ်ထဲမှာ ပျော်လိုက်တဲ့ဖြစ်ခြင်း။ ခုန်တောင် ပေါ်လိုက်ချင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ကြီးတော်ကြီးကိုကန်တော့ စိတ်ချမ်းသာအောင်နေဖို့ ပြောရင်း ကျွန်မနဲ့ မိတူးအထုပ်အပိုးပြင်. . . တစ်ညတာကို အိပ်စက်ပြီးနောက်နေ့ ချက်ချင်း ရွာကို ပြန်ခဲ့တယ်။

လယ်ကွင်းတွေကို အဖြတ်၊ စပါးခင်းတွေ၊ ပဲခင်းတွေ၊ ကောက်ငှက်အသံတွေ သာယာလိုက်ပါဘိ။ လတ်ဆတ်တဲ့လေက အေးမြနေစေတယ်။ စိတ်ထဲမှာ လွတ်လပ်ပျော်ရွှင်မှုကို ကျွန်မရော၊ မိတူးရော အားပါးတရ ခံစားနေရတယ်။

အင်း . . . ဘဝ. . . ရသ. . . ဆာကျာ. . . အချစ်. . . အမြစ်

အို. . . ကျွန်မ ဘာမှ မသိချင်တော့ပါဘူး။ ကျွန်မစိတ်ထဲ ကြီးတော်ကြီးပေးလိုက်တဲ့ ပိုက်ဆံနဲ့ စုထားတဲ့ပိုက်ဆံ ပေါင်းလိုက်ရင် ရွာက အဖေ၊ အမေတို့ရဲ့ အိမ်အမိုးကို လုံလောက်စွာ မိုးပေးနိုင်ပြီမို့ ကျေနပ်နေမိတယ်။ မောင်လေး . . ညီမလေးလည်း အမိုးအောက်မှာ လုံခြုံစွာ နေနိုင်ပြီ။ မိုးရွာတိုင်း စာမကျက်နိုင်ဘဲ မိုးရေလိုက်ခံနေရတဲ့ အဖြစ်က ဝေးစေချင်ပြီ။ ကျွန်မက အသက်သုံးဆယ်မှာ ငါးတန်းအထိပဲ ကျောင်းနေခဲ့ဖူးတယ်။ သူတို့လေးတွေကို ပညာတတ်စေချင်တယ်။ မြို့မှာ မဟုတ်တော့လည်း ကိုယ့်မိသားစုနဲ့အတူ ရှန်းကန်ရတဲ့ ဘဝအရသာကိုပဲ ရှာဖွေတော့မယ်။ စိတ်အမှောင်တွေ ကြားထဲက ကြီးတော်ကြီးအကြောင်းကို အဖေတို့က မေးခဲ့ရင် . . . .

ကြီးတော်ကြီးက ရိပ်သာကို အပြီးဝင်ရောက်သွားပြီလို့ မုသားသုံးပြီး ပြောရဦးမယ်လို့ တွေးလိုက်မိတယ်။

**ချောအိမာန်(မန္တလေး)**



# ‘ငွေ’ ဆန့်ကျင်ဘက်တို့ တွန်းတိုက်ထိခိုက်ကြတဲ့အခါ

မဥ္ဇူရီ

ကိုယ်တို့တွေ ဆုံဆက်နွယ်မှု ပျော်ရွှင်ကြည်နူးစရာတွေနဲ့ စတင်လာပြီးတဲ့အခါ နှစ်ယောက်တစ်ဘဝလေးကို ပုံဖော်ဖန်တီးကြမှာပါပဲ။ ဘာတွေကများ ကိုယ်တွေးထင်တာတွေနဲ့ အလွဲလွဲအချော်ချော်ဖြစ်နေနိုင်မှာလဲ။ ငွေကြေးပိုပိုပြီး စုဆောင်းမိလာတာဟာ ပျော်ရွှင်မှုတွေပိုပိုပြီး စုဆောင်းမိလာတယ်လို့တော့ ညီမျှခြင်းချလို့ မရနိုင်ပါဘူး။ အနာဂတ်ကို ပန်းချီကားကတ်ချပ်နဲ့ ပုံဖော်မယ်ဆိုပါစို့။ ကျယ်ဝန်းတဲ့ဘောင်ကျယ်ကျယ်ခတ်ရမယ်၊ အများကြီးပဲ ကြိုတင်တွေးထားရတော့မယ်။ ကိုယ့်ရဲ့အနာဂတ်ပန်းချီကား အလှပဆုံးဖြစ်နိုင်ဖို့က အတွင်းမှာ အသွေးအရောင်စိုစိုဟိုမှာသည်မှာကွက်လပ်တွေ မရှိနိုင်အောင်လည်း အစစအရာရာ ဖြည့်တင်းရဦးမယ်။ အဲဒီအတွက် ကိုယ့်ရဲ့ ဘတ်ဂျက်ငွေကြေးအတွက် တာဝန်ယူနိုင်ရမှာပေါ့။ ငွေကြေးစုဆောင်းထားနိုင်ဖို့လည်း လိုသေးတယ်။ ငွေအမြဲလည်ပတ်စီးဆင်းအောင် တတ်ကျွမ်းနေမယ်ဆိုရင် ပိုကောင်းနိုင်ဦးမယ်။ ဒါမှလည်း ‘သူနဲ့ ကိုယ့်မှာ ပျော်ရွှင်ကြည်နူးစရာ ဆက်နွယ်မှုရှိနိုင်မယ်’ လို့ပဲ သူသူငါငါ တွေးထင်ထားကြမှာပါ။ တကယ်တမ်းတော့ အဲဒါဟာ အဓိကပြဿနာတော့ မဟုတ်ပါဘူး။

ငွေကြေးရိုက်ခတ်မှုအပေါ် ကိုယ့်မြင်ထားတဲ့ အမြင်မျိုးနဲ့ စုံတွဲလေးတွေအတွက် မှတ်ချက်တွေ ပေးမိမလား။ ကြီးကျယ်တဲ့ပစ္စည်း အိမ်လိုမျိုး၊ ပြီးတော့ ကားအမျိုးအစား၊ ကိုယ်သောက်တဲ့ကော်ဖီနဲ့ အမြဲတမ်းစီးတတ်တဲ့ အမျိုးအစားကောင်းကောင်း ရှူးဖိနပ်တွေပေါ် မှာမူတည်ပြီး ပျော်ရွှင်မှုခိုင်မြဲတဲ့ ဆက်ဆံရေးအပြောင်းအလဲတွေကို စဉ်းစားနေမိမှာလား။ အဲဒီအရာတွေက ကိုယ်တို့ရဲ့ ဆက်နွယ်မှုချစ်ခြင်းမေတ္တာကို ဘယ်လိုသက်ရောက်မှုရှိနေလဲ။ ဒီမှာ ဥပမာလေးတစ်ခု ကြည့်ပါဦး။ အိမ်ထောင်ရှင်ခင်ပွန်းတစ်ဦးက ဇနီးကို ‘ငွေနှာဗီမ’ လို့ ခေါ်လိုက်တယ်။ ဘာကြောင့်များလဲ။ သူတံခါးကိုဖွင့်ပြီး လျှောက်လမ်းလာတဲ့ အချိန်လေး သူတို့ အပြန်အလှန်ပြောဖြစ်ကြတဲ့ စကားတွေက ဒီလိုပါ။

ဇနီး - ရှင် နေ့လယ်စာ ဘယ်မှာစားခဲ့လဲ။

ခင်ပွန်း - ငါတို့ အီတလီအစားအစာ သွားစားကြတယ်လေကွာ။

ဇနီး - ရှင် ဘာစားခဲ့လဲ။

ခင်ပွန်း - ကြက်ကရင်မ်ဆလတ်လေ။

ဇနီး - ဘယ်လောက်ကုန်လဲရှင့်။

ခင်ပွန်း - ငါ မသိဘူးကွာ၊ ၁၃ ဒေါ်လာလောက်ဖြစ်မှာပေါ့။

ဇနီး - ဟင် ကြက်သား၊ ပေါင်မုန့်တင်ပါတဲ့ ကရင်မ်ဆလတ်တစ်ပွဲအတွက် ၁၃ ဒေါ်လာလောက်။ ဘုရားရေ ရှင် ရူးများနေသလား။

ဒီလိုအငြင်းအခုံမျိုး ရင်းနှီးနေတယ်ဆိုရင်၊ ကိုယ်တစ်ယောက်တည်း ဖြစ်တတ်တာတော့လည်း မဟုတ်ပါဘူး။ Romantic ဆန်တဲ့ သံယောဇဉ် အနှောင်အဖွဲ့လေး ခိုင်မြဲချင်တယ်ဆိုရင် ဒီအချက်လေးတွေက ပြဿနာကောင်းလေးတွေမို့ ရှောင်သင့်ပါတယ်။

## သင့်ရဲ့ ငွေကြိုက်တဲ့ဇီဇ

ငွေမှာတော့ ဇီဇမျိုးရိုးမရှိဘူး၊ ဒါပေမဲ့ အဲဒီငွေကိုပဲ ကျွန်မတို့ ကြည့်မြင်ခံစားမှုမှာတော့ ငယ်စဉ်ဘဝကတည်းက ဘယ်လောက်များ အရိုးစွဲလာလိုက်သလဲဆိုရင် ကျွန်မတို့မျက်လုံးတွေရဲ့ အရောင်အသွေး အမျိုးမျိုးအဖုံဖုံဖြစ်အောင် ပြောင်းလဲပစ်နိုင်လောက်တဲ့ အထိပါပဲ၊ ငွေနဲ့ပဲ မွေးဖွားလာသလိုမျိုးပဲ။ အဲဒါကို အလွယ်ဆုံး



Asian Fame Media Group

သက်သေပြရရင် ကျွန်မတို့ ကလေးဘဝထဲက ဘယ်လိုကြီးပြင်းခဲ့သလဲကြည့်ပါ။ ကလေးနှစ်ယောက် ကိုးလ်နဲ့ကိတ်ဒ်ဆိုပါစို့။ သားလေးနှစ်ယောက်မှာ ကိုးလ်က ငွေကို စုဆောင်းသူ၊ ကိတ်ဒ်ကတော့ သုံးဖြုန်းသူပါ။ ကိတ်ဒ်က သူ့ရဲ့ ပိုက်ဆံအိတ်ထဲမှာ တစ်ဒေါ်လာဆိုတဲ့ငွေကိုတောင် သိမ်းဆည်းမထားနိုင်ဘူး။ ကိုးလ်ကတော့ ကျွန်မတို့ တွန်းတွန်းတိုက်တိုက် အားပေးရင်တောင်မှ အဲဒီတစ်ဒေါ်လာလေးကို မသုံးရက်ဘူး။ အဲဒီနည်းလမ်းဟာ လူကြီးတွေမှာလည်း အတူတူပါပဲ။ လူကြီးတွေမှာလည်း ငွေနဲ့ပတ်သက်တဲ့ ဗီဇတွေရှိနေကြတယ်။ လူတိုင်းလူတိုင်းက ကိုယ့်ရဲ့အထုံဝါသနာကပဲ အကောင်းဆုံးလို့ ယုံကြည်နေကြသေးတယ်။ ငွေနဲ့ပတ်သက်တဲ့ အကျင့်လေးတွေ ကိုယ့်မှာ ဘယ်လိုရှိမလဲ နားလည်လွယ်အောင် ခွဲခြားကြည့်ရအောင်ပါ။ ငွေစုဆောင်းသူ၊ ငွေသုံးစွဲသူ၊ စွန့်စားရင်းနှီးလိုသူ၊ လုံခြုံစိတ်ချရတဲ့နည်းနဲ့ပဲ ရှာဖွေလိုသူ၊ ငွေကို တွဲဆိုင်းမနေဘဲ လွှင့်ပစ်သုံးစွဲနေသူဆိုပြီး အဲဒီလို ဗီဇရှိသူတွေတွေ့ကြရမှာပါ။ အဲဒီအထဲမှာမှ တစ်ဦးစီဟာ ပထမနဲ့ဒုတိယအမျိုးအစားပါပဲ။ ကိုယ့်ရဲ့ ခင်ပွန်း၊ ဇနီး၊ ချစ်ခင်သူနဲ့ ကိုယ်ကိုယ်တိုင် ဘယ်လိုဗီဇရှိနေမလဲ ကွဲပြားချက်တွေ ခွဲခြားသိရှိထားဖို့ပါ။ သိရှိပြီးပြီ ဆိုရင် ကိုယ့်ရဲ့ ငွေနဲ့ပတ်သက်တဲ့ ဗီဇအကျင့်လေးတွေကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ကြရမှာပါ။

**စုံတွဲ ၇၅ ရာခိုင်နှုန်းလောက်က သူတို့ရဲ့ ဆန့်ကျင်ဘက် ငွေဗီဇမတူသူတွေနဲ့ လက်ထပ်ထားကြတယ်။ အံ့သြစရာတော့ မရှိပါဘူးတဲ့။ ကွာရှင်းခဲ့ကြတဲ့ ၇၀ ရာခိုင်နှုန်း အားလုံးဟာ ငွေကြောင့်ပါပဲ . . .**

## သင့်ရဲ့ မှန်ဘီလူး


ကျွန်မတို့ဟာ မှန်ဘီလူးတစ်ခုနဲ့ ကြည့်ပြီး ငွေနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေ ပြုလုပ်နေကြတယ်။ ဆွယ်တာဒီဇိုင်းအသစ်လေးတစ်ထည်ဆိုင်ပေါ် ရောက်ပြီဆိုပါစို့။ အဲဒီလို အသစ်အဆန်းလေးတွေဟာ ကျွန်မတို့ရဲ့စုဆောင်းထားတဲ့ ငွေကြေး ၃၀ ရာခိုင်နှုန်းလောက်ကို ဆွဲယူသွားစေဖို့ တွန်းအားပါပဲ။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ဝိုင်းဖွဲ့စားသောက်ကြဖို့လည်း ဆုံးဖြတ်တယ်။ ငွေဟာ ကျွန်မတို့ ပြုလုပ်သမျှဆုံးဖြတ်ချက်တွေမှာ အမြဲယှဉ်တွဲပါနေတတ်တာပါ။ ငွေကြေးနဲ့ပတ်သက်တဲ့ဗီဇကပဲ ကျွန်မတို့ဘဝအပေါ် မြင်တဲ့ ရှုထောင့်ကို ပုံဖော်ဘောင်ခတ်ပေးတယ်။ ဥပမာ . . . တချို့ဆိုရင်တော့ ငွေသုံးစွဲသူတွေဟာ လှူဒါန်းပေးကမ်းဖို့ ဝါသနာပါသူပါ။ စုဆောင်းသူတွေဟာ အကောင်းဆုံးအပေးအယူကို ရှာဖွေပါတယ်။ စွန့်စားရင်းနှီးလိုသူတွေက 'အဲဒါကို စမ်းကြည့်မယ်'လို့ ဆုံးဖြတ်မှာပဲ။ လုံခြုံစိတ်ချရမယ့်နည်းရှာဖွေသူတွေကတော့ ကြိုတင်စီစဉ်မှုတွေ လုပ်နေမယ်။ ငွေကို လွှင့်ပစ်သလို သုံးစွဲတတ်သူကတော့ သူတို့ရဲ့ ဆုံးဖြတ်ချက်တွေချဖို့ ဘယ်တော့မှ နှောင့်နှေးနေမှာ မဟုတ်ဘူး။

## သင့်ရဲ့ ဆန့်ကျင်ဘက် (money opposite)

'ကူညီပါ။ ကိုယ်တော့ တကယ့်ဆန့်ကျင်ဘက် ဗီဇမတူသူနဲ့ လက်ထပ်ခဲ့ပါပြီ' ကျွန်မတို့ ခရီးတွေသွားတယ်။ နိုင်ငံအနှံ့အပြားက လူတွေနဲ့ စကားတွေ ပြောဖြစ်ကြတယ်။ များလှတဲ့စုံတွဲတွေမှာ ဝမ်းနည်းနာကျင်မှုတွေ၊ ချောက်ချားထိတ်လန့်မှုတွေဖြစ်ကြတဲ့ အကြောင်းရင်းတစ်ခုရှိနေပါတယ်။ စုံတွဲ ၇၅ ရာခိုင်နှုန်းလောက်က သူတို့ရဲ့ ဆန့်ကျင်ဘက် ငွေဗီဇမတူသူတွေနဲ့ လက်ထပ်ထားကြတယ်။ အံ့သြစရာတော့ မရှိပါဘူးတဲ့။ ကွာရှင်းခဲ့ကြတဲ့ ၇၀ ရာခိုင်နှုန်းအားလုံးဟာ ငွေကြောင့်ပါပဲ။ ငွေဟာ သူတို့ ကွဲကွာရခြင်းရဲ့အကြောင်းရင်းတစ်ရပ်ဖြစ်နေကြတယ်။ ဒါပေမဲ့ ငွေကြေးသုံးစွဲမှုမှာ ဗီဇခြင်းမတူတဲ့ (money opposite) တွေ လက်ထပ်ထားရင်တော့ ကွာရှင်းပြတ်စဲတာမျိုးတွေ မရှိနိုင်ပါဘူးတဲ့။ တစ်ဖက်မှာ ငွေစုဆောင်းသူနဲ့ လုံခြုံစိတ်ချရတဲ့နည်းနဲ့ပဲ ရှာဖွေလိုသူတွေရှိမယ်။ တခြားဘက်မှာ သုံးစွဲသူတွေ၊ စွန့်စားမှုရယူလိုသူ၊ ငွေကို လေအနှင်နဲ့အတူ သုံးစွဲသူတွေရှိကြတယ်။ ကျွန်မတို့ နာမည်ပေးထားသလို 'ဆန့်ကျင့်ဘက်အပြင်းစားဗီဇ' ရှိနေကြမလား။

အဲဒီလိုအပြင်းစား ကွာခြားချက်တွေဟာ သံယောဇဉ်တွေပြတ်တောက်စေမယ့် အကြောင်းအရာတွေဖြစ်နေပါတယ်။ တစ်ယောက်က သုံးစွဲသူဆို ကိုယ်က စုဆောင်းသူဖြစ်အောင် ကြိုးစားပြင်ဆင်နိုင်မယ်ဆိုရင်တော့ ခိုင်မြဲတဲ့ အိမ်ထောင်တစ်ခုစီ ဦးတည်ရွေ့ဆက်နိုင်ကြမှာပါ။ ။

မဥူရီ





Asian Fame Media Group



ဝတ္ထုတိုရသ

ဖြူသွေးနီ

# အစုန်မှာ အဆန်ဆင့်ပါလို့

"**အဖေကတော့** တကယ်ပဲ ဗျာ၊ ကျွန်တော် အခုမှ ပြန်ရောက်တာ အကျီတောင် မလဲရသေးဘူး။ ချိန် ပြီးပြီဆိုရင်လည်း ဘာလို့ ထပ်ချိန် စရာလိုသေးလို့လဲ၊ အဖေကလေ ကျွန်တော့်ကိုမှ မခိုင်းရရင် ကျေကို မကျေနပ်ဘူး၊ အဖေက တစ်ခါ တလေ တကယ့်ကိုပဲ. . . "

ငွေတိုး ရဲ့ စကားလုံးတွေက ကျုပ်ရင်ထဲမှာ နင့်ခနဲကို ဖြစ်သွားရ တယ်၊ သူက ပြောပြောဆို ဆို အိပ်ခန်းထဲဝင်သွားပေမယ့် ကျုပ်မှာ တော့ ဝဲတက်လာချင်တဲ့ မျက်ရည်စ တွေကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ဖယ်ရှားရင်း ပရုတ်ဆီနံ့လှောင်နေတဲ့ ကျုပ်ရဲ့အိပ်ခန်းလေးထဲ လှည့်ဝင်ခဲ့ လိုက်တယ်။ ပြီးခဲ့တဲ့နှစ် လေတစ်ခါ ဖြတ်ပြီးကတည်းက ကျုပ်စိတ်တွေက အရင်လိုမဟုတ်၊ ပိုထိလွယ် ရှလွယ် ဖြစ်နေခဲ့တာ၊ အိပ်ရာထဲ အသာ ကျောချလှဲလိုက်တော့ မြေးတွေ အိပ်ရာပေါ် တက်ကစားထားလို့ သဲတရှပ်ရှပ်ဖြစ်နေတဲ့ အိပ်ရာခင်းရဲ့ အတွေ့ကိုရလိုက်ပေမယ့် အရင်လို ပုဆိုးအဟောင်းတစ်ထည်နဲ့ တဖုန်း ဖုန်းမြည်အောင် သဲတွေကို ခါချပစ် လိုက်ချင်စိတ် ပျောက်ဆုံးနေတယ်။ ဒါနဲ့ စိတ်ပြေလက်ပျောက် ခေါင်းအုံး ဘေးမှာချထားတဲ့ တီဗီရီမုဒ်နဲ့ တီဗီ ကို လှမ်းဖွင့်လိုက်မိတယ်။ ကျုပ်မျက် လုံးတွေက တီဗီမှန်သားပြင်ကိုကြည့် နေပေမယ့် ကျုပ်စိတ်တွေက ပျံ့လွင့် လို့နေတယ်။

"အင်း . . . သည်းဖြူသာရှိရင် သူလုပ်ပေးရှာမှာ. . . "

စိတ်တွေက ဒီနေ့မှ သည်းဖြူ ကို တမ်းတမ်းတတရှိနေလိုက်တာ။ အင်း . . . လာမယ့် တပို့တွဲဆိုရင် ကျုပ်အသက်က ခွန်နှစ်ဆယ့် သုံးနှစ် ရှိပြီဆိုတော့ သဲဖြူသာ ရှိရင် သူလည်း ခွန်နှစ်ဆယ် နားနီးပြီပေါ့။ သဲဖြူတိမ်းပါး သွားကတည်းက သားသမီး နှစ်ယောက်ကို အခုအချိန် အိုမင်းမစွမ်း အဘိုးကြီး အရွယ် ရောက်တဲ့အထိ ရင်အုပ်မကွာ ကျုပ် စောင့်ရှောက်ခဲ့တာပါ။ အခု သမီး ရွှေမိုးသည်နဲ့ သားဖြစ်သူမင်းငွေတိုး တောင် လူလတ်ပိုင်းအရွယ် ရောက် လို့နေပြီ၊ သူတို့ကမွေးတဲ့ ကျုပ်ရဲ့ မြေးဘုစုခရုတွေနဲ့ ပတ်လည်ဝိုင်းနေ တတ်တဲ့ အဘိုးတစ်ယောက်အရွယ် ကျုပ် ရောက်နေခဲ့ရပြီ။

တအောင့်နေတော့ ငွေတိုးက စူပုပ်နေတဲ့မျက်နှာထားနဲ့ ကျုပ်အိပ် ခန်းထဲဝင်လာပြီး ကျုပ်လက်မောင်း ပိန်ပိန်လေးကို သွေးပေါင်ချိန်တိုင်း ကိရိယာက အဝတ်စနဲ့ ရစ်ပတ်လိုက် တယ်။ လေအိတ်ဘုလေးကို ညှစ် လိုက်ချိန်မှာ တဖြည်းဖြည်းနဲ့ ကျုပ် လက်မောင်းမှာ တင်းကျပ်တဲ့အတွေ့ ကို ရလိုက်တယ်။

"တစ်ရာ့ နှစ်ဆယ်၊ ခွန်နှစ် ဆယ်"

ငွေတိုးက နှုတ်ကပြောလိုက် ရင်း လက်က ပြောပြောဆိုဆို သွေး ပေါင်ချိန်တိုင်းကိရိယာကို ပြန်သိမ်း နေလျက်က တစ်ဖက်ခန်းက မိန်းမ ဖြစ်သူကို သူ့အလုပ်အကြောင်းတွေ လှမ်းအော်ပြောပြနေတယ်။ အပေါ် သွေး တစ်ရာ့နှစ်ဆယ်၊ အောက်သွေး ခွန်နှစ်ဆယ်ဆို သွေးပေါင်က ပုံမှန်၊ ငွေတိုးအခန်းထဲက ထွက်သွားတာနဲ့ တီဗီခလုတ်ရော၊ ခေါင်းရင်းက အခန်းမီးကိုပါ လှမ်းပိတ်လိုက်တယ်။ အခန်းထဲမှောင်သွားချိန်မှာ အိပ်

MEDIA GROUP
Asianframe Media Group

မပျော်နိုင်သေးဘဲ ကျုပ်စိတ်တွေက ဟိုအဝေးဆီကို ရောက်သွားတော့တယ်။

◆

သည်းဖြူ ကွယ်လွန်ချိန်က တကယ့်အရွယ်ကောင်း အသက်ငါးဆယ်သာသာ။ ကျုပ်အသက်ဘာရှိဦးမလဲ၊ အလွန်ဆုံးရှိလှမှ ငါးဆယ့်ခြောက်ပေါ့။ တကယ့်ကို လုပ်နိုင်ကိုင်နိုင် စီးပွားရှာနိုင်တုန်းအရွယ်။ ကျုပ်နဲ့သည်းဖြူ အိမ်ထောင်ကျခါစက ဌာနတစ်ခုမှာ ကျုပ်က လုပ်ငန်းနည်းပြ ဆရာအဖြစ် ဝင်လုပ်နေချိန်ပေါ့။ ကံအားလျော်စွာနဲ့ ဌာနက ပေးတဲ့ ပညာတော်သင် စကောလားရှစ်ရခဲ့တယ်။ နှစ်ဖက်မိဘ သဘောမတူတဲ့ကြားက နာမည်နဲ့လိုက်အောင် အသည်းဖြူတဲ့သည်းဖြူကို ကျုပ်ရအောင်ယူခဲ့တာဆိုတော့ ရှေ့ရေးအတွက် ညားခါစဇနီးသည် သည်းဖြူကိုထားခဲ့ပြီး ဌာနက စေလွှတ်တဲ့ အနောက်နိုင်ငံကြီး တစ်နိုင်ငံမှာ သုံးနှစ်လောက် ပညာတော်သင်သွားခဲ့ရသေးတယ်။

ပညာတော်သင်ပြန်လာတော့ လင်မယား ခွဲခွာနေရတဲ့ကြားက နှံစားရေးဘဝနဲ့ ကျုပ်ကို သစ္စာရှိရှိ စောင့်နေတဲ့ သည်းဖြူကို အလုပ်က အနားယူခိုင်း၊ အိမ်ရှင်မတာဝန် ဝတ္တရားများကိုပဲ ဆောင်ရွက်စေခဲ့တယ်။ တစ်အိမ်လုံး သူ့ခြေသူ့လက်ပေါ့။ ကျုပ်ကလည်း ဘာမဆို သည်းဖြူလုပ်ပေးမှ ဘဝင်ကျတာကိုး။ သမီးကြီးရွှေမိုးသည်း မွေးပြီးချိန်မှာ နှစ်ဖက်မိဘတွေ ပြန်လက်ခံခဲ့တာမို့ ကျုပ်တို့မိသားစုလေး အတော်ပျော်ရွှင်ခဲ့ရချိန်ပေါ့။

သမီးကြီး သူငယ်တန်းတက်ချိန်မှာ သည်းဖြူက ကျုပ်အတွက် ဒုတိယသားလေး မင်းငွေတိုးကို မွေးပေးခဲ့တယ်။ ငွေတိုးလေး လေးဖက်သွားလျှောက်တတ်ချိန်လောက်မှာ ကျုပ်ဌာနက အထက်လူကြီးနဲ့ ကျုပ်အဆင်မပြေ ဖြစ်လာတယ်။ သူ့ရဲ့ပညာပေးနိုင်ကွပ်မှုကို ဘယ်လိုမှ သည်းညည်းမခံနိုင်တော့တဲ့အဆုံး ကျုပ် အလုပ်ကနေ ဆေးပင်စင်တင်ပြီး အနားယူခဲ့တယ်။

တတ်သမျှ မှတ်သမျှလေး၊ အပေါင်းအသင်း မိတ်ဆွေတွေရဲ့ စောင်မမှုနဲ့ မိသားစုလေးယောက်ရဲ့ စားအိုးကို ကြပ်ကြပ်တည်းတည်းနဲ့ ကျုပ်တို့လင်မယား လက်ချင်းခိုင်ခိုင်တွဲပြီး ကျော်ဖြတ်ခဲ့ရတဲ့အချိန်ကာလ ရှည်ကြီးပေါ့။ အဲဒီအချိန်မှာ သည်းဖြူတစ်ယောက် ကြိုးစားခဲ့ပုံကို ကျုပ်မှတ်မိနေသေးတယ်။ ရှိစုမဲ့စုငွေလေးနဲ့မှတ်စုစာအုပ်လေးတွေဝယ်၊ ကျက်မှတ်ပြီး အထက်တန်းရှေ့နေစာမေးပွဲကို သည်းဖြူတစ်ယောက် ဖြေဆိုအောင်မြင်ခဲ့တော့ ကျုပ်မှာဖြင့် သူ့ကို အံ့ဩချီးကျူး မဆုံးပေါ့။ ဘဝရဲ့ ဒုတိယအရွယ်ကျမှ သည်းဖြူရဲ့ ကြိုးစားမှု၊ လုံ့လနဲ့ကံဇာတာတို့ပေါင်းစုံပြီး အောင်မြင်တဲ့ ရှေ့နေတစ်ယောက် ဖြစ်လာရတာက ကျုပ်တို့မိသားစုစီးပွားရေးကို ပြန်ပြီး နာလန်ထူလာစေခဲ့တယ်။ ဒီလိုနဲ့ သည်းဖြူ အလုပ်တွေပိပြီး ပင်ပန်းနေတာကို မကြည့်ရက်တဲ့ ကျုပ်လည်း မနေသာတော့ဘဲ သူ့အလုပ်တွေကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးရင်းနဲ့ အထက်တန်းရှေ့နေစာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပြန်တယ်။

ကျုပ်တို့လင်မယားနှစ်ယောက် ဘဝရဲ့ အရွယ်လတ်ပိုင်းအချိန်ရောက်ခါမှ တက်ညီလက်ညီနဲ့ ရှေ့နေဘဝမှာ ရပ်တည် အောင်မြင်လာခဲ့တယ်။ အဲဒီအချိန်မှာ သမီးကြီး ရွှေမိုးသည်းက တက္ကသိုလ်ကျောင်းသူ၊ သားငယ် မင်းငွေတိုးက ကိုးတန်းကျောင်းသားအရွယ်။ ကျုပ်တို့မိသားစုအတွက် အပျော်ရွှင်ဆုံး အချိန်ကာလများလို့ ပြောလို့ရတဲ့ ရွှေရောင်တောက်ပခဲ့တဲ့ နေ့ရက်များပေါ့။

ကြိုတင်မှန်းဆ မမြင်နိုင်တဲ့ ကံကြမ္မာက ပျော်ရွှင်နေတဲ့ ကျုပ်တို့မိသားစုကို အမှတ်မထင် ဝင်ရောက်ထိုးနှက်ပြန်တယ်။ သည်းဖြူတစ်ယောက် နှလုံးရောဂါအခံနဲ့ အသက်ငါးဆယ်အရွယ်မှာ မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့လို့ ကျုပ်တို့မိသားစု အငိုက်မိ ကြေကွဲခဲ့ရပြန်တယ်။ ဇနီးသည်းဖြူမရှိတဲ့နောက် လွမ်းဆွတ်စိတ်တွေ ရောင်ရှားချင်တာမို့ ကျုပ် ရှေ့နေအလုပ်ကို တစ်နှစ်လောက် ရပ်နားလိုက်သေးတယ်။ အဲဒီအချိန်မှာ သမီးကြီးနဲ့သားက အလုပ်ကိုယ်စီဖြစ်နေပြီမို့ ကျုပ်အတွက် ဘာဆိုဘာမှ စိတ်ပူစရာမရှိတော့ပါဘူး၊ ဒီသမီးနဲ့ ဒီသားအတွက် အဖေဆိုလည်းဟုတ်၊ အမေဆိုလည်း ဟုတ် ကျုပ် တစ်ယောက်တည်း ထိန်းကျောင်းရင်း အေးအေးလူလူ နေနိုင်ခဲ့ပါတယ်။


သည်းဖြူကွယ်လွန်ပြီး တစ်နှစ်အကြာမှာ သမီးနဲ့သားတားမြစ်တဲ့ကြားက ရှေ့နေအလုပ်ကို ပြန်လုပ်ခဲ့တယ်။ အရင်လိုတရားမ၊ ရာဇဝတ်မရွေး အမှုများကိုမလိုက်ဖြစ်တော့ဘဲ တိုက်ခန်းလေးဘာလေး အရောင်းအဝယ် စာချုပ် စာတမ်းဆိုင်ရာ တရားမမှုတွေကိုပဲ အေးအေးလူလူ လိုက်ပါဆောင်ရွက်ခဲ့တယ်။ စာချုပ်တစ်ခု ငါးသောင်းဆိုလည်းဟုတ်၊ တစ်သိန်းဆိုလည်း ဟုတ်တဲ့ ဒီနေ့ခေတ်မှာ ကျုပ်သားသမီးတွေ အားမကိုးဘဲ ကျုပ်ဝင်ငွေလေးနဲ့ ကျုပ် အေးအေးလူလူ နေနိုင်ခဲ့ပါတယ်။

သည်းဖြူ ဆုံးပြီး တစ်နှစ်လောက်မှာ သမီးကြီးရွှေမိုးသည်းကို သူချစ်တဲ့သူနဲ့ လက်ထပ်ပေးခဲ့တယ်။ သမီးကြီးက အိမ်ထောင်ပြုပြီးချိန် အိမ်ခွဲနေချင်တယ် ပြောလာပေမယ့် ကျုပ်က "အဖေသေမှ အိမ်ခွဲနေပါ" လို့ တစ်ချက်လွှတ် ပိတ်ပြောထားတယ်။ သမီးကြီး လက်ထပ်လို့မှ မကြာသေး၊ အငယ်ကောင် မင်းငွေတိုးကလည်း မိန်းမခိုးပြေးပြီး သူ့ဘာသာသူ ရပ်ကွက်ငယ်တစ်ခုမှာ အိမ်ငှားပြီး အခြေချနေတယ်၊ သားကို အိမ်ပေါ်ပြန်နေဖို့ စကားလမ်းကြောင်းပေမယ့် လူငယ်ဘဝ လွတ်လပ်စွာသီးခြားနေလိုသူမို့ သမီးကြီး တုန်းကလိုရာဇသံပေးဖို့ ကျုပ် အခွင့်မသာခဲ့ဘူး၊ ဒီကောင်ကလည်း သူလုပ်ချင်တာရှိရင် တားမရ ဆီးမရ ဇွတ်တိုးလုပ်တတ်တဲ့သူ။ သူတို့အိမ်လေးဆီ အလည်ရောက်တော့ ချို့ချို့တဲ့တဲ့နေနေရပေမယ့် ပျော်နေတဲ့ လင်မယားကိုကြည့်ပြီး အဖေ တစ်ယောက်ဖြစ်တဲ့ ကျုပ် ဝမ်းသာဝမ်းနည်းပေါ့။

ကံအားလျော်စွာ သားသမီး မြေးတွေနဲ့ စုစည်းနေချင်တဲ့ ကျုပ်ကို ကံကြမ္မာက မျက်နှာသာပေးလာတယ်။ ငွေတိုးမိန်းမ ကိုယ်ဝန်ရှိချိန်



Asian Fame Media Group
MEDIA GROUP



နာဂစ်မုန်တိုင်းက သူတို့ရဲ့အိမ်လေး ယိုင်နဲ့နဲ့ကို အမြစ်က ဖြုတ်ချလိုက်ချိန်မှာတော့ ကျုပ် ဘယ်လိုမှ မနေနိုင်တော့ဘူး။ သားနဲ့ချွေးမကို ချက်ချင်း အိမ်ပေါ်ကို ခေါ်တင်ထားလိုက်တော့တယ်။ ချွေးမကလေးမွေးပြီးချိန်မှာတော့ ကျုပ်တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ သားသမီး၊ သမက်၊ ချွေးမ၊ မြေးမ၊ မြေးထီးများနဲ့ စည်ကား သိုက်မြိုက်နေတော့တာပေါ့။ ကျုပ်ဇနီးဒေါ်သည်းဖြူ မပါဝင်နိုင်တော့တာကလွဲလို့ အလိုချင် အတောင့်တဆုံး မိသားစုအသိုက်အမြုံလေးနဲ့အတူ ရှိနေရတာကို သတိထားမိချိန်မှာတော့ ကျုပ် အသက်က ခုနစ်ဆယ်နီးခဲ့ပြီ။ မိသားစုနှစ်စုနဲ့ အိမ်ခန်းလေးထဲ ကျပ်သိပ်နေပေငြား ကျုပ်ပျော်ရွှင်တယ်။ ကျေနပ်တယ်။ တီတီတာတာ မြေးများနဲ့ ကျုပ် ကလူကြည်ဆယ်နိုင်တယ်။

ရွှေမိုး နဲ့ ငွေတိုး က မောင်နှမ နှစ်ယောက်တည်းဆိုတော့ ချစ်ကြပေမယ့် ငယ်ငယ်ကတည်းက တစ်ယောက်ကို တစ်ယောက် အလျှော့မပေးကြဘူး။ အဖေရှေ့မှာ ခွန်းကြီးခွန်းငယ် မဖြစ်ကြပေမယ့် သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စောင်နေကြတာကို မွေးထားတဲ့ကျုပ် သိနေခဲ့တာပေါ့။ "အဖေက အဖေ့သားဆို အမြဲတမ်း မျက်နှာလိုက်တယ်၊ မျှမျှတတမရှိဘူး" လို့ ရွှေမိုးက စကားနာထိုးတယ်၊ "အဖေ့သမီး စကားပြောရင် အမြဲ ရှင်သီးတယ်၊ တစ်ခုခုဆို သားအလွန် မပြောနဲ့ ခုကတည်းက ကြိုပြောထားတယ်" လို့ ငွေတိုးက အတိုင်တောထုတယ်။ "အဖေက သေမင်းကိုစောင့်နေတာပါ၊ မင်းတို့ မသေခင်လေးတော့ သင့်သင့်မြတ်မြတ်လေးနေကြပါကွာ" လို့လေသံပျော့လေးနဲ့ ကျုပ်ပြောလိုက်ရင်တော့ နှစ်ယောက်လုံး ငြိမ်ကျသွားတယ်။

အသက်လေးဆယ်တန်း ကျော်လာတဲ့ သူတို့မောင်နှမနှစ်ယောက်က အခုအချိန်ထိ တစောင်းစောင်းနဲ့ မျက်ချေး မတည့်အတူနေနေကြပေမယ့် သူတို့မောင်နှမအချင်းချင်း သိပ်ချစ်တယ်။ အဖေအိုကြီး ကျုပ်ကိုလည်း သူတို့ချစ်ကြမယ်လို့ ကျုပ်ထင်မိတာပဲ။ ကျုပ်မှာတော့ သူတို့တွေ ဘယ်အရွယ်ရောက်ရောက် ကလေးများလိုပဲ ထင်နေကြတာကလား။ သူတို့ကလည်း အဖေနဲ့များဆို တကယ့်ကလေးဆိုးကြီးများလိုပါပဲ။ ရွှေမိုးစိတ်က သူ့အဖေအပေါ်၊ မိသားစုအပေါ် လုပ်ပေးစရာရှိတာမှန်သမျှ တာဝန်ကျေအောင် ဆောင်ရွက်ပေးနေပေမယ့် သူ့ပင်ကိုပုံစံက အဖေနှင့်ဖြစ်စေ၊ သူ့ယောက်ျားနှင့်ဖြစ်စေ၊ သူ့သားသမီးများနဲ့ဖြစ်စေ ရင်းရင်းနှီးနှီးမနေတတ်သူ။ ယုတ်စွအဆုံး အသက်ကြီးမှရလာတဲ့ အခါလည်အရွယ် သားလေးကိုတောင် မြှူတာဘာညာ သိပ်မတွေ့ရဘူး။ သူ့မောင်ဖြစ်တဲ့ ငွေတိုးနဲ့လည်း ဘာသိဘာသာ နေတတ်တယ်။ ချစ်ခြင်းမေတ္တာကို ဖော်ထုတ်မပြတတ်သူ။ ငွေတိုးကတော့ ဇွတ်တရွတ်သမား၊ သူလုပ်ချင်တာကို ဖြစ်အောင်လုပ်တတ်သူ။ သူပြောချင်တာဆို တားမရဆီးမရ ပြောချတတ်သူ။ ကလေးတစ်ယောက်အဖေ ဖြစ်နေတာတောင် တစ်ခါတစ်ခါ ကလေးဆန်ချင်နေသေးသူ၊ ငွေတိုးက ငယ်ငယ်လေးတည်းက တစ်ဖွတ်ထိုးလုပ်တတ်တယ်။ သူ့ကို ဂရုစိုက်မှ ကျေနပ်တယ်။ သူလုပ်ချင်တာဆို ဖြစ်အောင်လုပ်တတ်တယ်။ သူ့ကို ချီးမွမ်းမှ သဘောကျတယ်။ ကျုပ်ရင်ခွင်ထဲ အခုအချိန်အထိ တိုးဝှေ့ဝင်ချင် ဝင်နေတတ်တဲ့သူ။ ငယ်စဉ်ကတည်းကနေ အခုအချိန်အထိ ကွဲပြားတဲ့စရိုက်အောက်မှာ မောင်နှမနှစ်ယောက် ချစ်ကြပေမယ့် တကျက်ကျက်ရှိနေခဲ့ကြတယ်။

သမက်နဲ့ချွေးမက အေးအေးဆေးဆေးနေတတ်သူတွေမို့လို့သာ မိသားစုနှစ်စုနဲ့ ဒီအိမ်ခေါင်းလေးထဲ ကျပ်နေနေလို့ ရနေတာ။ မြေးတွေကလည်း ကျုပ်အတွက် အသက်ရှည်ဆေးတွေပါပဲ။ တီတီတာတာပြောတတ်တဲ့အရွယ်ရောက်နေတဲ့ ငွေတိုးရဲ့သမီးလေးကတော့ ကျုပ်အသည်းပေါ့။ ကျုပ်ကိုယ်တိုင်ကတော့ သည်းဖြူရှိကတည်းက အစဉ်အဆက်လုပ်ပေးခဲ့ရတဲ့ အမှုသည်များအတွက် မိသားစုရှေ့နေလို ဖြစ်နေတော့ ဘာပဲဖြစ်ဖြစ် ဒီအလုပ်လေးတွေ ရှိနေသရွေ့တော့ ကျုပ်စိတ်တွေ မလေနေတော့ဘူးပေါ့။ ကျုပ်စာချုပ်စာတမ်းရေးလို့ရနေတဲ့ ပိုက်ဆံလေးနဲ့ ကျုပ်ဘာသာ စားချင်ရာစား၊ လှူချင်ရာလှူ၊ ကျွေးချင်တာကျွေး လုပ်နေနိုင်တာမို့ ဒီပညာကိုသင်ပေးခဲ့တဲ့ ဇနီးသည် သည်းဖြူကို အဖန်ဖန် အခါခါ ကျေးဇူးတင်နေမိတယ်။

◆

တစ်ရေးအိပ်မောကျနေတဲ့ ကံကြမ္မာက ကျုပ်ကို တစ်ဖန်ပြန်ထိုးနက်လာပြန်တယ်။ တစ်မနက်ခင်းမှာ အိပ်ရာက နိုးချိန် ကျုပ်ခန္ဓာကိုယ်တစ်ခြမ်းလုံး လှုပ်လို့မရတော့ဘူး။ ကပ်လျက်ရှိတဲ့ ငွေတိုးတို့ အိပ်ခန်းနံရံကို လှုပ်လို့ရသေးတဲ့ ခြေတစ်ဖက်နဲ့ ကန်ကျောက်နိုးရတယ်။ မိသားစုဝင်အားလုံး ကျုပ်ခုတင်အနား ရောက်လာချိန်မှာတော့ ဝမ်းနည်းစိတ်တွေကို ကျုပ် မျိုချပစ်လိုက်ရတယ်။ ကျုပ် မသေချင်သေးဘူး၊ ဒါပေမဲ့ သေမင်းက ခေါ်ချင်နေပြီလားမသိ။ အင်္ဂလိပ်ဆေး၊ မြန်မာ

Asian Fame Media Group

တိုင်းရင်းဆေးနဲ့ ဖိဖိစီးစီးကုသပြီး သုံးလလောက်အကြာမှာတော့ ခန္ဓာကိုယ်လေတစ်ခြမ်းဖြတ်ရောဂါကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သော်ငြား ဆေးကုသစဉ်က ကုန်ကျငွေများနှင့် ယခင်လို စိတ်ရောကိုယ်ပါ သွားလာခွင့်တွေ ကျုပ်မှာ ဆုံးရှုံးကုန်ခန်းခဲ့ရတယ်၊ ကျုပ်မှာ သွေးတိုးရောဂါက အမြစ်တွယ်နေပြီလေ။ ကံမကောင်းရင် နောက်တစ်ကြိမ် လေထပ်ဖြတ်နိုင်တဲ့ အခွင့်အလမ်းက ကျုပ်မှာရှိနေပြီ။ သေမင်းက ကျုပ်ကိုခေါ်ယူဖို့ အသင့်စောင့်နေပြီ။

ဒီတော့ ကျုပ်မှာ အချိန်ပြည့် ဂရုတစိုက် နေနေရတယ်၊ ကျုပ်အလုပ်တွေကို လုံးဝရပ်လိုက်ရတယ်။ ကျုပ်အချိန်နဲ့ စားရတယ်။ အချိန်နဲ့အိပ်ရတယ်၊ အချိန်နဲ့ ဆေးသောက်ရတယ်။ အချိန်နဲ့ သွေးပေါင်ချိန်ရတယ်၊ အဲ့ဒီလိုအခြေအနေနဲ့ ကျုပ်ရဲ့နိစ္စဓူဝကိစ္စအထွေထွေကို မိသားစုတာဝန်၊ ကလေးတာဝန်များ၊ အလုပ်တာဝန်တွေ ပိနေကြတဲ့ရွှေမိုးနဲ့ငွေတိုးတို့ အဆင်ပြေသလို တာဝန်ယူဆောင်ရွက်ပေးနေပေမယ့် ရံဖန်ရံခါ သူတို့စိတ်မရှည်ပေးတာကို ကျုပ်နားလည်ပေးနိုင်ပါတယ်။ လေဖြတ်ဖူးတဲ့ လေသမားဆိုတော့ ကျုပ်စိတ်တွေက အရင်လို မဟုတ်တော့ဘူး။ လေသမားတွေရဲ့ ထုံးစံအတိုင်း စိတ်မကောင်းတာများ မြင်ရကြားရရင် ထစ်ဆိုငိုချင်သလိုလို ဝမ်းနည်းသလိုလိုနဲ့ စိတ်တွေက ချည့်နဲ့နဲ့။

ရွှေမိုးက ရုံးအလုပ်တစ်ဖက်နဲ့ သူ့ကလေးကျောင်းကိစ္စတွေနဲ့ လုံးချာလည်လိုက်နေသလို၊ ငွေတိုးကလည်း သူ့ကိုယ်ပိုင်ဒီဒီယို ဖြန့်ချိရေးလုပ်ငန်းလေး အောင်မြင်လာခါစမို့ နေ့ရောညပါ အားစိုက်လုပ်နေရပြန်တာမို့ သူတို့ ကျုပ်ကို ဂရုမစိုက်အားကြပေမယ့် ကျုပ်လည်း မြေးတွေနဲ့ နေတတ်သလို နေခဲ့ပါတယ်။ ကျုပ်ဘာစားချင်တယ်၊ ကျုပ် ဘယ်သွားချင်တယ်ဆိုတာမျိုး တစ်ခါမှ မပူဆာခဲ့ဖူးပါဘူး၊ ကျုပ်အသက်က အိုပယ်၊ မီးစာကုန်ဆီခန်းချိန် ရောက်နေပြီလေ၊ ကလေးတွေ တာဝန်နဲ့ ဒီနေ့ခေတ်ကာလကြပ်ကြီးမှာ ရုန်းကန်နေရတဲ့ သားနဲ့သမီးတွေကို ကျုပ်ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်ဘူး။ ကျွေးတာစား၊ လိုအပ်လို့ လုပ်ပေးတာလောက်ပဲ ခံယူလိုက်တယ်။ မလုပ်ပေးလို့လည်း တတ်နိုင်သမျှ ဘာဆိုဘာမျှ မတောင်းဆိုချင်တော့။

အဲ . . . ခြွင်းချက်အနေနဲ့ ကျုပ်မဖြစ်မနေ သားနဲ့သမီးကို တောင်းဆိုမိတာ တစ်ခုတော့ရှိတယ်။ အဲဒါက ညအိပ်ရာဝင်ခါနီးတိုင်း သွေးပေါင်ချိန်တိုင်းပေးဖို့ပါပဲ၊ ကျုပ်ပြနေတဲ့ ဆရာဝန်ကြီးက ညစဉ်သွေးပေါင်ချိန်ခိုင်းတယ်။ သွေးတက်နေခဲ့ရင် သူပေးထားတဲ့ဆေးကို ကျုပ်သောက်ရတယ်။ မတက်ရင်တော့ မနက်အိပ်ရာနိုးလာချိန် သူသတ်မှတ်ပေးထားတဲ့ဆေးကို နေ့စဉ်ပုံမှန်သောက်ရတယ်။ ဒီတော့ ကျုပ်ကို သွေးပေါင်ညစဉ်ချိန်ဖို့ သွေးပေါင်တိုင်းကိရိယာရဲ့ ဆရာဝန်သုံးနားကြပ်ဝယ်ထားရတယ်။ ရွှေမိုးနဲ့ငွေတိုးတို့က သွေးပေါင်ချိန်နည်းကို ဆရာဝန်ဆီက သင်ယူထားကြတယ်။ ရွှေမိုးက အိမ်မှာအမြဲရှိတတ်သူဆိုတော့ သူကများသောအားဖြင့် ချိန်ပေးတာများတယ်။ ငွေတိုး အိမ်ပြန်နောက်တဲ့ညများနဲ့ ကြုံရင်တော့ ငွေတိုးကိုပဲ ချိန်ခိုင်းဖြစ်တယ်။ အတူကြီးတယ်ပဲဆိုဆို ကျုပ် အသက် ရှည်ရှည်နေချင်သေးတယ်။

ခန္ဓာကိုယ်လေတစ်ခြမ်း ဖြတ်ထားဖူးတာမို့ ကျုပ် အဲဒီလိုထင်ဖြစ်မှာသိပ်စိုးရိမ်မိတယ်၊ အငြိမ်မနေတတ်သူမို့ လေဖြတ်ချိန် အိပ်ရာထဲ မလှုပ်မယှက် လဲနေရတုန်းကများ၊ စိတ်မောတ်အတော့်ကိုကျမိတယ်။ သေချင်ရင်လည်း ခေါက်ခနဲသာ သေလိုက်ချင်မိတယ်၊ နောက်တစ်ကြိမ် အိပ်ရာထဲ ကျောပူနာထအောင် အိပ်နေရတာမျိုးတော့ ကျုပ်အတော် ရွံ့သွားမိပြီ။ ဒီတော့ ကျုပ် တစ်ညမပျက် သွေးပေါင်ချိန်ပြီးမှ အိပ်တယ်၊ သွေးပေါင်မချိန်ပြီးသရွေ့ ကျုပ်အိပ်မပျော်နိုင်ဘူး၊ အဲဒါကိုပဲ စိတ္တဇလို့ ကျုပ်ကို သူတို့ထင်နေသလား မသိပါဘူး။

◆

အချိန်က မနည်းတော့ဘူး။ ခုနကတင် သမီးရွှေမိုးသည်းက ကျုပ်ကို သွေးပေါင်ချိန်ပေးခဲ့ပြီးပြီ၊ သွေးပေါင်ချိန်က ပုံမှန်ဆိုလို့ ဆေးသောက်စရာမလိုတော့၊ ဒီည သမက်ဖြစ်သူ သူ့ရွာကအပြန် သယ်လာတဲ့ ငါးရံ့ခြောက်မီးဖုတ်ဆီဆမ်းလေးနဲ့ ထမင်းစားတာ နည်းနည်းများသွားလို့လား မသိ။ မျက်လုံးက စင်းကျနေလေပြီ။ ရွှေမိုးကိုကြည့်လိုက်တော့ သူက သားဖြစ်သူ မနက်ဖြန် ဖြေမယ့် စာမေးပွဲအတွက် ဆူလိုက်ဆဲလိုက် စာသင်လိုက်နှင့်။ အိပ်မယ်ဆို အိပ်လို့ရပေမယ့် ကျုပ်မအိပ်ချင်သေးဘူး၊ ညဘက် အားဆေးလည်းသောက်ပြီးပြီ။ အံကပ်နဲ့အာခံတွင်းလည်း ဆေးကြောပြီးပြီ၊

ငွေတိုးရဲ့သမီး ငါးနှစ်အရွယ်မြေးမလေးက ကျုပ်အခန်းထဲ ဝင်ချလာပြီး ကျုပ်ခုတင်ဘေးနား လာရပ်ပြီး "ဘိုးဘိုး . . . အိပ်သေးဘူးလား" လို့ လာမေးတယ်။ ဒီမြေးမလေးက ကျုပ်အသည်းအိုးလေး။ ကျုပ်အနားအခုလိုပဲ ကပ်ပြီးချွဲနွဲ့နေကျ။ "ဗျာ . . . ဘိုးဘိုးမအိပ်သေးပါဘူးဗျ" လို့ ပြောရင်းက နံရံကနာရီကို လှမ်းကြည့်လိုက်တော့ ညကိုးနာရီထိုးဖို့ ငါးမိနစ်သာသာ။ "မြေးလေး အိပ်ချိန်ရောက်ပြီလေ . . . အိပ်တော့" လို့ပြောတော့ ခေါင်းလေးခါယမ်းလို့ "ဟင့်အင်း . . . မီးမီး ဖေဖေကို စောင့်နေတာ" လို့ပြောတယ်။

ချွေးမဖြစ်သူက အခန်းထဲ ဝင်လာပြီး မြေးလေးကို လာခေါ်တာ

ခေတ်ကာလကြပ်ကြီးမှာ
ရုန်းကန်နေရတဲ့ သားနဲ့သမီးတွေကို
ကျုပ်ကြောင့်
ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်ဘူး။
ကျွေးတာစား၊ လိုအပ်လို့
လုပ်ပေးတာလောက်ပဲ
ခံယူလိုက်တယ်။ မလုပ်ပေးလို့လည်း
တတ်နိုင်သမျှ ဘာဆိုဘာမျှ
မတောင်းဆိုချင်တော့။

Asian Fame Media Group
MEDIA GROUP

မို့ "ငွေတိုးပြန်လာရင် အဖေ့အခန်းထဲ လွှတ်လိုက်ဦး" လို့ မှာမိတယ်။

အိပ်ရာထဲ လှဲအိပ်နေရပေမယ့် ကျုပ် အိပ်လို့မပျော်နိုင်သေးဘူး။ ဆယ်နာရီတောင် ထိုးတော့မယ်၊ ကလေးတွေ အိပ်သွားတော့ အိမ်က တိတ်ဆိတ်သွားတယ်။ ရွှေမိုးက မီးဖိုထဲမှာ နောက်တစ်နေ့မနက် သူ့ယောကျ်ား ထမင်းဘူးအတွက် တချွတ်ချွတ်နဲ့ ကြိုတင်ပြင်ဆင်နေပုံရတယ်။ အသက်ကြီးလာတော့ အအိပ်အနေလည်း နည်းလာတယ်၊ ချတ်ခနဲအသံကြားရင် မျက်လုံးတွေကြောင်ပြီး တော်တော်နဲ့ ပြန်အိပ်မပျော်ချင်တော့ဘူး။ ငွေတိုး တစ်ယောက် အခုတစ်လော အိမ်အပြန် သိပ်နောက်ကျတယ်။ ပြောပြန်ရင်လည်း သူက အလုပ်တွေ ဘယ်လိုညဥ့်နက်တဲ့အထိ လုပ်ရတယ်၊ အဖေမသိဘဲ ကျွန်တော့်ကို မပြောပါနဲ့ဆိုတဲ့ စကားလုံးနဲ့ ကိုင်ပေါက်ဦးမယ်။ သားသမီးတွေ အသက်ကြီးလာပေမယ့် မိဘဆိုတာမျိုးက သူတို့သားသမီးများဆို ကလေးလို့သာ ထင်တတ်ကြတာကလား။

တစ်အောင့်နေတော့ စကားပြောသံတွေနဲ့အတူ တံခါးဖွင့်ပေးသံပါ ကြားလိုက်ရတယ်၊ အင်း . . . ငွေတိုးအိမ်ပြန်ရောက်လာပြီပဲ၊ ကျုပ် ညတိုင်းချနေကျသက်ပြင်းကို အသာအယာဖွဖွချလိုက်မိတယ်။ ချွေးမဆီက "အဖေက ပြန်ရောက်လာရင် သူ့ဆီ လာတွေ့ဦးတဲ့" လို့ပြောလိုက်သံ ကျုပ် ကြားလိုက်ရတယ်။ တစ်ခဏနေတော့ ငွေတိုး ကျုပ်ခုတင်နံဘေး ရောက်လာတယ်။

"အဖေ ဘာဖြစ်လို့လဲ"

"ငါ့ကို သွေးပေါင် ချိန်ပေးစမ်းပါဦးကွာ"

"ဟင် ဒီအချိန်အထိ အဖေ့သမီးက မချိန်ပေးဘူးလား"

ငွေတိုးအသံအဆုံး မီးဖိုထဲက ကြားလိုက်ပုံရတဲ့ ရွှေမိုးက

"ချွဲနာရီလောက်ကတည်းက ချိန်ပေးထားပြီးသား၊ သွေးပေါင်ချိန်ကပုံမှန်ပဲ" လို့ လှမ်းပြောလိုက်တယ်။

အဲ့ဒီမှာ ကျုပ်မျှော်လင့်ထားသလိုပါပဲ ငွေတိုးပါးစပ်က ကျွတ်ခနဲ မြည်လျက်

"ကျွတ်. . . အဖေကလည်းဗျာ၊ အဲဒီလို ခဏခဏလုပ်တယ်၊ ချိန်ပြီးသားကိုပဲ ထပ်ချိန်ခိုင်းနေပြန်ပြီ၊ သား အခုမှ အပြင်က ပြန်လာတာ သိရက်နဲ့၊ ဒီမှာ အဝတ်တောင် မလဲရသေးဘူး"

"ငါ ခေါင်းလေးနည်းနည်းလေးချင်လာသလိုမို့ပါကွာ"

မီးဖိုထဲက ရွှေမိုးလည်း ကျုပ်အခန်းဝ ရောက်လာတယ်။

"အဖေ သွေးပေါင် သမီးချိန်ပေးထားလည်း အဖေ အမြဲနီးပါး ငွေတိုးကို ပြန်ချိန်ခိုင်းတယ်၊ အဖေက သမီးချိန်ပေးတာကို မယုံကြည်ဘူးလား၊ ဒါဆို နောက်ဆို အဖေ့သားကို အိမ်စောစော ပြန်လာခိုင်း၊ သူ့ကိုပဲ ချိန်ခိုင်း"

ရွှေမိုးက မျက်နှာမကောင်းလှဘဲ ဝင်ပြောပြီး နေရာကလှည့်ထွက်သွားတယ်၊ "မဟုတ်ပါဘူး သမီးရယ်" လို့ စိတ်ထဲကသာ ကျုပ် ပြောလိုက်နိုင်ပါတယ်။ ကျုပ်ရင်ထဲ ဘာရယ်မှန်းမသိ တအိအိနဲ့ ခံစားလာရတယ်။

"ကဲ အခုမ ချိန်ပေးပြီးပြီဆိုရင်လည်း အဖေ အိပ်တော့၊ အချိန်မနည်းတော့ဘူး"

ခေါင်းရင်းမီးခလုတ်ကို ငွေမိုးက လှမ်းပိတ်ပေးပြီး ကျုပ်အခန်းထဲက လှည့်ထွက်သွားတယ်။ ကျုပ် နားထင်မှာ တဆိတ်ဆိတ်နဲ့ သွေးတွေ ခုန်လာသလိုလို၊ အခုမှ သွေးတွေများ တကယ်တိုးလာနေလေသလား မသိပါဘူး။ ကိုယ့်ကိုယ်ကိုယ် ပြန်စဥ်းစားမိတယ်။ အသက်ခုနစ်ဆယ်ကျော် အဖေအိုကြီးကျုပ် ဘူငယ်များ ပြန်လေသလား၊ ဒါမှမဟုတ် အလိုက်ကန်းဆိုးမသိ သားသမီးတွေကို ခိုင်းနေမိတာလား။ ဟင့်အင်း . . . ကျုပ် သမီးတွေ သားတွေရဲ့ ဂရုစိုက်ခံချင်နေမိတာပါ။ မီးအမှောင်ထဲမှာ ခြင်ထောင်အမိုးပျပျကို ကြည့်နေရင်း မေးခွန်းတွေနဲ့ လုံးထွေးရစ်ပတ်နေတုန်း ကျုပ်နားထဲ တစ်ဖက်အခန်းက သားငွေတိုးရဲ့အသံက ဝင်လာတယ်။

"ဖေဖေ့သမီးလေး ဖေဖေ့ဆီ လာပါဦး"

"သမီး ဖေဖေခေါ်နေတယ်လေ လာပါဦးကွယ် ဖေ့သမီးကို အမေ ပြေ အာဘွားပေးချင်လို့ပါ"

"သမီး ဖေဖေခေါ်နေတယ်လေ"

"ကိုကလည်း . . . အသံပြကြီးနဲ့ တိုးတိုးပြောတာမဟုတ်ဘူး၊ တစ်ဖက်ခန်းက အဖေ အိပ်မဖြစ်နေပါဦးမယ်"

"မင်းရဲ့သမီးက အခုမှ လက်တောက်လောက်လေး ရှိသေးတယ်။ ပေကပ်ကပ်နဲ့ လုပ်နေတာကြည့်"

"ပြော် ကိုက တစ်နေ့လုံးအလုပ်မှာပဲ၊ နောက် ညဆိုလည်း မိုးချုပ်မှ ပြန်လာတော့ သမီးက မကပ်တာလည်း ပြောမနေနဲ့လေ၊ ကဲ . . သမီး ဖေဖေ့ဆီ ခဏသွားလိုက်နော်"

သားဖြစ်သူနဲ့ ချွေးမဖြစ်သူတို့ အပြန်အလှန် ပြောနေတာကို နားမစွင့်ဘဲနဲ့ ကျုပ် ကြားနေရတယ်။ မြေးမက သူ့အဖေအနား ရောက်သွားပြီလား မသိဘူး။ အဲဒီမှာ မြေးမရဲ့ အသံတိုးတိုးလေး ထွက်လာတာကို ကျုပ် နားမစွင့်ဘဲ ကြားလိုက်ရတယ်။

"ဖေကြီး . . ဘိုးဘိုးကြီး သနားပါတယ်။ ညဘက် ဘိုးဘိုးကြီး မအိပ်သေးလို့ မီးမီးသွားမေးတိုင်း အမြဲဖေကြီးကို စောင့်နေတယ်လို့ ပြောတယ်၊ ဒီတောင် နောက်ကျလိုက်တာ၊ လမ်းမှာ ဘာများဖြစ်နေလဲ မသိဘူးဆို အမြဲပြောတယ်"

"အင်းလေ အဖေက စိတ်ပူတာနေမှာပေါ့။ အဲ့ဒါကို ကိုက သွားအော်နေသေးတယ်။ အစ်မက လုပ်ပေးပြီးပေမယ့် အဖေက ကို ဂရုစိုက်တာကိုလည်း ခံချင်လို့နေမှာပေါ့"

မြေးလေးနဲ့ချွေးမအသံတိတ်သွားတော့ ငွေတိုး ဘာများပြောလာလေမလဲလို့ ကျုပ် နားစွင့်လိုက်မိတယ်။ ဒါပေမဲ့ ကျုပ် ကြားလိုက်ရတာက စကားကြွယ်တဲ့ မြေးမလေးဆီက။

"ဖေကြီး မီးမီးကို ကတိပေး၊ ဖေကြီးလည်း ဘိုးဘိုးကြီးလို အသက်ကြီးလာရင် သွေးတိုးရောဂါမဖြစ်ပါဘူးလို့"

"ဟ ဖေကြီးသမီးက အခုတည်းက ဖေကြီးကို စိတ်ပူနေပါလား"

"ဟင့်အင်း စိတ်ပူတာ မဟုတ်ပါဘူး။ မီးမီးအသက်ကြီးလာလို့ ဖေကြီးလိုမျိုး အိမ်ပြန်နောက်ကျခဲ့ရင် ဘိုးဘိုးကြီးလို ဖေကြီးစိတ်ညစ်နေရမှာ စိုးလို့ပါ"

ကျုပ် . . . ကျုပ် ငွေတိုးရဲ့နှုတ်က ဘာများပြန်ပြောလိုက်လေမလဲလို့ နားစွင့်နေခဲ့ပေမယ့် ကျုပ်သာ အိပ်ပျော်သွားတယ်၊ နောက်ထပ် ဘာဆိုဘာသံမှ မကြားလိုက်ရပါဘူး။

◆

အဲ့ဒီညက ကျုပ် အိပ်လို့ကောင်းကောင်း မပျော်ခဲ့ဘူး။ ဒါပေမဲ့ မနက်ဘက်မှာ သက်ကြားအိုတို့ရဲ့ ထုံးစံအတိုင်း ကျုပ် စောစောနိုးနေတယ်၊ ထူးထူးခြားခြား ဒီမနက် ကျုပ်အိပ်ရာနိုးလာတော့ နေမြင့်မှအိပ်ရာထတတ်တဲ့ ငွေတိုးတစ်ယောက် နိုးနှင့်နေပြီ။ မနက်တိုင်း အသင့်ပြင်ထားတဲ့ ကော်ဖီနဲ့မုန့်ကို တစ်ဦးတည်း ထီးထီး တိတ်တိတ်ဆိတ်ဆိတ်နဲ့ ကျုပ် စားနေကျပါ။ ဒီမနက်တော့ ထူးထူးခြားခြား ကျုပ်နဲ့အတူ မနက်စာထမင်းစားပွဲမှာ ငွေတိုးရော၊ မြေးမလေးပါ ထိုင်လို့၊ ငွေတိုးက ကျုပ်ရှေ့က ကော်ဖီပန်းကန်ထဲ ကော်ဖီဖြည့်ပေးရင်း "အဖေကြိုက်တဲ့ နွားနို့စိမ့်စိမ့်လေးနဲ့ ကျွန်တော်ဖျော်ထားတာ" လို့ ပြောလာတယ်။ ထူးထူးဆန်းဆန်း မလုပ်စဖူးမို့ ကျုပ်မျက်မှောင်တွေတောင် ကျုံ့သွားရတယ်။ ရွှေမိုးကလည်း အရင်လို စားစရာကို ထမင်းအုပ်ဆောင်းအောက် ထားထားပေးရုံမဟုတ် "အဖေကြိုက်တဲ့ ပေါင်မုန့်မီးကင် ထောပတ်သုတ်လေး သမီး လုပ်ထားတယ်" ဆို ဝင်ပြောပြတယ်။

ငွေတိုးရဲ့ကော်ဖီလေးက စိမ့်ချိုနေတယ်၊ ရွှေမိုးရဲ့ ပေါင်မုန့်မီးကင်ကလည်း မီးသင်းနံ့လေးက ကျုပ်နှာဖျားမှာ မွှေးပျံ့နေတယ်။ ပေါင်မုန့်မျက်နှာပြင်မှာ ပါးပါးလေးသုတ်ထားတဲ့ ထောပတ်ရဲ့အရသာကလည်း ဒီနေ့မှ ကျုပ်ရဲ့လျှာဖျားထဲ ပိုစိမ့်နေသလိုလို၊ ကျုပ်အသည်းကျော် မြေးမလေးက သူ့အဖေငွေတိုးကို တစ်လှည့်၊ အဘိုးဖြစ်တဲ့ ကျုပ်မျက်နှာကို တစ်လှည့် ရွှန်းရွှန်းစားစားနဲ့ ကြည့်နေလိုက်တာများဗျာ။


**မြသွေးနီ**

Asian Fame Media Group

# မိုးညကဗျာ


မိုးထက်ကျော်

| ညွှန်းကောက် |



Asian Fame Media Group

af MEDIA GROUP



Asian Fame Media Group

ဆုံဖူးပါတယ်။

ကောင်မလေး တစ်ယောက်နဲ့

အခုလိုမျိုး မိုးတွေသည်းလွန်း တဲ့ ညတစ်ညမှာပေါ့။

ကျူရှင်ပြီးတော့ မိုးက တစ်ဖွဲ နှစ်ဖွဲ ကျနေတယ်။ သွပ်ပေါ်ကို မိုးပေါက်ကျသံကတဖြောက်ဖြောက်။ မိုးပေါက်ကျသံက မကြီးကျယ်တော့ ရွာမှာကို သိပ်မစိုးရိမ်မိဘူး။ အဲဒါကြောင့်လည်း ထီးဆောင်းစရာ မပါဘဲနဲ့ထွက်လာခဲ့တာပါ။

လမ်းမကြီးထက် မရောက်တရောက်မှာ စောစောက ရွာမယ် မထင်ခဲ့တဲ့မိုးက ဖြုန်းစားကြီး သွန်ချသလို ရွာပါတော့တယ်။ လူကို မိုးစိုတာက အကြောင်းမဟုတ်ပါဘူး။ စာအုပ်တွေက ရေစိုလို့ မဖြစ်တာကြောင့် အရိပ်ကောင်းတဲ့ ပိတောက်ပင်ကြီးအောက်ကို စက်ဘီးကို ထိုးကွေ့ဆင်း လိုက်ပါတယ်။ အချိန်က ညကြီးမင်းကြီး။ ညရှစ်နာရီလောက်။

'ဟိတ်'

ပိတောက်ပင်ရိပ် အရောက်မှာ ပဲ ကျွန်တော်တစ်ခါမှ မကြားဖူးတဲ့ အသံပိုင်ရှင် ကောင်မလေး တစ် ယောက်က ကျွန်တော့်ကို လှမ်းခေါ်ပါတော့တယ်။ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း အံ့အားသင့်သွား

တယ်။

'ငါ့ကို ခေါ်တာလား'

'အင်း ဟုတ်တယ်'

'ဆို ဘာကိစ္စလဲ'

'နင့်မှာ ထီးပါလား'

'မပါဘူးလေ။ အဲဒါကြောင့် ဒီ ဝိတောက်ပင်အောက်ကို မိုးဝင်ခိုတာပေါ့။

'ငါ့မှာလည်း ထီးမပါဘူး။ ဒါပေမဲ့ ကြွပ်ကြွပ်အိတ်တော့ပါတယ်'

ကောင်မလေးက သူ့ လွယ်အိတ်ထဲက ကြွပ်ကြွပ်အိတ်ကို ထုတ်ပြတယ်။ 'နင့် လွယ်အိတ်ပေး' လို့ တောင်းတယ်။ ကျွန်တော်လည်း ကြောင်သွားပြီး လွယ်အိတ်ကို ဘယ်လိုပေးလိုက်မိတယ် မသိပါဘူး။ အသိဝင်လာတော့မှ ကောင်မလေးက လွယ်အိတ်နှစ်ခုပေါင်းပြီး ကြွပ်ကြွပ်အိတ်ထဲ သေချာထုပ်ထားတာ သိတော့တယ်။

"ဒီမှာတွေ့လား. . . မိုး မစိုတော့ဘူး"

ကောင်မလေးက ကျွန်တော့်ကို ပြုံးပြပြီး ပြောတယ်။ ရုတ်တရက် ဝင်းခနဲလက်လိုက်တဲ့ လျှပ်စီးရောင်အောက်မှာ ကောင်မလေးရဲ့ အပြုံးက ထူးထူးခြားခြားကြီးကို လှနေပါတယ်။ သွားတက်ဖြူဖြူချွန်ချွန်လေးတွေကလည်း အရမ်းဆွဲဆောင်မှုရှိတယ်။ မဟူရာရောင် ကေသာအောက်က မိုးရေစိုနေတဲ့ မျက်နှာလေးကလည်း အရမ်းလှတာပါဘဲ။ သေချာတာကတော့ ဒီကောင်မလေးကို ကျွန်တော်တစ်ခါမှ မမြင်ဖူးတာပါ။

မိုးရာသီ မဟုတ်ပါဘဲနဲ့ မိုးက အရမ်းသည်းနေပါတယ်။ နိုဝင်ဘာလထဲမှာ ရွာတဲ့မိုးပေါ့။ အခုအချိန်ထိတော့ ကျွန်တော်ရော ဟိုကောင်မလေးရော ပိတောက်ပင်ရိပ်အောက်မှာ မိုးခိုနေဆဲပါဘဲ။

"နင် ကျူရှင်လာတက်တာလား"

ကောင်မလေးရဲ့ အမေးကို ကျွန်တော်က ခေါင်းတစ်ချက်ဆတ်ပြပြီး ဖြေလိုက်တယ်။ လမ်းမီးတိုင်နဲ့ ဝေးတော့ ကောင်မလေးရဲ့ မျက်နှာကို ခပ်မှုန်မှုန်ပဲ မြင်ရတယ်။ ကောင်မလေးကတော့ ကျွန်တော့် ခေါင်းအညိတ်ကိုမြင်မှာ သေချာပါတယ်။

"ငါလည်း ကျူရှင်လာတက်တာလေ။ ဒါနဲ့ နင်က ဘာMajor လဲ"

" English ပါ"

"ဟာ ဒါဆိုနင်က ဆရာကြီးပေါ့. . . တော်လိုက်တာ"

"ရှမ်းသန်းပြီးတော့ အထင်မကြီးပါနဲ့ အမိရယ်။ ငါက E မေဂျာ ဆိုပေမယ့် အင်္ဂလိပ်ညံ့တယ်ဟ။ Grammar ဆို အရမ်းကြောက်"

"ဟောတော့. . . အဖြစ်ကဆိုးလိုက်တာ။ ဒါနဲ့စောစောက နင်ငါ့ကို ဘယ်လိုခေါ်လိုက်တာ"

"အမိလို့ ခေါ်တာလေဟာ. . . ဘာလဲ နင် မကြိုက်လို့လား။ ငါမှ နင့်နာမည် မသိတာ"

"မကြိုက်လို့ မေးတာမဟုတ်ပါဘူးဟယ်။ အဲလိုခေါ်တာမျိုး ငါ တစ်ခါမှ မကြားဖူးလို့ပါ"

"ဟုတ်ပါပြီ။ ငါ နင့်ကို ဘယ်လိုခေါ်ရမလဲ ပြော"

"စောစောက ခေါ်သလိုပဲ ခေါ်ပါ။ နင့်နာမည်က"

"မိုးထက်ကျော်"

"အလဲ. . နာမည်က မြင့်လှချည်လား"

ကောင်မလေးက ပြောပြီး တခစ်ခစ်နဲ့ ရယ်တယ်။ ကောင်မလေးရဲ့ ရယ်သံချိုလွင်လွင်က မိုးသံကို ဖောက်ပြီး ထွက်ပေါ်လာတယ်။ ကျွန်တော်ပါသူနဲ့ ရောပြီး ရယ်နေမိတယ်။ စိတ်ထဲမှာလည်း ဒီကောင်မလေးကို ဘယ်သူမှန်း၊ ဘယ်ကမှန်း မသိဘဲနဲ့ ခင်မင်ချင်စိတ်တွေ ပေါ်လာတယ်။

"နင့် နာမည် ပြောဦးလေ"

"အမိလို့သာ ခေါ်စမ်းပါဟာ. . . နာမည်အရင်းကိုတော့ နောက်မှ ပြောပြမယ်"

"ဈေးကြီးလှချည်လား. . . မပြောလည်း နေပေါ့"

ကောင်မလေးက စောစောက ရယ်တာထက် ပိုပြီးတော့ အူလှိုက်သည်းလှိုက်ရယ်တယ်။ မိုးကလည်း ပိုပိုပြီးတော့ သည်းလာပြန်တယ်။ မိုးသည်းနေလို့လားတော့ မသိ၊ လမ်းပေါ်မှာ လူသွားလူလာ မရှိဘူး၊ ပိတောက်ပင်ရိပ်အောက်မှာတော့ ကောင်မလေးနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်းရယ်။

"အမိက ဘယ်ကိုပြန်မှာတုံး"

"ပိတောက်လမ်းထဲက နှင်းနှင်းယု အဆောင်ကို"

"ဟုတ်လား ငါ က အဲဒီ တစ်လမ်းကျော်က ဧရာသစ္စာ အဆောင်ကို ပြန်မှာလေ"

"ဟယ်. . . ဒါဆို ငါတို့ အတူတူပြန်လို့ ရတာပေါ့နော်။ နင့် စက်ဘီးနဲ့ ငါလိုက်ခဲ့မယ်။ ခေါ်မယ်မို့လားဟင်"

ကောင်မလေးရဲ့ မျက်နှာပေါ်မှာလတ်တလော ဖြစ်ပေါ်လာတဲ့ ဝမ်းသာမှုပုံရိပ်တွေကို လျှပ်ပြက်ရောင်အောက်မှာ ကျွန်တော် မြင်လိုက်ရသေးတယ်။ အခုမှပဲ သေချာမြင်ရတယ်။ ကောင်မလေးရဲ့ မျက်ဝန်းနက်နက်ကလေးတွေကလည်း ဖမ်းစားနိုင်လွန်းပါလား။

"ခေါ်တော့ ခေါ်ချင်ပါတယ်။ ဒါပေမဲ့ စက်ဘီးက တယ်ရီယာခုံမှ မပါတာ"



Asian Fame Media Group

ကျွန်တော့် ကိုယ်ပိုင် စက်ဘီးက ဂျပန်စက်ဘီးပါ။ ကျူရှင်ကို လာခါနီးကျမှ နောက်ဘီးပေါက်နေတာ တွေ့ရတာ။ နေဝင်နေပြီဆိုတော့ ဘီးဖာချိန်မရှိတော့ပါဘူး။ အဲဒါနဲ့ပဲ အဆောင်ပိုင်ရှင် လေးလေးထွန်းရဲ့ Hero စက်ဘီးကြီးကို ဆွဲယူ လာခဲ့ရတာ။ တကယ်လည်း စက်ဘီးက ကယ်ရီယာခုံ မရှိတာပါ။

"ကယ်ရီယာခုံ မရှိတော့ ဘားတန်းက ထိုင်မှာပေါ့"

မဖြစ်နိုင်တာဆိုတဲ့ စကားလုံးကို ကျွန်တော်မပြောမိခဲ့ပါဘူး။ ဘားတန်းမှာ ကောင်မလေးထိုင်ရင်ကျွန်တော့် ရင်ခွင်ထဲ . . . ။ ကျွန်တော့် အတွေးတွေက အဲဒီနေရာမှာ အဆုံးသတ်သွားတယ်။ ဖြစ်ပါ့မလား လို့လည်း တွေးကြည့်နေမိတယ်။

လောလောဆယ် ကျွန်တော်က ချစ်သူမရှိသေးတဲ့ အပျိုထည်လေးဆိုတော့ ကျွန်တော့်အတွက်က ရှော့ခ် မရှိပါဘူး၊ ကောင်မလေးအတွက် ကရော. . .၊ ကောင်မလေးရဲ့ တစ်စုံတစ်ယောက်က ကျွန်တော်တို့ကိုတွေ့ရင် ဘာတွေဖြစ်လာနိုင်သလဲ။ ခုမှတွေ့မြင်ဖူးတဲ့ ကျွန် တော့်ကို ကောင်မလေးက ဆက်ဆံ တာရဲသလိုလိုပဲ၊ သူငယ်ချင်းတွေဆိုရင် တစ်မျိုးပေါ့။

"မိုးအားလျော့သွားပြီနော်"

ကောင်မလေး ပြောမှပဲ မိုးစဲတော့မလို ဖြစ်လာတာ သတိထားမိတော့တယ်။ ဒါပေမဲ့ မိုးမှောင်တာတော့ ကျတုန်းပဲ။ တော်သေးတာပေါ့။ မီးမပျက်ဘဲ လမ်းမီးအလင်းရောင်တွေ ရှိနေသေးလို့။ ခတ်မီးလည်း မပါလာဘူးလေ။

"မိုးက သိပ်မရှိတော့ပါဘူး. . သွားရင်ရလောက်နေပြီ"

"အမ် သဘောပဲလေ။ မိုးစိုလက်စနဲ့တော့ ခုထွက်သွားလည်း ဘာအကြောင်းထူးတော့မှာလဲ"

"ဒါဆိုလည်း သွားကြတာပေါ့"

ကျွန်တော် စက်ဘီးကို ကတ္တရာလမ်းပေါ် ရောက်အောင် တွန်းယူခဲ့တယ်။ ကောင်မလေးက ရှေ့ကသွားနှင့်တာပေါ့၊ လွယ်အိတ်ထုပ်ကိုလည်း သူကပဲ ဆွဲသွားတယ်။

"အား. . . ချမ်းလိုက်တာနော်"

ကောင်မလေးက လမ်းပေါ်ရောက်တော့ ကျွန်တော့်ကို စောင့်နေတယ်။ သူပြောထားတဲ့အတိုင်း ဘားတန်းမှာ ထိုင်လိုက်မယ့်အနေအထားဆိုတာကို ကျွန်တော် သဘောပေါက်လိုက်ပါတယ်။

"အမ် တကယ်လိုက်မှာလား"

"နင်ကရော ငါ့ကို တစ်ယောက်တည်း ထားခဲ့နိုင်လား"

"ဒါကတော့ အမ်သဘောပဲလေ"

"OK ဒါဆို နင်း. . . ငါပါလိုက်မယ်"

ကျွန်တော် စက်ဘီးပေါ် အရင်တက်ပြီးမှ ကောင်မလေးက ဘားတန်းပေါ်ကို တင်ပါးလွှဲချိတ် ထိုင်တယ်။ တင်နေကျ မဟုတ်လို့လားတော့ မသိဘူး၊ စက်ဘီးက နည်းနည်းရမ်းနေတယ်။ အဲသလိုပါဘဲ၊ ကောင်မလေးရဲ့ ဆံသားထက်က ရှန်ပူနံ့ သင်းသင်းလေးကလည်း ကျွန်တော့် အာရုံထဲမှာ ရမ်းနေတယ်။

"အမ်. . . ရတယ် မို့လား"

"အင်း . . . စက်ဘီးလဲမှာကိုတော့ ကြောက်တယ်"

"အဲဒါတော့ စိတ်ချပါ. . . ငါ ထိန်းနိုင်ပါတယ်"

"အဲဒီနောက်တော့ ကောင်မလေးနဲ့ ဘာစကားမှ မပြောဖြစ်တော့ပါဘူး။ စက်ဘီးကလည်း နင်းရင်း နင်းရင်းနဲ့ ပီတောက်လမ်းထိပ်ကို ရောက်လာပါတော့တယ်၊ ကောင်မလေးနေတဲ့ နှင်းနှင်းယုအဆောင်ရှေ့ကို အရောက်မှာတော့ ကျွန်တော်လည်း စက်ဘီးကို ရပ်ပေးလိုက်တယ်၊ ကောင်မလေးလည်း ဆင်းသွားတယ်။

"ဟိတ်. . . . မိုးထက်ကျော်"

ကျွန်တော် လှည့်ကြည့်တော့ ကောင်မလေးက ပြုံးပြီး ခေါင်းညိတ်ပြတယ်။ ပြီးတော့မှ ပြောတယ်၊ "ကျေးဇူး အရမ်းတင်ပါတယ်"တဲ့။

ကျွန်တော်လည်း ခေါင်းတစ်ချက်ဆတ်ပြပြီး စက်ဘီးကို ဆက်နင်းလာခဲ့တယ်၊ ရင်ထဲမှာတော့ ဘာလိုလိုပေါ့လေ၊ အဆောင်ကို ရောက်တဲ့အထိ ကောင်မလေးရဲ့ ပုံရိပ်တွေက အာရုံထဲမှာ ရစ်ဝဲနေဆဲ။

မနက်မိုးလင်းလို့ ကျွန်တော် အိပ်ရာနိုးတဲ့အခါမှာ ကြွပ်ကြွပ်အိတ်နဲ့ ထုတ်ထားတဲ့ ကျွန်တော့် လွယ်အိတ်ကလေးကို ခုတင်ခြေရင်းမှာ တွေ့ရပါတယ်။ မိုးရေတချို့တောင် အိတ်မှာ တင်ကျန်နေသေးတယ်။ အထဲက လွယ်အိတ်ကို ထုတ်ယူလိုက်တော့ မိုးမစိုတာတွေ့ရတယ်။ ဘာပဲပြောပြော ကောင်မလေးကို ကျေးဇူးတင်ရမှာပေါ့။

မနေ့ညက မိုးမိတဲ့ ဒဏ်ကြောင့်ထင်ပါရဲ့. . . အခု ကျွန်တော်ချမ်းစိမ့်စိမ့်ဖြစ်နေတယ်။ နှာလည်းစေးချင်နေသလိုလို၊ ကောင်မလေးရော ဘယ်လိုနေပါလိမ့်လို့ မဆီမဆိုင် တွေးပူလိုက်သေးတယ်။

မျက်နှာသစ် ပြီးတော့ အဆောင်ရှေ့က ထမင်းဆိုင်ကနေ မုန့်ဟင်းခါးတစ်ပွဲ မှာစားလိုက်တယ်။ စားပြီးတော့မှ အဆင်သင့်ရှိတဲ့ Decolgenတစ်လုံး သောက်လိုက်တယ်။ သူငယ်ချင်းတွေကတော့ အားလုံး ကျူရှင်သွားကုန်ကြပြီ၊ အဆောင်မှာ ကျွန်တော်တစ်ယောက်တည်းရယ်၊

ကျွန်တော်က သူငယ်ချင်းတွေနဲ့ Major မတူတာကြောင့် ကျူရှင်



> ကျွန်တော်နဲ့
> မိုးတစ်ညမှာ
> တစ်ခဏလေးဆုံပြီး
> ခင်မင်ခဲ့တဲ့
> ကောင်မလေးကို
> ဘာလို့
> အသည်းအသန်
> လိုက်ရှာနေရတာလဲ
> ဆိုတာကို
> ကျွန်တော် မစဉ်းစား
> တတ်တော့ပါဘူး။

Asian Family Media Group

ချိန်ချင်းလည်း မတူပါဘူး။ အဆောင်မှာ တစ်ယောက်တည်း ကျန်ခဲ့တာ ဖြစ်တဲ့အပြင် စာကျက်ချင် စိတ်လည်း မရှိတာကြောင့် စောင်ခြုံပြီး ဆက်ကွေးနေမိတယ်။

ခဏကြာတော့ အိပ်ပျော်သွားတယ်။ အိပ်မက်မက်တော့ ကောင်မလေးက ကျွန်တော့်ကို မနေ့ညက တွေ့ရတဲ့ ပိတောက်ပင်ကြီး အောက်ကနေ စောင့်နေသတဲ့။

♦

နှင်းနှင်းယု အဆောင်ရှေ့က နေ ဖြတ်သွားပေမယ့် ကောင်မလေးရဲ့ အရိပ်အယောင်ကို မတွေ့ရပါဘူး။ ညဘက်ကျူရှင်ဆင်းတော့လည်း မတွေ့ရဘူး။ ကောင်မလေးကို ကျွန်တော်မတွေ့ရတာ တစ်ပတ်လောက်ရှိပါပြီ။

အဲဒီ တစ်ပတ်အတွင်းမှာ နှင်းနှင်းယု အဆောင်ရှေ့ကနေ အကြိမ်နှစ်ဆယ်လောက် ကျော်ဖြတ်ပြီးပြီ။ ကောင်မလေးကို လုံးဝ မတွေ့ရတာပါ။ နေမျှားမကောင်းလို့လား အမိရယ်။

ကောင်မလေးရဲ့ နာမည်ကို သိရင်တော့ အကောင်သား။ အဆောင်ထဲ ဝင်ပြီးတော့ ဘယ်သူ့ကို တွေ့ချင်လို့ပါလို့ ပြောလိုက်ရုံပဲ။ အခုတော့ နာမည်တောင်မှ မသိတော့လည်း စုံစမ်းရ အခက်ပေါ့။

ကျောင်းထဲမှာ တွေ့လိုတွေ့ငြားဆိုပြီး လျှောက်သွားနေပြန်တော့လည်း ခြေညောင်းတာပဲ အဖတ်တင်တယ်။ ကျွန်တော့်အပြစ်က ရယ်ရအခက်ငိုရအခက်။

ကောင်မလေးကို ကျွန်တော် အရမ်းတွေ့ချင်မိတာ အမှန်ပါ။ ကျွန်တော်နဲ့ မိုးတစ်ညမှာ တစ်ခဏလေးဆုံပြီး ခင်မင်ခဲ့တဲ့ ကောင်မလေးကို ဘာလို့ အသည်းအသန် လိုက်ရှာနေရတာလဲ ဆိုတာကို ကျွန်တော် မစဉ်းစားတတ်တော့ပါဘူး။ ကောင်မလေးရဲ့ ပုံရိပ်တွေ၊ အသံတွေ ကျွန်တော့်ဆီမှာ အချိန်တိုင်းလိုလို ပုံတင်ထပ်နေတာ။

ငါ့ကို ပဟေဠိတွေ ဖုက်သွားတာလား အမိရယ်။

ကျွန်တော် ကောင်မလေးကို ဘယ်လိုရှာရမှာလဲ။ သေချာတာကတော့ ကျွန်တော် ကောင်မလေးကို ဆက်ရှာနေဦးမှာပါဘဲ။

♦

မိုးထက်ကျော် ငါတို့ ဒီမှာ

Canteen ရှေ့က အဖြတ်မှာ ရဲလင်းအောင်က လှမ်းခေါ်တယ်။ စားပွဲနှစ်ခုကို ဆက်ပြီး ဝိုင်းဖွဲ့ ထိုင်နေကြတဲ့ သူတို့ အုပ်စုထဲကို ကျွန်တော်လည်း မယောင်မလည်နဲ့ ရောက်သွားတယ်။

"လာထိုင် မင်းဘာစားမှာလဲ မှာလိုက်"

ရဲလင်းအောင် ကပ်စေးနဲ့က ဒီနေ့တော့ အတော့်ကို သဘောကောင်းနေပါလား။ ကျွန်တော်လည်း ဒါနမြောက်သွားစေချင်တဲ့ ဆန္ဒနဲ့ Sunkist တစ်ဘူးမှာလိုက်တယ်။

"မင်းကို မိတ်ဆက်ပေးရဦးမယ်။ သူက ဝေဝေ၊ ဆွေဆွေ၊ မိုးစက်၊ နွယ်နွယ်လွင်နှင်း၊ သန္တာအောင်။ အားလုံး ပထဝီ မေဂျာကချည်းပဲ. . နင်တို့လည်း မှတ်ထားကြ. . ဒီကောင်က မိုးထက်ကျော်တဲ့ စာရူးပေရူးပေါ့ဟာ"

ရဲလင်းအောင် မိတ်ဆက်ပေးတဲ့ ကောင်မလေး ငါးယောက်စလုံးနဲ့ ကျွန်တော်အပြုံးချင်း ဖလှယ်ရင်း မိတ်ဖွဲ့လိုက်တယ်။ ရဲလင်းအောင်ဆိုတဲ့ ကောင်က သူရုပ်ဆိုးတာကို ပေါ်လွင်မှာ စိုးလို့လားတော့မသိဘူး။ သူရွေးပေါင်းနေတဲ့ ကောင်မလေးတွေ အားလုံးကို ဝဝ၊ တုတ်တုတ်၊ ပိန်ပိန်၊ ပုပု၊ သွားခေါ်ခေါ်တွေချည်းပဲ။

"အားလုံးပဲတွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်ကိုလည်း ရဲလင်းကို ခင်သလိုပဲ ခင်နိုင်ပါတယ်။ ဒါနဲ့ စကားမစပ် ဘယ်အဆောင်မှာ နေကြသလဲ"

"နှင်းနှင်းယု အဆောင်မှာပါ"

"ဗျာ"

ဆွေဆွေ ဆိုတဲ့ ကောင်မလေးရဲ့ အဖြေက ကျွန်တော့်ကို အလန့်တကြား ဖြစ်သွားစေတယ်။ အမိ ရေ ငါတို့ ရေစက်ဆုံကြဖို့ အကြောင်းဖန်လာပြီ။ ကျွန်တော် ရှာဖွေနေတဲ့ အလင်းတစ်စကို မြင်ရတော့မယ် ထင်ပါရဲ့။

"အဲဒီ အဆောင်မှာ အဆောင်သူတွေ ဘယ်လောက်များလဲ"

"အဆောင်သူတွေလား ပေါမှပေါ အဟဲ ဒီက ငါးယောက်တည်းရယ်"

"ဩော် အဆောင်ပြောင်းသွားတဲ့သူရော မရှိဘူးလား"

"ဟင့်အင်း မရှိဘူး။ တို့နေလာတာ နှစ်လရှိနေပြီ။

ဒီငါးယောက်က ဒီငါးယောက်ပဲ ရှိတာ ဘာဖြစ်လို့လဲ"

"ဘာ ဘာမှ မဖြစ်ပါဘူး"

ငါ ဘာလုပ်ရမှာလဲ အမိရယ်။ ဆွေဆွေ ပြောပုံအရဆိုရင် ကောင်မလေး နှင်းနှင်းယုအဆောင်မှာ မရှိတာ သေချာပါတယ်၊

ဒါဆို မိုးတစ်ညမှာ ဆုံခဲ့ရတဲ့ ကောင်မလေးက ဘယ်သူလဲ။ ဘာလို့ အစရှာမရအောင် ပျောက်သွားတာလဲ။ နှင်းနှင်းယု အဆောင်နဲ့ အနီးတစ်ဝိုက်မှာလည်း လုံးဝ မရှိတာပါ။ ကောင်မလေးက သရဲဝတ္ထု၊ သရဲဇာတ်ကားတွေ ထဲကလို လူယောင်ဆောင် သရဲမလေးလား။ ဒါကတော့ လုံးဝမဖြစ်နိုင်ဘူး။ ကောင်မလေးက သက်ရှိလူသားစစ်စစ်ပါ၊ ကောင်မလေးရဲ့ ကြွပ်ကြွပ်အိတ်လေးတောင် အခုအချိန်ထိ ရှိနေသေးတာပဲ"

ကောင်မလေးဟာ ကျွန်တော့်အဖို့တော့ လုံးဝအဖြေထုတ်လို့ မရတဲ့ ပုစ္ဆာတစ်ခုပါဘဲ။

အမိရယ်. . . နင်ဘယ်မှာများ ရှောင်ပုန်းနေသလဲကွယ်၊

♦

အဖြစ်အပျက်တွေက ကြာခဲ့ပါပြီ။

တိတိကျကျပြောရရင် ဒုတိယနှစ်ကျောင်းသားဘဝမှာ ကျွန်တော် ကြုံတွေ့ခဲ့ရတာဆိုတော့ အခုဆိုရင် ငါးနှစ်ကျော်ကြာခဲ့ပါပြီ၊ ဒါပေမဲ့ ကောင်မလေးကို ကျွန်တော် မမေ့နိုင်ပါဘူး။

အခုအချိန်ထိ ကောင်မလေးကို သတိရနေဆဲပါ။

အခုအချိန်ထိ ကောင်မလေးကို ရှာဖွေနေဆဲပါ၊ ဒါပေမဲ့ လုံးဝ အစရှာလို့ မရပါဘူး။

မိုးသည်းထန်တဲ့ ညတွေမှာတော့ ကောင်မလေးက ကျွန်တော့်ဆီကို ရောက်လာတတ်ပါတယ်။

အိပ်မက်ထဲမှာပေါ့။

**မိုးထက်ကျော်(ကွင်းကောက်)**

Asian Family Media Group
MEDIA GROUP

# HORO SCOPE

ဒေါက်တာမြတ်သစ်



**ကရကဋ်ရာသီဖွား**

ဇွန်(၂၂)ရက်မှ ဇူလိုင် (၂၂)ရက်

မိမိအတွက် အလုပ်အကိုင် ငွေကြေးကိစ္စများကို သတိထားလုပ်ကိုင်ရမည့် အချိန်ဖြစ်ပေသည်။ အထူးသဖြင့် ငွေအရင်းအနှီးများများဖြင့် မြှုပ်နှံလုပ်ကိုင်ရမည်ကို ပိုမို၍ သတိ ပြုသင့်ပေသည်။ မြေ၊ စက်၊ ကား၊ ခြံစသည်တို့ ရောင်းထွက်စေတတ်ပြီး အကျိုးအမြတ်များစွာကို ခံစားရမည့်အချိန်ဖြစ်သော်လည်း အလုပ်သစ်အတွက်မူ သတိထားရမည်။ သားသမီးရရန် အခြေအနေပေးလာ၍ ဗိုက်ဂျီ ဆရာဝန်ဖြင့် သေချာတိုင်ပင်သင့်ပေသည်။ အချစ်ရေးအကွဲအပြဲနှင့် ကံခေမည်။ ပညာရေး အထူးကောင်းပေသည်။

**ယတြာ။ ။ထီးကုသိုလ်ပြုပါ။**



**သိဟ်ရာသီဖွား**

ဇူလိုင်(၂၃)ရက်မှ ဩဂုတ်(၂၂)ရက်

မိမိအတွက် မှန်မှန်ကန်ကန် ပြောဆိုလုပ်ကိုင်သင့်ပေသည်။ မတော်တဆသွေးထွက်သံယိုတွေ့တတ်သလို အမှုအခင်းတို့ ကြုံလာနိုင်ပေသည်။ တစ်ပါးသူကိစ္စတာဝန်ခံခြင်းမှအစ ရှောင်အပ်ပေသည်။ မိသားစုစားဝတ်နေရေး အဆင်ပြေပါမည်။ ခြေနှစ်ချောင်းလူပိုအတွက် လာဘ်ဝင်မရှိသင့်ပါ။ ပညာရေးအဆင်ချောမွေ့ပါမည်။ အချစ်ရေး ဝမ်းနည်းစရာကောင်းပေလိမ့်မည်။ ခရီးမြေခြားသွားရန် အဆင်ပြေမည်။ ကျန်းမာရေးအတွက် ဂရုပြုသင့်ပေသည်။ လူမျိုးခြား အကျိုးပေးပါလိမ့်မည်။

**ယတြာ။ ။ရေအိုးလှူပေးပါ။**



**ကန်ရာသီဖွား**

ဩဂုတ်(၂၃)ရက်မှ စက်တင်ဘာ(၂၂)ရက်

မိမိအတွက် ဂုဏ်သိက္ခာ ညှိုးနွမ်းစေတတ်ပေသည်။ အပြောင်းအလဲ မများသင့်ပေ။ ရောက်ရှိနေရာ အဆင်မချောဖြစ်တတ်ပေသည်။ ဝင်ငွေပိုင်းတိုးတက်လာသော်လည်း စိတ်ဓာတ်ပိုင်းများစွာပင် ပြုပြင်ရတတ်ပေသည်။ ငွေကြေးကိစ္စနှင့် ရောင်းမစွံသောပစ္စည်း အဆင်ပြေပေမည်။ ပညာရေးတိုးတက်ပေမည်။ အချစ်ရေး ရှုပ်ထွေးပွေလီနေတတ်သည်။ အိမ်ထောင်ရေး လိမ္မာပါးနပ်စွာဖြင့် ဆောင်ရွက်သင့်ပေသည်။ ရောက်လေရာအတိုက်အခိုက်တွေ့နေပေဦးမည်။

**ယတြာ။ ။ ငွေတောင်းတွင် သာသနာတန်တော့ပွဲပေးပါ။**



**တူရာသီဖွား**

စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂)ရက်

မိမိအတွက် စီးပွားရေးအခြေခိုင်လာပေလိမ့်မည်။ အများ၏အားပေး နှစ်သက်မှုကို ရရှိလာစေတတ်သည်။ ဘဝအတွက် တစ်မျိုးတစ်ဖုံ အပြောင်းအလဲကြုံလာတတ်သလို ကျန်းမာရေးပိုင်းကောင်းမွန်လာပေမည်။ ပညာရေးထူးချွန်မှုရှိစေမည်။ ပြည်ပခရီးအကျိုးပြုစေလိမ့်မည်။ ပတ်ဝန်းကျင်အခြေအနေကို စောင့်ကြည့်ပြီးမှ လုပ်ငန်းကိစ္စကို လှုပ်ရှားသင့်ပေသည်။ မိသားစုဝင် မင်္ဂလာကိစ္စ ဆောင်ရွက်ရတတ်ပေသည်။ အချစ်ရေးရွေးချယ်ရန် ပြန်လည်စိတ်ဝင်စားလာပေမည်။ ကားအပြောင်းအလဲ မဖြစ်မနေကြုံပေလိမ့်မည်။

**ယတြာ။ ။ ပေါက်စီလှူပါ။**

Asian Face Media Group

**ပြိစ္ဆာရာသီဖွား**



အောက်တိုဘာ (၂၃)ရက်မှ နိုဝင်ဘာ (၂၂)ရက်

မိမိအတွက် ရဲပုံစွာပြောဆို လုပ်ကိုင်မှုကြောင့် ကံကောင်းလာသလို အောင် မြင်မှုလည်းရရှိစေမည်။ အခွင့်အရေးကောင်းကို လိမ္မာပါးနပ်စွာယူတတ်ရန် အရေးကြီးသည်။ ပညာရေးစိတ်ဆင်းရဲစရာ မဖြစ်ရတော့ပေ။ အလုပ်သစ်ကြိုးစားမှု အဆင်ပြေမည်။ လက်ရှိအလုပ်လခဝင်ငွေကို စုန့်ခွာရန် ကြိုးစားလိမ့်မည်။ အချစ်ရေးကံကောင်းပါမည်။ လက်တုံ့ပြန်တတ်သော အလေ့အကျင့်ကိုရှောင်ပါ။

**ယတြာ။ ။ ကဏ္ဍရာလှူပါ။**

**ဓနုရာသီဖွား**



နိုဝင်ဘာ(၂၃)ရက်မှ ဒီဇင်ဘာ(၂၁)ရက်

မိမိအတွက် အပြင်ထွက် လှုပ်ရှားရုန်းကန်မှုကြောင့် အောင်မြင်မှုကို ခံစားလာလိမ့်မည်။ စီးပွားအောင်မြင်ကိန်းမြင်ပေသည်။ တစ်ပါးသူမှ လက်တွဲအလုပ်လုပ်ရန် ကမ်းလှမ်းခြင်း ခံရတတ်ပေသည်။ ပညာရေး သူးချွန်မှုကြောင့် ဆုရလိမ့်မည်။ လက်ရှိအရပ်ဒေသစွန့်၍ ရပ်ဝေးတွင် သွားရောက်နေရလိမ့်မည်။ အချစ်ရေး မယုံကြည်ရတတ်ပေ။ အထူး သတိထားသင့်ပြီး တစ်ပါးသူရင်ခွင်ထဲ ရောက်ရှိနေတတ်ပေသည်။ ခရီးဝေးသွားခြင်း အကျိုးခံစားရပေမည်။

**ယတြာ။ ။ လက်ဖက်ခြောက် ကုသိုလ်ပြုပါ။**

**မကာရရာသီဖွား**



ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၀)ရက်

မိမိအတွက် ပုံမှန်လေးစားစွာလုပ်ကိုင်မှုကြောင့် နေရာကောင်း၊ လစာကောင်း ရရှိလာပေမည်။ ရိုးသားမှု၊ ကြိုးစားမှု အသီးအပွင့်ကို ခံစားရတတ်ပေသည်။ ပညာရေး ထူးထူးခြားခြား ကံကောင်းတတ်ပေသည်။ နိုင်ငံခြား အလုပ်စာမေးပွဲအောင်မြင်စေမှုနှင့်အတူ ထပ်မံ၍ သင်တန်းတက်ရတတ်ပေသည်။ လူမျိုးခြား နိုင်ငံခြားသား အကျိုးပေးမည်။ အချစ်ရေး ပူက်သလောက်နီးနီး ဖြစ်နေတတ်ပေသည်။ အသစ်ရှာတွဲမှ အဆင်ပြေမည်။

**ယတြာ။ ။ ထီးလှူပေးပါ။**

**ကုမ်ရာသီဖွား**



ဇန်နဝါရီ (၂၂)ရက်မှ ဖေဖော်ဝါရီ (၁၈)ရက်

မိမိအတွက် အရည်အချင်းရှိ လူသစ်တို့ကို နေရာကောင်း၊ ခေါင်းဆောင်ကောင်းနေရာပေး၍ ပြောင်းလဲပွဲထုတ်သင့်ပေသည်။ စီးပွားရေးကောင်းမွန်လာပေမည်။ လုပ်ငန်းသစ် အစီအစဉ်တို့ မကြာမီ လုပ်ဆောင်ရတတ်ပေသည်။ လုပ်ငန်း ၃ မျိုး ၄ မျိုးကို လုပ်ဆောင်နေရတတ်သည်။ အဆင့်မြင့်ပညာ၊ သင်တန်းကိစ္စအဆင်ပြေလိမ့်မည်။ သားသမီးအတွက် ဝမ်းသာရတတ်သည်။ အချစ်ရေး အထူးစန်းပွင့်မည်။ အိမ်ထောင်ဖက် ရောဂါများလိမ့်မည်။

**ယတြာ။ ။ ရွှေငှက်ပျောလှူပါ။**



Asian Fame Media Group
MEDIA GROUP





**မိန်ရာသီဖွား**

ဖေဖော်ဝါရီ (၁၉)ရက်မှ မတ် (၂၀) ရက်

မိမိအတွက် ဘဝအခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားရန်မြင်ပေသည်။ ရှိတဲ့ပစ္စည်း ဥစ္စာလျော့ပါး မသွားအောင် ကြိုးစားရတတ်ပေသည်။ ပညာရေး ဘွဲ့၊ ဘွဲ့လွန်အတွက် ကံကောင်းစေမည်။ နေရာကောင်းရရှိမှုကြောင့် ရွှေ့ပြောင်းရတတ် သည်။ မြေတိုက်ခန်း၊ ကွန်ဒို ရောင်းဝယ်မှု အကျိုးရှိပေလိမ်မည်။ လေယာဥ်ခရီး သတိပြုသလို မီးဘေးသတိထားသင့်သည်။ အချစ်ရေး စန်းထသော အချိန်ဖြစ်သည်။

**ယတြာ ။ ။ သပြေ ၇ ညွှန့်လှူပါ။**



**မိဿရာသီဖွား**

မတ်(၂၁) ရက်မှ ဧပြီ(၂၀) ရက်

မိမိအတွက် လုပ်ရှားမှု ပိုများလာမည်။ ပူးပေါင်းလုပ်ကိုင်မှု အကျိုးရှိစွာ အောင်မြင်သော်လည်း စကားရှုပ်စိတ်ရှုပ်စရာများကို တွေ့ရတတ်ပေသည်။ ပညာရေးတိုးတက်မှု အထူးမြန်ပေမည်။ ခရီးတိုသွားစရာကြုံစေတတ်သည်။ နေရာအရွှေ့အပြောင်းကိစ္စနှင့်အတူ အလုပ်အကိုင်အပြောင်းအလဲတို့ကို ပေါ်စေတတ်ပေသည်။ အချစ်ရေး ပုံမှန်အဆင်ပြေပါလိမ့်မည်။ အိမ်ထောင်ရှင်တို့ စိတ်ရှုပ်စရာများကို ရင်ဆိုင်ရတတ်ပေသည်။

**ယတြာ။ ။ မွေးနံထောင့်တွင် ဆမိဋ္ဌာန်ဝင်ပါ။**



**ပြိဿရာသီဖွား**

ဧပြီ (၂၁)ရက်မှ မေ (၂၁) ရက်

အလုပ်များသလို အိမ်တွင်ဖြစ်စေ ဌာနတွင်းဖြစ်စေ လုဝင်လုထွက် ခါတိုင်းထက် အထူးများပြားနေပေလိမ့်မည်။ ထီပေါက်တတ်သည် ငွေဝင်အထူးကောင်းပြီး လာဘ်ရွှင်သောအချိန် ဖြစ်ပေသည်။ သို့သော် လူကြီးမိဘ ကျန်းမာရေးအတွက် စိတ်ညစ်ရတတ်ပေသည်၊ ထင်သလို ကံမကောင်းတတ်ပေ။ ခြေထောက် ခိုက်မိတတ်ကျိုးတတ်၍ သတိပြုသင့်ပေသည်။ အချစ်ရေး ပျော်ရွှင်မှုရရှိစေတတ်ပေသည်။ ပညာရေး တောင်းမွန်စေမည်။ ကိုယ်ဝန်ရှိနေ၍ အသွားအလာ သတိပြုသင့်ပေသည်။ အိမ်ထောင်ရေး ကျိတ်၍ရှင်းရတတ်ပေသည်။

**ယတြာ။ ။ ရေကုသိုလ်ပြုပါ။**



**မေထုန်ရာသီဖွား**

မေ(၂၂) ရက်မှ ဇွန် (၂၁)ရက်

မိမိအတွက် အတိုင်းအတာတစ်ခုအနေဖြင့် အလုပ်အကိုင်အောင်မြင်ပေမည်။ အများထင်သလို အခြေအနေမပေးနိုင်သေးပါ။ ဘေးအန္တရာယ်များလွန်း၍ သတိပြုသင့်ပေသည်။ ပညာရေး ထူးချွန်စွာအောင်မြင်မည်။ လူတွေ့စစ်ဆေးခြင်းအလုပ်စာမေးပွဲ အင်တာဗျူးစသည်တို့မှာ များစွာပင် ကံကောင်းစေတတ်ပေသည်။ အဖိုးတန်ရတနာပစ္စည်း ဝင်စေတတ်ပေသည်။ ခရီးများလိမ့်မည်။ ကျန်းမာရေး ဂရုစိုက်သင့်ပေသည်။ လက်အောက်အဆင့်နိမ့်တို့ကြောင့် စိတ်မောရတတ်သည်၊ အချစ်ရေး အလိုပြည့်၍ ရွှင်လန်း နေရလိမ့်မည်။ အိမ်ထောင်ရှင် ကိုယ်ဝန် ရှိသူတို့ ကလေးအနေအထား မမှန်သဖြင့် သတိထားသင့်ပေသည်။

**ယတြာ။ ။ ပြောင်းဖူးကြော်လှူပါ။**

**Dr. မြတ်သစ်**

MEDIA GROUP
Asian Fame Media Group



ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှုဖြစ်သည်

# နေပိုင်၏ ရွှေမြေနှင်းတစ်ရန်ရဲ့ရင်ခုန်သံ

မောင်အိမ်စံ

(၁)

ဝတ္ထုနန္ဒာစိုး (ဆင်ဖြူကျွန်း) ဇာတ်ညွှန်း မြတ်လှိုင်း (ကဗျာ)၊ ဒါရိုက်တာ နေပိုင်ရိုက်ကူးထားပြီး မင်းမော်ကွန်း၊ မယ်လိုဒီ၊ နေဆန်း၊ ဆုထက်ကုဋေ၊ သန်းသန်းစိုးတို့ ပါဝင်သရုပ်ဆောင်ထားသည့် 'ရွှေမြေနှင်းတစ်ရန်ရဲ့ ရင်ခုန်သံ' သည် အချစ်ဇာတ်ကားတစ်ကား ဖြစ်သည်။

ဇာတ်လမ်းမှာ ဘတ်စ်ကားပေါ်တွင် ဖိနပ်ကို တက်နင်းမိသဖြင့် သဲကြိုးပြတ်ခုက္ခရောက်နေသော သက်ထားဦး (မယ်လိုဒီ) ကို သူ့ဖိနပ်ကို ပေးသဖြင့် သက်ထားဦးက ရဲမင်းဇော် (မင်းမော်ကွန်း) ကို ကျေးဇူးတင်၊ အသိအမှတ်ပြုသည့်အနေဖြင့် တစ်ခုခုကျွေးနေစဉ် စားသောက်ဆိုင်ထဲသို့ သူတို့နှစ်ဦးစလုံးနှင့် သိကျွမ်းသော ခင်သီတာ (ဆုထက်ကုဋေ) ရောက်လာသည်။ ခင်သီတာသည် သက်ထားဦး၏ သူငယ်ချင်းဖြစ်သလို ရဲမင်းဇော်နှင့် ကုမ္ပဏီတစ်ခုတွင် အတူတူအလုပ်လုပ်နေသူလည်း ဖြစ်သည်။ ခင်သီတာဆက်သွယ်ပေးမှုကြောင့် သူတို့နှစ်ဦးရင်းနှီးလာပြီး ရဲမင်းဇော်က သက်ထားဦးကို ချစ်ရေးဆိုသည်။ သက်ထားဦး၏ အိမ်သို့ ဝင်ထွက်ဆက်ဆံသည်။ ရဲမင်းဇော်က ဖိနပ်ဟောင်းကလေးကို အမှတ်တရပစ္စည်းအဖြစ် သက်ထားဦးထံတောင်းရာ သက်ထားဦးက ပေးလိုက်သည်။ MD က ရဲမင်းဇော်ကို လုပ်ငန်းကိစ္စဖြင့် ကျောက်တန်းသို့ လွှတ်သည်။ အပြန်တွင် သက်ထားဦးကားနှင့်ဆုံ၍ လိုက်လာရာ လမ်းတွင် ကားပျက်ပြီး ကားပေါ်တွင်ပင် အိပ်လိုက်ရသည်။ ထိုည ရဲမင်းဇော်၏ သစ္စာရှိမှု၊ ယောကျ်ားပီသမှုတို့ကို သိသွားပြီး သက်ထားဦးက သူပေးထားသော ဖိနပ်အဟောင်းနှင့် အချစ်သစ်သစ်ကလေးနှင့် လဲရန် ရက်ချိန်းချိန်းလိုက်သည်။ ချိန်းသည့်နေ့တွင် သက်ထားဦးယာဉ်တိုက်မှုဖြစ်ပြီး ခေါင်းတွင်ဒဏ်ရာရကာ အတိတ်မေ့သွားသည်။ ရဲမင်းဇော်သည် သူတို့ကုမ္ပဏီတိစ္စဖြင့် စင်ကာပူတွင် သုံးလအလုပ်သွားလုပ်ရတော့မည်။ မသွားမီညတွင် ရဲမင်းဇော်သည် သက်ထားဦး၏ အစ်ကိုထံ ခွင့်ပြုချက်တောင်းပြီး ဖိနပ်ဟောင်းတစ်ရန်နှင့် ကားပျက်သည့်ညက သက်ထားဦးအား သူပေးခဲ့သောဓာတ်ပုံတို့ကို သက်ထားဦးအခန်းတွင် ထားခဲ့သည်။ သက်ထားဦးအိပ်မက်မက်ပြီး နိုးလာစဉ် ထိုပစ္စည်းများနှင့် ရဲမင်းဇော်ရေးထားသည့်စာကို ဖတ်ရကာ အားလုံးပြန်လည်သတိရသွားသည်။

Asian Fame Media Group
MEDIA GROUP

လေဆိပ်ဆင်းနေသော ရဲမင်းဇော်ထံသို့ သက်ထားဦးရောက်လာပြီး ဇာတ်ပေါင်းသည်။

ဇာတ်လမ်းက စာရေးဆရာ၏ စိတ်ကူးယဉ် ဇာတ်လမ်းဖြစ်သည်။ နန္ဒာစိုးသည် ဘဝသရုပ်ဖော် ဝတ္ထုများရေးရာတွင် နာမည်ရသော ဝတ္ထုရေးဆရာ ဖြစ်သည်။ သရုပ်မှန်ဝတ္ထုတိုများဖြင့် ထင်ရှားသည်။ သို့ရာတွင် နောက်ပိုင်း၌ 'ဟာသ' ဘက်သို့ ယိမ်းလာသည်။ ဤဇာတ်လမ်းမှာ ဟာသဘက်သို့ ယိမ်းသော ဇာတ်လမ်းဖြစ်သည်။ တစ်ခုကောင်းသည်မှာ သူ့ဟာသသည် ပေါကြောင်ကြောင် မဟုတ်။ ခါးအောက်မှ ပြက်လုံးများမပါ။ သူသည် ဖိနပ်တစ်ရန်ကို ဇာတ်ပို့ဇာတ်ကောင် (Pivotal Character) အဖြစ်သုံးသည်။

အတိတ်မေ့နေသော သက်ထားဦးသည် ဖိနပ်တစ်ရန်ကြောင့် ပြန်လည်သတိရလာသည်။ မြန်မာဇာတ်ကားများတွင် အတိတ်မေ့ရောဂါက ခဏခဏပါသည်။ ပြီး သွေးကင်ဆာ၊ တစ်ခါတစ်ခါ ကိုယ်မကျန်းကျင်သော စိတ်ရောဂါများလည်း ပါသေးသည်။ ဝတ္ထုရေးသူရော၊ ဒါရိုက်တာရောစနစ်တကျလေ့လာပြီးမှ ရေးသင့်၊ ရိုက်သင့်ပါသည်။

နောက်တစ်ခုက ဇာတ်ပေါင်းခန်းသည် အလွန်ပြဇာတ်ဆန်သည်။ ဤဇာတ်ကားတစ်ကားတည်း မဟုတ်။ ကျွန်တော်စဉ်းစား၍ မရ။ ကျေးလက်နေ ပြည်သူများက ထိုသို့ဇာတ်ပေါင်းသည်ကိုကြိုက်၍ လိုက်လုပ်နေသည်လား၊ ဒါမှမဟုတ် ပြဇာတ်နှင့်ရုပ်ရှင်ကို မကွဲ၍လား မသိ။ ရုပ်ရှင်ဒါရိုက်တာတစ်ယောက်သည် သည်လောက်တော့ သိမည်။ သိလျက်နှင့် လုပ်ခွင့်မရလည်း ဖြစ်မည်။ မြန်မာဗီဒီယိုဇာတ်ကားများ အဆင့်မြင့်လာစေရန် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သင့်ပါသည်။

ရဲမင်းဇော်၏ သစ္စာရှိမှု၊
ယောက်ျားပီသမှုတို့ကို
သိသွားပြီး သက်ထားဦးက
သူပေးထားသော
ဖိနပ်အဟောင်းနှင့်
အချစ်သစ်သစ်ကလေးနှင့်
လဲရန်ရက်ချိန်းချိန်းလိုက်သည်။
ချိန်းသည့်နေ့တွင် . . .

(၂)

ဤဇာတ်ကား၌ မိသားစုနှစ်စုအတွင်း မိသားစုဝင် အချင်းချင်းဆက်ဆံရေးကို ပြသသည်မှာ အလွန်လှသည်။ အထူးသဖြင့် မယ်လိုဒီကို ရဲမင်းဇော်နှင့် ပတ်သက်ပြီး သူ့အစ်ကို (နေဆန်း) မေးသည်ကို မှန်မှန်ကန်ကန်ဖြေပုံသည် မိန်းကလေးများ အတုယူစရာဖြစ်သည်။ အရွယ်ရောက်ပြီးသား မိန်းကလေးတစ်ဦး၊ ချစ်သူရွေးချယ်ရာတွင် မိသားစုဝင်များကို အသိပေးခြင်းသည် အမှန်တကယ်လိုအပ်သည်။ ရဲမင်းဇော်နှင့် သူ့ညီမလေး၊ သူ့မိခင်ဆက်ဆံရေး၊ ဖိနပ်အဟောင်းတစ်ရန်ကို အိမ်ယူလာပြီး အဖြစ်သည်းနေပုံ၊ သက်ထားဦးအိမ်သို့ လိုက်လာသောအခါ ညီမလေးက ထိုအကြောင်းပြန်ပြောပြပုံတို့ဖြင့် ရဲမင်းဇော်ရင်၌ ဖြစ်တည်နေသော 'အချစ်' ကို ရိုက်ပြခဲ့သည်။

ကားပျက်သည့် အခန်းကို ရိုက်ပြရာ၌လည်း သက်ထားဦးကို ရဲမင်းဇော် ဓားတစ်ချောင်းပေးပုံ၊ ကားပေါ်၌ အိပ်နိုင်းပုံ၊ ဤသို့ ကာကွယ်စောင့်ရှောက်ခွင့်ရသည်ကိုပင် ကြည်နူးကျေနပ်နေပုံတို့ဖြင့် သူတို့နှစ်ဦး ပို၍နီးစပ်လာပုံ ပရိသတ်အား အသိပေးသည်။

နန္ဒာစိုးသည် ဇာတ်ကောင်၏စကား (dialogue) ကို လှုဆန်အောင် ပြောနိုင်းသည်။ ယင်း dialogue များသည် စရိုက်နှင့်လိုက်ဖက်သည်။

"တစ်ညလုံး မအိပ်ရသေးဘူး၊ ဘုရားစာ ရွတ်နေတယ်၊ မိုးလင်းပြီ သွားကြရအောင်"

ကားပျက်သည့်ညကို ရိုက်ပြရာတွင် သူတို့နှစ်ဦးလုံး၏ သရုပ်ဆောင်မှုက ပိုင်ပိုင်နိုင်နိုင်ရှိပါ၏။ သို့သော် ထိုအခန်းသည် သဘာဝယုတ္တိရှိမှု အားနည်းပြီး စာရေးဆရာက တမင်ဖန်တီးထားမှန်း သိသာသည်။ လူတစ်ကိုယ် ဖုန်းတစ်လုံး မဟုတ်သော်လည်း သူတို့အတန်းအစားက ဖုန်းကိုင်နိုင်သည်။ ဖုန်းဆက်ပြီး အိမ်ကို အကြောင်းကြား၍ ရသည်။ အမှတ်မထင်ရိုက်ပြသော အဆိုပါ Plot မှာ သက်ထားဦး၏ Character ကို ထိခိုက်စေသည်။ ရှေ့ပိုင်းက မိသားစုဆက်ဆံရေးနှင့် ပွင့်လင်းရိုးသားမှုကို ပြလာခဲ့ပြီးမှ ကားပျက်သည်ကို နေဆန်းအားလှမ်းခေါ်၍ ရပါလျက်နှင့် မခေါ်သည်မှာ စာရေးဆရာက ဇာတ်ကောင်ကို ကြိုးဖြေမပေးဘဲ ချုပ်ကိုင်ထားပြီး သူလိုချင်သော ဇာတ်လမ်းကို တမင်ဖန်တီးထားသည်မှာ သိသာလှသည်။

(၃)

တစ်ကားလုံးခြုံကြည့်လျှင် တချို့နေရာများတွင် အားနည်းနေပါသော်လည်း အတုယူစရာ မိသားစုဘဝများကို ရိုက်ပြထားသဖြင့် ယနေ့ထွက်ရှိနေသော ဗီဒီယိုကားများထဲတွင်တော့ ထူးခြားပါသည်။ ရုပ်ရှင်သည် ဖျော်ဖြေရေးပါသည်။ သို့ရာတွင် မများသင့်၊ ၃၀ ရာခိုင်နှုန်းလောက်သာ ရှိသင့်သည်။ ရုပ်ရှင်ကားတစ်ကားကို ကြည့်ပြီး စိတ်ချမ်းသာစေချင်သည်။ သို့ရာတွင် စိတ်ချမ်းသာရုံနှင့် မပြီး။ အသိတစ်ခု စွဲငြိသွားရန် လိုသည်။ ထို 'အသိ' သည် အကောင်းဖက်သို့ ပြောင်းလဲနိုင်ရန် သိလာသောအသိမျိုးသာ ဖြစ်သင့်သည်။

ရုပ်ရှင်တစ်ကားကြည့်ပြီး အချစ်အတွက် သတ်သေချင်လာသည်မျိုး၊ မီးကုန်ယမ်းကုန် ခိုက်ချင်လာသည်မျိုးသည် အနုပညာတစ်ခု၏ ရည်မှန်းချက်မှားယွင်းမှု ဖြစ်သည်။ ဒါကို ဒါရိုက်တာများ သတိထားသင့်ပါသည်။ 'ခွေမြေနင်းတစ်ရန်၏ ရင်ခုန်သံ' သည် အဆိုပါ အားနည်းချက်များ ထင်သည်။ အလွန်အတုယူလိုက်နာသင့်သော မိသားစုဆက်ဆံရေးဘဝကို လှလှပပရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

ပျော့ပျော့ရှင်ရှင် နေတတ်သော၊ ရိုးသားပြီး သစ္စာရှိသော ဝန်ထမ်းတစ်ဦး ရဲမင်းဇော်အဖြစ် သရုပ်ဆောင်ရသော မင်းမော်ကွန်းသည် သူ့ဇာတ်ရုပ်ကို ပီပီပြင်ပြင် သရုပ်ဆောင်နိုင်သည်၊ အမှန်အတိုင်းပြောတတ်သော၊ အချစ်ကို လွယ်လွယ်ကူကူ လက်မခံတတ်သော မိန်းကလေးတစ်ဦး သက်ထားဦးအဖြစ်သရုပ်ဆောင်ရသော မယ်လိုဒီလည်း (ရကောက်ဖြင့် 'ရ' ဟု အသံထွက်ရမည့်အစား ကကြီးဖြင့် 'က' ဟု အသံထွက်မှားနေသည်မှအပ) သက်ထားဦးဖြစ်နေသည်၊ ဇာတ်ကောင်စရိုက်ဝင်သည်။ သက်ထားဦးအား စောင့်ရှောက်လမ်းညွှန်ရသော အစ်ကိုအဖြစ် သရုပ်ဆောင်ရသော နေဆန်းသည် သည်ဇာတ်ကား၌ မပို။ ဝါရင့်သရုပ်ဆောင်ပီပီ သူ့အနုပညာကို ထုတ်ပြနိုင်သည်။ သန်းသန်းစိုး၊ ဂွမ်းပုံကြီး၊ ဆုထက်ကုဋေနှင့် အခြားဇာတ်ပို့သူများလည်း သရုပ်ဆောင်ကောင်းကြပါသည်။ ဒါရိုက်တာ၏ ရိုက်ချက်များတွင် အထူးပြုပြောပြစရာ မရှိသော်လည်း ဝတ္ထုကို ပီပြင်အောင် ရိုက်ပြနိုင်သည်။

နိဂုံးပြုဆိုရသော် အတုယူစရာ မိသားစုဆက်ဆံရေးဘဝကို လှလှပပရိုက်ကူးထားသဖြင့် ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အမှန်တကယ်လိုအပ်နေသော ကွက်လပ်ကလေးတစ်ခုကို ဖြည့်ဆည်းပေးနိုင်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**


၁။ မာနလွှင်ပြင်

၂။ ချစ်ချင်နေလို့ ချစ်ပစ်လိုက်တာ

၃။ ချစ်သူတို့ ပွဲ


Asian Fame Media Group

# ရတီစာအုပ်စင်




**မောင်သန်းဆွေ (ထားဝယ်)**
**- ရင်၌ရိုက်ခတ် ထင်ဟပ်စာစု**

သမိုင်းမှတ်တမ်းများကို အခြေပြုကာ စာပေများ ရေးသားလေ့ ရှိသော ဆရာမောင်သန်းဆွေ (ထားဝယ်) ၏ ရင်မှဖြစ်သော ခံစားမှုစာစုများ စုစည်းထားခြင်း ဖြစ်သည်။ ခံစားမှု ရသတစ်စုံတစ်ရာကို အကြောင်းခံလာကာရေးသော ဆောင်းပါးများဖြစ်သော်လည်း ဓာတ်ပုံ မှတ်တမ်းများ၊ ကောက်နုတ်ကိုးကားမှုများဖြင့် ဖော်ပြထားခြင်းကြောင့် ခံစားမှုကို ဌာပနာကာ အချက်အလက်ဖြင့်ပံ့ထားသော စာများ ဖြစ်သည်ဟု ဆိုရပါမည်။ ဆရာ၏ ခံစားဖော်ပြမှုတွင် ယဉ်ကျေးမှု ဓလေ့၊ အမွေအနှစ်များနှင့် ဂီတ၊ သဘင်အနုပညာများမှ အစပြုကာ စာပေများအထိ စုံလင်စွာ ပါဝင်သည်။ ဤစာအုပ်ကို လင်းလွန်းခင်စာပေမှ တန်ဖိုး ၃၅၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။




**ခင်မျိုးချစ်**
**- ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ခရီးကြမ်း**
**(ဒေါက်တာခင်မောင်ဝင်း (သချာ) မြန်မာပြန်ဆိုသည်)**

A Buddhist Pilgrim's Progress အမည်ဖြင့် ဆရာမကြီး ဒေါ်ခင်မျိုးချစ် ရေးသားခဲ့သော ဆောင်းပါးရှည်ကြီးကို ဆရာ ဒေါက်တာခင်မောင်ဝင်း (သချာ) က မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်သည်။ မူလဆောင်းပါးရှည်ကြီးကို အခန်းလိုက်ဖြတ်တောက်၍ ခေါင်းစဉ်ခွဲများပြည့်စွက်ကာ ဖော်ပြထားသဖြင့် နက်နဲသောတရားကိုယ်ဆောင်ကို အလေးအပေါ့ဟန်ချက် ဖြစ်ပေါ်လာစေသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဖြစ်တတ်သော အဖွဲ့ဖွဲ့သဘောများ၊ သံသရာမှလွတ်မြောက်ရာ ဝိပဿနာတရားတော်တို့ကို ကျင့်ကြံအားထုတ်ခြင်း၏ အခက်အခဲ များ၊ ဖြစ်တတ်သည့် သဘာဝများကို ရေးသားထားခြင်း ဖြစ်သည်။ လင်းလွန်းခင် စာပေမှ ထုတ်ဝေပြီး တန်ဖိုး ၁၂၀၀ ကျပ်ဖြစ်သည်။



**အောင်မြည့်**
**- ဖြူမှာလေလား မိုးရဲ့**

၆၂ မျိုးဆက်ကိုအောင်မြည့်ဟု ဆရာမောင်ဝံသ၏ အမှာစာတွင် ပညတ်လိုက်သော ဆရာ အောင်မြည့်၏ သမိုင်းနောက်ခံ အချစ်ဝတ္ထုရှည်ကို တတိယအကြိမ် ထုတ်ဝေ ခြင်းဖြစ်သည်။ ၁၉၆၀ ဝန်းကျင် ကာလများက တက္ကသိုလ်မြေတွင် ရနံ့မျိုး ထုံပြန့်ခဲ့ဖူးသည်။ ကံ့ကော်၏ရနံ့၊ သစ်ပုပ်ပင်၏ရနံ့၊ လတ်ဆတ်နုလုံးသားများ၏ ရနံ့၊ ခွပ်ဒေါင်း ရနံ့နှင့်အတူ သွေးရနံ့အစ ရှိသည်ဖြင့်။ ဤအငွေ့အသက်များဖြင့် ရှုန်းကြွခဲ့ဖူးသော တက္ကသိုလ်၏ ရင်ခွင်ကို ဓာတ်အိမ်ဖွဲ့လျက် ဖန်တီးခဲ့သော ဝတ္ထု ဖြစ်သည်။ မူရင်းဝတ္ထုပါ ဆရာမောင်ကိုယု၏ အမှာစာပါ ရှိသည်။ ဤစာအုပ်ကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်က မင်းလူ စာပေမှထုတ်ဝေခဲ့ပြီး ယခုတတိယ အကြိမ်တွင် အပျိုစင်စာစဉ်မှ စီစဉ်ကာ သင်းစာပေမှ ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ တန်ဖိုးမှာ ၄၀၀၀ ကျပ် ဖြစ်သည်။





**စုသဲမွန်**
**- ထွေးပိုက်အိပ်မက်နှင်းဆီ**

လူငယ်စာရေးဆရာမလေး စုသဲမွန်၏ ဝတ္ထုတို ၁၈ ပုဒ်ကို စုစည်းတင်ပြထားသည်။ ဘဝကို လေးလေးနက်နက်ရှုမြင်တတ်သလို ထဲထဲဝင်ဝင် ခံစားဖော်ကျူးပြတတ်သော သူမ၏စာများတွင် ဘဝမုန်တိုင်း၏တိုက်စားမှု၊ လောကဓံ၏ အကွေ့အပြောင်းများအပြင် လူ့သဘာဝ၏အရောင်အသွေးကို ခြယ်သထားခြင်းများလည်း ပါဝင်သည်။ ဆရာမောင်မိုးသူ၊ ဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ) တို့အမှာစာ ရေးသားပေးထားကြပြီး ဖခင်ဖြစ်သူ မောင်လွင်မွန်(ကသာ) ၏ ကဗျာဖြင့် အနားကွပ်ထားသည်။ ဝတ်ရည်နုစာပေမှ ထုတ်ဝေပြီး တန်ဖိုးမှာ ၂၀၀၀ ကျပ်ဖြစ်သည်။


Asian Fame Media Group

# ရတီစာအုပ်စင်



**ကလောင်စုံ**
**- မိုးကုပ်စက်ဝိုင်းအောက်က မာယာမြစ်ဖျား**

မဂ္ဂဇင်းဝတ္ထုတို၊ ဝတ္ထုရှည် များကို ကောင်းနိုးရာရာ စုစည်းတင်ဆက်လေ့ရှိတတ်သော လင်းလွန်းခင်စာပေမှ စီစဉ်ထုတ်ဝေလိုက်သော ခုနစ်သွယ်ရောင်စဉ် မဂ္ဂဇင်းဝတ္ထုရှည်များ ဖြစ်သည်။ ယခုစာအုပ်တွင် ဆရာ၊ ဆရာမ ၇ ဦး ဖြစ် သော ကလျာ (ဝိဇ္ဇာ၊ သိပ္ပံ)၊ ကိုငြိမ်း(မန္တလေး)၊ ခင်နှင်းဦး၊ ချစ်ဦးညို၊ ဂျူး၊ ညိုနှင်းအိမ်၊ လင်းထင် တို့၏ ဝတ္ထုများပါဝင်ကြသည်။ ကလျာမဂ္ဂဇင်း၊ ရတီမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်း၊ မိုးတောက်မြေမဂ္ဂဇင်းနှင့် မြန်မာ့စီးပွားရေးဂျာနယ် နှစ်ပတ်လည်အထိမ်းအမှတ် မဂ္ဂဇင်းတို့တွင် ဖော်ပြခဲ့သော ဝတ္ထုရှည်များကို ရှာဖွေစုဆောင်းကာ တင်ဆက်လိုက်ခြင်းဖြစ်သည်။ တန်ဖိုးမှာ ၂၅၀၀ ကျပ်ဖြစ်သည်။




**မမြင့်ခိုင်**
**- အပြစ်ရှိသူတရားခံက**

၁၉၇၀ ပြည့်နှစ်ဝန်းကျင်က တိုင်းရင်းမေဂျာနယ်တွင် ရေးသားခဲ့သော ဝတ္ထုတိုနှစ်ပုဒ်ကို ပေါင်းစပ်ကာ ဇာတ်လမ်း ဖန်တီး၍ ရေးသားခဲ့သော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ နုသက်ပျောင်းညွတ်လွယ်သော မိန်းမသားတစ်ဦးဖြစ်သည့် နန္ဒာနှင့် ပျိုတိုင်းကြိုက်သော နှင်းဆီခိုင်တို့ နှစ်ဦး၏ ဘဝအချိုးအကွေ့ကြားက တွန်းတိုက်မိမှု ရှိရှင်းသော ဘဝနေထိုင်မှုအတွင်းက တွေ့၏ပေးဆပ်ရမှုများကို ထိုခေတ်၏ လူမှုကွန်ရက် မျက်နှာစာတွင် ယှက်ဖောက်ထားသည်။ ဇာတ်လမ်းဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ ဖော်ပြထားသော စာရေးသူ၏အမှာစာပါရှိသည်။ ဤစာအုပ်ကို လင်းလွန်းခင်စာပေမှ တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ဒုတိယအကြိမ် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။




**ဦးဝင်းကို (တဆ - ၂၉၀၆)**
**- ၂၀၁၃ - ၂၀၁၄ တွင် ဖြစ်ပေါ်လာမည့် ရာသီဒေသကြောင့် တွေ့ကြုံလာနိုင်သော ရောဂါများကို ကာကွယ်ကုသနည်းများနှင့် ကျွန်တော်သိသော အတော်ဆုံးဆေးဆရာကြီးအကြောင်း**

ဤစာအုပ်တွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာတတ်သော ဘေးအန္တရာယ်နှင့် ရောဂါဘယများကို ကာကွယ်မည့်နည်းများနှင့် ဓာတ်စာများအကြောင်း ဖော်ပြထားသည်။ နက္ခတ်အရ စားသင့်သော ဓာတ်စာများကို ရက်အလိုက် ဖော်ပြထားခြင်းနှင့်အတူ မြန်မာ့ အရသာ ခြောက်ပါးနှင့် ဓာတ်သဘောများကို ရှင်းလင်းပြသထားသည်။ တန်ဖိုးမှာ ၁၂၀၀ ကျပ်ဖြစ်သည်။




**တင့်တယ်နန်းတင်၊ ကျော်စွာမင်း၊ ကျော်စစ်ဟိန်း**
**- ဗိုလ်ချုပ်၏ ပြည်တော်ဝင်မှတ်တမ်း နိုင်ငံ့မှသည်နိဗ္ဗါန်းသို့ ၂**

ဗိုလ်ချုပ်အောင်ဆန်း၏ဇာတာနှင့်တကွ မိသားစုဝင်များဖြစ်ကြသော ဖနီးဒေါ်ခင်ကြည်၊ သမီး ဒေါ်အောင်ဆန်းစုကြည်တို့၏ ဇာတာများကို ဖော်ပြထား၍ ဂြိုဟ်စီး ဂြိုဟ်နင်းအခိုက်အတန့်များကို သုံးသပ်ထားသောစာအုပ်ဖြစ်သည်။ ဇာတာများမှပြသော အခြေအနေများနှင့်အတူ သမိုင်းကြောင်းများကို ဖော်ပြထားသည်။ ကုဋေ ၆၀၀ စာပေမှ စီစဉ်ထုတ်ဝေခြင်း ဖြစ်ပြီး တန်ဖိုး ၁၂၀၀ ကျပ်ဖြစ်သည်။



# မန္တလေးအတွေး မန္တလေးအရေး

## မင်းဘယ်ပြေးမလဲမောင်အီးတီ

ကိုထွန်း-လမ်း(၈၀)

အခုတစ်လော ဘယ့်နှယ်ဖြစ်နေတယ်မသိ၊ လာလိုက်တဲ့ တယ်လီဖုန်းခေါ်သံတွေ၊ ရွာက အရိုးလေးအုန်းတို့၊ ဘကြီးသိန်းဆီကဆိုရင် တစ်နေ့သုံးလေးကြိမ်လောက်လာရဲ့၊ တစ်ခါမှ တယ်လီဖုန်းမဆက်ဖူးတဲ့ တပည့်တပန်းတွေဆီကလည်းလာရဲ့။ တယ်လီဖုန်းလာလို့ နားထောင်လိုက်တော့လည်း ပြောကြတဲ့အကြောင်းအရာတွေက ဘာမှထူးထူးခြားခြား မဟုတ်ဘူး။ အရိုး လေးအုန်းက အားလုံးနေကောင်း ကြရဲ့မဟုတ်လားတဲ့၊ မန္တလေးမှာ မိုးရွာရဲ့လား၊ ရွာမှာတော့ မိုးရွာပြီတဲ့။ ဟိုတစ်လောက ရွာမှာ ဈေး တင်ရဲ့ သမီးအငယ်ဆုံးကမွေးတဲ့ ကလေးက ဖြူဖြူတုတ်တုတ်လေးမို့ တစ်ရွာလုံးအံ့ကိုသြရောတဲ့၊ အရိုးလေးက စကားပြောပြီဆိုရင် သူ့ စိတ်ကူး ထဲပေါ်သမျှ တောက်လျှောက် ပြောတော့တာပါ။ ဆယ့်ငါးမိနစ်လောက် ပြောပြီးမှ ဖုန်းချသွားပါတယ်။ ဘကြီးသိန်းကတော့ တစ်မျိုး၊ အသက် ရှစ်ဆယ်ကျော်လာတာတောင် သန်တုန်းမြန်တုန်း ရှိပါသေးတယ်။ သူ့ရဲ့ ကျန်းမာ အသက်ရှည်ဆေးကတော့ ရွာအနောက်ဘက် ခြေရာတော်ဘုရား နားလေးက ကိုက်ဦးရဲ့ ထန်းတောက ထန်းရေပဲတဲ့၊ ညနေတိုင်းတစ်နေ့ တစ်မြူ မှန်မှန်သောက်လို့တော့ ဆီးဝမ်းတွေမှန်ပြီး ကျန်းမာရေး ဒေါင်ဒေါင်မြည် ဖြစ်သတဲ့။

ထန်းရေ ချင်းတူတာ တောင်ကံ ဦးရဲ့ ထန်းတောက ထန်းရေကိုတော့ ဘယ်သူ့ ထန်းရေမှ မမီဘူးတဲ့။ ငါ့တူကြီး ရွာကိုပြန်လာရင် တစ်ခွက် တစ်ဖလားလောက် တိုက်စမ်းချင်သတဲ့။ ကျွန်တော်မှာ ဘကြီး ပြောသမျှ ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ခင်ဗျလို့ ပြောရင်း ဘကြီးရဲ့ ထန်းရေငြီကာကို နားထောင်နေရပါလေရော။

အရင်တုန်းက ဆုံခဲ့တဲ့ တပည့်တပန်းတွေဆီက တယ်လီဖုန်းဆက်တဲ့ အကြောင်းအရာကလည်း မထူးခြားပါဘူး။ ဆိုင်ကယ်တက်စီးနေကြောင်း၊ အစ်မ (ကျွန်တော့်ဇနီး)ကိုလည်း သတိရကြောင်း၊ ခိုင်းစရာရှိရင် တယ်လီဖုန်းဆက်ပြီး ခိုင်းနိုင်ကြောင်းစသည်ဖြင့်ပေါ့။ ကျွန်တော်က စကားမြန်မြန် ဖြတ်ချင်တာနဲ့ အေးအေးလို့ ပြောရင်း လေကြောပြတ်သွားအောင် အမြန် အရိုက်အုပ်ပစ်လိုက်ရတာကလား။

တစ်ရက်က သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး ငါ့ကွာ တစ်ခါမှ ဖုန်းမဆက်တဲ့သူတွေဆီက တယ်လီဖုန်း ခေါ်သံတွေ လာလိုက်ကြတာကွာလို့ ပြောလိုက်တော့ သူငယ်ချင်းက တဟားဟား ရယ်ပါလေတော့တယ်။ ပြီးမှ မင်းကလည်း ဒါများအဆန်းမှတ်လို့ ၁၅၀၀တန် တယ်လီဖုန်းတွေလေကွာ၊ ငါ့ဆီမှာလည်း မင်းလိုပဲ တယ်လီဖုန်းခေါ်တာတွေ လာ နေလို့ ဒိုင်ခံပြောနေရတာဟ . . ။ အဲသလို ပြောလိုက်မှ ဖျတ်ခနဲ ဉာဏ်အလင်းပွင့်သွားပြီး ကိုယ့်နဖူးကို လက်ဖနောင့်နဲ့ အသာအယာ ထုလိုက်မိပါတယ်။ တစ်နိုင်ငံလုံး ၁၅၀၀တန် တယ်လီ ဖုန်းဆင်းကတ်တွေချပေးတာကို ကျွန်တော်မေ့နေတာလေ။ တယ်လီဖုန်းရတဲ့သူက စစချင်း သတ်မှတ်တဲ့အချိန်အတွင်းမှာ ငါးထောင်ဖိုးဆိုလား ကုန်အောင်ပြောဖို့နဲ့ မကုန်ရင် ဒီရဲပိုင်ခွင့်လေးကို ပြန်သိမ်းမယ်ဆိုပြီး အမိန့်တော် သတ်မှတ်လိုက်တဲ့အခါ တယ်လီဖုန်းရတဲ့ သူတွေလည်း အကြောင်းကိစ္စရှိရှိ မရှိရှိ ပိုက်ဆံကုန်လေကုန်ခံပြီး တယ်လီဖုန်းပြောရတော့တာပေါ့နော်။

တန်ဖိုးနည်းတယ်လီဖုန်းတွေ တစ်လတစ်ကြိမ်ချပေးနေတာ နှစ်သုတ်ရှိသွားပါပြီ။ မန္တလေးတိုင်းကတော့ တယ်လီဖုန်းချပေးတဲ့ နေရာမှာ ဖိုးသာထူးလို့ဆိုရမှာပါပဲ။ တခြား တိုင်းနဲ့ပြည်နယ်အားလုံး မဲစနစ်နဲ့လုပ်တဲ့ အချိန်မှာ မန္တလေးမှာတော့ ဦးရာလူစနစ်ကို ကျင့်သုံးတယ်လေ။ ဒီတော့ တယ်လီဖုန်းချမပေးခင် အရင်ရက်ကတည်းက သက်ဆိုင်ရာရပ်ကွက်ရုံးတွေမှာ လူတွေကကြိုပြီးတန်းစီကြပါတော့တယ်၊ အဲဒီမှာ နေရာလုကြရင်း ရန်ဖြစ်ကြပါ လေရော။ ပြီးတော့ နောက်တစ်နေ့ တယ်လီဖုန်းရောင်းချတော့ အချိန်တိုလေးအတွင်း ကုန်သွားလို့ ပွစိပွစိ အသံတွေကို ကြားရပြန်ပါတော့တယ်။ ပထမအသုတ် တယ်လီဖုန်းစတင်ချပေးတုန်းက ပြဿနာမရှိခဲ့ဘူး။ ဒါပေမဲ့ ၁၅၀၀ တန် တယ်လီဖုန်းရဲ့ ပြင်ပပေါက်ဈေးက ငါးသောင်းဖြစ်နေတော့ ဒုတိယအသုတ်မှာ တယ်လီဖုန်းရချင်ဇောနဲ့ အလုအယက်တိုးကြဝှေ့ကြတာတွေ ဖြစ်ကုန်ပါတော့တယ်။ ပထမအသုတ်တုန်းက တယ်လီဖုန်းရခဲ့တဲ့ ပြည်ကြီးတံခွန်မြို့နယ်ကကလေးမလေးတစ်ယောက်နဲ့ စကားပြောဖြစ်ပါတယ်။ သူရတဲ့ ၁၅၀၀တန် တယ်လီဖုန်းကို ငါးသောင်းနဲ့ရောင်းပြီး ကွမ်းယာဆိုင်လေးဖွင့်ထားသတဲ့။ ကွမ်းယာဆိုင် တစ်ဆိုင်ဖွင့်ရင် အနည်းဆုံး အရင်းအနှီး ငါးသောင်းခန့်လိုတဲ့ အကြောင်း၊ အပြင်ကအတိုးနဲ့ ချေးရင် တစ်ဆယ်တိုးနဲ့မို့ ရတဲ့အမြတ်ငွေကို ရှင်းပေးရမှာဖြစ်တော့ ဘယ်လိုမှ မလုပ်နိုင်ကြောင်း၊ အခုမှ ဟန်ကျသွားပြီး သူ့ကွမ်းယာဆိုင်ကို ချွေဖုန်းလို့ အမည်ပေးခဲ့ကြောင်း ရှင်းပြပါတယ်။ ကျွန်တော်လည်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရင်း ပုဒ်တာပွားနေမိပါတယ်။



အခုမှပြန်ပြီး တွေးလိုက်တော့မှ ၁၅၀၀တန် တယ်လီဖုန်းကို လူတွေဘာကြောင့် တိုးကြ၊ ဝှေ့ကြသလဲဆိုတဲ့ အဖြေဒက်ခနဲ ရလိုက်ပါတယ်။

အခုမှပြန်ပြီး တွေးလိုက်တော့မှ ၁၅၀၀တန်တယ်လီဖုန်းကို လူတွေဘာကြောင့်တိုးကြ၊ ဝှေ့ကြသလဲဆိုတဲ့ အဖြေ ဒက်ခနဲ ရလိုက်ပါတယ်။ ဒီလို တန်းစီတိုးကြတဲ့ သူတွေကလည်း အောက်ခြေလူတန်းစားတွေပါ။ သူတို့အဖို့ တယ်လီဖုန်းခွဲတမ်းရလိုက်လို့ ငါးသောင်းနဲ့အမြတ်တင်ရောင်းလိုက်ရင်တစ်ခဏအသက်ရှူချောင်သွားနိုင်တာကိုနော်။ ပြီးတော့ ငါးသောင်းက ပုံမှန်ပေါက်ဈေး၊ တယ်လီဖုန်းနံပါတ်များကောင်းရင် ရှစ်သောင်းကနေ နှစ်သိန်းထိ ပေါက်သတဲ့။ ထူးခြားတာက တယ်လီဖုန်းချပေးတဲ့အချိန် လူတွေတိုးဝှေ့နေကြပေမယ့် ပြင်ပပေါက်ဈေးအတိုင်း ဝယ်မယ်ဆိုရင် မန္တလေးမြို့က တယ်လီဖုန်းဆင်းကတ် အရောင်းဆိုင်အချို့မှာ အချိန်မရွေးဝယ်လို့ရနေပါတယ်။ ဒါက ဘယ်လိုလဲလို့ အံ့ဩစရာမရှိပါဘူး။ ရောင်းချပေးတဲ့ လုပ်ပုံလုပ်နည်းမမှန်ကန်လို့ ဒီလိုဖြစ်နေရတာပါ။ တွေးရင်းနဲ့ ကျွန်တော် ပြုံးလိုက်မိပါတယ်။ တတိယအသုတ် တယ်လီဖုန်းချပေးရင် ငါလဲလျှောက်လိုက်ရကောင်းမလားပေါ့။ ရပ်ကွက်နံမှာ ကိုယ်နဲ့သိတဲ့သူ အချို့ရှိတယ်၊ ငါ့ကို တယ်လီဖုန်းဆင်းကတ်ဝယ်ယူခွင့် ပေးရင်ပေး၊ မပေးရင်ဆောင်းပါးထဲ ထည့်ရေးလိုက်မှာလို့ ခြိမ်းခြောက်ပြီး မိုက်ကြေးခွဲဖို့ ကိုယ့်ရဲ့အတွေးကို သတိပြုလိုက်မိတာကြောင့် သို့ကလိုပြုံးလိုက်မိတာ ဖြစ်ပါတယ်။



Asian Fame Media Group



၁၅၀၀တန် တယ်လီဖုန်းရဲ့ ကျွန်တော့်ကို ကသိကအောက် ဖြစ်စေတာလည်းပြောရပါဦးမယ်။ ဒီခေတ်က အင်တာနက်ခေတ်ကြီး မဟုတ်လား။ အဲဒီတော့ ကျွန်တော်ကလည်း အရင်လိုမဟုတ်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် မြန်နှုန်းမြင့်အောင် ကြိုးစား နေရသပေါ့။ ဥပမာပြောရရင် လကုန်တိုင်း ရတီမဂ္ဂဇင်းကို စာမူပို့ ရတဲ့ ကိစ္စပါ။ အရင်တုန်းကတော့ လကုန်ခါနီးရင် စာမူကို တက်သုတ် ရိုက်ရေးပြီး မီးရထားဘူတာရုံက ပုဂ္ဂလိက ကုန်ပို့အဖွဲ့ဆီကို သွားပို့ ပေးရပါတယ်။ ပို့ခ ၁၅၀၀/- ကျပါတယ်။ ညနေ(၃)နာရီ မထိုးခင် ပို့ရတာပါ။ အဲဒီလို လုပ်နိုင်ရင် နောက်တစ်နေ့ နေ့လယ်လောက်မှာ ရတီမဂ္ဂဇင်းတိုက်ကို ရောက်သွားပါတယ်။ ဒါပေမဲ့ မနှစ်ကစပြီး အင်တာနက်စနစ် ဖွံ့ဖြိုးလာတော့ ကျွန်တော်လည်း ခေတ်မီစွာနဲ့ စာမူကို အွန်လိုင်းကနေတစ်ဆင့် သွားတော့တယ်လေ။ ရတီ အီးမေးလ်လိပ်စာအတိုင်း ပို့လိုက်ရင် နာရီပိုင်းအတွင်းမှာ ရတီမဂ္ဂဇင်းကို ရောက်သွားပါတယ်။ စာမူကို မြေပြင်ပေါ်မှာ မီးရထားတို့၊ မော်တော်ကားတို့နဲ့ ပို့ရတာ အောက်လိုင်း၊ အင်တာနက်ကတစ်ဆင့် ပို့ရတာကိုတော့ (မိုးပေါ်မှာ သွားရလေသမို့) အပေါ်လိုင်းလို့ ရိုးရိုးလွယ်လွယ် ပြောလေ့ရှိကြပါတယ်။ အပေါ်လိုင်းကပို့ရတာ မြန်လေတော့ ကျွန်တော် သဘောကျသွားပါတယ်။ ဒါပေမဲ့ အဲသလို မြန်အောင်လုပ်တတ်ဖို့ ကျွန်တော် မစွမ်းဘူး။ ပထမဦးဆုံး ကွန်ပျူတာ စာစီရတယ်။ ပြီးတော့ Select မှတ်ရပြီး အီးမေးလ်နဲ့ ပို့ရမယ် ဆိုလား



ပဲ။ ဒါနဲ့ လွန်ခဲ့တဲ့လလောက်က ကိုယ့်ကိုယ်ကိုယ်အားကိုးတဲ့အနေနဲ့ ကိုယ်ရေးတဲ့စာကို ကိုယ်တိုင် ကွန်ပျူတာ စာစီပါတယ်။ သင်ယူခါစဆိုတော့ တစ်နေကုန်မှပြီးပါတယ်။ ရတီကို အီးမေးလ်နဲ့ တစ်ဆင့်ပို့တော့မယ်ပေါ့။ အဲသည်မှာ အရှေ့ရောက်တော့တာပါပဲ။ ကွန်ပျူတာထဲက ကျွန်တော်ရိုက်ထားတဲ့ စာတွေ ဘယ်ခလုတ်ကို မှားနှိပ်လိုက်မှန်းမသိ၊ အားလုံးပျောက်ကုန်ပါတယ်။ အဲဒီနေ့က တော်တော်ကို စိတ်တိုသွားတယ်။ အီလက်ထရောနစ်နဲ့ ပတ်သက်လာရင် ညက်ဝေးလွန်းတဲ့ ကိုယ့်အကြောင်းကို သိသွားပါတယ်။ ဒီတော့ လကုန်လို့ စာမူပို့ချိန်ရောက်ရင် အင်တာနက်ကျွမ်းကျင်တဲ့ ကိုယ့်တပည့်ကျော်တွေကိုပဲ ဆရာတင်ရလေသပေါ့။ ကျွန်တော်ကတော့ ကိုယ်မတတ်တဲ့ ပညာကို အားကြိုးမာန်တက် သင်ယူဖို့ကိစ္စကို လက်လျှော့ပြီး facebook ပဲသုံးနေလိုက်ပါတယ်၊ ဩော်. . . ပြောရဦးမယ်။ ဖ. ဘ လို့ အတိုကောက်ခေါ်တဲ့ facebook သုံးတဲ့ အခါ connection ကျရင် တော်တော် ဒေါသဖြစ်စရာ ကောင်းပါတယ်။ လူငယ်တွေက စိတ်မရှည်ကြတော့ မေတ္တာပို့ကြတာပေါ့။ ကျွန်တော်ကတော့ အဲသလိုမဖြစ်ပေါင်။ အင်တာနက်သုံးလိုက်တာနဲ့ တစ်ပြိုင်တည်း တီဗီဖွင့်ထားလိုက်ပါတယ်။ connection မကောင်းမချင်း တီဗီကြည့်နေလိုက်တယ်။ ကွန်နက်ရှင်တက်လာမှ ဖ. ဘကြည့်လိုက်၊ တီဗီကိုလှမ်းမော့လိုက်၊ ကွမ်းလေး ဝါးလိုက်နဲ့ ဟန်ကျလို့။

စောစောကစကားကို ဆက်ပြောပါဦးမယ်။ ရတီအတွက် စာမူရေးပြီးရင် ကိုယ့်တပည့်တွေကို တယ်လီဖုန်းဆက်ပြီး လှမ်းခေါ်ပါတယ်။ သူတို့ကို ကွန်ပျူတာစာစီပြီး အီးမေးလ်နဲ့ ပို့ခိုင်းရတာပေါ့။ ဘယ်လောက် အဆင်ပြေသလဲနော်၊ ဒါပေမဲ့ ပြီးခဲ့တဲ့ လကစပြီး ကိုယ့်တပည့်ကျော်တွေက ပွဲဖောက်သွားပါတယ်။ သူတို့ရဲ့ နှစ်သိန်းကျော်တန် တယ်လီဖုန်းကို ဈေးလျှော့ရောင်းလိုက်သတဲ့။ ပြီးမှ ၁၅၀၀တန် တယ်လီဖုန်းကို ဝယ်ကိုင်မှာတဲ့။ ဒါပေမဲ့ အဲဒီ ၁၅၀၀တန် တယ်လီဖုန်းက ဘယ်မှန်းမသိ၊ လောလော



ပညာရှိပီသစွာဖြင့်မေးအောက်က
မုတ်ဆိတ်တိုနံ့နံ့လေးကို
ပွတ်ပြီးစဉ်းစားနေတုန်း
သူငယ်ချင်းတစ်ယောက်က
ဒေါ်လာဈေးတက်တယ်ဆိုလို့
တိဘက်သွားတုန်းက
ငါ့အတွေ့အကြုံလေး
ပြောရဦးမယ်ဆိုလိုက်လို့
သူ့ဖက်ကိုအာရုံရောက်သွားပါတယ်။

ဆယ်တော့ သူတို့နဲ့ ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက် သွားပါတော့တယ်။ အဲဒီတော့ လကုန်ရင် ကျွန်တော့်မှာ ရတီစာမူပို့ဖို့ ဒုက္ခရောက် ရပါလေရော။ အပြင်မှာ ကွန်ပျူတာစာစီစာရိုက်တွေဆီကို စာမူကွန်ပျူတာရိုက်ပေးဖို့ အပ်လို့ ရပေမယ့် သူတို့က စာမူရိုက်ပေးရတဲ့ လုပ်ငန်းအထာကို မကျွမ်းကျင်၊ အဲဒီမှာ စာလုံးပေါင်းတွေ၊ စာကြောင်း အဖြတ်အတောက်တွေ မှားကုန်ပြီး ကိုယ်ရေးတဲ့ အကြောင်းအရာ တစ်လွဲတစ်ချော်ဖြစ်ကုန်ရော။ ကျွန်တော်လေ၊ ဒီလောက်ရိုးရှင်းတာလေးတောင် ရှာလည်နေရသမို့ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်နေမိပါတယ်။ ရတီမဆီက အချိန်တန်လို့ ကြိမ်စကြာနှုတ်လိုက်တဲ့အခါ ကျွန်တော်ပျာတောက်သွားပါရောလား။ အင်း . . ဖြစ်ရမယ်၊ ဖြစ်ရမယ်။ ခေတ်နဲ့ အံဝင်ခွင်ကျ မဖြစ်သေးတဲ့ သူအချင်းချင်း သေဖော်ညီဖက် သဘောပါ။ ဒီအကြောင်းကို [illegible] တဲ့ သူငယ်ချင်းတွေက [illegible] ဘာမှမထောက်ဘဲကြီးကျယ်နေတာ။ အရင်အတိုင်း [illegible]သားနဲ့ အောက်ကနေပို့ရော် [illegible]သားနဲ့၊ မှတ်ထား၊ အသုံး[illegible] လောက်ကောင်းကောင်း အဟောင်းကိုလည်း စွန့်ပစ်လို့မရသေးဘူးဟ - လို့ဆိုလိုက်လို့ ကျွန်တော့်မှာ ပြုံးမြဲမြဲနဲ့ နာခံလိုက်ရပါတယ်။

မှန်ပါတယ်၊ ကိုယ့်လောက ကိုယ့်ခန်းကျင်ကို ပြန်ကြည့်လိုက်တော့ အဟောင်းထဲမှာ ရှာလည်နေကြတာကလား။ ဤသည်ပင် ကျွန်တော်တို့ရဲ့ ပျော်ရွှင်မှု ဖြစ်ပါတယ်။ နေ့တိုင်းလိုလို လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ဆုံကြတယ်၊ စိတ်ကူးတည့်ရာ လေပစ်ကြ၊ တစ်ယောက်ကို တစ်ယောက် စကြနောက်ကြဆိုတော့ စိတ်ထဲမှာ ဖိစီးနေတာတွေ အော်တိုမစ်တစ် လွင့်ပျောက်သွားလေ့ရှိပါတယ်။ ဒီမှာ အံ့ဩစရာကောင်းတာက လူငယ်တွေပါ။ သူတို့လည်း ကျွန်တော်တို့လိုပဲ လက်ဖက်ရည်ဆိုင်မှာဆုံတယ်။ ဒါပေမဲ့ လက်ဖက်ရည်ဆိုင်မှာ ဝိုင်ဖိုင်သုံးလို့ ရနေတော့ ဟန်းဖုန်း ကိုယ်စီနဲ့ အင်တာနက် ဖွင့်ကြည့်နေကြတယ်။ စားပွဲဝိုင်း တစ်ဝိုင်းတည်း မျက်နှာချင်းဆိုင် ဆုံကြပေမယ့် တစ်ယောက်ကို တစ်ယောက် စကားမပြောဘဲ ဟန်းဖုန်း ကိုယ်စီနဲ့ အင်တာနက်ကြည့်နေကြတဲ့ လူငယ်တွေကို ကြည့်ရင်း နားမလည်နိုင်အောင်ဖြစ်သွားပါတယ်။ ဒီလိုဆိုရင် လက်ဖက်ရည်ဆိုင်တွေဟာ ကျွန်တော်တို့တုန်းကလို အချင်းချင်း ပေါ့ပေါ့ပါးပါးတွေ့ဆုံဖို့ မဟုတ်တော့ဘဲ ပိုက်ဆံမကုန်ဘဲ အင်တာနက်သုံးရလို့ ရောက်လာကြဟန်တူပါတယ်။

ခေတ်နဲ့ခံစားမှုက မတူညီတော့ဘူးလေ။

ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော်ကတော့ အသိုင်းအဝိုင်းလေးနဲ့ ခေတ်နဲ့အတူ ရွေ့သို့ချီတက်နေပါတယ်။ လက်ဖက်ရည်ဆိုင်ရောက်[illegible] ကြားရတဲ့ သတင်းတွေ ပြောကြ [illegible]ဖန်ကြပေါ့၊ ဒီမှာပဲ တစ်ယောက်က ဒေါ်လာဈေးတွေ တက်နေပြီကွလို့ ပြောစရာ ဆွေးနွေးစရာဖြစ်ဖို့ စကားလမ်းကြောင်း အစဖော်ပေးလိုက်ပါတယ်။ ဒေါ်လာဈေးတက်ရင် ဘယ်လိုဖြစ်မလဲ။ သွင်းကုန်တွေ ဈေးတက်လာမယ်၊ အဲဒီနောက် ဘာဖြစ်သွားနိုင်မလဲ၊ အရောင်းအဝယ်ကိစ္စမှာ ကုန်သည်တွေ ဘယ်သူတွေထိခိုက်ပြီး ဘယ်သူတွေပွသွားနိုင်မလဲ။ ပညာရှိပီသစွာဖြင့် မေးအောက်ကမုတ်ဆိတ်တိုနံ့နံ့လေးကို ပွတ်ပြီး စဉ်းစားနေတုန်း သူငယ်ချင်းတစ်ယောက်က ဒေါ်လာဈေးတက်တယ်ဆိုလို့ တိဘက်သွားတုန်းက ငါ့အတွေ့အကြုံလေး ပြောရဦးမယ်ဆိုလိုက်လို့ သူ့ဖက်ကို အာရုံရောက်သွားပါတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်လောက်က တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရဲ့ မြို့တော်ကူမင်းကို ရောက်သွားပြီး အားလပ်ရက်ရတာနဲ့ တိဘက်ကို သွားကြသတဲ့၊ ကူမင်းကနေ တာလီမြို့ကို တစ်ညလုံးရထားစီး၊ ပြီးမှ တာလီကတစ်ဆင့် စင်ကျန်းဆိုလား အဲဒီမြို့ကို မော်တော်ကားနဲ့ သွားကြသတဲ့၊ စင်ကျန်းကနေ တိဘက်ရဲ့ ရှန်ဂရီလာမြို့ကို ဆက်သွားကြတယ်ဆိုပဲ။ အမှန်တော့ ရှန်ဂရီလာဆိုတာ တကယ်ရှိတာမဟုတ်ပါဘူး၊ စာရေးဆရာတစ်ယောက်က တိဘက်ဒေသကိုရောက်ပြီး ရှန်ဂရီလာဆိုတဲ့အမည်ကို စိတ်ကူးယဉ်ပေးလိုက်လို့ အဲဒီနာမည်က ထင်ရှားသွားတာဖြစ်ပါတယ်။ ဒါကို တိဘက်မှာရှိတဲ့ မြို့တစ်မြို့က သူ့မူရင်းနာမည်ပျောက်ပြီး ရှန်ဂရီလာရယ်လို့ နာမည်ပေးလိုက်တာလို့ သူကရှင်းပြပါတယ်။

ရှန်ဂရီလာမှာရှိတဲ့ တိဘက်ဘုန်းတော်ကြီးကျောင်းကို ရောက်သွားတယ်။ သူက ရောက်တုန်းရောက်ခိုက် ဘုန်းတော်ကြီးကျောင်း အလှူခံမှန်သေတ္တာထဲမှာ တရုတ်ယွမ်ငွေတွေအပြင် ဒေါ်လာတွေနဲ့ တခြားနိုင်ငံခြားငွေတွေ ရှိနေပါတယ်။ သူက အလှူငွေ ထည့်မလို့လုပ်တော့ တိဘက်ဘုန်းတော်ကြီးတစ်ပါး သူ့ဆီကိုရောက်လာပြီး သူ့လက်ထဲက တစ်ထောင်တန် စက္ကူကို ဆွဲယူကြည့်လိုက်ပါတယ်။ ဒါက ဘာလဲ သူမမြင်ဖူးဘူးလို့ မေးတော့



Asian Fame Media Group
MEDIA GROUP



**ပုဂံပြားပျံ့ တို့ဆီရောက်လာတာ ထူးဆန်းတယ်။ ဂြိုဟ်နဲ့ ကမ္ဘာမြေကို ဆက်သွယ်ဖို့လာတာနဲ့တူတယ်။ ဒီအတိုင်းဆိုရင် နောင်တစ်ချိန်မှာ...**

မြန်မာငွေဖြစ်တဲ့အကြောင်း ပြောပြပါတယ်။ ဒီတော့ ဘုန်းတော်ကြီးက ဒေါ်လာနဲ့ဆိုရင် ဘယ်လောက်ရမလဲမေးလို့ သူငယ်ချင်းက ဒေါ်လာနဲ့မြန်မာ ငွေ တရားဝင်လဲလှယ်နှုန်း ၆-ကျပ်နဲ့ လဲလှယ်လိုက်ရင် ဒေါ်လာငွေ ၁၀၀ ကျော်ရှိမယ့်အကြောင်း ရှင်းပြပါတယ်။ အဲသည်မှာ တိဘက် ဘုန်းကြီးက ဘာပြန်ပြောလဲသိလား။ နင့်ငွေကို ငါမမြင်ဖူးဘူး။ ဒေါ်လာနဲ့ လဲပြီး ဒေါ်လာ ၁၀၀ကိုပဲ လှူခဲ့ဖို့ပြောသတဲ့၊

မင်းက ဒေါ်လာနဲ့ လဲပြီး ပိုက်ဆံလှူလိုက်ရောလား- တစ်ယောက်ကကြားဖြတ်မေးလိုက်တော့ ဇာတ်ကြောင်းပြန်ပြောတဲ့ သူငယ်ချင်းက တ ဟားဟားရယ်ရင်း ဘယ်လိုလုပ်လဲရမလဲကွ၊ မြန်မာငွေလက်ခံတဲ့ ငွေလဲကောင်တာမှ မရှိတာလို့ပြောလိုက်တာပေါ့။ ကျွန်တော်တို့လည်း နိုင်ငံခြားမှာ မြန်မာငွေရဲ့ မျက်နှာမလှပုံကို တွေးမိရင်းပြုံးစိပြုံးစိ ဖြစ်သွားတာပေါ့နော်။ ဒါပေမဲ့ပေါ့လေ၊ အခုလို ပွင့်လင်းမြင်သာရှိလာပြီး နောင်တစ်ချိန်မှာ မြန်မာငွေလည်း နိုင်ငံတကာ ငွေကြေးလဲလှယ်မှုမှာ အဆင့်တစ်နေရာ ရောက်သွားမယ်လို့ ထင်မိပါတယ်။ အနည်းဆုံး အာဆီယံနိုင်ငံတွေမှာပေါ့၊ ထိုင်းသွားသွား၊ မလေးရှားသွားသွား အဲဒီနိုင်ငံတွေမှာ မြန်မာငွေနဲ့ သူတို့ငွေတွေလဲလှယ်ခွင့်ရရင် ဘယ်လောက်ကောင်းမလဲ။ ကိုယ့်ကမြန်မာငွေနဲ့ နိုင်ငံတကာကငွေကြေးတွေရဲ့ ဆက်စပ်နယ်ပယ်ကို ပညာရှင်မဟုတ်လို့ သိပ်နားမလည်ပါဘူး။ ကျွန်တော်တို့မှာ ဒေါ်လာငွေအသာထားလို့ မြန်မာငွေတစ်ထောင်တန်တွေကိုတောင် ဖောဖောသီသီသုံးနိုင်တာ မဟုတ်ဘူးလေ။

မနက်(၁၁း၀၀)နာရီထိုးတော့ လက်ဖက်ရည်ဆိုင်က ကျွန်တော်တို့တစ်တွေ လမ်းခွဲပြီး အိမ်ပြန်ဖို့ ဟန်ပြင်လိုက်ကြပါတယ်။ ဒီအချိန်မှာပဲ သူငယ်ချင်းတစ်ယောက်ဆီကို တယ်လီဖုန်းဝင်လာပါတယ်။ သူက တယ်လီဖုန်းပြောပြီး ကြားခဲ့ရတဲ့သတင်းကို ပြန်လည်ဖောက်သည်ချလိုက်တော့ ကျွန်တော်တို့မျက်လုံးပြူးသွားပါတယ်။ မန္တလေးနဲ့ နှစ်မိုင်လောက်ဝေးတဲ့ ပုသိမ်ကြီးမြို့က အိမ်တစ်အိမ်ကို ဂြိုဟ်သားအီးတီရောက်နေလို့တဲ့။ သူ့ကို ကြည့်ဖို့ လူတွေလည်းမနည်းဘူးတဲ့။ ကြားရတဲ့ သတင်းကြောင့် ကျွန်တော်တို့အားလုံး စဉ်းစားခန်းဝင်လိုက်ကြပါပြီ။ ကြံကြံဖန်ဖန် ဘယ်လိုလုပ်ဖြစ်နိုင်မလဲ၊ တစ်ခုခုတော့ မှားယွင်းနေပြီလို့ ကျွန်တော်တွေးလိုက်ပါတယ်။ အင်း-မန္တလေး. . မန္တလေး။ ဟုတ်ဟုတ် မဟုတ်ဟုတ် သတင်းတစ်ခု ကြားရရင်လူတွေ အုတ်အော်သောင်းတင်း ဖြစ်ကြရစမြဲပါ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကလည်း ပုဂံပြားပျံ့ရောက်လာတယ်ဆိုပြီး ပွက်လောရိုက်တုန်ကြပါသေးတယ်။ အမှန်ကတော့ အသစ်ဖွင့်မယ့် ဟော်တယ်ကြီးတစ်ခုက မိုးပေါ်ကို မီးဆလိုက်တွေ စမ်းရင်းနဲ့ လူတွေက ထင်ရာမြင်ရာ ပြောကြပြီး ကောလာဟလ ဖြစ်သွားတာပါ။ ခက်တာက လူတွေက ဘာသတင်းဖြစ်ဖြစ် ယုံလွယ်ကြတယ်။ ဒီအထဲ ကျွန်တော့်သူငယ်ချင်း တစ်ယောက်တောင် ပါသေးတယ်။ ပုဂံပြားပျံ့တို့ဆီ ရောက်လာတာ ထူးဆန်းတယ်၊ ဂြိုဟ်နဲ့ ကမ္ဘာမြေကို ဆက်သွယ်ဖို့ လာတာနဲ့တူတယ်။ ဒီအတိုင်းဆိုရင် နောင်တစ်ချိန်မှာ ကမ္ဘာမြေနဲ့ ဂြိုဟ်ကို ခရီးသည်ပို့ဆောင်ရေးလုပ်ဖို့ အစီအစဉ်ရှိတယ်။ အဲဒီလိုအချိန်မှာ မော်တော်ကားဂိတ်တွေလို ဂြိုဟ်တွေကို ပုဂံပြားပျံ့နဲ့ ပို့ပေးမယ့် ဂိတ်တစ်ခု ဖွင့်ပေးလိုက်ရင် ပွဖြိုက္ခလို့ ခပ်တည်တည် ပြောလိုက်လို့ ကျွန်တော်တို့ တစ်တွေ ဟားတိုက်ရယ်ကြပါသေး တယ်။ တကယ့်ညာဏ်ကြီးရှင်ပါပဲ။ သူငယ်ချင်းတစ်ယောက်က မင်းရဲ့ ပုဂံပြားပျံ့ဂိတ်နားမှာ ကွမ်းယာဆိုင် လေးဖွင့်ပါရစေတဲ့၊ တခြားတစ်ယောက်ကတော့ မန္တလေးထိုးမုန့်တို့၊ နေကြာစေ့တို့ကို လက်ပွေ့လေးနဲ့ ရောင်းပါရစေတဲ့။ ကျွန်တော်ကလည်း အားကျမခံငါကတော့ ဆိုင်ကယ်တက်စီ ဆွဲမယ်လို့ ပြောလိုက် မိပါသေးတယ်။ မဟုတ်မှန်းသိပေမယ့် စိတ်ကူးတည့်ရာ ပြောကြရင်း ရင်ထဲက ဖိအားတွေ လျှော့နည်း သွားအောင် လုပ်ကြရတာတ လူ့သဘာဝပေကိုးနော့်။

အခုလည်း အီးတီရောက်လာခြင်းဆိုတဲ့ သတင်းဟာ လုံးဝမဖြစ်နိုင်တဲ့ ကောလာဟလသတင်းပါ။ ဒါပေမဲ့ ကျွန်တော်တို့မှာ အီးတီကြောင့် အချိန်တန်အိမ်မပြန်နိုင်ဘဲ ဖြစ်သွားပါတယ်။ သိပ်မကြာပါဘူး။ ကင်မရာအသစ်ဝယ်လာတဲ့ သူက သူ့မိသားစုကို ဓာတ်ပုံ ရိုက်ပေးရင်း အဲဒီကင်မရာထဲမှာ ထည့်ပေး လိုက်တဲ့ပုံက ဓာတ်ပုံထဲပါလာလို့ ထိတ်လန့်တကြား ဖြစ်သွားရင်း ဒီလိုကောလာဟလဖြစ်သွားကြောင်း သိလိုက်ရပါတယ်။ သတင်းတွေက တစ်ယောက်နဲ့ တစ်ယောက်ပြောကြရင်း ပြန့်ကားသွားတာပါ။ ကျွန်တော်တို့ဆီရောက် လာတော့ အီးတီကိုယ်တိုင်ရောက်လာတာမျိုး ဖြစ်နေပါပြီ။ ကောလာဟလတော့ ကောလာဟလပေါ့။ တကယ်လို့ အစစ်အမှန်သာဆိုရင် အီးတီတော့ မချောင်ဘူး။ သူ့ကို ကြည့်ချင်လို့ လာကြတဲ့လူအုပ်ကြီးက ထောင်ချီရှိနေသတဲ့။ ဒီလူအုပ်ကြီးနဲ့ လွတ်အောင်ရှောင်ပြေးဖို့ မလွယ်လှဘူး။ ပြေးရင်ပြေးတဲ့ နောက်ကို ညာသံပေးလိုက်ကြတော့မယ်။ ကဲ. . . မောင် အီးတီ၊ မင်းဘယ်ပြေးမလဲ-လို့ ပေါက်ပေါက်ရှာရှာ တွေးရင်းပြုံးလိုက်မိပါရော။ လူဆိုတာ ဒီလိုပါပဲ။ နေ့စဉ်စားဝတ်နေရေးအတွက် ဘယ်လောက်ပဲ ခေါင်းခြောက် နေပါစေ၊ ကိုယ့်ကိစ္စထက် သူများအကြောင်းကို စိတ်ဝင်စားကြစမြဲမဟုတ်လား။ ထူးထူးဆန်းဆန်းဆိုရင် ပိုလို့တောင် အာရုံစူးစိုက်လိုက်ပါသေးတယ်။ **ကိုထွန်း-လမ်း(၈၀)**

Asian Fame Media Group
MEDIA GROUP



# ဖေဖေထားခဲ့တဲ့ ပတ္တမြားအရိုင်းတုံး

သိန်းပိုင်(M.Engg.Geol)

တစ်နေ့တွင် ကျွန်တော်၏မိတ်ဆွေ တစ်ယောက်မှ ဖုန်းဆက်၍ အကူအညီတစ်ခု တောင်းခံလာပါသည်။ အကြောင်းမှာ ကျွန်တော်၏ မိတ်ဆွေသူငယ်ချင်းများမှ ပတ္တမြားအရိုင်းတုံး တစ်တုံးကို ပတ္တမြားအစစ်ဟုတ်၊ မဟုတ်စစ်ဆေးပေးပါရန် ပြောကြားလာသဖြင့် ကျွန်တော်၏ မိတ်ဆွေနှင့်အဖွဲ့အား ကျွန်တော်၏ ရုံးခန်းရှိရာသို့ ချိန်းဆိုလိုက်ပါသည်။ ဤသို့နှင့်ပင် နောက်ထပ် အချိန်တစ်နာရီခွဲခန့်ကြာသောအခါ ကျွန်တော်၏ မိတ်ဆွေနှင့်အဖွဲ့သည် ကျွန်တော်၏ရုံးခန်းသို့ ရောက်ရှိလာရာ ယဉ်ကျေးမှုအရ ဝတ္တရားရှိသည့် အတိုင်းမိမိ၏ စားပွဲရှေ့တွင် ထိုင်ခုံများဖြင့် နေရာချထားပေးလိုက်ပါသည်။ ကျွန်တော်၏ မိတ်ဆွေအပါအဝင် သူတို့အဖွဲ့ထဲတွင် အသက် (၄၀) ကျော်(၅၀) ဝန်းကျင်အမျိုးသမီး (၃) ယောက်နှင့် အသက်(၇၀) ကျော်ဝန်းကျင် အဘိုးကြီးတစ်ယောက်လည်း ပါပါသည်။

**သူတို့ပြောတဲ့ ပတ္တမြားအရိုင်းတုံး**

ပထမဦးစွာ ကျွန်တော့်မိတ်ဆွေမှ သူ၏ သူငယ်ချင်းများအား လူတစ်ဦးချင်းစီဖြင့် မိတ်ဆက်ပေးပြီး လာရင်းအကြောင်းကို စိတ်ပါတက်ကြွ ရှင်းလင်းပြကာ ကျန်သည့်သူများကလည်း မျှော်လင့်ချက်ကိုယ်စီဖြင့် ငြိမ်၍ နားထောင်နေကြပေသည်။ ထို့နောက် သူတို့နှင့်အတူတစ်ပါတည်းယူဆောင်လာခဲ့သည့် ပတ္တမြားအရိုင်းတုံးအား အမျိုးသမီးကိုင် လက်ကိုင်အိတ်ထဲမှ ထုတ်ယူလိုက်ပါသည်။ တစ်ရှူးစက္ကူများဖြင့် အထပ်ထပ်ရစ်ပတ်ထားသော ပတ္တမြားအရိုင်းတုံး အား ရွှေဆိုင်များတွင် သုံးလေ့သုံးထရှိသည့် လက်ဝတ်ရတနာများထည့်သည့် အနီရောင် ဇစ်ဆွဲအိတ်အသေးလေးထဲမှ ထပ်မံထုတ်ယူလိုက်ကာ ကျွန်တော်၏ လက်ထဲသို့လွှဲပြောင်းပေးလိုက်ပါသည်။

ကျွန်တော်၏ လက်ထဲသို့ရောက်ရှိလာသော ပတ္တမြားအရိုင်းတုံး၏ ပုံသဏ္ဌာန်မှာ သစ်မြစ်ဆုံတစ်ခုကဲ့သို့ အောက်ခြေပိုင်းက အဖုအထစ်များနှင့်အပေါ်ပိုင်းကို လက်ညှိုးလုံးခန့်ရှူးသွားပြီး ၎င်းအထိပ်ပိုင်းကို "ပွတ်ချော" သွေးထားပါသည်။ ("ပွတ်ချော" ဆိုသည်မှာ ကျောက်သမားစကားဖြစ်ပြီး ကျောက်အရိုင်းတုံးတစ်တုံးလုံးကို လိုသလိုဖြတ်တောက်၍ လုံးချော(သို့) အကွက်ဖော်၍ ပုံကျသွေးထားခြင်းမဟုတ်ဘဲ မိမိဖော်ပြလိုသော ကျောက်သားနေရာကွက်ကွက်ကလေးကိုသာ (သို့) အရိုင်းတုံးပုံစံအတိုင်းသွေး၍ အရောင်တင်ထားခြင်းဖြစ်ပြီး ဝယ်သူမှ ထိုပွတ်ချောသွေးထားသော နေရာကိုကြည့်ရှု၍ ကျောက်တစ်တုံးလုံး၏ အရည်အသွေးကို ခန့်မှန်းအကဲဖြတ်နိုင်ရန် သွေးထားခြင်းဖြစ်ပါသည်။) ပွတ်ချောထားသည့် အရိုင်းတုံး၏အပေါ်ပိုင်းရှိ ကျောက်၏ အသွေးအရောင်မှာ ကြက်သွေးရင့်ရောင်ကဲ့သို့ ဖြစ်နေပြီး အလင်းပိတ်နီးပါးဖြစ်နေသောကြောင့် အရည်ကြီးနေပြီး အသားပိတ်နေသည့် ပတ္တမြားအရိုင်းတုံးနှင့် ခပ်ဆင်ဆင် တူနေပါသည်။ သို့သော်လည်း အဖုအထစ်များနှင့်ဖြစ်နေသော ပတ္တမြားအရိုင်းတုံး၏ အောက်ခြေပိုင်းသည် အရောင်များကွက်နေပြီး အချို့နေရာများသည် ပန်းသွေးရောင်ကဲ့သို့ ဖြစ်နေရာ အဖုအထစ်များ၏ ပုံသဏ္ဌာန်သည်လည်း ဖန်ရည်ကြိုစက်မှ ကြွင်းကျန်

အပြစ်အနာလုံးဝကင်း၍အရောင်လည်း ညီညာပြည့်ဝကာ ပကတိကြည်လင်သန့်စင်နေသော အသားရှိပြီး အရွယ်အစားလည်း ကြီးမားသော ပတ္တမြားအစစ်များသည် သဘာဝတွင်ရှားပါးသောကြောင့် အကယ်၍ယင်းကျောက်မျိုးကို တွေ့ရှိခဲ့ပါက သံသယစိတ်ဖြင့် သေချာစစ်ဆေးသင့်ပါသည်။



နေသည့် အလုံးအခဲများ၏ ပုံသဏ္ဍာန်နှင့်ဆင်တူနေပါသည်။

အရိုင်းတုံး၏ အရွယ်အစားမှာလည်း အပေါ်ပိုင်းက လက်ညှိုးလုံးခန့်ရှိ၍ လက်နှစ်ဆစ်ခန့်ရှည်ကာ အောက်ခြေပိုင်းတွင် အဖုအထစ်ပုံစံဖြင့် ကားထွက်လာပြီး ကွမ်းသီးလုံးသာသာခန့်ရှိပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ကျောက်ရိုင်းတုံးတစ်တုံးလုံးကို လှည့်ပတ်ကြည့်ရှုလိုက်ကတည်းက အခြေအနေအမှန်ကို ခန့်မှန်းရိပ်စားမိနေသော်လည်း ပိုမိုသေချာစေရန်နှင့် ကျောက်တစ်တုံးလုံးကို အသေးစိတ် ကြည့်ရှုစစ်ဆေးရန်အတွက် ကျောက်သမားတိုင်း အသုံးပြုနေကြဖြစ်သည့် (၁၀) ဆ ချဲ့၍ ကြည့်ရှုစစ်ဆေးနိုင်သော လက်ကိုင်မှန်ဘီလူး လေးအား ကျွန်တော်၏ အံဆွဲထဲမှ ထုတ်ယူလိုက်ပါသည်၊

**ပတ္တမြား၏ တွင်းထွက်ဗေဒ**

ပတ္တမြားသည် "ကိုရမ်ဒမ်"တွင်းထွက် (Corundum) မျိုးရင်းဝင်ကျောက်မျက်တစ်မျိုးဖြစ်ပြီး ၎င်း၏ပုံဆောင်စနစ်မှာ "သုံးမြောင့်ပုံစနစ်" (Trigonal System) တွင်ပါဝင်ပါသည်၊ သို့ရာတွင် ပတ္တမြားကို တွေ့ရှိရာဒေသနှင့် မျိုးကွဲများကိုလိုက်၍ ပတ္တမြား၏ ပုံသဏ္ဍာန်နှင့် ပုံဆောင်ခဲလေ့သည် အနည်းငယ်ကွာခြားတတ် ပါသည်။ "ကိုရမ်ဒမ်"တွင်းထွက်၏ မူလ ဓာတ်ဖွဲ့စည်းပုံမှာ အလူမီနီယမ်အောက်ဆိုဒ် ဖြစ်ပြီး အရောင်မဲ့ ဖြစ်ပါသည်။ ယင်းအလူမီနီယမ်အောက်ဆိုဒ်တွင် ခရိုမီယမ်ဒြပ်စင်တစ်ရာခိုင်နှုန်း ပါဝင်လာပါက နှစ်လိုဖွယ်ကောင်းသော ပထမတန်းစားအရည်ရှိတဲ့ အနီရောင်ကိုဖြစ်ပေါ်စေပြီး ယင်းအနီရောင် 'ကိုရမ်ဒမ်'ကိုပင် ပတ္တမြားဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ပတ္တမြားသည် နှစ်ရောင်ပြခြင်း (Dichroism) ဂုဏ်သတ္တိကို ထင်ရှားစွာပြသော ကျောက်မျက်ဖြစ်ပြီး အနီရောင်တွင် ခရမ်းရောင်နှင့် လိမ္မော်ရောင်တို့ ရောနှောလျက်ရှိတတ်ပါသည်။ ခရမ်းရောင်သမ်းသော အနီကို 'ခို့သွေး' ဟုခေါ်ဆိုပြီး အပြာရောင်သန်းသော အနီကို 'ယုန်သွေး'ဟုလည်း ယေဘုယျအားဖြင့် ခေါ်ဆိုကြပါသည်။ ကမ္ဘာပေါ်တွင် အမာဆုံးတွင်းထွက်မှာ 'စိန်'ဖြစ်ပြီး မိုး၏ မာဆင့်စကေး(Mohr's Hardness Scale) အရ (၁၀) ဖြစ်ကာ ပတ္တမြား နှင့်နီလာမှာ မာဆင့်(၉)ရှိပြီး ဒုတိယ အမာဆုံးတွင်းထွက်များဖြစ်ပါသည်။

ပတ္တမြား၏ သိပ်သည်းဆမှာ ထွက်ရှိရာနိုင်ငံဒေသတို့လိုက်၍ အနည်းငယ်ကွဲလွဲမှုရှိသော်လည်း ပျမ်းမျှသိပ်သည်းဆသည် ၃.၉၉၇ မှ ၄.၀ အထိရှိပါသည်။ ပတ္တမြားသည်ကြမ်းသောအက်ရာမှ ခရုပတ်အက်ကြောင်းအထိ ရှိပြီး ကြွပ်ဆတ်သောကြောင့် မာကျောသောကြမ်းပြင်ပေါ်သို့ လွတ်ကျလျှင်ဖြစ်စေ၊ တစ်ခုခုနှင့် ထိခိုက်မိလျှင်ဖြစ်စေ၊ ကျောက်သား၏ အတွင်းပိုင်းတွင်



**အရိုင်းတုံး၏ထိပ်ပိုင်းကိုပွတ်ချော သွေးထားရခြင်းမှာ ကျောက်သမား ဖြစ်သောသူမ၏အဖေက စမ်းသပ်သည့်သဘောဖြင့် သွေးကြည့်ခြင်းဖြစ်ဟန်တူပါသည်။**

အနာအဆာများဖြစ်ပေါ်လာတတ်သ ဖြင့် ကိုင်တွယ်ရာတွင် များစွာသတိထားရမည်ဖြစ်ပါသည်။ ပတ္တမြားတွင် ကွဲအက် (Cleavage) စစ်မရှိဘဲ ကွဲအင်ဆောင်(သို့) အခြေတည်ပြင်ညီနှင့် ပြိုင်နေသောခွဲခြားပြင်ညီများ (Parting Planes) နှင့် ပရစ်ဇမ်(Prism) နှင့် မှန်ကူမျက်နှာပြင်များနှင့်ပြိုင်တန်းနေသော မထင်ရှားသည့် ခွဲခြားပြင်ညီများရှိပါသည်။ ပတ္တမြား၏ အလင်းပိုင်ညွှန်းကိန်းမှာ သာမန်အားဖြင့် ပြောင်းလဲခြင်းမရှိဘဲ တစ်သမတ်တည်းရှိကာ ယေဘုယျအားဖြင့် အလင်းတန်းထူး(E) = ၁.၇၆၀ နှင့် သာမန်အလင်းတန်း (O) = ၁.၇၆၈ တို့ဖြစ်ပါသည်။ ပတ္တမြား၏အရောင်ကွဲ အညွှန်းကိန်းသည် ၀.၀၀၈ ဖြစ်ပါသည်။ ပတ္တမြားတွင် အလင်းတောက်ခြင်းဂုဏ်သတ္တိရှိပြီး ခရိုမီယမ်ဓာတ်ပါဝင်နေခြင်းကြောင့် ခရမ်းလွန်ရောင်ခြည်အောက်တွင် အနီရောင်တောက်ခြင်းကိုပြပါသည်။ ပတ္တမြားတွင် အောင်းဝင်(Inclusion) များအနေဖြင့် ဓာတ်ငွေ့၊ အရည်နှင့်အစိုင်အခဲ(၃)မျိုးစလုံးကို တွေ့ရှိရပါသည်။ အောင်းဝင်များသည် တွင်းထွက်များ၏ မွေးရာပါအမှတ်အသားများဖြစ်ပြီး အောင်းဝင်များ၏ သဘာဝကို လေ့လာခြင်းအားဖြင့် ကျောက်မျက်များ၏ထွက်ရှိရာ ဒေသကိုလေ့လာနိုင်သလို ကျောက်မျက်အတုနှင့် အစစ်ကိုခွဲခြားရာတွင်လည်း များစွာအသုံးဝင်ပါသည်။ အထူးသဖြင့် မြန်မာ့ပတ္တမြားပုံဆောင်ခဲများတွင် ပိုးမျှင်ကလေးများနှင့်တူသော 'ရှုတိုင်း'(Rutile) တွင်းထွက် အောင်းဝင်ကလေး သုံးစုံ ပါရှိပါသည်၊ ၎င်းအပြင် မြန်မာ့ပတ္တမြား အောင်း ဝင်များတွင် ရှုတိုင်းပုံဆောင်ခဲများ၊ နဂါးသွဲ့ (Apatite) များနှင့်လချေး ပြား (Mica) များ၊ ကိုရမ်ဒမ်ထဲတွင် ကိုရမ်ဒမ် အောင်းဝင်များ ဝင်နေခြင်း၊ ဇော်မှတ် (Zircon) နှင့် ဥဒေါင် (Garnet) အောင်းဝင်များကိုလည်း တွေ့ရှိပါသည်။

**ချက်ကျောက်ပတ္တမြား(သို့) ဓာတုဗေဒပတ္တမြား**

၁၈၈၅ ခုနှစ်လောက်ကပင် ဓာတုဗေဒ ပတ္တမြားချက်ကျောက်များသည် ကမ္ဘာ့ကျောက်မျက်ဈေးကွက်တွင် စတင်နေရာ ယူနေပြီး လူများကလည်း ပတ္တမြားအစစ်ဟု ထင်မှတ်နေကြပါသည်။ ၁၈၉၅ ခုနှစ်တွင် 'မိုင်ချော့'(Michod) ဆိုသူပြုလုပ်ခဲ့သော ပတ္တမြားချက်ကျောက်များသည် ပတ္တမြားအစစ်နှင့်များစွာ တူပါသည်။ ပြင်သစ်ဓာတုဗေဒပညာရှင် 'ဩဂတ်စတီးဗာနီး' (Auguste Verneuil) ကလည်း နှစ်ပေါင်းအတန်ကြာ သုတေသနပြုလုပ်ခဲ့ပြီး နောက် အရွယ်အစားကြီးမားသော ဓာတုဗေဒ ပတ္တမြားချက်ကျောက်များကို အောင်မြင်စွာ ချက်လုပ်နိုင်ခဲ့ပြီးသူ၏ နည်း နိဿယများကို ၁၉၀၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် ၁၉၄၇ ခုနှစ်လောက်တွင် ပတ္တမြားဂေါ်ကြီးအတုများကိုပါ ချက်လုပ်နိုင်ခဲ့ကြောင်း သိရပါ၍ ပတ္တမြားချက်ကျောက်များကို ပြင်သစ်နိုင်ငံသားက အောင်မြင်ချက်လုပ်နိုင်ခဲ့ပြီး ၎င်း၏ နည်းစနစ်များကို ကမ္ဘာသို့ပါ ဖြန့်ဝေနိုင်ခဲ့သဖြင့် နောင်အခါတွင် ကျောက်မျက်ဈေး ကွက်ထဲ၌ ပတ္တမြားချက်ကျောက်များကို 'ပြင်သစ်ပတ္တမြား'(သို့) 'ပြင်သစ်ချက်ကျောက်များ' ဟုလည်း ခေါ်ဆိုကြသလို ကျောက်မျက်အဖြစ် သွေးပြီးအသုံးမပြုရသေးသော ချက်ကျောက် အရိုင်းတောင့်များသည်လည်း ဝက်အူချောင်းကဲ့သို့ အနီရောင် အချောင်းပုံများဖြစ်နေသဖြင့် ကျောက်သွေးသမားလောကတွင် ယင်းဓာတုဗေဒပတ္တမြားချက်ကျောက် အရိုင်းချောင်းများကို 'ပိုချောင်း'များဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်၊ နှစ်စုခန့်ကလည်း ကျောက်မျက် ကုန်သည်အချို့သည် မြန်မာနိုင်ငံအတွင်းသို့ ဓာတုဗေဒချက်ကျောက် အရိုင်းချောင်းများကို သွင်းယူလာပြီး လုပ်အားခ (ကျောက်သွေးခ) သက်သာသည့် မြန်မာနိုင်ငံတွင် ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် သွေးပြီးသား ကျောက်မျက်များကို တစ်ဖက်နိုင်ငံသို့ ပြန်လည်ပေးပို့ကာ ဖန်စီလက်ဝတ်ရတနာများ ပြုလုပ်၍ ကမ္ဘာအနှံ့ ကျောက်မျက်ဈေးကွက်များသို့ ဖြန့်ဖြူးခဲ့ကြပါသည်။ ထိုကဲ့သို့ ဓာတုဗေဒ ချက်ကျောက်များကို အခြေအနေနှင့် အချိန်အခါပေါ်မူတည်၍ ဈေးကွက်အတွင်းအမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သမုတ် ခဲ့ကြပြီး ဈေးကွက်တင်ရောင်းချခဲ့ရာတွင် အမည်နာမအားဖြင့် ပြင်သစ်ချက်ကျောက်မှသည်

Asian Family Media Group

ရုရှားစိန်၊ အမေရိကန်စိန်၊ ရုရှားချက်ကျောက်၊ အမေရိကန်ချက်ကျောက်များဟု အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြပြီး ယခုအခါ ကိုးရီးယားဇာတ်လမ်းတွဲများ မြန်မာပြည်တွင် ခေတ်စားလာသည့်အခါတွင်တော့ ဈေးကွက်ထဲတွင်လည်း အဖြူရောင်ဓာတုဗေဒချက်ကျောက်များကို 'ကိုရီးယားစိန်' ဟုပင် အမည်ကင်ပွန်းတပ်၍ အကွက်မြင်သူ ကျောက်မျက်ကုန်သည်ပွဲစားတို့က အမည်သစ်ဖြင့် ဈေးကွက်တင်ထိုးဖောက်နေရာယူ ရောင်းချနေကြပြီ ဖြစ်ပါသည်။

**ပတ္တမြားအတုနှင့် အစစ်ခွဲခြားပုံ**

ပတ္တမြားအတုနှင့် အစစ်ကိုခွဲခြားရာတွင် ကျောက်မျက်များစမ်းသပ်စစ်ဆေးသည့် ဓာတ်ခွဲခန်း၌ သိပ္ပံနည်းကျစမ်းသပ်စစ်ဆေးသည့် နည်းစနစ်များစွာရှိသော်လည်း ယခုအခါ သိသာ မြင်သာပြီး အလွယ်တကူစမ်းသပ်စစ်ဆေးနိုင်သည့် နည်းလမ်းများကိုသာ ဦးစားပေးဖော်ပြသွားမည် ဖြစ်ပါသည်။

ဓာတုဗေဒချက်ကျောက်ပတ္တမြားကို (၁၀) ဆချဲ့အဏုကြည့်လက်ကိုင်မှန်ဘီလူးဖြင့် ကြည့်ရှုရုံမျှပင် ကျောက်သားအတွင်း၌ ဓာတ်ငွေ့ပူဖောင်းများစွာပါဝင်နေပြီး ယင်းတို့၏ ပါဝင်မှုကြောင့် ကျောက်၏အရောင်မှာကြည်လင်သန့်ရှင်းမှုမရှိပါ။ ဓာတုဗေဒချက်ကျောက်များသည် ရုတ်တရက်အေးခဲရသောကြောင့် အပြစ်အနာအလွန်များပါသည်။ အသိသာဆုံးအချက်မှာ ကျောက်သား၏ ကြီးထွားလမ်းကြောင်းများသည် ဖြောင့်တန်းမနေဘဲ ဓာတ်ပြားစင်းများကဲ့သို့ ကွေးကောက်နေခြင်းဖြစ်ပါသည်။ တွင်းထွက်ပတ္တမြားအစစ်တွင် ကြီးထွားလမ်းကြောင်းများနှင့် အရောင်စုံများသည် ဖြောင့်တန်းနေကြပြီး မူလပုံဆောင်ခဲ၏ ယေဘုယျအနေအထားအတိုင်း ပြိုင်တန်းနေကြပါသည်။ ချက်ကျောက်ပတ္တမြားတွင် တွေ့ရလေ့ရှိသော ဓာတ်ငွေ့ပူဖောင်းများကို တွင်းထွက်ပတ္တမြားအစစ်တွင် တွေ့ရလေ့မရှိပါ။ ပတ္တမြားအစစ်တွင် ကျောက်သားထဲ၌ အောင်းဝင်နေသည့် ကိုရမ်ဒမ်၊ ဝေါမှတ်၊ ရူတိုင်း၊ အညှိလချေးနှင့်ဟီမတိုက်စသည့် တွင်းထွက် အောင်းဝင်များသာတွေ့ရတတ်ပါသည်။ ပြားချပ်သေးငယ်သည့် အခေါင်းငယ်သည်လည်း အရည်ဖြင့်ပြည့်နေတတ်ပြီး ကွေးကောက်နေကာ ငှက်မွေးပုံသဏ္ဌာန်ဖြစ်ပေါ်နေတတ်ပါသည်။ တစ်ခါတစ်ရံ ဓာတုဗေဒပတ္တမြားကို သွေးရာတွင် နေရာအလိုက်အပူချိန်လွန်ကဲမှုကြောင့် သေးငယ်သောရေလှိုင်းအသွင် အက်ကြောင်းများကို မျက်နှာပြင်နှစ်ခုတွေ့ဆုံရာ ဖောင်းအနီးတွင် တွေ့ရတတ်ပါသည်။

ဓာတုဗေဒပတ္တမြားတွင် ပါဝင်သည့် ဓာတ်ငွေ့ပူဖောင်းကလေးများသည် လုံးဝန်းသောပုံရှိပြီး အလွန်သေးငယ်သည့် အမည်းစက်ကလေးများသဖွယ်ကွေးနေသော အစင်းကြောင်းများအဖြစ် ကြီးထွားလမ်းကြောင်းနှင့် ကန့်လန့်ဖြတ်ပေါ်ထွက်နေတတ်ပါသည်။ အကယ်၍ သဘာဝပတ္တမြားအစစ်တို့တွင် ဓာတ်ငွေ့ပူဖောင်းများပါရှိလျှင်လည်း လုံးဝန်းသောပုံမရှိပေ။ အပြစ်အနာလုံးဝကင်း၍ အရောင်လည်း ညီညာ ပြည့်ဝကာ ပကတိကြည်လင်သန့်စင် နေသော အသားရှိပြီး အရွယ်အစားလည်း ကြီးမားသော ပတ္တမြားအစစ်များသည် သဘာဝတွင်ရှားပါးသောကြောင့် အကယ်၍ ယင်းကျောက်မျိုးကို တွေ့ရှိခဲ့ပါက သံသယစိတ်ဖြင့် သေချာစစ်ဆေးသင့်ပါသည်။

**ပေဖေထားခဲ့တဲ့ အရိုင်းတုံး**

ပတ္တမြားအရိုင်းတုံးကို လက်ကိုင်မှန်ဘီလူးလေးဖြင့် လှည့်ပတ်ကြည့်ရှုနေရင်းက ၎င်းပတ္တမြားအရိုင်းတုံးကို မည်သို့မည်ပုံရရှိခဲ့သည်ကို သိရှိသဖြင့် ၎င်းပတ္တမြားအရိုင်းတုံးကို ပိုင်ဆိုင်သည်ဆိုသော ပိုင်ရှင်ဖြစ်သူ အမျိုးသမီးအား 'ဒီအရိုင်းတုံးက ဘယ်လိုရရှိခဲ့တာလဲ' ဟုမေးမြန်း ကြည့်လိုက်ပါသည်။ ထိုအခါ ၎င်းအမျိုးသမီးမှ သူ၏ဖခင်သည် မိုးကုတ်မှ ကျောက်တွင်းသမား ဖြစ်ပြီး အဖေဆုံးပါးလွန်သွားသောအခါ ကျန်ရစ် ခဲ့သော အဖေ့ပစ္စည်းများထဲမှ ကျောက်တစ်ပွင့် ဖြစ်သည်ဟုဆိုပါသည်။ ထို့ကြောင့် ယင်းကျောက် အရိုင်းတုံးကို ပိုင်ဆိုင်ခဲ့သည့် မူလပိုင်ရှင်ဖြစ်သော ထိုအမျိုးသမီး၏ ဖခင်သည်လည်း ယခုအခါ ကွယ်လွန်သွားပြီဟု ပြောလာသဖြင့် ယင်းကျောက်အရိုင်းတုံးနှင့် ပတ်သက်သည့် သမိုင်းကြောင်းဇာစ်မြစ်များကို ထပ်မံမေးမြန်းဆန်းစစ်ရန်မှာ မဖြစ်နိုင်တော့ပါ။ ဤသို့ဖြင့် ကျွန်တော်သည်လည်း ကျောက်အရိုင်းတုံးကိုသာ အာရုံစိုက်၍ လက်ကိုင်မှန်ဘီလူးဖြင့် အပြန်ပြန်အလှန်လှန် ဆက်လက်ကြည့်ရှုစစ်ဆေးနေမိပါတော့သည်။ အရိုင်းတုံး၏ ထိပ်ပိုင်းကို ပွတ်ချောသွေးထားခြင်းမှာ ကျောက်သမားဖြစ်သော သူမ၏ အဖေက စမ်းသပ်သည့်သဘောဖြင့် သွေးကြည့်ခြင်းဖြစ်ဟန် တူပါသည်။ ထိုကဲ့သို့ သွေးထားသဖြင့်လည်း ကျောက်အရိုင်းတုံးအား မှန်ဘီလူးဖြင့် စစ်ဆေးကြည့်ရှုရာတွင်ပို၍ အထောက်အကူဖြစ်စေပြီး အလင်းမှုန်နီးပါးဖြစ်နေသော ကျောက်သား၏ အတွင်းပိုင်းထဲသို့ရောက်အောင် ကြည့်ရှုစစ်ဆေးနိုင်သဖြင့် မိမိသိရှိလိုသော အချက်အလက် အထောက်အထားများကို ပိုမိုလွယ်ကူစွာ သိရှိနိုင်ပါသည်။

ကျောက်အရိုင်းတုံး၏ အပြင်ပန်းအနေအထားများကို ကြည့်ရှုရုံနှင့်ပင် ထိုမျှလောက်ကြီးမားသော အရိုင်းတုံးသည် သဘာဝတွင် တွေ့ရှိရန်ခက်ခဲသလို သဘာဝတွင်းထွက်ပုံဆောင်ခဲ၏ အမှတ်အသားအကြွင်းအကျန်များလည်း အနည်းနှင့်အများဆိုသလို ပါဝင်နေရမည်ဖြစ်သော်လည်း ယခုအခါ အရိုင်းတုံး၏ ပုံသဏ္ဌာန်သည် ပုံမဲ့သဏ္ဌာန်မျိုးဖြစ်နေပါသည်။

ထို့အပြင် ကျွန်တော့်မိတ်ဆွေနှင့် အပေါင်းအပါများယူလာသော ပတ္တမြားအရိုင်းတုံးသည် ဓာတုဗေဒချက်ကျောက်ပတ္တမြားအချောင်း(ပိုချောင်း) ၏ အထိုင်အောက်ခြေပိုင်း(ချက်ကျောက်ဂျိုးအပိုင်း) နှင့်ပို၍ ဆင်တူနေပါသည်။ ကျောက်တစ်တုံးလုံး၏ အနီရောင်မှာလည်း အနု၊ အရင့် ညီညာမှုမရှိဘဲ အရောင်များကွက်၍ မညီမညာဖြစ်နေပြီး(ကျောက်သမားအခေါ် အရည်ကွက်နေပြီး) အောက်ခြေပိုင်းရှိ အဖုအထစ်များသည် ဖန်ရည်ကျိုစက်မှ ကွင်းကျန်ခဲ့သော အလုံးအခဲပုံမျိုးပေါက်နေပါသည်။

ထို့အပြင် လက်ကိုင်မှန်ဘီလူးအောက်တွင် အထင်းသားတွေ့ရှိနေရသော ကျောက်သားအတွင်းရှိ စက်လုံးပုံဓာတ်ငွေ့ ပူဖောင်းငယ်ကလေးများနှင့် ဓာတ်ပြားစင်းများကဲ့သို့ ဖြစ်နေသည့် ကွေ့ကောက်နေသော ကြီးထွားလမ်း ကြောင်းများသည် သဘာဝတွင်းထွက် ကျောက် အစစ်များတွင် တွေ့ရလေ့မရှိသည့် အမှတ် အသားများဖြစ်နေခြင်း၊ ကျောက်သားတွင်းရှိ အက်ရာအစင်းများသည်လည်း ကြီးထွားလမ်း ကြောင်းများကို ကန့်လန့်ဖြတ်အနေအထားမျိုး ဖြင့် တည်ရှိနေခြင်း၊ သဘာဝတွင်းထွက် အစစ် များတွင် ပါဝင်လေ့ရှိသည့် တွင်းထွက်ကျောက်တို့၏ မွေးရာပါအမှတ်အသားဟုခေါ်ဆို နိုင်သော အောင်းဝင်(Inclusion)တွင်းထွက်များ မပါရှိခြင်းတို့သည် ဓာတုဗေဒချက်ကျောက် ပတ္တမြားဖြစ်ကြောင်း ကို သက်သေခံလျက်ရှိပါသည်။

ထိုကဲ့သို့ ကျွန်တော်မှ ကျောက်အရိုင်းတုံးအားကြည့်ရှုစစ်ဆေးနေစဉ် ကျွန်တော့်မိတ်ဆွေ အပါအဝင်သူ၏ အပေါင်းအပါများအားလုံးသည် အတွေးကိုယ်စီဖြင့် ငြိမ်သက်၍ ကျွန်တော်ပြောကြားလာမည့် အဖြေတစ်ခုအား စိတ်ဝင်စားစွာဖြင့် စောင့်ဆိုင်းနေကြပါသည်။ ကျွန်တော်လည်း ပတ္တမြားအရိုင်းတုံးအား လိုအပ်သည်များအားလုံးကို တတ်နိုင်သလောက်ကြည့်ရှုစစ်ဆေးလိုက်ပြီး ဦးခေါင်းကို တစ်ချက်မော့၍ ကျွန်တော်မိတ်ဆွေနှင့် အကြည့်ချင်းဆုံလိုက်ချိန်တွင်တော့ ကျွန်တော့်မိတ်ဆွေမှ "ဆရာ. . . အခြေအနေကောင်းရဲ့လား"၊ "ပတ္တမြားရောစစ်ရဲ့လား" ဟု မေးမြန်းလာပါသည်။ ထိုအခါ ကျွန်တော့်အနေနှင့် လည်း သူတို့ပြောသည့် ပတ္တမြားအရိုင်းတုံးနှင့် ပတ်သက်သည့် သိပ္ပံနည်းကျအချက်အလက်အချို့ကို နားလည်အောင် ရှင်းလင်းပြောကြားပြီး စိတ်မကောင်းစွာနှင့်ပင် ယူလာသောပတ္တမြားအရိုင်းတုံးဆိုသည်မှာ သဘာဝတွင်းထွက်ပတ္တမြားအစစ် မဟုတ်ဘဲဓာတုဗေဒ ပတ္တမြားချက်ကျောက်၏ အစိတ်အပိုင်း တစ်ခုသာဖြစ်ကြောင်း အမှန်အတိုင်း ပြောပြလိုက်ပါတော့သည်။

**သိန်းဝိုင်**(M.Engg.Geol)



# မြို့ကြီးများ၏ လေထုညစ်ညမ်းမှု

ကျော်ဦး

*အာရှမြို့ကြီးအများအပြားနှင့် အာဖရိက မြို့ကြီးအချို့တွင် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း အရှိန်အဟုန်နှင့် စီးပွားရေးဖွံ့ဖြိုးလာမှုကြောင့် မြို့သူမြို့သားတို့၏ လူနေမှုအဆင့်အတန်းအတွက် ကောင်းကျိုးများ ပေါ်ထွက်လာသော်လည်း ယင်းကောင်းကျိုးများနှင့် ယှဉ်တွဲပါလာသော ဘေးထွက်ဆိုးကျိုးများကိုလည်း ခံစားနေကြရသည်။*

အာရှနှင့်အာဖရိက မြို့ကြီးသားများ ရင်ဆိုင်နေရသည့် ဘေးထွက်ဆိုးကျိုးများအနက် တစ်ခုမှာ ရံခါတွင် မြင်သာထင်သာအဆင့်အထိရောက်ကာ ရံခါတွင် မြင်ပင်မမြင်ရသည့် လေထုညစ်ညမ်းမှုဖြစ်သည်။ မော်တော်ယာဉ်အရေအတွက် တိုးပွားလာခြင်း၊ စက်ရုံများပြားလာခြင်း စသည်တို့ကြောင့် ပေကျင်း၊ နယူးဒေလီနှင့် ဂျကာတာ စသည့် မြို့တော်များတွင် မီးခိုးမြူမှုန်လွှမ်းမှုများကို မကြာခဏ ကြုံတွေ့နေရကာ အခြားမြို့ကြီးအများအပြားတွင်လည်း လူတို့၏ ကျန်းမာရေးကို ထိခိုက်သည်အထိ လေထုညစ်ညမ်းမှု ဆိုးရွားလာလျက် ရှိသည်။



Asian Fame Media Group



မော်တော်ယာဉ် အိပ်ဇောအငွေ့များတွင် ပါသည့် အမှုန်နှင့် ဓာတ်ငွေ့များအပြင် ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်လာသည့် အမှုန်များက အာရှနှင့်အာဖရိကမြို့ကြီးများတွင် ဆိုးရွားသော အကျိုးဆက်များကို ပေါ်ပေါက်စေလျက်ရှိသည်။

'လန်းဆက်' ဆေးပညာဂျာနယ်တွင် ဖော်ပြထားချက်အရ လေထုညစ်ညမ်းမှုကို အခြေခံသော ရောဂါများကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၁၀ ခုနှစ်က လူပေါင်း ၃ သန်း ၂ သိန်း သေဆုံးခဲ့ရသည်။ ယင်းဖြစ်စဉ်ကြောင့် ၂၀၀၀ ခုနှစ်က သေဆုံးသူ ၈ သိန်းမျှရှိခဲ့ရာ ၁၀ နှစ်အတွင်း ၄ ဆ တိုးလာခြင်းပင်ဖြစ်သည်။ သေဆုံးသူ ၃ သန်း ၂ သိန်းအနက် ၆၅ ရာခိုင်နှုန်းသည် အာရှမြို့ကြီးများမှ ဖြစ်သည်။ အရှေ့အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံတို့တွင် လူ ၁ ဒသမ ၂ သန်း သေဆုံးခဲ့ပြီး တောင်အာရှနိုင်ငံများ၌ သေဆုံးမှုပမာဏသည် ၇၁၂၀၀၀ ယောက်ဖြစ်သည်။

မော်တော်ယာဉ်နှင့် စက်ရုံမီးခိုးများကြောင့် ဖြစ်သော ပြင်ပလေထုညစ်ညမ်းမှုကြောင့် သေဆုံးသော အရေအတွက်နှင့် ထင်းနှင့်မီးသွေးမီးဖိုများကြောင့်ဖြစ်သော အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် သေဆုံးရသော အရေအတွက်နှစ်မျိုးပေါင်းသည် သွေးတိုးရောဂါပြီးသည့်နောက် ကမ္ဘာတွင် ဒုတိယအသေအပျောက် အများဆုံးအကြောင်းရင်းဖြစ်လာသည်။ ထို့ပြင် လေထုညစ်ညမ်းမှုကြောင့် သေဆုံးရသော အရေအတွက်သည် အခြားသေဆုံးရခြင်း အကြောင်းရင်းများထက် လျင်မြန်စွာ တိုးတက်လာလျက်ရှိသည်။

လေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်သော အသေအပျောက်များ၏ ထက်ဝက်သည် မော်တော်ယာဉ်နှင့် စက်ကိရိယာများမှထွက်သော အိပ်ဇောအမှုန်များကြောင့် ဖြစ်သည်။ ညစ်ညမ်းလေထုသည် ကင်ဆာရောဂါအပြင် အော့တစ်ဇင်းကဲ့သို့ အသက်အန္တရာယ်မပြုသည့် ရောဂါများကိုလည်း ဖြစ်ပွားစေသည်။ လေထုညစ်ညမ်းမှုကြောင့် လေဖြတ်ခြင်း၊ နှလုံးရောဂါများလည်း ဖြစ်ပွားနိုင်သည်။

စီးပွားရေးဖွံ့ဖြိုးမှုသည် ကမ္ဘာ့မြို့ကြီးအတော်များများတွင် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ပေါ်နေသော်လည်း လေထုညစ်ညမ်းမှုသည် ယင်းမြို့ကြီးများအားလုံးတွင် ပိုမိုဆိုးရွားလာနေခြင်း မရှိပေ။

မော်တော်ယာဉ်အိပ်ဇောမှထွက်သော ဓာတ်ငွေ့ကို လျှော့ချသော နည်းပညာများ ပေါ်ထွန်းလာခြင်း၊ ကျောက်မီးသွေးသုံး စက်ရုံများမှ ထွက်သော ညစ်ညမ်းဓာတ်ငွေ့ပမာဏကို လျှော့ချလာနိုင်ခြင်းစသည့် နည်းပညာများကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တစ်ချိန်ထက်တစ်ချိန် ပို၍ သုံးစွဲလာနိုင်လျက် ရှိသည်။ တစ်ချိန်တည်းတွင် လေထုညစ်ညမ်းမှုကို လျှော့ချသည့် ထိန်းချုပ်မှုဥပဒေများကို ပြဋ္ဌာန်းလိုက်နာစေခြင်းတို့ကြောင့် အမေရိကန်အပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ မြို့ကြီးအများအပြား၏ လေထုသည် မော်တော်ယာဉ်အရေအတွက် များလာသည့်အထဲမှ လွန်ခဲ့သော နှစ်ပေါင်း ၃၀ - ၄၀ ခန့်ကထက် ပို၍ သန့်ရှင်းလာလျက် ရှိသည်။

သို့သော် တရုတ်၊ အိန္ဒိယစသည်တို့ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၏ မြို့ကြီးများတွင်မူ လေထုညစ်ညမ်းမှုသည် ပို၍ ဆိုးရွားလာလျက်ရှိသည်။

လေထုညစ်ညမ်းမှုကို တိုင်းတာရာ၌ လေထုအရည်အသွေး အညွှန်းကိန်း (Air Quality Index) ကို စံအဖြစ် သုံးစွဲလျက်ရှိသည်။ အမေရိကန်ပတ်ဝန်းကျင် အေဂျင်စီ၏ သတ်မှတ်ချက်အရ အညွှန်းကိန်းအမှတ် ၁၀၀ သည် ရောဂါရလွယ်သူအချို့နှင့် ကိုယ်ခံအားနည်းသူများအတွက် အန္တရာယ်အဆင့်ဟု သတ်မှတ်ပြီး ၄၀၀ ကို လူအားလုံးအတွက် အန္တရာယ်ရှိသည်ဟု သတ်မှတ်သည်။ တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် လေထုအရည်အသွေးအညွှန်းကိန်းသည် ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းက ၇၅၅ အထိ ရောက်ရှိခဲ့သည်။

ထို့အတူ လေထဲရှိ အလွန်သေးငယ်သော အမှုန်များသည် အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ထဲရောက်လျှင် ရောဂါရစေနိုင်သည်။ အရွယ်အစား ၂ ဒသမ ၅ မိုက်ကရွန်နှင့် ယင်းထက်ငယ်သော အမှုန်များသည် လူ့ကျန်းမာရေးကို ထိခိုက်စေ၍ ယင်းအမှုန်များကို စံအဖြစ် တိုင်းတာ လေ့လာကြသည်။ အမေရိကန်နိုင်ငံ၏ သတ်မှတ်ချက်အရ လေထုသည် ၁ ကုဗမီတာတွင် ၂ ဒသမ ၅ မိုက်ခရွန်နှင့် ယင်းထက်ငယ်သော အမှုန်များ ၃၅ မိုက်ခရိုဂရမ်ထက် ပို၍ မပါစေသင့်ဟု သတ်မှတ်ထားသော်လည်း ပေကျင်းတွင် တရုတ်နှစ်ကူးကာလက ၇၀၀ မိုက်ခရိုဂရမ် ကျော်သွားသည်။ အိန္ဒိယနိုင်ငံ၏ အချို့ ဒေသများတွင် ဒေပါဝလီပွဲတော်ရက်များတွင် ၁၀၀၀ ကျော်သည် အထိ ရောက်ရှိသည်။


ယင်းကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ မြို့တော်များတွင် လေထုညစ်ညမ်းမှု ပိုဆိုးလာနေခြင်းသည် ဖွံ့ဖြိုးအောင် လုပ်ကြရာတွင် စနစ်ကျကောင်းမွန်သော မြို့ပြစီမံကိန်းများများမရှိဘဲ ပရမ်းပတာ ဖွံ့ဖြိုးကြီးထွားနေ၍ ဖြစ်သည်ဟု ကောက်ချက်ချကြသည်။

ဖွံ့ဖြိုးမှု၏ပြယုဂ်ဖြစ်သော ကားစီးရေ အဆမတန် များလာခြင်းသည် လေထုညစ်ညမ်းမှု၏ အကြောင်းရင်းတစ်ခုဖြစ်နေရာ ကားစီးရေကို အထိန်းအချုပ်မရှိ ပွားများခွင့်မပြုသင့်ဟု ဆိုကြသည်။ ကားစီးရေကို ထိန်းချုပ်သော နိုင်ငံများတွင် လေထုညစ်ညမ်းမှု သက်သာပြီး ကားစီးရေကို မထိန်းချုပ်နိုင်လျှင် လေထုပို၍ ညစ်ညမ်းကြောင်း သာဓကများရှိနှင့်ပြီး ဖြစ်သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်တွင် လူ ၁၀၀၀ လျှင် ကားစီးရေ ၂၀၀ ခန့်ရှိရာ အိန္ဒိယထက်ပို၍ ချမ်းသာသော စင်ကာပူထက် ကားစီးရေအချိုး များပြားနေသည်။ စင်ကာပူတွင် ကိုယ်ပိုင်ကားများ အသုံးပြုခြင်းကို အားမပေးဘဲ ဘတ်စကား၊ ရထားစသည့် အများသုံးပို့ဆောင်ရေးယာဉ်များကို လုံလောက်စွာ ထားရှိပေးသည်။ အိန္ဒိယတွင်မူ ယင်းမူဝါဒမျိုးမရှိသဖြင့် စင်ကာပူထက် ကိုယ်ပိုင်ယာဉ်အသုံးပြုမှုအချိုး များပြားကာ လေထုညစ်ညမ်းပြီး မြို့နေလူများလည်း ရောဂါပိုရနေကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ကားစီးရေကို မထိန်းချုပ်ဘဲ ထားလျှင် ဝင်ငွေပိုကောင်းလာသည်နှင့်အမျှ ကားဝယ်စီးနိုင်သူ ပိုများလာရန်ရှိပြီး အကျိုးဆက်အဖြစ် လေထုညစ်ညမ်းမှုလည်း ပို၍ ဆိုးရွားလာကာ ရောဂါပို၍ ဖြစ်ပွားလာရန် ရှိနေသည်။

**ကျော်ဦး**



ကတ်သီးကတ်သတ်ပြောတဲ့
# တောက်တီးတောက်တဲ့



## ယနေ့ကာလ ဈေးကွက်လုကြလေသောအခါ

ဒီမိုကရေစီခေတ်ဆိုတာကြီးကတော့ သြချ လောက်ပါပေရဲ့။ ကနေ့ခေတ်ဈေးကွက် စီးပွားရေး ခေတ်မှာ ဈေးကွက်လုကြ နေရာလုကြပုံများ ကတော့ ကိုလိုနီခေတ်က ဦးနာဒအောက်နဲ့ ဧရာဝတီတို့လောက်ကို သနားသေး . . .။

အဂ္ဂဗျူဟာ၊ မဟာဗျူဟာ၊ စုဋ္ဌဗျူဟာတွေနဲ့ အမျိုးမျိုးအကွက်ချပြီး ဈေးကွက်လုကြပုံများ တစ်မျိုးနဲ့တစ်မျိုး မရိုးနိုင်အောင်ပါပဲလေ။

ဟော. . . လေကြောင်းလိုင်းတွေမှာဆိုလည်း ဘတ်ဂျက်လေကြောင်းလိုင်းတွေ များလာပြီး ဖောက်သည်တွေကို ၂ မျိုးခွဲ၊ သူ့အတန်းအစားနဲ့သူ ဝန်ဆောင်မှုတွေ အပြိုင်ပေးကြတော့ စီးသူ အတွက်ဟန်ကျလှပေမယ့် လေကြောင်းလိုင်းတွေအတွက်ကတော့ သိပ်မဟန်၊ သိပ်မနိုင် . . .။


စာနယ်ဇင်းလောကမှာလည်း ပုဂ္ဂလိက နေ့စဉ်သတင်းစာတွေ ပေါ်လာကြ သူက စာမျက်နှာ ၂၀ ဆို၊ ကိုယ်က ၂၄ မျက်နှာ၊ နောက်တစ်ယောက်က ၃၂ မျက်နှာ၊ ၄၀ . . . ထဲ. . . ကြာပါတယ်ကွာ . . . အလကားပေးတယ်ဟေ့ဆိုတဲ့ ဖရီးကော်ပီသတင်းစာပါ ပေါ်လာပြန်တော့ စာဖတ်သူတွေ ဟန်ကျလှပေမယ့်၊ ထုတ်ဝေသူတွေ သိပ်မဟန်၊ သိပ်မနိုင် . . .။

ဒီလို ဈေးကွက်စီးပြားရေး . . . အဲလေ. . . ဈေးကွက်စီးပွားရေးခေတ်မှာ . . . တောက်တီးတောက်တဲ့တို့လို စာပေချစ်သူတွေ သတင်းစာထပ်ထုတ်လိုက်မိလို့ကတော့ အပ်ထုတ်တဲ့ တရုတ်ပြည်ကို အပ်သွားရောင်းသလိုဖြစ်နေမလား. . .။ ဒါမှမဟုတ် ဈေးသည်တွေ ကုန်ထုတ်ဖို့အတွက်များ ဖြစ်နေမလား. . .။ ဘော်တာယ်ကုလားတွေ အတွက် စက္ကူပိဿာချိန်ပိုရသွားလေမလား. . .။ ခုတောင် ပိဿာချိန်ဈေးတွေ ထိုးကျနေလို့တဲ့။ ကိုင်း. . . . စဉ်းစားကြပါဦး. . .။

# Funny Photo


ဆော့လွန်းလို့ပါကွယ်


သေချာကြည့်ကြနော်


ဦးထုပ်သည် အရာရာကို ပြောင်းလဲစေ၏ It's the hat.



မင်းဝေးဝေးမှာ နေပါကွာ

# Funny Clone Image



ကတ်သီးကတ်သတ်ပြောတဲ့

# တောက်တီး တောက်တဲ့



## တစ်ဖက်ထဲမှာနေတော့မယ်

တောက်တဲ့မတို့က အားကစားဆိုရင် အားရင်စားမယ်ဆိုတာလောက်ပဲ သိတာ။ ဘောလုံးဆိုရင်လည်း MNL မှာ ဘယ်နှသင်းပြိုင်ကြတယ်၊ ပရီးမီးယားစပိန်လာလီဂါ၊ အီတလီစီးရီးအေနဲ့ ဂျာမန်ပွဲတွေ ဘယ်လိုကွာခြားတယ်ဆိုတာ လားလားမျှမသိ။

ဒါပေမဲ့ အပေါင်းအသင်းတွေထဲမှာ မန်ယူဖန်တွေရှိသလို ချယ်လ်ဆီးပရိသတ်တွေလည်းရှိသပေါ့။ ပြီးတော့ မန်စီးတီးအားပေးတဲ့ ကောင်တွေလည်း ရှိလေတော့ကာ အားလုံးဆုံပြီဆိုရင် ပြဿနာ တက်ပြီလေ။

ဟိုတစ်လောက ဖာဂူဆန်ကြီး မန်ယူကထွက်တော့ မန်ယူသမားတွေ ငိုတာကို ထိုင်ချော့ရသေးတယ်။ ကိုယ်က နားမလည်တလည်နဲ့ ခုရောက်လာတဲ့ မန်နေဂျာအသစ်ကလည်း ခေါင်းကြီးပြီး နှုံးရင်နှာခေါင်းကြီးနီတတ်တာတွေ ဖာဂူဆန်နဲ့တူတော့ သူနဲ့ဆိုလည်း အောင်မြင်မှာပါဟယ်ဆိုပြီး ပြောလိုက်မိလို့ အတုတ်ခံလိုက်ရသေး။

အံမယ်. . . ချယ်လ်ဆီးဖန်တွေကလည်း မော်ရင်ညိုကြီးသူတို့ဆီပြန်လာမှာ ကျိန်းသေတယ်ဆိုပြီး ရင်တွေခုန် အလုပ်တွေရှုပ်နေကြသေး။ အဲဒီ မေ (၂၁) ရက်ညမှာ အမေရိကားက အိုကလာဟိုးမား (တော်နေးဒိုး) လေဆင်နှာမောင်းသတင်းနဲ့ ဦးသိန်းစိန်သတင်းတွေနဲ့ အပြိုင်မော်ရင်ညိုဆိုသကိုး။

သူငယ်ချင်းတွေကြားမှာ အနေအထိုင်မတတ်ရင် ဘက်လိုက်တယ်ဆိုပြီး အပြောကခံရသေးတယ်။ တစ်ဖက်ဖက်မှာနေပြီး တစ်သင်းတည်းကို အပြတ်အသတ်အားပေးတာက အလုပ်ရှုပ်သက်သာမယ်ထင်တယ်။ ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ ဟိုဘက်လိုလို ဒီဘက်လိုလိုနေရတာက ပိုမောတယ်. . . ၊

Asian Frame Media Group
MEDIA GROUP



## သတင်းပေါ်တဲ့နေရာအစစ်

တောက်တဲ့မတစ်ယောက် အိပ်ချင်မူးတူးနဲ့ ဈေးခြင်းလေးဆွဲပြီး တစ်နှစ်မှတစ်ခေါက်ဆိုသလို ရပ်ကွက်ထဲကဈေးကို မရောက်စဖူး အရောက်ထူးလေတဲ့အခါ. . . . ခရမ်းချဉ်သီးသည်အဘွားကြီးက သူ့ဘေးက ကန်စွန်းရွက်သည်ကို ပြောနေလိုက်ပုံများ "ဗမာပြည်ကို အိုဘားမားလာပြီးကတည်းကအေ နာမည်ကြီးလွန်းလို့ ကမ္ဘာက စောင့်ကြည့်နေလိုက်ရတာ အမေရိကန် သမ္မတလို့လည်းဆိုသေး တို့ဆီကကိုင်လေးတွေနဲ့ သိပ်မထူးပါဘူးအေ. . . ခေါင်းပေါ်က ဆံပင်တွေနဲ့ဟဲ့၊ တို့သမ္မတကြီးလောက်တောင် ပြောင်ပြောင်ရောင်ရောင် မရှိပါဘူး သိလိုက်။ အိုဘားမားခမျာလည်း စိတ်တွေရှုပ်လွန်းမကရှုပ်တော့ ခေါင်းတုံးမဖြစ်ရုံတမယ် ဆံပင်ညှပ်ထားတဲ့အထဲမှာ ကွက်ပြီးဆံပင်တွေဖြူနေတာကို အဘွားကြီးက မမြင်မကန်းနဲ့ ပြောတာဖြစ်မှာပါ၊ အမေရိကားကို မြန်မာသမ္မတသွားတာ ဒီအဘွားကြီးလည်း စိတ်ဝင်စားသား။

အံ့မယ်. . . ကန်စွန်းရွက်သည်ကလည်း မခေအေးချ မခေ. . ။ "ခုတစ်ခေါက် တို့သမ္မတကြီး အမေရိကားကပြန်လာရင် ဆန်ရှင်တွေများ အကုန်ရုတ်တော့မလား မသိဘူး။ ဒေါ်လာဈေးတွေကလည်း သကြိမ်ပြိုကတည်းက ဖက်လာလိုက်တာ တကတည်းတော် . . . ကန်စွန်းရွက်ကို ဘယ်လိုရောင်းရမှန်းကို မသိတော့ဘူး"တဲ့ . . . ကဲ. . . ။

ဒါတွေကြားမိတော့မှ တောက်တဲ့မလည်း အိပ်ချင်တွေပြေ မျက်လုံးလည်း ကလယ်ကလယ် ဖြစ်၊ ဇောချွေးတွေလည်းပြန်လာပြီး ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ထဲကနေ အခါခါအပြစ်တင်မိတော့တယ်။ ဒီလောက် သတင်းပေါ်တဲ့ဈေးကို မလှည့်ဘဲ ဖွဘွတ်ပေါ်မှာဘဲ လှည့်ပြီးသတင်းလိုက်ရှာနေမိတဲ့ ကိုယ့်ကိုယ်ကိုယ်သာ ထုချင်နေတော့တာပဲ။














ကတ်သီးကတ်သတ်ပြောတဲ့
# တောက်တီး တောက်တဲ့



## ထူးထွေသည့် အံ့ရာသော်

နိုင်ငံတော်အစိုးရရဲ့ ၁၅၀၀ ချစ်ခြင်းမေတ္တာတွေကြောင့် တောက်တီးတို့ရပ်ကွက်ထဲမှာ အားလုံး အလုပ်တွေရှုပ်နေကြသဗျ။ ၁၅၀၀ တန်ဖုန်းကတ်လေးကပြန်ရောင်းရင် သုံးလေးငါးသောင်းအထိရတယ်ဆိုတော့ ဖုန်းလျှောက်လွှာကို တစ်အိမ်တစ်ယောက်ပဲ လျှောက်ရမယ်ဆိုတာလည်း အိမ်ရှိလူကုန်လျှောက်၊ ဖုန်းပေါက်ပြီးသားသူတွေကလည်း ထပ်လျှောက်လုပ်နေကြလေတော့ကာ ရပ်ကွက်လူကြီးတွေခမျာလည်း ညဘက်ပါအိပ်ရေးပျက်ခံပြီး လျှောက်လွှာတွေပြန်စစ်နေကြရတာနဲ့တင် ဂေါက်တောက်တောက်ဖြစ်နေကြလေရဲ့။ တော်ပါသေးရဲ့. . . တစ်လတစ်ခါမို့လို့သာပဲ။ တစ်ပတ်တစ်ခါသာဆိုရင်တော့ မတွေးဝံ့စရာဘဲ။

အဲဒီလိုမျိုး မြန်မာပြည်က ထူးထွေသည့်အံ့ရာသော်တွေကို မှတ်တမ်းဗီဒီယိုရိုက်ချင်လှပါချည်ရဲ့ဆိုတဲ့ နိုင်ငံခြားသားကလည်း ရှိသေး . . ပေး . . ပေး. . .။ ဒါနဲ့ သင်းကို ညဘက်လျှောက်လွှာတွေစစ်ပြီး အော်လံနဲ့ ရပ်ကွက်ထဲလိုက်အော်တဲ့ အဆင်လေးရိုက်ဖို့ခေါ်သွားတော့ မောင်မင်းကြီးသားက မျက်နှာငယ်လေးနဲ့ အနားကပ်ပြီး ဟိုလူတွေရဲ့ပါးစပ်က ဒရက်ကုလာ (သွေးစုပ်ဖုတ်ကောင်) တွေလို ဘာလို့ဖြစ်နေတာလဲဆိုပြီး ခပ်ရွံ့ရွံ့လေး မေးလာပါလေရော၊ ရုတ်တရက်တော့ နားမလည်ဘူး။ ဒါနဲ့ သေသေချာချာကြည့်တော့မှ လားလား. . . အိပ်ရေးတွေပျက်နေလို့ ပါးရင်းနားရင်းတွေချောင်ကျနေ၊ မျက်ကွင်းတွေကလည်း ညိုနေ၊ ပါးစပ်မှာလည်း ကွမ်းတဝါးဝါးနဲ့ ကွမ်းသွေးရဲရဲနီနေကြတဲ့ နှုတ်ခမ်းတွေနဲ့ဆိုတော့ . . . .။ ဖြစ်ရလေလို့ပဲ ပြောရတော့မှာပေါ့ဗျာ. . .။